www.burmeseclassic.com

# ခိုင်ဇင်သက်

## သစ်ခွတာရွှေ




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၀၀၅/၂၀၀၂ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၁၈/၂၀၀၂ (၁၁)
တန်ဖိုး - (၂၃၀) ကျပ်
ပုံနှိပ်ခြင်း - ပထမအကြိမ်
စာအုပ်ရေ - ၅၀၀ အုပ်
ထုတ်ဝေသည့်ကာလ - ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ

မျက်နှာဖုံးပုံနှိပ်---------- ဦးတိုးဝင်း
(နေလရောင်အော့ဖ်ဆက်)
(၀၂၄၃၁)အမှတ်(၉၆/ခ)၊
(၁၁)လမ်း၊ရန်ကုန်မြို့။


အတွင်းပုံနှိပ်---------- ဒေါ်မြမြ
(လင်းလင်းအော့ဖ်ဆက်)
(၀၂၄၄၃) အမှတ်၂၂၀၊
ကျုံးကြီးလမ်း၊
လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေတိုက်)
(၀၁၆၉၂)၊ ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။



### ဗိုလ်တထောင် အစရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ………………………… ဒို့အရေး
- တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး ………… ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး ……………… ဒို့အရေး

### ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com



## " သစ်စွတာစ္ဆေ "

'မိုးရွာနေတယ် အပြန်ကြရင် ကားဂရုစိုက်မောင်းနော် ဖိုးပြည့်. . . .'

ဖိုးပြည့်ပြန်ကြည့်သည့် အကြည့်ကို မိုးလုံးမှိုင်း ခံစား တတ်ပါတယ်။ မမိုးတို့များ အလကား စိုးရိမ်နေတယ် ဆိုသည့် အကြည့် တစ်ခါတစ်ခါတော့ မောင်နှမတွေထဲမှာ သမီးအကြီး ဆုံးဖြစ်ရတဲ့ ကိုယ့်ကိုယ်ကို စိတ်ပျက်လွန်းလို့ပါ။ အငယ်တွေ အတွက် ပူပင်သောကများရလွန်းပါတယ်။

'စိတ်ချပါ မိမိုးရယ်. . . ငါလည်းပါနေတာပဲ. . . .'

တာရာပါနေလို့သာပေါ့။

တာရာက မိုးလုံးမှိုင်းရဲ့ အချစ်ဆုံးသူငယ်ချင်းပါ. . ။

အဲသလိုပဲ ဖိုးပြည့်ရဲ့ချစ်သူ. . . တော်ရှာသာနီးဆဲဆဲ

www.burmeseclassic.com



ယောင်းမလော်င်းဆိုလည်း မမှားပါဘူး. . . ။

'မမ. . . ရထားပေါ်မတက်ခင် အခုအချိန်ထိ နောက်ဆုံးတစ်ခေါက် ကျွန်တော်တားဦးမယ်. . . မမဘာလို့ သည်အလုပ်ကို ရွေးချယ်လက်ခံလိုက်တယ်ဆိုတာ ကျွန်တော်နားမလည်သေးဘူး. . . ရန်ကုန်မှာရော စာသင်စရာမရှိတော့ဘူးလား. . .'

'ဖိုးပြည့်ရယ်. . . . မင်းကို မမထပ်ခါတလဲပြောခဲ့ပြီပဲ ဒေါ်တင်မကြီးဆိုတာ မမဆရာမ ဒေါ်ခင်ခင်အိရဲ့ အချစ်ဆုံးသူငယ်ချင်း. . . ဆရာမကိုယ်တိုင်က အကူအညီတောင်းလို့ပါ. . . ပြီးတော့ အလုပ်ကဘာမှ မကြာပါဘူး. . . ကလေးနှစ်ယောက်ဆယ်တန်းဖြေပြီးရင် မမတာဝန်ပြီးပါပြီ. . . . ပြန်လာမှာပါ. . . .'

သည်အလုပ်ကို မိုးလုံးမှိုင်း လက်ခံလိုက်ရကောင်းလားဖိုးပြည့်ကလုံးဝမကျေနပ်ပါ။ ဒါပေမဲ့ ဘူးဆိုဖရုံမသီးတတ်သောမိုးလုံးမှိုင်းအကြောင်းကိုလည်း သူတို့သိနေတော့ ပြောမရလို့သာလွှတ်ရတာ။

'ဖေဖေ မေမေ မရှိကတည်းက မမသာ အဖေအမေလို့ထားခဲ့တာ'



BURMESE CLASSIC



'ငါသိပါတယ် ဖိုးပြည့်ရယ်. . . .မမက နိုင်ငံခြား အပြီးထွက်သွားတာမျိုးမှ မဟုတ်ဘဲ မောင်လေးရယ်. . . ခဏလေးသွားတာပါ. . . ကဲ ရထားထွက်ကာနီးပြီ ပြန်တော့. . .'

'ဒါဆို သွားမယ်. . . .'

ဖိုးပြည့်ထွက်သွားပေမဲ့ တာရာကရပ်ကျန်ရစ်ဆဲ။

'တာရာ လိုက်သွားတော့လေ. . . နင့်ကောင်လေး ငါ့မောင်က ဒေါသအိုးလေးမှန်းသိရဲ့သားနဲ့. . .'

'မိုး. . . ငါတစ်ခုတော့ တောင်းပန်တယ်. . . အာယာတဆိုတာ မကောင်းဘူး. . . ရန်ငြိုးဆိုတာက နှစ်ဦးနှစ်ဖက်လုံးကို ထိခိုက်စေတယ်. . . . နင် အသိဉာဏ်မမဲ့ဘူးဆိုတာ ငါသိပါတယ်. . . ဒါပေမဲ့ ဘယ်လိုကိစ္စကိုပဲ ဆုံးဖြတ်တော့မယ်ဆိုဆို ငါ့ကိုကြို့အသိပေးပါ. . . ကူညီစဉ်းစားခွင့်ကိုပေးပါ. . . ပြည့်သိရင် စိတ်ပူမှာစိုးလို့ပါ ဖွင့်မပြောပေမဲ့ ငါရင်ပူနေတယ်. . . နင်တစ်ခုခုဖြစ်ရင် ငါမသိရကောင်းလား. . . ပြည့်နဲ့ ငါစကားများရလိမ့်မယ်. . .'

ယောင်းမလောင်း အချစ်ဆုံးသူငယ်ချင်းရဲ့ သံယောဇဉ်သိနားလည်ပါတယ်. . . ဒါကြောင့် စိတ်ချ တာရာ. . . ငါတစ်ခုခုတို့ ဆုံးဖြတ်တော့မယ်ဆိုရင် ကြို့အသိပေးမယ်ပြောလိုက်မှ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ထွက်သွားတာ. . .။

မိုးလုံးမှိုင်းကတော့ ကိုယ့်ရှည်ရှယ်ချက်

ကိုယ့်ဆုံးဖြတ်ချက်နှင့် ကိုယ်မို့ ရင်ဆိုင်ရဲဝံ့နေပါတယ်။

ရထားပေါ် တက်ခဲ့ပြီ။

ရသည့်နေရာက ပြတင်းဘေးမှာ။

ငြိမ်သက်စွာ ထိုင်ရင်းမှ သက်ပြင်းတရှိုက်တော့ ရှိုက်မိပါတယ်။

သည်အလုပ်ကို တိုက်ဆိုင်စွာရတာကိုပဲ ဆရာမကို ကျေးဇူးတင်ရပါတယ်။

'ကျွန်တော် ထိုင်မယ်နော်. . .'

မိုးလုံးမှိုင်းဘေးမှာနေရာရသောသူက မိန်းကလေးမို့ အားနာသည်ထင်ပါရဲ့။ ခွင့်တောင်းလာပါတယ်။ ခေါင်းညိတ်ပြလိုက်ပါတယ်။

'စားပါဦး'

ရထားက ခုမှစထွက်တယ်။ ခုချက်ခြင်းကို အဲသည့်လူက ထမင်းဘူးဖွင့်စားနေပြန်ပါပြီ။ ခေါင်းခါပြလိုက်ယုံပါပဲ။

'ကျွန်တော်ခုမှ မနက်စာ စားရတယ်ဗျာ. . . တမနက်လုံး အလုပ်တွေပိနေလို့. . . .'





သူ့လည်းဘယ်သူမှ မမေးပါဘဲနဲ့. . .။

စကားမပြောချင်တာမို့ ပြတင်းကနေပဲ ဘေးဖက်ကို ကြည့်နေမိပါတယ်။

'သည်က ဘယ်သွားမှာလဲ'

ခက်ပါလား။

စကားပြောချင်မှန်းမသိ မပြောချင်မှန်းမသိ

မိကျောင်းသားနှယ်။

လျှာကအလွန်ရှည်။

'ရှင်. . . တော်တော်စပ်စုပါလား. . . ကျွန်မ ဘာသာဘယ်သွားသွား. . .'

'ဟာဗျာ. . . တစ်လေ့တည်းစီး တစ်ခရီးတည်းသွားတွေမို့ မေးမိတာပါ. . . စပ်စုတာမဟုတ်ပါဘူး. . . စူးစမ်းတာပါ

'သည်မှာကိုစူးစမ်း. . . ဒါလေ့မဟုတ်ဘူး. . . ရထား ရှင့်ရထား. . . ရှင်လဲစူးစမ်းမနေနဲ့. . .'

မျက်လုံးတွေ စုံမှိတ်ထားလိုက်တယ်။

ပီဘိတိုးတိုးလေသံလေး။

ကြားရတယ်ဆိုယုံ။

'အပျိုချောက အပြောမချို. . .'



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း။

ဘယ်လောက်စိတ်ပျက်ဖို့ ကောင်းတဲ့လူလဲ. . .။ ရှေ့ဆက်သည်လိုလူနှင့် စကားပြောလို့ကတော့ အဆင်ပြေစရာမမြင်။ တော်ပါသေးရဲ့။ သည်လူနှင့် သုံးနာရီလောက်ပဲ ဆုံရလို့။ ညနေ လေးနာရီလောက်ဆို မိုးလုံးမှိုင်းသွားမည့် မြို့ကိုရောက်ပါပြီ။

ထမင်းစားပြီးတာနှင့် ဂျာနယ်တွေဖတ်နေတယ်

နောက်ထပ် စကားမဆက်တော့တာဘဲ ကျေးဇူးတင်ရပါမည်။

'မမ. . .'

မမတဲ့. . .မိုးလုံးမှိုင်းရဲ့ မောင်နှစ်ယောက် ညီမနှစ်ယောက်လုံးကို ချစ်ခင်ကြင်နာစွာ ချစ်မဝနိုင်ခဲ့ပါဘူး။ အစ်မကြီးအစ်မိအရာလိုနေခဲ့ပါတယ်။ မျက်ရည်က ချက်ခြင်းဝဲလာပြီး သတိရလွမ်းဆွတ်မိသော ငယ်စဉ်ကဘဝလေးတော်။ မောင်နှမငါးယောက် ဖေဖေ မေမေ့ရင်ခွင်မှာ ပျော်ရွှင်စွာ နေခဲ့ကြတယ်။

ဘာတွေ တွေးမိပြန်သလဲ။

အတိတ်က မိုးလုံးမှိုင်းကို နာကျင်ခြင်းအတိပြီးသော ခံစားမှုကိုသာ ပေးစွမ်းနိုင်မှာပါ. . .။





ကောင်းတယ်

ဟိုလူကတော့ ဂျာနယ်ကို မျက်နှာအုပ်အိပ်သွားပြီ။

'မမ သည်နေ့ ဆယ်တန်းစာမေးပွဲပြီးတာနဲ့ သည်နေ့ပြန်လာခဲ့. . .'

ဖိုးပြည့်ရဲ့ စကားကို အမှတ်ရသွားပြီ။

ကြေကွဲနေသည့်ကြားမှ ပြုံးလိုက်မိပြန်ပါသေးတယ်။

✲✲✲✲✲

မိုးအရမ်းရွာနေပါလား။

ရထားရိပ်တော့ မိုးလုံးမှိုင်းက ဟိုလူ့ကို တိုးဝှေ့အရင်ထွက်ခဲ့တာ။ ဘူတာမှာ လူရှင်းနေပါတယ်။ မိုးကြောင့်လည်းဖြစ်မည်ထင်ပါရဲ့။ ပြီးတော့ မြို့ငယ်လေးတစ်မြို့ပဲလေ. . .။ မြင်းလှည်းတွေရပ်ထားရာဆီ လျှောက်ခဲ့တယ်။ မောင်းသည့်လူတွေလဲ ဘယ်ရောက်ကုန်သည်မသိ။

'အစ်မ မြင်းလှည်းငှားမလို့လား. . .'

'အေးကွဲ. . .'

လိပ်စာပြောပြလိုက်ပါတယ်

ကောင်လေးကရှုတ်တရက်မဖြေဘဲ ခေါင်းကုတ်နေပြန်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

'ဘာလဲ ဖိုးဝ'

'သည်အစ်မက သုခမင်္ဂလာသွားချင်လို့တဲ့'

'သုခမင်္ဂလာ. . . ဪ. . . သစ်ခွရိပ်ငြိမ်လား. . . ခုလောက် မိုးသည်းနေတာ. . . အဲသည့်ခြံက မြို့အထွက်မှာ တူမရဲ့. . . ဝေးတယ်'

'ဦးလေး ပို့မပေးနိုင်ဘူးလား'

'အပြန်တစ်ယောက်ထဲ. . .'

'ကဲပါ ဦးလေးမော်ရယ်. . . သစ်ခွရိပ်ငြိမ်သွားချင်တာဆို ဦးလှမောင် ခေါ်ပေးလိုက်. . . ဦးလှမောင်နဲ့ သစ်ခွရိပ်ငြိမ်က အသင့်တော်ဆုံး'

'ဟုတ်သားပဲ လှမောင်ရော ဖိုးဝ. . . လှမောင်ရှာပေးလိုက်. . .'

ဆရာမပေးသည့် ဒေါ်တင်မကြီးရဲ့လိပ်စာမှာ သုခမင်္ဂလာခြံလို့ ပါပါတယ်. . . အခုသစ်ခွရိပ်ငြိမ်တဲ့။

'လှမောင်. . သည်ကလေးမက သစ်ခွရိပ်ငြိမ်သွားချင်လို့တဲ့. . .'

'ဟုတ်လား. . . သွားလေ'





တော်ပါသေးရဲ့။

မပို့နိုင်ဘူးဆိုမှဒုက္ခ။

ဟိုကောင်လေး အပြောအရဆို ဝေးတဲ့ပုံပါ။

မြင်းလှည်းကလည်း ယိုင်နဲ့နေတာပဲ။ တအိအိနဲ့ မိုးကလဲသဲနေတာကိုးလေ။

'တူမ အဲသည့်အိမ်မှာ ဘယ်သူနဲ့သိလို့လဲ. . . ဦးကြီးတို့ စပ်စုတယ် မထင်ပါနဲ့နော်. . . ဦးကြီးက အဲသည့်အိမ်ကတားကို မောင်းခဲ့ဘူးလို့ပါ'

'ရှင် ဟုတ်လား'

အခန့်သင့်လိုက်လေ။

'ကျွန်မက ဒေါ်တင်မကြီးရဲ့ ကလေးနှစ်ယောက်ကိုစာပြပေးရမှာပါ. . .'

'ဪ. . . ဆရာမပေါ့'

'ဟုတ်ကဲ့. . .'

'မြင်းလှည်းသမားတွေက အဲသည့်ဖက်ခြံတွေဆီ ငှားရင်မလိုက်ချင်ကြဘူး. . . ဝေးတယ်လေ ပြီးတော့ သစ်ခွရိပ်ငြိမ်ဆိုပိုမလိုက်ချင်ဘူး. . . ခြံထဲတောင် မဝင်ရဲကြဘူး'

'ဘာလို့လဲ ဦးကြီး. . .'



www.burmeseclassic.com

www.burmeseclassic.com



'တစ္ဆေခြောက်တယ်ဆိုပြီးတော့လေ. . .'

'အို. . . မဟုတ်နိုင်တာ. . . ဦးကြီးရောယုံလား. .'

'မယုံပါဘူး. . .'

အင်း. . . မယုံဘူးတဲ့ တော်ပါသေးရဲ့. . . အဲသည့် ဦးကြီးကဆက်ပြောပါသေးတယ်။ ခြံကလည်းကျယ်တယ်. . . အိမ်ကြီးကလဲပြီးတယ် ပြီးတော့မြို့ပြင်မှာ. . . ဒါကြောင့် ထင်ရာမြင်ရာတွေ ပြောကြတာပါကွယ်. . . စကားကိုခဲ့ပြောတတ်တဲ့ လူ့သဘာဝတွေပေါ့ကလေးရယ်. . . ဦးကြီးကတော့ သတ္တဝါအားလုံးကို မေတ္တာပို့နေတဲ့သူပဲ. . . ဒါတွေကြောက်မနေပါဘူးတဲ့။

'ပိုပိုနဲ့ ညိုညိုက ဆယ်တန်းလဲဖြစ် မြို့ထဲထိကျူရှင်မတက်ချင်လို့ တူမကို ငှားတာထင်ပါရဲ့'

'ကလေးတွေနာမည်က ပိုပိုနဲ့ ညိုညိုတဲ့လား. . .'

'အေး. . .'

'ဦးကြီး အဲသည့်အိမ်က ကားမောင်းခဲ့တာကြာပြီလား'

'ကြာပြီ. . . ကျေးဇူးရှင် မေမေကြီးရှိတုန်းကပါ. . .'

'ဒါဆို ဒေါ်တင်မကြီးတို့ ဦးနေမင်းတို့ ငယ်ငယ်ထဲကပေါ့. . .'





'ဟုတ်တယ်'

'ဦးနေမင်းက စိတ်သဘောထားညံ့တယ်ဆို'

မိုးလုံးမှိုင်း ခုလိုမေးတော့ ဦးကြီး ဦးလှမောင်က လှည့်ကြည့်ပါတယ်။ ပြီးတော့ တူမကို ဘယ်သူပြောသလဲတဲ့။

'ကျွန်မကြားတာပါ'

'ဦးကြီးပြောပြီပဲ. . . စကားတစ်ခုရရင် ခဲ့ချင်တဲ့လူကခဲ့တာပဲ. . . မောင်နေမင်း စိတ်သဘောထားညံ့ရင်. . . တင်မကြီးတို့ သည်အိမ်မှာ နေရပါ့မလား. . . ထားပါတော့လေ တူမနေကြည့်ပါ. . . သူများအပြောထက် ကိုယ်တိုင်သိရတာပိုကောင်းဘူးလား. . .'

'ဦးကြီး. . . ဦးကြီးနဲ့တွေ့ချင်ရင် ကျွန်မဘယ်မှာလာရမလဲ'

'ရထားဆိုက်ချိန် ဘူတာမှာ မနက်ပိုင်းတော့ဈေးမှာ ဦးလှမောင်လို့မေးလိုက်. . .'

'ကျေးဇူးပဲ ဦးကြီး. . . ကျွန်မနာမည် မိုးလုံးမှိုင်းပါ. .'

'မိုးလုံးမှိုင်း. . . မိုးလုံးမှိုင်းဆိုတာ သစ်ခွပွင့်ရဲ့နာမည်ပဲ. . . တစ်မိုးလုံးမှိုင်းညို့နေတဲ့အချိန်မှာ မိုးလုံးမှိုင်းဆိုတဲ့ သစ်ခွတစ်ပွင့်ဟာ သစ်ခွရိပ်ငြိမ်ကိုလာတယ်. . .'



www.burmeseclassic.com

www.burmeseclassic.com



'တူမ ပျော်ရွှင်ချမ်းမြေ့ပါစေကွယ်. . .'

မြင်းလှည်းက ခြံဝမှာရပ်လိုက်ပြီ။ ခြံတံခါးပိတ်ထား တယ်။ သုခမင်္ဂလာဆိုတဲ့ ဆိုင်းဘုတ်တစ်ခုပဲရှိပြီး လူရိပ်လူယောင်မမြင်ရ။ ဒေါ်တင်မကြီးကို လာကြိုခိုင်းလိုက်ရကောင်းသား။

ဦးကြီးဦးလှမောင်ကို အိမ်ထဲထိ ပို့ခိုင်းရကောင်းမလား လှည့်ကြည့်တော့ မြင်းလှည်းကအတော်လှမ်းသွားပြီ။

တတ်နိုင်ပါဘူး။

ကိုယ့်အတတ်နှင့် ကိုယ်စူးကာမှ စူးစေ။

✳✳✳✳✳

မိုးကြောင့်လား

ကြီးမားတဲ့သစ်ပင်ရိပ်တွေကြောင့်လား. . .။

ညို့မှိုင်းနေတဲ့ဝန်းကျင်။ စိမ့်အေးနေတဲ့ဝန်းကျင်. . .။ လမ်းအတိုင်း တစ်ယောက်ထဲ လျှောက်လာခဲ့တယ်. . .။ အိမ်ကို မမြင်ရသေးပါလား။ လမ်းအတိုင်းလျှောက်တော့မှ ကွေ့သွားတဲ့ လမ်းပေါ် လာတာကိုး။ ကွေ့လိုက်တဲ့အခါကြမှ ဟိုးအဝေးမှာ အိမ်ကိုမြင်လိုက်ရတာ။





ခန့်ညားလိုက်တဲ့ အိမ်အကြီးကြီးကို မိုးလုံးမှိုင်းနှစ်ခြိုက်စွာ ရပ်ကြည့်မိတယ်။

မိုးမှုံဖွေဖွေတွေကြားမှာ မြင်နေရတာပါလား။ အိမ်ကြီးက ကုန်းမို့မို့မှာဆိုတော့ သည်နေရာကကြည့်ရင် ထင်းနေတာပါပဲလေ. . .။

ခံစားချက်အားလုံးမေ့ပြီး. . . ငေးကြည့်နေမိဆဲ။

ဘုရားရေ။

ခုမှ သတိရတယ်။

သည်လောက် ကျယ်ဝန်းတဲ့ခြံမှာ ခွေးတွေမွေးထားမလား။ ကိုက်ရင် ပြဿနာ ကြောက်သွားမိတယ်. . .။

ဖြစ်ချင်ရာဖြစ်။

ဆက်လျှောက်မှပါ. . .။

'ဟယ်. . . လှလိုက်တာ. . .'

ခရေပင်ကြီးအောက်မှာ ခရေပွင့်တွေဖွေးဖွေးလျှပ်ကြွေနေပါလား။

မိုးလုံးမှိုင်းဆိုတဲ့ သစ်ခွပွင့်ကလေးက ပန်းကလေးတွေဆို ဘယ်လိုပန်းကလေးတွေဖြစ်ဖြစ် ချစ်တတ်သူမို့ ခရေပွင့်လေးတွေနားမှာ ထိုင်ချလိုက်ပြီး ကောက်ယူမွှေးကြူနေမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'သည်မှာ'

ရုတ်တရက်ခေါ်သံမို့ လန့်ဖျတ်တုန်ရင်သွားပြီး လက်ခုပ်ထဲမှ ခရေပွင့်လေးတွေပင် ပြုတ်ကျသွားရတယ်။

'ဟင် ရှင်'

ရထားပေါ်ကလူ

သည်ကိုဘယ်လိုရောက်နေလဲ

စိတ်ပျက်ပါဘိတော့။

'ဆ. . . ဆရာမ ခပ်လှလှလေးရေ့. . . သိပ်အံ့သြနေသလား. . .'

'ရှင် စကားပြောတာ အမြင်ကပ်စရာပဲ'

'အမြင်ကပ်တယ်. . . ဟုတ်လား. . . . မိန်းမလှလေးတွေက စိုးစံသူကိုဆို စိုးသူလောက်နီးနီး သဘောကျကြပါတယ် သည်တစ်ယောက်ကြမှ အမြင်ကပ်သတဲ့လေ. . . အံ့သြစရာပဲ'

'ရှင့်နာမည် စိုးစံသူဆိုတာပြောချင်နေတာလား လုပ်နေနဲ့ မသိချင်ဘူး. . .'

'သိချင်သလားလို့ ပြောမိတာပါ မိုးလုံးမှိုင်းရယ်'

'ရှင် ကျွန်မနာမည် သိနေရသလား'

'သိတာပေါ့. . . ကျွန်တော့်မရီး ဒေါ်တင်မကြီးက





ဆရာမလေးမိုးလုံးမှိုင်းကို သွားကြိုပါဆိုလို့ ရန်ကုန်ထိတောင် တကူးတကနဲ့ လာကြိုရတာ. . .'

'ရှင့်နှယ်ရှင်. . . ကျွန်မကို လာကြိုတာဆိုလည်း ရထားပေါ်ကပြောပါတော့လား. . . အံ့ပါရဲ့ ဘယ်လိုလူလဲ'

'စိုးစံသူဆိုတာသည်လိုလူပါပဲ. . . ခင်ဗျားကို နာမည်မေးသားပဲ. . မိုးလုံးမှိုင်းပါလို့ ပြောလိုက်ရင် ပြီးတာပဲကို. . .'

'ရှင် ကပ်စရာမဟုတ်ကပ်တော့ ကျွန်မမှာ ဘူတာက သည်ကိုလာဖို့ ဒုက္ခရောက်ရတာပေါ့'

'ခင်ဗျား ဒုက္ခမရောက်ပါဘူး ဦးကြီးလှမောင်ကို ကျွန်တော်လွှတ်ပေးလိုက်တာပါ'

'ဩော် ဩော် သည်လိုလား. . .'

'ခင်ဗျား ပန်းကလေးတွေ သဘောကျတယ်ဆိုရင်တော့ သူ့ခမင်လာမှာ နေရတာပျော်စရာကောင်းမှာပါ. . . ရာသီအလိုက် ပွင့်တဲ့ပန်းတွေ အစုံရှိတယ်. . . သည်ခြံမှာ မရှိတဲ့ပန်းဆိုလို့ သစ်ခွပန်းပဲမရှိဘူး'

'သစ်ခွပန်း မရှိဘူးဟုတ်လား ဒါဆို သစ်ခွရိပ်ငြိမ်လို့ ဘာလို့ခေါ်နေကြသလဲ. . .'

'ဟာဗျာ အဲသည့်နာမည် မခေါ်နဲ့နော် သူခင်လာလို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်. . .'

'မြင်းလှည်းသမားတွေခေါ်နေတာပဲ'

'သူတို့က အပြင်လူတွေ သည်အိမ်မှာနေမှာမဟုတ်ဘူး

သည်အိမ်မှာနေမဲ့ ခင်ဗျားကတော့ မခေါ်ပါနဲ့. . .'

'ကောင်းပြီလေ အိမ်ရှင်တွေ မကြိုက်ဘူးဆိုလည်း

မခေါ်ပါဘူး ရတယ်. . .'

'ခင်ဗျား ပန်းတောက်ပြီးရင် အိမ်ထဲဝင်ကြရအောင်

မမတင် မျှော်နေမယ်. . .'

'သွားလေ. . .'

အိမ်ရောက်သည်အထိ အတော်လျှောက်ရသေးတယ်

သည်လိုနေရာမှာနေတဲ့ လူတွေများ ကားမရှိရင် မြို့ထဲ ဘယ်လိုသွားမှာပါလိမ့်. . .။ မြို့နဲ့ အလှမ်းဝေးရတဲ့အထဲ အိမ်ရောက်အောင်ခြံဝကဝင်ရတာ တမျှော်တခေါ်ပါလား။ အိမ်ကြီးက ကောင်းလိုက်တာ။ ကုန်းမို့မို့ပေါ်မှာ လှေကားထစ်တွေ တက်ရသေးတယ်။ မပြင်မဆင်နှင့်တောင် သည်လောက်ခမ်းနား နေလျှင် ပြင်ဆင်လိုက်ရလို့ကတော့ ဘယ်လောက်လှပ ခန့်ညား လိုက်လေမည်လဲ။

'သည်အိမ်ကို ဆောက်ခဲ့တဲ့လူရဲ့ စိတ်ကူးဟာ အင်





ခန့်ညားတာပါပဲ. . .'

'မေမေကြီး ဒေါ်မြနုရဲ့စိတ်ကူးတွေပါ. . . မေမေကြီး မိန်းမသားပေမဲ့ အင်မတန်ထက်မြက်တယ်. . .'

'ရှင့်အစ်မဒေါ်တင်မကြီးရဲ့ အမေပေါ့နော်'

'ဆိုပါတော့. . . ကဲပါ မိုးလုံးမှိုင်းရယ် ခင်ဗျားလည်း သည်အိမ်မှာ လအတော်ကြာနေဦးမှာ ကျွန်တော်တို့ အေးအေး ဆေးဆေး စကားပြောကြတာပေါ့. . .'

တိုက်ခတ်နေတဲ့ မိုးလေအေးမှာပင် ပန်းပေါင်းစုံတို့ရဲ့ နံ့တွေပါလာသလိုပါပဲ။ တံခါးဘဲလ်ကို စိုးစံသူက နှိပ်လိုက်ပါတယ်။ ဖွင့်ပေးလာသူက အင်မတန်ဝလွန်းသော အဒေါ်ကြီး တစ်ယောက်။

'ကြီးလှိုင်ကိုယ်တိုင် လာဖွင့်ရသလား သန်းသန်းတို့က ဘယ်ရောက်နေလဲ. . .'

'မိသန်းနဲ့ မခင်စိန် မရှိဘူး ဈေးဝယ်ခိုင်းလိုက်တယ်. . .'

'ကြီးလှိုင် ပိုပိုနဲ့ ညီညီ့ဆရာမလေး. . .'

'အေး အေး. . .'

ခြေဆုံးခေါင်းဆုံး ကြည့်ပြန်တယ်။

ပြီးတော့မှ ဖြည်းဖြည်းလေးလေး ပြောလာတဲ့စကားက။



www.burmeseclassic.com

www.burmeseclassic.com



'သိပ်လှပါလား. . . မိန်းကလေးတစ်ယောက်အတွက် အလှဆိုတာ အန္တရာယ်တွေပါပဲ. . . လှလွန်းတာမကောင်းဘူး သည်အိမ်မှာနေခိုက်မှာတော့ ဆရာမလေးကို ပြောရမယ် လူပျို နှစ်ယောက်ရှိတယ်. . . တစ်ယောက်ကိုမှ စိတ်မဝင်စားလေနဲ့'

'ဟာဗျာ ကြီးလှိုင် ဘာတွေပြောနေလဲ'

'နင်လည်းပါတယ် စိုးစံ. . .'

ပြောပြီးတာနှင့် အိပ္ပဲအိပ္ပဲ လမ်းလျှောက်ပုံနှင့် ထွက်ခွာသွားပြီ။ ဘာတွေလဲကွယ်။ လူပျိုနှစ်ယောက်ရှိတယ်။ တစ်ယောက်ကိုမှ စိတ်မဝင်စားလေနဲ့တဲ့။ စိုးစံသူလည်းပါတယ်ဆိုတော့ သည်လူက လူပျိုပေါ့. . .။

'ကြီးလှိုင်က သူကိုယ်တိုင် အပျိုကြီးဆိုတော့ အိမ်ထောင်ပြုတဲ့ ကိစ္စလုံးဝမကြိုက်ဘူး. . . သည်ကြားထဲ သူ့အချစ်ဆုံးတူမက. . .'

'ဟဲ့ မောင်စိုးစံ. . . .'

'ဗျာ. . မမကြီးတင်. . .'

'ဘယ်နှယ့် မတ်တပ်ရပ်နေကြတာလဲ. . . ထိုင်ကြလေ'

ဧည့်ခန်းကြီးကလည်း ကြီးမားကျယ်ပြန့်လွန်းပါတယ်။ မိုးလုံးမှိုင်းအနှစ်သက်ဆုံးက လှေကားကြီးပါပဲ။ အပေါ်ထပ်ကို





ဆက်တဲ့ လှေကားကြီးနှစ်ခုက ကွေ့ဝိုက်တက်သွားလိုက်တာ။ သည်အိမ်ကြီးထဲဝင်လိုက်တော့ အိမ်ကြီးရဲ့ ကြီးကျယ်ခန်းနားခွန်းမှုကြောင့် လူကသေးငယ်သွားသလိုလည်း ခံစားရပါတယ်။

'မိုးလုံးမှိုင်း နော်'

'ဟုတ်ကဲ့'

'အိကပြောတော့ မိုးလုံးမှိုင်းဟာ စာအသင်အပြ အလွန်ကောင်းတယ်လို့ပဲ ပြောပါတယ်. . . သိပ်လှတယ်လို့ မပြောပါဘူး. . .'

လာပြန်ပြီ။ သည်လှတဲ့အကြောင်း။

'မမတင်ကလဲ သည်လောက်ကြီးလည်း မလှပါဘူး. . .'

'စိုးစံ. . . နောက်တတ်ပြောင်တတ်တဲ့ အကျင့်ကမပျောက်သေးပါလား. . . ခက်တာပဲ သွားတော့နားချေတာ. .'

'သွားမယ် မိုးလုံးမှိုင်း. . . ညကြရင် ကောင်းကောင်းအိပ်ပျော်ပါစေ. . .'

'ဘာလို့အိပ်မပျော်ရမှာလဲ'

'သည်မှာကချမ်းတယ်ဗျ. . . ချမ်းရင်ဘယ်အိပ်ပျော်ပါ့မလဲ. . .'

'စိုးစံ သွားတော့. . . .'



www.burmeseclassic.com

www.burmeseclassic.com



စိုးစံသူပြောတဲ့စကားက မှီးသားရဲ့လား။

ညကြရင် ကောင်းကောင်းအိပ်ပျော်ပါစေတဲ့။

ဘာလို့ပါလိမ့်။ ဦးကြီးဦးလှမောင်ပြောသည့် တစ္ဆေခြောက်တယ်ဆိုတဲ့အကြောင်းများလား။ မဖြစ်နိုင်ပါဘူး။ မိုးလုံးမှိုင်းကို ခြောက်တတ်တဲ့သူ ထင်ရင်မှားမှာပေါ့. . .။

'ပိုပိုနဲ့ညိုညိုက ကျောင်းအဆင်းမှာ သူတို့ဆရာဆီ ဝင်နေကြလို့ ပြန်မရောက်သေးဘူး မိုးလုံးမှိုင်းရဲ့. . .'

'ကျွန်မတို့ မိုးလို့ ခေါ်လို့ရပါတယ်. . ဒေါ်တင်မကြီး'

'ကောင်းပြီလေ မိုးကိုမိုးလို့ခေါ်ပါမယ် မမတင်ကိုလည်း မမတင်လို့ပဲခေါ်ပါ'

'ဟုတ်ကဲ့. . .'

'အခုတော့ မိုးနားလိုက်ပါဦး. . . ညကြမှ စကားပြောကြတာပေါ့. . . မိုးမိလာတာတွေလဲ လဲရတာပေါ့ လာ မိုး. . . မိုးအခန်းက ရှေ့နားလေးတင်. . .'

ဒေါ်တင်မကြီးဖွင့်ပေးတဲ့အခန်းက အောက်ထပ်မှာပါပဲ။ အခန်းတံခါးကို ဖွင့်လိုက်ရင် လှေကားကြီးကို ပီပီပြင်ပြင်မြင်ရတဲ့နေရာမှာပါ။ အခန်းထဲကို ဝင်ခဲ့တယ်။ တစ်ယောက်ထဲအတွက်နှင့် မလိုက်အောင် ကျယ်ဝန်းသော အခန်းပါပဲ။ အပြင်





ဆောင်အားလုံးက သန့်ပြန့်သန့်ရှင်းနေပါတယ်။ နေချင့်စဖွယ်ပဲလေ။ တစ်အိမ်လုံးမှာ မိုးသံမှအပ အားလုံးဟာ တိတ်ဆိတ်ငြိမ်သက်နေတာပါလား။ ပြတင်းမှန်ကို မိုးပေါက်ရိုက်သံကို ကြားနေရတယ်။

အမြန်ဆုံး ရေမိုးချိုး အဝတ်လဲပစ်လိုက်တယ်။

နွေးနွေးထွေးထွေး ဖြစ်သွားတော့မှ. . . ကုတင်လေးမှာလှဲ့ရင်း အမောဖြေရတယ်။

'မိုး. . . အာယာတဆိုတာ မကောင်းဘူးနော်။ ငါတားပါရစေ. . .'

တာရှေ့အသံကိုပြန်ကြားယောင်ပါတယ်။

ဘယ်သူကဘယ်လို တားတား မရပါဘဲလျှက် သစ်ခွရိပ်ငြိမ်ကို မိုးလုံးမှိုင်း ရောက်လာခဲ့ပြီ။

လူတစ်ယောက် ဖြစ်လာခဲ့ရင် မေတ္တာ အကြင်နာဆိုတဲ့ ရှိသင့်သလောက်တော့ ရှိဖို့ကောင်းပါတယ် မေတ္တာ အကြင်နာခေါင်းပါးလွန်းသူက လူရောဟုတ်ရဲ့လား။

သက်ပြင်းရှိုက်မိတယ်။

အကြိမ်များစွာ မရည်နိုင်မတွက်နိုင်ပါဘူးလေ။ ရင်ထဲ မောပန်းခဲ့တာတွေ များပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးတဲ့ ဂွမ်းစောင်လေးထဲ ငြိမ်သက်ရင်း မှေးခနဲ အိပ်ပျော်သွားပါတယ်။

'မမ မမ မမကို ဒါ ချစ်တယ်. . .'

❋❋❋❋❋

သည်အိမ်မှာကတော့ မနက်စာ ညနေစာကို စိတ်ကြိုက် စားချင်တဲ့အချိန်မှာ ကိုယ့်ဖာသာ ခူးစားခွင့်ရှိပါတယ်။ ဒေါ်ခင်စိန်တို့သားအမိချက်ထားတဲ့ ဟင်းထမင်းပွဲတွေကို ပြင်ထားပေးတယ် ကိုယ်တိုင်ယူစနစ်နဲ့ ကြိုက်တာ ယူစားပါ။ သည်အိမ်မှာ မောင်နေမင်းတစ်ယောက်ကိုပဲ ထမင်းပွဲပြင်ကျွေးတယ်လို့ ဒေါ်တင်မကြီးက မိုးလုံးမှိုင်းကို ရှင်းပြပါတယ်။

'ကြီးလှိုင်တို့ဆိုရင်တော့ မခင်စိန်တို့က အခန်းထဲပို့ပေးရတယ်. . .'

သည်အိမ်မှာ မိသားစု ဘယ်နှစ်ယောက်ရှိပါလိမ့်။

မေးလည်းမမေးချင်။

စပ်စုလွန်းရာရောက်ရင် မကောင်း။

ဒါပေမဲ့ သည်အိမ်မှာ ဦးနေမင်းဆိုတဲ့လူတစ်ယောက် ရှိတာကတော့ အသေအချာပဲ မဟုတ်လား။





'မိုး ဆာတဲ့အချိန်ကိုယ့်ဖာသာ ကြိုက်တာခူးခပ်စားခွင့် ရှိပါတယ်'

'ဟုတ်ကဲ့ မမတင်'

'မမတင် အမျိုးသား ကိုအောင်မင်းက ဥက္ကံမှာ ဆန်စက် ရှိတယ် သူ့မိဘရဲ့ အမွေပေါ့. . . အဲသည့်ကိုပဲသွားနေတာ များပါတယ်. . . တစ်ခါတစ်ခါမှ ပြန်လာတယ်. . .'

'ဟုတ်ကဲ့. . .'

'ဖေဖေ မေမေမရှိကတည်းက သုခမင်္ဂလာကို မမတင်ရဲ့ မောင် မောင်နေမင်းက ဦးဆောင်တယ်'

'မောင်နေမင်း'

'မိုးအတွက်ဆို ဦးနေမင်း ကိုနေမင်း တစ်ခုခု ခေါ်လို့ရတယ်. . .'

'ဟုတ်ကဲ့ ဦးနေမင်းလို့ပဲ ခေါ်ပါမယ်. . .'

'သည်နေ့ညစာကိုတော့ မမတင်တို့သားအမိသုံးယောက်နဲ့ မိုးအတူစားပါ. . . ဒါမှ ပိုပိုနဲ့ညိုညို့ကိုလည်း ခင်မင်ရင်းနှီးသွားတာပေါ့. . . ခလေးတွေ ခဏနေလာပါလိမ့်မယ်. . .'

ကားရပ်လိုက်သံကို ကြားရပါတယ်။

ကားတံခါးပိတ်သံ လျှောက်လာသံတွေနှင့်အတူ လူခေါ်



www.burmeseclassic.com

www.burmeseclassic.com



သန်းဆိုတဲ့ ချာတိတ်မလေးက ပြေးဖွင့်ပါ

ခန်းထဲကို ဝင်လာတဲ့သူကို စိတ်ဝင်စား

လိုက်ကြည့်မိပါတယ်။

ျမျိုးသမီးတစ်ယောက်။

နမင်းကားနဲ့ ပြန်လာတာလား'

ဘင်ရယ်. . . လေးလေးကားများ

နဲ့ အဆူခံရတာမကာမိဘူး. . .'

ဂနေတော့မှ သေချာကြည့်မိပါ

းမျိုင်းတို့နှင့်ဆို တစ်နှစ် နှစ်နှစ်

ည်။ ထွက်သွားတာနှင့် မမတင်

ဘို့ရဲ့ တူမပါ. . . အစ်ကို အကြီး

ငင်နေရတယ်

ိမ်ထဲမှာ လူဘယ်နှစ်ယောက်

ာ။





သည်အိမ်မှာ သည်ကလေးနှစ်ယောက်ဂ

တွက် အမိကပါ။ သူတို့ကြောင့် သုခမင်္ဂလာကို နံ

ခွင့်ရခဲ့တယ်။

'သမီးတို့ ဆရာမလေ. . . ဒေါ်မိုးလုံးမှို

'ဆရာမ ဆိုပေမဲ့ ရင်းနှီးချစ်ခင်စွာ မမမိုးလို

ညိုညိုက ဘယ်သူလဲ ပိုပိုက ဘယ်သူလဲ. . .'

'သမီးက ညိုညို'

'သမီးက ပိုပို'

ညိုညိုက ညိုညိုဆိုတဲ့အတိုင်း။ ညိုညိုလေး။

ပိုပိုက ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ်ကလေး ပထ

သူတို့နှစ်ယောက်နှင့် စာသင်ဖို့ အချိန်ညှိရတယ်။ ကလေး

ကျောင်းအဆွင်း၊ နားချိန်လေးတော့ ပေးဦးမှပေါ့။ ပြီးတာ

စာစသင်ဖို့ ညှိရတယ်။

'စကားပြောပြီးရင် ထမင်းစားကြတာပေါ့. . .'

မမတင်က ထမင်းစားဖို့ပြောပါတယ်။

ညိုညို ပိုပိုက ဖြည်းဖြည်းမှစားရအောင်လား မေမေ

တော်ကြာ လေးလေးစားတော့မယ်ဆိုရင် စားပွဲပြောင်းရတာ

ရှုပ်နေတာပဲ. လေးလေးစားပြီးမှ စားရအောင်ပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



'မိုး ဆာနေပြီလား'

'မဆာသေးပါဘူး'

'သည်အိမ်မှာတော့ မောင်နေမင်းက ပထမဦးစားပေးပါပဲ သူ့ကြောင့်ပဲ မမတင်တို့တွေ ပြည့်ပြည့်စုံစုံ စိတ်အေးချမ်းသာ နေနိုင်တာပါ. . .'

'တင်တင်. . . ထမင်းစားချင်စားလို့ရပြီ မောင်နေမင်းက သူ့အတွက် ညစာကို အပေါ်ထပ် စာကြည့်ခန်းမှာပြင်ပေးပါတဲ့. . .'

'ဒါဆိုအတော်ပဲ စားကြတာပေါ့. . .'

ဦးနေမင်းဆိုတဲ့လူကို တွေ့ရမသား မှတ်ပါတယ်။

ညစာထမင်းကို အပေါ်ထပ်မှာ ယူစားသတဲ့။

သွားပါပြီ။

အင်းလေ. . . သည်နေ့မှ သည်အိမ်ကို စရောက်တာ။ သည်လောက်တော့ စိတ်အေးမှပေါ့။

ချက်ထားသည့်ဟင်းတွေက အစုံပါပဲ။ ကြက်သား ဝက်သား ငါး ပုစွန်ကအစ အစိမ်းကြော် ချဉ်ရေဟင်း ငပိရည် တို့စရာ အပြင် ငပိကြော်လည်းရှိပါတယ်။ မိမိနှစ်သက်ရာယူစားလို့ရတဲ့ စနစ်ကလေးကိုတော့ သဘောကျသား။ သီးစုံချဉ်ရေဟင်းတစ်





ခွက်ယူပြီး ငါးကြော်နှပ်နှင့် စားဖို့ပြင်ပါတယ်။

'မမတင် ကျွန်တော်လဲ စားတော့မလို့'

'စားလေ စိုးစံ. . .'

မိကျောင်းသားပါ ထမင်းဝိုင်းမှာပါနေပြီ။

မိုးလုံးမိုင်းဖာသာ နှုတ်ဆိတ်စွာ ထမင်းစားနေမိပါတယ်

တော်ပါသေးရဲ့။

ထမင်းစားနေလို့ထင်ပါရဲ့ ကိုလှျာရှည်ပင် ငြိမ်သက်နေပါတယ်။

'သည်နှစ် မိုးဦးစောတယ်လို့ပြောရမယ်. . . မြို့တော့ မိုးလဲရွာသလိုပါပဲ'

ဒေါ်တင်မကြီးကညည်းပြောလေး ပြောပါတယ်။

'မိုးရွာများတာ မိုးနတ်သမီးက သုခမင်္ဂလာရောက်လာလို့ ထင်ပါရဲ့'

'စိုးစံ. . . မိုး. . . စိုးစံကိုတော့ ခွင့်လွှတ်နော် သည်ကောင်လေးကပျော်တတ်တယ်. . .'

ခွင့်မလွှတ်ပါဘူး။

စကားကိုမပြောချင်။

ရုပ်ကိုက ပြောင်ချော်ချော်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



'ထမင်းစားပြီးရင် အခန်းမှာနားရင်လည်းနားပါ... ဧည့်ခန်းထဲမှာ တီဗွီလာကြည့်ရင်လည်း ကြည့်ပါ မိုး... သူခမက်လာက မိသားစုလိုနေရင်ရပါတယ်...သည်မှာနေခိုက် ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်နေပါ...'

'မမတင်...အချိန်အားရခိုက်မှာ ကျွန်မခြံထဲဆင်းရင် ရသလား...'

'ရပါတယ် မိုး...ဒါပေမဲ့...'

ဒါပေမဲ့ဆို စကားမဆက်ဘဲ စိုးစံသူကို လှမ်းကြည့်လိုက်တာတွေ့ရပါတယ်။

'မိုးလုံးမှိုင်း တစ်ယောက်ထဲဆို ခြံထဲမသွားပါနဲ့ အဖော်နဲ့မှ သွားပါ...ခြံကသိပ်ကျယ်တယ်...ပြီးတော့ အကောင်ရှည်တွေကဆိုးပါဘိ'

'အကောင်ရှည်'

'အင်းလေ...သည်လိုသည်လို...'

စိုးစံသူကလက်ကို တွန့်ပြီး သွားပြသေးတယ်။

'မြွေလား'

'မြွေလို့မခေါ်ရဘူး...အကောင်ရှည်ခေါ်ပါ...'

'မိုး အိပ်ကာနီးဆို အိပ်ယာသေချာဖြန့်ခင်းနော်...





သည်မှာက ခြံထဲမှာ သိပ်မြက်ထူတယ်လေ... ပြီးတော့ စိုစွတ်ထိုင်းမှိုင်းတဲ့ ရာသီဥတုလဲ ဖြစ်လို့ပါ...'

ဘာတွေမှန်းလည်းမသိဘူး။

စိတ်ပျက်စရာပဲ။

ခြံထဲဆင်းရင် အဖော်နှင့်သွားတဲ့။

အဖော်ရှာရဦးမတဲ့။ မြက်ရိုင်းတွေထဲ မသွားဘူးပေါ့။ ခြုံမရှိတဲ့နေရာ ရွေးသွားမယ်။

ပြီးတော့ မိုးလုံးမှိုင်းက ခန္ဓသုတ်ကိုရွတ်နေတဲ့ သူဘဲ။

သူတို့ပြောတဲ့ အကောင်ရှည်ကို မကြောက်ပါဘူး။

သူ့ရန်ပြုမဲ့ လူမဟုတ်ရင် တော်ယုံ တိရိစ္ဆာန်ကရန်မပြုတတ်ပါဘူး။

'ကျွန်မနားတော့မယ် မမတင်...'

ထမင်းစားပြီးတာနှင့် အခန်းထဲဘဲ ဝင်နေလိုက်ပါတယ်။

ဧည့်ခန်းထဲက တီဗွီဖွင့်သံ သဲ့သဲ့ကြားရတယ်။

ပျဉ်ထောင်အိမ်ကြီးဆိုတော့ အသံကမလုံ။ ဒါကိုဘဲ မိုးလုံးမှိုင်း သဘောကျပါတယ်။

မှန်ပြတင်းတွေမှ လိုက်ကာကို လုံအောင်ကာထားလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးတန်းတွေကိုတော့ မိုး မနှစ်သက်လှပါဘူး။

လက်နှိပ်ဓါတ်မီးကို အရင်စစ်ရတယ်။

ညရေးညတာ မီးပျက်ရင် အခက်မဟုတ်လား။

'ပိုပို့ရေ. . . လေးလေးနေမင်းက အပေါ်ထပ်ခဏ တက်ခဲ့ပါတဲ့. . .'

စူးရှစွာအော်ခေါ်သံမို့ မိုးလုံးမှိုင်း ပီပီပြင်ပြင် ကြားလိုက် ရပါတယ်။

သည်လူနှယ်

အိမ်ပေါ်ကာနေ မဆင်းနိုင်အောင်ပါဘဲလား။

နေနှင့်ဦး. . . သူဘယ်လောက် အပေါ်ထပ်မှာနေနိုင် မှာတဲ့လဲ။

✵✵✵✵✵

ညကနှစ်ခြိုက်စွာ အိပ်ပျော်ခဲ့ပြီး မိုးလုံးမှိုင်းအတွက် ဘယ်လိုအနှောင့်အယှက်မှ မတွေ့ရပါဘူး။ မနက်ဆို အိမ်မှာ လည်း ငါးနာရီဆို နိုးပြီ။ မျက်နှာသစ်၊ ဘုရားရှစ်ခိုး ပြီးတော့ သောက်နေကြအတိုင်း ကော်ဖီတခွက်သောက်ချင်တယ်၊ သည်အိမ်မှာ နေရာမကျသေးတော့ သူတို့မှ နိုးကြရဲ့လားလို့





စဉ်းစားရတာပေါ့။

အခန်းတံခါးကို သာသာလေး ဟကြည့်မိပါတယ်.

တအိမ်လုံး တိတ်ဆိတ်လို့။

လှေကားကြီးနှစ်ခုကသာ မားမားမတ်မတ်နှင့် မိုးလုံး မှိုင်းကို ကြိုပါတယ်။

မီးဖိုဖက်မှ စကားသံသဲ့သဲ့ ကြားရတာမို့ အားတက် သွားပြီ။

မီးဖိုဘက်ဆီ လျှောက်ခဲ့တယ်။

'စံပယ်က နေ့မွေးမလား ညမွေးမလား. . ကြီးလှိုင်က တော့လည်း သည်းနေတယ်'

'သန်းသန်း. . သည်အိမ်ကလူတွေအကြောင်း မပါဘဲ တားကိုပြောစမ်း. . .'

'အမေရယ်. . . သည်အချိန် ဘယ်သူနိုးမှာမို့လည်း မ တ်အစောကြီးထပြီး အပြေးကျင့်နေကြ ကိုစိုးစံတောင်မှ ခြောက်နာရီ ထပြီး ပြေးတာပါ. . ကျန်တဲ့လူအားလုံးတ အိပ် တ်တွေချည်းဘဲ'

'ဘာဘဲပြောပြော သည်အိမ်ကလူတွေဟာ ကိုယ့်ကျေး ဇူးရှင်တွေ မကောင်းမပြောပါနဲ့. . .'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်စိန်တို့သားအမိ အသံကိုကြားရတာမို့ ချောင်းဟန့်အသံပေးရတယ်။

'ဩော် မမိုး. . . ဆရာမ. . .'

'မမိုးပဲခေါ်လို့ရပါတယ် ဒေါ်ခင်စိန်. . .'

'မမိုးက အစောကြီးနိုးသလား. . .'

'ကျွန်မအိမ်မှာလည်း ခုလိုပဲ နိုးနေကြပါ. . . ဒေါ်ခင်စိန် ကျွန်မကို ရေနွေးတစ်ခွက်လောက် ပေးနိုင်မလား ကော်ဖီမစ် ထုတ်တော့ပါလာတယ်'

'မမိုး ကော်ဖီသောက်ချင်လို့လား အားလုံးအဆင်သင့်နဲ့ အလွယ်တကူရပါပြီ ထိုင်လေ ဒေါ်ခင်စိန်ဖျော်ပေးမယ်. . .'

ဒါဆိုအကြိုက်ပေါ့။

ထိုင်ခုံမှာဝင်ထိုင်လိုက်တယ်ဆိုရင်ပဲ. . .

မီးဖိုဆောင်ရဲ့ အပေါ်တည့်တည့်အခန်းမှ ပစ္စည်းတစ်ခု ပြင်းပြင်းထန်ထန် ပြုတ်ကျလိုက်သံက ခေါင်းကြိမ်းသွားပါတယ်။

'ဟဲ့. . .'

'အစောကြီးရှိသေးတယ် နိုးလာတာလား တညလုံးမအိပ်တာလား. . .'

'သန်းသန်း. . . သွား ပေါင်မုန့်မီးကင်ချေ. . .'





သန်းသန်းဆိုတဲ့ကောင်မလေး နှုတ်စွာတာမို့ သူ့အမေက ထိန်းနေရပုံရှိပါတယ်။

'မမိုး ညကအိပ်ပျော်ရဲ့လား'

'ပျော်ပါတယ် ဘာလို့လဲ'

'ဩော် အိပ်ယာပြောင်းမို့ မေးမိတာပါ. . .'

ဒေါ်ခင်စိန်က ကော်ဖီငှဲ့ပေးပါတယ်။

ပေါင်မုန့်လဲ ထောပတ်သုတ်ပေးပါတယ်။

'စိန်စိန်. . . စားစရာတစ်ခုခုစီစဉ်ပေးပါလား ကျွန်တော် ရန်ကုန်သွားမလို့. . .'

ကော်ဖီငုံသောက်နေရာမှ အလွန့်အလွန် နားထောင်၍ကောင်းသော ဩဩလုံလုံလေသံကြောင့် မိုးလုံးမျိုင်းမော့ကြည့်မိပါတယ်။

အင်မတန် ခန့်ညားတည်ကြည်ပြီး ယောကျ်ားချောချောသော လူတစ်ယောက်ပါ။

'မောင်နေမင်း ရန်ကုန်သွားမလို့လား'

'ဟုတ်တယ်. . .'

ဦးနေမင်း

ဦးနေမင်း. . . ဒါ ဦးနေမင်းဆိုပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်းမို့ သည်စားပွဲမှာ စားနေရင်ကျန်တဲ့မိသားစု တွေက ဘေးစားပွဲပြောင်းပေးကြတယ်လို့ ညှိညှိနှင့် ပိုပိုကပြော ထားတာမို့ ပန်းကန်ကိုယူပြီး ရွှေ့ဖို့ဟန်ပြင်ပါတယ်။

'ထိုင်ပါ ထိုင်ပါ ဆရာမ. . .'

'ရပါတယ်. . .'

'ထိုင်ပါ ကျွန်တော်ထိုင်ခွင့်ပြုနေတာပဲ ထိုင်ပါ. . .'

သူဝင်ထိုင်လိုက်တယ်။

သည်လူ့နှယ်. . . အကျီအဖြူရောင်နှင့် သန့်ပြန့်လိုက် တာ။

သည်လိုလူရင်ထဲ အကြင်နာခေါင်းပါးလွန်းတာကတော့ အံ့ဩစရာပါပဲလား။

'မမတင်က ပြောပြီးသားပါ. . . သူခမက်လာမှာ ဆရာမ လွတ်လွတ်လပ်လပ်နေပါ. . . မိသားစုတစ်ယောက်လိုပေါ့. . .'

'ဟုတ်ကဲ့ ဦးနေမင်း. . . ကျေးဇူးတင်ပါတယ်'

ခေါင်းငုံ့ထားပေမဲ့ လှုပ်ရှားနေသည့် သူ့လက်ကလေး တွေကိုတော့ မြင်နေရပါတယ်။ သန့်ရှင်းပြီး အလွန်လှတဲ့ အနု ပညာလက်ကလေးတွေပါပဲ။

'ညနေ ပြန်မရောက်ရင် စိတ်မပူနဲ့ ဒေါ်ခင်စိန် ညတော့





ရောက်မှာပါ. . .'

'မိုးနဲ့လေနဲ့ ကားမောင်းတာ ဂရုစိုက်ပါမောင်နေမင်း'

'ဒေါ်ခင်စိန်. . ခင်ဗျား စောစောစီးစီး. . . အမိပွာယ် မရှိတာတွေ ပြောမနေနဲ့. . .'

ဘုရားရေ. . .။

ဒေါ်သတွက်တာ မြန်လိုက်တာ။

ချက်ခြင်းပဲ စားလက်စ ပန်းကန်ကို တွန်းဖယ်လို့ ခုံကို ပြင်းစွာရွှေ့ကာ ထွက်သွားပြီ။ ရုတ်တရက်ကြီး ဖြစ်သွားတာမို့ အားလုံးမှိုင်းပင် နားမလည်စွာနှင့် ကြောင်ကြည့်နေမိဆဲ။

'အမေ. . . ဘာလို့သွားပြောတာလဲ'

'ငါကစေတနာနဲ့ပါ. . .'

'သိသိကြီးနဲ့ အမေရယ် စေတနာထားမရတဲ့လူကို စေတနာထားနေတယ်. . .'

'ဟဲ့ ကောင်မလေး ကျေးဇူးမကန်းနဲ့ သည်အိမ်က လူ တွေအားလုံးဟာ မောင်နေမင်းကြောင့် ကောင်းကောင်းမွန်မွန် စားနိုင်ဝတ်နိုင် နေနိုင်ကြတာ. . . ကျန်တဲ့လူတွေ အားကိုးနေရ မည် ဇတ်သေတာကြာပေါ့. . .'

သန်းသန်းဆိုတဲ့ ချာတိတ်မနှင့် သူ့အမေဒေါ်ခင်စိန်တို့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ စကားတွေကိုနားထောင်ရင်း တဖြည်းဖြည်းတော့ သည်အိမ်က လူတွေအကြောင်း သိလာနိုင်မှာပါပဲ။

'မိုးလုံးမှိုင်းအစောကြီးနိုးတာကိုး. . . ကျွန်တော်အပြေးကျင့်နေကြလေ မြဲဝန်းအိမ်ကို လေးငါးခေါက်တော့ ပြန်ပြေးတယ်. . . ဘယ်လိုလဲ ခြံထဲလိုက်မလား. . .'

စိုးစံသူက ဖိတ်ခေါ်တယ်။

မဆိုးပါဘူး။ ဒေါ်တင်မကြီးကလည်း အဖော်ရှိရင် ခြံထဲဆင်းပါလို့ ခွင့်ပြုထားတာပဲမဟုတ်လား။ ဒါကြောင့်

'ကျွန်မ ပန်းကောက်ချင်တယ်. . .'

'ရတာပေါ့ဗျာ. . . ခရေ ဆိပ်ဖလူး ကောက်ချင်ရာကောက်ပဲ. . . ကျွန်တော်ကောက်ပေးပါမယ် မိုးလုံးမှိုင်းရဲ့'

'တော်ပါတော့. . . ရှင့်ဖာသာပြေးစရာရှိတာပြေးပါ ကျွန်မဖာသာ ပန်းကောက်ပါမယ်. . .'

ခြံထဲဆင်းရတာတော့ အရမ်းသဘောကျတာပါပဲ။

မိုးကမရွာပေမဲ့ အုံ့နေပါတယ်။ ပြေးမယ်ဆို ပြေးလေလို့ပြောပေမဲ့ စိုးစံသူကအနားမှနေ လိုက်လျှောက်ပါတယ်။ အခုမှ သည်အိမ်ရောက်တယ် သည်အိမ်က လူနှင့်တပူးတွဲတွဲရှိရကောင်းလား ပြောစရာဖြစ်နိုင်တယ်။ ကြီးလှိုင်ရဲ့ အဖြောက





သည်း သတိတရရှိနေဆဲမဟုတ်လား။

'ရှင် ပြေးစရာရှိပြေးပါ. . . ခုလိုမျိုးအတူလျှောက်မနေပါနဲ့. . . ပြောစရာဖြစ်ပါတယ်. . .'

'သူများပြောတာများ ဂရုစိုက်မနေပါနဲ့'

'ဂရုမစိုက်လို့မရဘူး စိုးစံသူ. . . ကျွန်မကမိန်းကလေးရှင်ပြေးစရာရှိပြေး. . . မပြေးပါဘဲ ခုလိုလျှောက်နေမယ်ဆိုရင်တော့ ကျွန်မအိမ်ထဲ ပြန်ဝင်ရလိမ့်မယ်. . .'

'ကဲပါဗျာ. . . သည်လိုဆိုရင်တော့ သွားပါတော့မယ် ခုတ်ခြင်းပြန်လှည့်ခဲ့မယ်. . . သတိတော့ထားပါ မိုးလုံးမှိုင်း. .'

ဘယ်လို

ဘယ်လို

ဘာကိုသတိထားရမှာလဲ။

'နေစမ်းပါဦး ဘာသတိထားရမှာလဲ. . .'

'အကောင်ရှည်လေ. . .'

'ဒါများ မကြောက်ပါဘူး. . ကျွန်မဘုရားစာရွက်နေကြသွားပါ. . .'

ခရေပင်ကြီးက ကြီးမားမှိုင်းညို့နေတာပါပဲ။မြေသလင်းပြောင်ပြောင်မှာ ဘယ်လိုအကောင်မှ မရှိနိုင်ပါဘူး။ အရပ္ပွင့်



www.burmeseclassic.com

www.burmeseclassic.com



တွေက ဖွေးနေတာပါပဲ။ တစ်ပွင့်ချင်းကောက်မိတယ်။ မနက်ပိုင်းမှာတော့ မိုးလုံးမှိုင်းတာဝန်မရှိပါဘူး။ ကလေးတွေကလည်း ကျောင်းသွားဖို့ ပြင်ဆင်နေကြပြီ။ ညနေမှာမှ စာသင်ရမှာပါ။

ခရေပွင့်တွေ တော်တော်ရတော့ ရှေ့ဆက်လျှောက်ကြည့်မယ်လို့ အတွေးနှင့် လျှောက်ခဲ့ပါတယ်။

မြက်ရိုင်းတွေက သည်နေရာမှာ ညှိထားပါလား။ မြက်ခုတ်နေသံကို ကြားရပြီး . . . သစ်ပင်ကွယ်မှာ တစ်ရိပ်ရိပ် မြင်ရတာမို့ လိုက်ကြည့်မိပါတယ်။

'တူမလေး ဘာလိုချင်လဲ'

'ဩော် . . . ဘာမှမလိုချင်ပါဘူး . . . အသံကြားလို့ပါ ဦးလေးက သည်ခြံကပဲလား . . .'

'ဟုတ်တယ် . . . မခင်စိန်က ဦးလေးမိန်းမပါ . . .'

'ဟုတ်လား . . ကျွန်မက ခုမှရောက်တော့ မသိဘူး . .'

'ခြံကကျယ်လွန်းတော့ မြက်တွေက မနိုင်ဘူးတူမရဲ့ အခု သည်နားရှင်း တော်ကြာဟိုနားက ပြန်ရှုပ် . . .'

'လူအင်အားများမှ နိုင်မှာပေါ့ဦးလေးရဲ့ . . . ဦးလေး တစ်ယောက်ထဲလား . . .'

'ဦးလေး သား ညှိမောင်ရှိသေးတယ် ဒါပေမဲ့ အဲသည့်





ကောင်ကလည်း မောင်နေမင်းရှေ့မှာသာ အလုပ်လုပ်ချင်တာပါ နောက်ကွယ်ဆို ပျင်း . . .'

'ဦးနေမင်း ရန်ကုန်သွားတယ်လေ . . . .'

'အဲသည့်သတင်းကြားတာနဲ့ ညှိမောင်လဲ ပြေးတော့တာပေါ့ . . .'

'ဦးလေး ဟိုနားကကွက်လပ်ကြီးက အင်တဲခင်းထားတယ် . . . ဘာလုပ်တာလဲဟင်'

'ဟိုးအရင်က . . . အဲသည့်နေရာမှာ . . . တို ဟို . .'

'ဟိုတ်'

'အမလေး'

အနားကပ်ပြီး ခြောက်လှန့်လိုက်တော့ မိုးလုံးမှိုင်းတစ်ကိုယ်လုံး တုန်ခိုက်သွားတာပါပဲ။

'ဟင် လန့်လိုက်တာ ဘယ်လိုလုပ်လိုက်တာလဲ စိုးစံသူ'

'ဦးလေးကောင်း . . . သည်ကောင်မလေးက ကျွန်တော့်ကို စပ်စုတယ် . . . ပြောပြီး သူကိုယ်တိုင်လည်း တတာယ်စပ်စုတာပဲ . . .'

'ရှင်ဟာလေ . . . ပြောတော့လဲမကြိုက်ဘူး . . . တယ်အမြင်ကပ်စရာကောင်းတာ . . .'



www.burmeseclassic.com

www.burmeseclassic.com



နေရာကလှည့်ထွက်လာခဲ့ပါတယ်။

သဘောတူကျရယ်ပြီး မိုးလုံးမှိုင်းနောက်ကို ပြေးလိုက်လာပြန်သေးတယ်။ ချစ်ခင်လို့ ကျီစယ်တာ စိတ်မဆိုးပါနဲ့ မိုးလုံးမှိုင်းရယ်တဲ့. . . စိုးစံသူကိုတော့ မိုးလို့ခေါ်ပါလို့ မပြောချင်ပါဘူး။ မရင်းနှီးချင်ပါဘူးလို့ စိတ်ထဲကပြောပါတယ်။ ဒါကြောင့် မိုးလုံးမှိုင်းလို့ ခေါ်လည်းခေါ်ဆိုပြီး. . သည်အတိုင်း နားထောင်နေလိုက်ပါတယ်။

အိမ်ကြီးရဲ့ ရှေ့ရောက်ရင် နှစ်သက်စွာ မော့ကြည့်မိမြဲ။

အပေါ်ထပ် ဝရံတာမှာ အဖြူရောင်တစ်ခုကလွင့်မျော နေသလိုမို့ မိုးလုံးမှိုင်း စူးစိုက်ကြည့်မိပါတယ်။

'ဘာကြည့်နေတာလဲ'

'ဘာမှမကြည့်ဘူး. . '

စိတ်တိုတိုနှင့် မျက်စောင်းလှည့်ထိုးပြီး ထွက်လာခဲ့တယ်။ အခန်းပြန်တာပဲ ကောင်းမယ်။ သည်လူ့အနားမှာရှိရင် ဘာကိုမှ ကြည့်လို့ရှုလို့ရမှာ မဟုတ်တဲ့အတူတူလေ။ အိမ်ထဲဝင်လိုက်တာနှင့် ကုလားထိုင်ပေါ်မှာ အိအိပုံ့ပုံ့ကြီးထိုင်ပြီး မိုးလုံးမှိုင်းကို ကြည့်နေသော ကြီးလှိုင်နှင့် တွေ့ပါတော့တယ်။ ပြုံးပြမည်ပြုဆဲ မျက်နှာကို ဆတ်ခနဲလွှဲသွားတာမို့ ရင်ထဲအောင့်သက်သက်နှင့်။





မခေါ်ရင်တစ်မျိုး ခေါ်တော့တစ်မျိုး. . . ။

စိတ်ပျက်စရာပါပဲ။

✳✳✳✳✳

ချောက်ခနဲမြည်လိုက်သံကို ကြားတာနှင့် မိုးလုံးမှိုင်း ဖျတ်ခနဲလန့်နိုးသွားပါတယ်။ အအိပ်ဆတ်တဲ့လူဆိုတော့ သတိကချက်ခြင်းရှိပါတယ်။ ပြတင်းကခန်းဆီးပြုတ်ကျသွားတာမြင်ရတယ်။ ဒါ. . . မိုးလုံးမှိုင်းအခန်းကို တစ်ယောက်ယောက်ချောင်းကြည့်တာပဲ။

ဖျတ်ခနဲဆို ပြတင်းဘေးအပြေးသွားပြီး ခန်းဆီးကို ဆွဲခွင်းကြည့်လိုက်ပါတယ်။

ပြတင်းဘောင်ပေါ်မှာ စပယ်ပွင့်တွေကို စီပြီးတင်ထားလိုက်တာ။

တမင်ပြုမူထားတာမျိုးပါ။

ဘယ်သူလဲ။

ပိုပိုနှင့်ညိုညိုမဖြစ်နိုင်။

ကျောင်းသွားကြပြီ။

ဦးနေမင်း မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သွားတယ်လေ။

ဘယ်သူလဲ။

ဟို. . . စိုးစံသူ ဆိုတဲ့လူဖြစ်နိုင်လား။

ဖြစ်နိုင်တာပေါ့။ ဖြစ်နိုင်ချေအရှိဆုံး။

စိတ်မြန်သည့်လူမို့ အခန်းတံခါးဖွင့်ကာ အခြေအနေကြည့်တယ်။

တစ်အိမ်လုံးဟာ လူတစ်ယောက်တစ်လေမှ မရှိသည့်အတိုင်း တိတ်ဆိတ်လို့ပါ. . .။

မီးဖိုဖက်လျှောက်လာခဲ့တယ်။ သန်းသန်းကိုမြင်ရတယ်။ ဘာတွေချက်နေသည်မသိ။

ဒေါ်ခင်စိန်က ချဉ်ပေါင်ရွက်ချွေနေရာမှနေ ပြောပါတယ်။

'မောင်စိုးစံ မြို့ထဲသွားတာမသိလိုက်ဘူးဟယ် ကော်ဇီမှုန့်နည်းနေပြီ. . .'

'ဦးစိုးကလည်း ပြန်မလာသေးဘူး ကြာလိုက်တာ ဆေးရုံများဝင်နေသလား. . . ဟိုဆရာဝန်မ ချောချောလေးက သူ့ရည်းစားလားဟင် အမေ. . .'

'သန်းသန်း နင်ဟာလေ အင်မတန်စကားများတယ်. .





သူ့ဖာသာ ဘယ်သူပဲ ရည်းစားထားထား. . . ကလေးမှမဟုတ်တော့ဘဲ'

သူတို့နှစ်ယောက်ရဲ့ အပြောအရဆို စိုးစံသူလဲ မြို့ထဲသွားတယ်ဆိုပါလား။ ပြတင်းဘောင်ပေါ်မှာ စပယ်ပွင့်တွေလာပြီး စီတင်ထားတဲ့လူဟာ စိုးစံသူ မဖြစ်နိုင်ပြန် ဘယ်သူလဲ။

တစ္ဆေရှိတယ်ဆိုပဲ. . .

ဒါပေမဲ့ တစ္ဆေက စပယ်ပန်းလာမပို့နိုင်ပါဘူး။

ပြုံးရတယ်။

စံပယ်ပွင့်တွေဆိုတော့ ယောကျ်ားလေးတစ်ယောက်တော့ မဖြစ်နိုင်။ ဘယ်သူပဲဖြစ်ဖြစ် ရှေ့ကိုသတိထားရတော့မည်။

အိပ်ပျော်နေတုန်း လာချောင်းကြည့်တာ ဘယ်တောင်းလဲ။

ပြီးတော့

မြွေပေါ်တယ်

မြွေက ပြတင်းအောက်ကဝင်လာရင်ရော။

လူတစ်ယောက်ယောက်က အန္တရာယ်တစ်စုံတစ်ခုကိုပေးဘူးပြောနိုင်လား။ သတိတော့ ပိုရှိဖို့ လိုလာပြီ။

စိတ်က အငြိမ်မနေနိုင်။ အိမ်ကြီးကို တစ်ပတ်ပတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မိုးလုံးမှိုင်းနေသည့် အခန်းဘေးကိုဘာများ သဲလွန်စရှိနိုင်သလဲ လာကြည့်မိပါတယ်။ မြက်ရိုင်းရှည်တွေ ရှိနေတယ်။ သည်နားက မြက်ရိုင်းတွေကြောင့် မြွေလည်းရှိနိုင်တာ။ မိုးလုံးမှိုင်းအခန်းထဲကို တကူးတကနဲ့ လာရတာမျိုးပါလား။

စံပယ်ပွင့်ကြွေတွေကို ပြတင်းဘေး မြက်ရိုင်းတွေပေါ် ကျကျန်ရစ်ခဲ့တာတွေလဲ တွေ့တယ်. . .။

မလှမ်းမကမ်းကကြည့်ရတာပါ

အနားထိလဲ မသွားရဲ။

အိမ်ရှေ့ပြန်အရောက်မှာ. . . ဝင်လာသည့်ကား ကြောင့် ကြည့်မိပါတယ်

ညိုညို ပိုပို ကျောင်းဆင်းလာတာပါလား။

'မမမိုး. . . ခြံထဲဆင်းတာလား'

'အေးကွဲ့'

'သမီးတို့ ခဏနား ရေမိုးချိုးပြီး အချိန်အတိုင်း စာသင်ကြတာပေါ့. . . မမမိုး. . . စာသင်ရမဲ့အခန်းကစောင့်မယ်'

ညိုညိုနှင့် ပိုပိုဆို. . . ပိုပိုက ပိုချွဲပါတယ်။

မိုးလုံးမှိုင်းကို တွေ့တာနှင့် ခါးကိုဖက်ပြီး ပူးကပ်ချွဲနွဲ့နေတာပါပဲ။ ညိုညိုကတော့ အေးဆေးပုံရပါတယ်။ သူတို့အဖေ





တို့တော့ မမြင်ဘူးသေး။

'ပိုပို. . . . သည်ခြံထဲမှာ စပင်ပင်တွေရှိသလား'

'ရှိတာပေါ့ မမမိုးရဲ့ ခြံထောင့်မှာ အများကြီး. . . ဒါပေမဲ့အဲသည့်ဖက်ကို မသွားပါနဲ့. . . အရမ်းဝေးတယ် ပြီးတော့ ရေကန်ရှိတယ်. . . အဲသည့်ရေကန်က လူစားတယ် မမမိုးရဲ့.'

'ဟဲ့ ကောင်မလေး. . .'

မမတင်အသံကြောင့် ပိုပိုငြိမ်သွားတယ်။

'မိုးရယ်. . . အဲသည့်ရေကန်နားမှာက ကင်ပွန်းပင်တွေရှိတယ်လေ သန်းသန်းက အငြိမ်မနေနိုင်ဘဲ သွားခူးတာ ရေကန်ထဲလိမ့်ကျလို့ ကံကောင်းလို့ စိုးစံက မြင်လိုက်ပြီးတယ် ရတာ အဲဒါ ပိုပိုတို့ ညိုညိုတို့က သိပ်ကြောက်ပြီး ပြောနေတာပါ. . .'

'ဟုတ်ကဲ့ မမတင်. . . ကျွန်မက စံပယ်ပန်းကြိုက်လို့ မေးမိတာပါ. . . ကလေးတို့ လာခဲ့နော်. . .'

လောလောဆည်တော့ စာသင်ဖို့ပဲ ခေါင်းထဲထည့်ရမယ်။ နောက်မှ အတွေးတွေကို တဖြည်းဖြည်းဆက်စပ်ယူရမှာပါ။ စာအုပ်တွေယူပြီး စာသင်ရမည့် အခန်းကိုလာခဲ့ပါတယ်။

❁❁❁❁❁



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာနေတယ်။

နေ့ခင်းက အခန်းထဲကို လာကြည့်တဲ့အဖြစ်ကြောင့် စိတ်က အနှောက်အယှက်တစ်ခုလိုဖြစ်သွားပြီး . . . မျက်ရေ ကြောင်နေတာ။ အိပ်လို့မရပါလား။ မိုးသံကြားမှနေ ပြင်းပြင်း ထန်ထန် ဆူညံနေတဲ့အသံကို အပေါ်ထပ်ကကြားရတယ် . .။

'အား . . . .'

အသည်းခိုက်အောင် နာကျင်လို့အော်တဲ့အသံမျိုးပဲ။ မိုးလုံးမှိုင်းနေလို့မရတော့ပါဘူး။ အခန်းတံခါးကိုဖွင့်ပြီး ကြည့်မိ တယ်။ ကြည့်စမ်းပါဦး။ ညသန်းခေါင်ယံကျော်နေပြီပဲ။ စိုးစံသူ က အခွေကြည့်နေတယ်။ မိုးလုံးမှိုင်းထွက်လာတာကို မြင်တော့ မေးဆတ်ပြီး ဘာလဲလို့ အမူအယာနှင့်မေးပါတယ်။

'ကျွန်မနားထဲမှာ လူတစ်ယောက်က ဒဏ်ရာရလို့ အော်လိုက်သလိုပဲ . . .'

'ကျွန်တော်အခွေထဲကပါ မိုးလုံးမှိုင်းရဲ့ သည်မှာလေ သရဲကားအခွေကြည့်နေတာ . . . သရဲက လူလိုက်သတ်နေတာ'

မဖြစ်နိုင်ဘူး။

သည်အသံမျိုး မဟုတ်နိုင်။

နောက်ထပ်လည်း မမေးချင်တာမို့ အခန်းထဲပြန်ဝင်နေ





လိုက်ရတယ်။

ခဏနေတော့ ကားတစ်စီးရပ်သံကြားရပြန်ရော။

'ကိုကြီး ပြန်လာပြီလား . . .'

'စိုးစံ မအိပ်သေးဘူးပဲ . . . ဒါဆိုအတော်ပဲ . . ညလယ် အတွက် ကော်ဖီတစ်ခွက်စီ အတူသောက်ရအောင် . . .'

'ခုချိန်ကတော့ ကော်ဖီပဲကောင်းမှာပါ . . . သန်းသန်း တို့အိပ်နေကြပြီ . . . ကျွန်တော်ဖျော်ပေးမယ် . . .'

လက်စသတ်တော့ ဦးနေမင်းပြန်လာတာပါလား

ဦးနေမင်းရဲ့အသံကတစ်မျိုးပဲ ထူးခြားတယ် သာမန် အသံမျိုးမဟုတ်ဘူး။ ဩဩလုံလုံနှင့် နွေးထွေးနေတာပါပဲ။ နား ည်မှာတင် ရပ်တန့်နေသောအသံမျိုးမဟုတ်။

ဘာတွေလဲကွယ်။

မိုးလုံးမှိုင်း ဘာတွေစဉ်းစားနေမိပါလိမ့်။ အိပ်လို့မပျော်။

'ကိုကြီး ကော်ဖီရပြီ မုန့်ကတော့ မုန့်ပုံးထဲကမုန့်ပဲရမယ် ဒီတ်မုန့်မတွေ့ဘူး'

သည်အခိုက် အပေါ်ထပ်မှ ဝုန်းဝုန်းဒိုင်းဒိုင်း ဆူဆူညံညံ အသံတွေကို ကြားရတယ်။ ပစ္စည်းတွေ မြုတ်ကျကွဲရှသံ။ သည်အိမ် ကြီး အားလုံးသိပ်နေကြပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



'မင်း ခဏစောင့်နေ စိုးစံ. . .'

'ထားလိုက်စမ်းပါ ကိုကြီးရာ. . . သွားကြည့်လဲ ဘာမှ ထူးခြားလာမှာမှ မဟုတ်တာ. . .'

'ခဏလေးနေပါကွာ. . .'

ဦးနေမင်း အပေါ်ထပ်တက်သွားပုံရပါတယ်။

လှေကားမှ ခြေသံကြားရပြီး. . . ။

သည်အိမ်မှာဘယ်လို လျှို့ဝှက်ချက်တွေ ရှိသလဲ။ ပဟေဠိဆန်တဲ့ စကားမျိုးတွေလဲ ကြားရတယ်။ အိပ်မပျော်နိုင်ဘူး။

မမ. . . မမ. . . ဒါကို သတိမရဘူးလား။

ဘာလို့များ မိုးလုံးမှိုင်းဆိုတဲ့ မိန်းမဟာ အလွန်သံယောဇဉ်များတတ်ပါလိမ့်။ ဖိုးပြည့်တို့ ဖိုးဇော်တို့ ပိုက်တို့ရော ဘယ်လိုနေကြပါလိမ့်။ သူတို့ဆီ စာရေးဦးမှပါ။

'မင်းအခွေကြီးကလဲကွာ စိတ်ပျက်စရာပိတ်လိုက်ပါ စိုးစံ'

ဦးနေမင်းအသံကိုကြားရတိုင်း နှစ်ခြိုက်စရာလို့ ဘာအတွက် ထင်နေရသလဲ။

ချက်ခြင်းလိုပင် ကက်ဆက်မှ တီးလုံးသံကို ကြားရပါတယ်။





စန္ဒယားချစ်ဆွေရဲ့ တီးလုံးတွေချည်းသွင်းထားတဲ့ ကက်ဆက်ခွေပါပဲ။ မိုးလုံးမှိုင်းမှာလဲရှိတာပဲလေ။ ခုလိုအချိန်နှင့်ဆို အင်မတန်လိုက်ဖက်ညီပါပေ့။

'ကိုကြီးရေ. . . ကျွန်တော်တော့ ပျင်းပြီ အိပ်တော့မယ်'

'ငါလဲ အိပ်မှာပါ. . .'

ချက်ခြင်းပင် အားလုံးပြန်လည်တိတ်ဆိတ်သွားပြန်ပါတယ်။

အားလုံးကအိပ်ပျော်သွားတယ်။ အိပ်မပျော်တဲ့လူဆိုလို့ မိုးလုံးမှိုင်းတစ်ယောက်ပဲရှိနေတယ်ထင်ပါရဲ့။ ရအောင်အိပ်မှပါ အိပ်မပျော်ရင် ခေါင်းတွေမူးလာမလားဘဲ။

အိပ်ပျော်တော့မည်လို့ မှေးခနဲ သတိလက်လွတ်တွေ ကြောင် ပြန်နိုးလာပြန်ပါတယ်။ ကျွတ်စီ ကျွတ်စီနဲ့ ဘာဖြစ်နေပါလိမ့်။

အိမ်ဘေးဖက်မှာဖြစ်နေတာမို့. . . ။

ပြတင်းမှချောင်းကြည့်လိုက်ပါတယ်။

'တံခါးသေချာပိတ်ပါဆို. . . ပြောထားရင် ဘယ်တော့မှမရဘူး. . . အဲဒါတွေပေါ့. . . တော်ကြာ သွားရပြန်ပါပြီ ရောတန်. . . ဘယ်နေ့ဘာဖြစ်မလဲ မသိဘူး. . .'

www.burmeseclassic.com



ဒါ ဦးနေမင်းအသံပဲ

ဦးနေမင်း အိပ်ပြီဆိုပြီးမှ ဘယ့်နှယ်အိမ်ဘေးရောက်နေပါလိမ့်။ လူတွေကို သေချာမမြင်ရပေမဲ့ မည်းမည်းအရိပ်တွေအရ လူသုံးလေးငါးယောက်ရှိမည် ထင်ပါတယ်။ လက်နှိပ်ဓာတ်မီးရောင်တွေလက်ပြီး တစ်ရွေ့ရွေ့ပျောက်သွားပြီ. . .။

ဘာတွေလဲကွယ်. . .

ရေကန်လဲပါတယ်

ဟိုးခြံနောက်က ရေကန်ကိုပြောတာ ဖြစ်မည်။

နေနှင့်ဦး။

အားတဲ့တစ်ရက် အဲသည့်ရေကန်ဆီ ရောက်အောင်သွားကြည့်ဦးမည်။

အခုတော့ ရအောင်အိပ်မှပေါ့။

အိပ်တော့မည်ဆိုကာမျှ ပြတင်းမှန်တံခါးကို တစ်ဒေါက်ဒေါက်ခေါက်နေသံကို ကြားရပါတယ်။ ဘယ်သူလဲ။ ချက်ခြင်းပြတင်းက လိုက်ကာကိုဖွင့်လိုက်တဲ့အခါ မျက်နှာတစ်ခုက မှန်ကိုဖိကပ်ထားတာမို့ ဖြူချပ်ချပ်ပုံသဏ္ဍာန်နှင့် ထိတ်လန့်စရာရှုတ်တရက်မို့ မိုးလုံးမှိုင်းလန့်ဖျတ်ပြီး နောက်ကို ခြေလှမ်းဆုတ်မိချိန် အဲသည့်မျက်နှာကမရှိတော့။





ရှုတ်တရက် စိမ်းနေသေးသည့် ဝန်းကျင်မို့ လိုက်လဲကြည့်လို့မဖြစ်။

အိပ်ပျော်အောင် ပြန်အိပ်ရမည်။ ဘယ်လိုမှ အိပ်လို့မရ။ ဒါကြောင့်မို့. . . စိတ်ရှုပ်ရှုပ်နှင့် အခန်းထဲမှာ လမ်းလျှောက်ရင်း တွေးစားနေမိသည်။

ခုနမျက်နှာ။

ယောကျ်ားလား၊ မိန်းမလား ပုံသဏ္ဍာန်ကို စဉ်းစားမရ။ မှန်နှင့် ဖိကပ်ထားလို့ အတိအကျ ပုံဖမ်း၍လည်းမရ။

ရှေ့လျှောက်ဘယ်လို အတွေ့အကြုံတွေရမလဲ။ ဖြစ်ချင်ရာဖြစ်။

သည် သုခမင်္ဂလာလို့ခေါ်သည့် သစ်ခွရိပ်မြိမ်မှာ သာနေရဖို့ မနည်းကြိုးစားခဲ့ရတာ။ အလွယ်တကူ အရှုံးပေးသွားလို့ မဖြစ်နိုင်။

✳✳✳✳✳

သည်လောက်မအိပ်နိုင်တာတောင် အစောကြီးနိုးလာတယ်။ အာရုဏ်အလင်းရောင်က မိုးလုံးမှိုင်းစိတ်ကိုပို့ပြီးရဲရင်းလာစေခဲ့ပြီပဲ။ ဒါကြောင့် မီးဖိုထဲအရင်ဝင်ခဲ့တယ် ဒေါ်မြင့်စိန်က



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် တော်ပါတယ်။ မိုးလုံးမှိုင်းစော စာနှိုးတတ်မှန်းသိပြီး ကတည်းက မနက်အစောကြီး စားစရာအဆင်သင့်ပါပဲ။

'ခေါက်ဆွဲရနေပြီ ဟုတ်လား ဒေါ်ခင်စိန် အစောကြီးပဲ ဘယ်အချိန်ထဲက ထချက်ထားတာလဲဟင်. . .'

'မအိပ်ရတဲ့အတူတူ. . . မထူးဘူးဆို နှစ်နာရီလောက်က ချက်ထားတာ'

'ညကဘယ်သူ ဘာဖြစ်လို့လဲ ဒေါ်ခင်စိန် ဆူညံဆူညံနဲ့ လူတွေရှုတ်ရှုတ်ရှုတ်ရှုတ်နဲ့ ဖြစ်သေးတယ်။ ဦးနေမင်းအသံလဲ ကြားတယ်. . .'

'ဟုတ်လား ဒေါ်ခင်စိန်ဖြင့် မကြားပါဘူး. . အိပ်ပျော်နေလို့ထင်ပါရဲ့. . .'

ခုနကတော့ မအိပ်ရတဲ့အတူတူတဲ့

အခုကြတော့ အိပ်ပျော်နေလို့ ထင်ပါရဲ့တဲ့။ စကားနှစ်ခုက ရှေ့နောက်မညီလိုက်တာ။ သည်နေ့ကြမှ သန်းသန်းကို မတွေ့ရ။ သန်းသန်းသာဆိုရင် တစ်ချို့သော စကားတွေတော့ ဖွာရာကြဲ၍ ပြောဦးမည်သေချာပါတယ်။ စိုးစံသူကို ပြောင်ဖွင့်မေးသင့်မေးရမည်။

သည်လူကနောက်နောက်ပြောင်ပြောင် အင်မတန်





ပျော်တတ်တာ။

ညက ပြတင်းဘေးမှာနေ မိုးလုံးမှိုင်းကို လာခြောက်သွန့်လေသလား။ ဒါပေမဲ့ အဲသည့်ပုံသဏ္ဍာန်က စိုးစံသူနှင့် သိပ်တော့ မတူလှပါဘူး။

'ကိုစိုးစသူရောရှိသလား ဒေါ်ခင်စိန်'

'မောင်စိုးစံ အိပ်နေတုန်းပဲထင်ပါရဲ့. . .'

'ဟုတ်မှာပေါ့လေ. . . သူလည်း ညကအိပ်ရပုံမပေါ်ပါဘူး. . . ကျွန်မသူ့အသံလည်းကြားပါတယ်. . .'

ကော်ဖီတစ်ခွက်ဖျော်ပေးပါတယ်။ ခေါက်ဆွဲနှင့် ကော်ဖီ အသောက်လိုက်တော့ အစားအသောက်ကိစ္စပြီးပြီ။ ဒါကြောင့်မို့ အခန်းပြန်တော့မယ်ဆိုပြီး အိမ်ပြင်ထွက်ခဲ့တာပေါ့။ သည်နေ့ တော်ကူးက ခြံနောက်ဘက်ဆီကို သွားကြည့်မည်လေ။

မြက်ရိုင်းတွေက သိပ်ရှည်လှသည့်တော့ မဟုတ်ပါ။

ဒါပေမဲ့ သတိဝီရိယနှင့် လျှောက်ရတယ်။ တုတ်တစ်ချောင်းကို ဝှေ့ယမ်းပြီး သွားရတာပေါ့။ အဝေးကြီးပါလား။ တစ်မျှော်တစ်ခေါ်ပါပဲ။ သည်လောက်လျှောက်တာတောင်မှ ခြံအဆုံးကို မရောက်နိုင်သေးပါလား။

မိုးအုံ့နေလို့. . . ကောင်းကင်ပြင်ကြီးကိုလည်း မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရသေးတယ်။

ဘယ်တော့ရှာဦးမလဲ။

မိုးရွာလဲရွာ။ အစိုပေါ့လေ. . .။

တွေ့ပါပြီ။

ဟယ်. . . လှလိုက်တဲ့နေရာလေး. . . စံပယ်ပင်တန်းတွေ အစီအရီပါပဲ။ စံပယ်ပင်တွေအဆုံးမှာ ရေကန်ကလေးက မိုးမြူတွေထဲမှာ ငြိမ်ငြိမ်သက်သက်။ ရေကန်ထဲမှာကတော့ မှော်တွေရှိနေပြီး စိမ်းဖန့်နေပါတယ်။ ရေကန်အစပ်မှာရှိနေတဲ့ စွယ်တော်ပင်ကလေးတွေက ရေဆီကိုင်းညွတ်နေတာက ပန်းချီကားတစ်ချပ်လိုပါပဲ။

လှလိုက်တာကွယ်။

သည်နေရာကိုမြင်ပြီးတာနှင့် နှစ်သက်သွားမည့် ပုံစံမျိုး။

နောက်ဆို သည်နားလေးကို မိုးလုံးမှိုင်း ခဏခဏလာကြည့်ဦးမည်။ စပယ်ပွင့်တွေကလည်း မွှေးနေတာ။ ခူးချင်စရာ။

ပြတင်းဘောင်ပေါ်မှာ စပယ်ပွင့်တွေစီရီပြီးလာတင်ထားသည့်လူနှင့် မှန်ကိုလာကပ်ကြည့်တဲ့လူ အတူတူပဲ ဖြစ်နိုင်တယ်. . .။

စံပယ်ပန်းတစ်ပွင့်ကို ခူးယူပြီး နမ်းရှိုက်ခိုက်. . .။





စွယ်တော်ပင်ကို ခိုစီးပြီး လွှားခနဲ အရိပ်တစ်ခုက မိုးလုံးမှိုင်းနှင့် မလှမ်းမကမ်းကို ပြုတ်ကျလာတာမို့. . .။

'အား. . .'

လန့်လိုက်တာ။

အသည်းတွေနှလုံးတွေများ ပြုတ်ကျတုန်သလားမှတ်ရဲ့။

'မိုးလုံးမှိုင်း'

'စိုးစံသူ. . .'

'သည်နားကို တစ်ယောက်ထဲလာတယ်. . . အကောင်ရှည် တွေ့မယ်. . .'

'ရှင်ကြတော့ရော မတွေ့ဘူးလား ရှင်ဘယ်လိုဖြစ်ပြီး သည်အချိန်ကြီး သစ်ပင်ပေါ်ရောက်နေရတာလဲ. . .'

'ခင်ဗျားရောဘယ်လိုဖြစ်ပြီး သည်အချိန်ကြီး သည်နားကို ရောက်နေရတာလဲ. . .'

'ကျွန်မက စပယ်ပန်းလိုချင်လို့လာခူးတာ. . . ပိုပိုနဲ့ ညိုညိုက ခြံနောက်ဖက်က ရေကန်နားမှာရှိတယ်ဆိုလို့. . .'

'ခင်ဗျားကို ကျွန်တော်စေတနာနဲ့ပြောနေတာ သည်ခြံထဲလျှောက်မသွားပါနဲ့ သွားရင် အဖော်နဲ့သွားပါ ခင်ဗျားသိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြောရဦးမယ် ကိုကြီးနေမင်းရဲ့အမေ မေမေကြီး ဒေါ်မြနု ဟာ ပိုးထိလို့ ဆုံးရတာပါဆို ခင်ဗျားသိလား’

‘ရှင်. . .’

သည်တစ်ခါတော့ မိုးလုံးမြိုင်းအုံ့ဩလွန်းလို့. . .။ လန့်သွားသည့်အရှိန်ရော. . . အံ့ဩသည့်အရှိန်ရော စကားပင်မပြောနိုင်တော့ပြန်။ မေမေကြီး ဒေါ်မြနုဟာ ပိုးထိလို့ဆုံးသည်ဆိုပါလား။ မထင်မှတ်ခဲ့ပါဘူး။

‘ခြံထဲမှာတွေ့သမျှ အဆိပ်ပြင်းတဲ့မြွေဆိုးတွေများတယ် ခင်ဗျားကို စေတနာနဲ့ ကျွန်တော်သတိပေးနေတာ ကျွန်တော်က နောက်တတ် ပြောင်တတ်တယ်ဆိုတော့ စကားကိုမယုံကြည်ကြသလို ဖြစ်နေတာပေါ့. . . စေတနာအစစ်နဲ့ပြောတာပါ. . .’

စိုးစံသူပြောတာအမှန်ပါပဲ။

သူကနောက်ပြောင်တတ်လေတော့ သူ့စကားကို အတည်မထင်ခဲ့ဘူးပေါ့လေ။

‘ကျေးဇူးပဲ စိုးစံသူ’

တကယ့်ကို လိုက်လိုက်လှဲလှဲတင်တဲ့ကျေးဇူးပါ။

‘ပြောမှဲ့သာပြောရတာပါ. . . သည်နေရာလေးက တကယ့်ကိုလှပသာယာတယ်နော် စိုးစံသူ. . .’





‘သည်နေရာကို တစ်ခေါက်ရောက်ပြီးရင် နောက်ထပ် အခေါက်ခေါက်ရောက်ချင်ကြတယ်. . . ဒါကြောင့်လည်း လာကြတာပေါ့. . . တစ်ခုရှိတာက စံပယ်ပန်းခူးတယ်. . . သည်နေရာကနေ ရေကန်ထဲကို မြေကလျှောကျနေတာ တဖြည်းဖြည်း ယန်းကိုအာရုံပြုရင်းခူးတော့ နောက်ဆုံးရေကန်ထဲ ချော်ကျသွားရော. . . ဒါမျိုးတွေဖြစ်တတ်တယ်. . .’

‘ဟုတ်ကဲ့. . . သန်းသန်းရေကန်ထဲလိမ့်ကျတာ ရှင်ဆယ်ရတယ်တော့ မမတင်ပြောဘူးပါတယ်’

‘သန်းသန်းမှမဟုတ်ပါဘူးဗျာ. . . သည်ရေကန်က လိမ့်ကျဘူးတဲ့လူ မရှိသလောက်ပါပဲ. . . မမတင်ကိုရော မေးကြည့်ပါဦးလား. . . မမတင်ငယ်ငယ်က စွယ်တော်ပန်းတွေ အခူးတောင်းတာ လိမ့်ကျသွားလိုက်တာ ပြန်ကိုပေါ်မလာဘူး အစ်ကို အောင်မင်းက သူပါသေချင်သေပါစေဆို မရရအောင်ဆယ်တာ နောက်တော့ သူတို့ဖူးစာဆုံတာပဲ ခင်ဗျားလဲ စံပယ်ပန်းခူးဖို့ချည်း အာရုံမများနဲ့နော်. . . တော်ကြာရေထဲလိမ့်ကျသွားရင် ဆယ်ရတဲ့လူက ခင်ဗျားဖူးစာရှင်ဖြစ်နေမယ် ခုနေလိမ့်ကျရင်တော့ ဆယ်ရမှာက ကျွန်တော်ပဲရှိတယ်’

အမယ်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူမှား မိုးလုံးမှိုင်းရဲ့ ဖူးစာရှင်ဖြစ်နေမယ်လို့ ဆိုလိုတာလား။

ဖြစ်ပါလိမ့်မယ် အားကြီးကြီး။

ရှင့်လို ပြောင်ချော်ချော် နောက်တတ်တဲ့လူမျိုး မိုးလုံးမှိုင်း မကြိုက်ဘူး။ မိုးလုံးမှိုင်းက ယောကျ်ားဆန်ပြီး တည်ကြည်ခန့်ညားငြိမ်သက်အေးဆေးတာမျိုးမှ ကြိုက်တယ်။

'ရတယ် . . . ရေကန်ထဲကျသွားလဲ ဆယ်မဲ့သူတော့ ပေါ်လာမှာပဲ မပူပါဘူး . . . ကျွန်မစပယ်ပန်းခူးချင်တယ်'

'ခူးလေ ခူး ကျွန်တော်စောင့်နေမှာပေါ့ . . .'

မိုးမြူတွေကြောင့် ရေကန်လေးဟာ မှုံမှိုင်းမှိုင်းနှင့် အင်မတန်လှနေသလိုပါပဲ။ စပယ်ပန်းလှလှဖြူဖြူလေးတွေရဲ့ မွှေးရနံ့နဲ့ဆိုတော့ အင်မတန် သာယာပါတယ်။ စိုးစံသူကတော့ သစ်မြစ်ဆုံပေါ်မှာထိုင်ပြီး နေပါတယ်။ မိုးလုံးမှိုင်းကတော့ စပယ်ပွင့်တွေခူးနေမိတာ။

'စိုးစံ . . .'

'ဟင် ကိုကြီးနေမင်း'

ဦးနေမင်းအသံကြောင့် မိုးလုံးမှိုင်းလှည့်ကြည့်မိပါတယ်။

ဦးနေမင်းက ရေမိုးချိုး ဝတ်စားပြီးပုံပါ။ သန့်ရှင်းသပ်ယပ်နေတာ





[illegible]

'သည်မှာ ဘာလုပ်နေတာလဲ'

'မိုးလုံးမှိုင်း စပယ်ပန်းခူးနေလို့ ရေကန်ထဲလိမ့်ကျမှာစိုးတာနဲ့ စောင့်နေတာပါ . . .'

'မင်းအလုပ်က ဒါပဲရှိလား'

ဦးနေမင်းစကားကလည်း

တစ်မျိုးပဲ။

မိုးလုံးမှိုင်းစိတ်ထဲ ချက်ခြင်းဒေါသဖြစ်သွားပါတယ်။

'စိုးစံသူကို ကျွန်မခေါ်လာတာ မဟုတ်သလို ခေါ်မထားပါဘူး ဦးနေမင်း သူ့ဖာသာဘယ်ကဘယ်လို ဘာလာလုပ်တယ်မသိဘူး။ ကျွန်မက ပန်းလိုချင်လို့ လာခူးတာပါ . . .'

ဦးနေမင်းက မိုးလုံးမှိုင်းကို စူးစူးစိုက်စိုက်ကြည့်ပါတယ်။

မျက်ဝန်းအကြည့်တွေက စူးရှတောက်ပလွန်းပါတယ်။

စိတ်ထဲထိ ထိုးဖောက်ဝင်ရောက်လာသလို ခံစားရပါတယ်။

'ဆရာမလဲ သည်နေရာကို လာဖို့မကောင်းဘူး အိမ်နဲ့ အရမ်းလှမ်းတယ် . . အန္တရာယ်တစ်ခုခုကြုံရင် ဘယ်သူမှကူမဲ့လူ မရှိဘူး . . . စေတနာနဲ့ပြောနေတာ . . .'

'ကျွန်မနာမည် မိုးလုံးမှိုင်းပါ . . . နာမည်ကိုခေါ်လို့ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် ဦးနေမင်း. . .'

'အဲသည့်ပန်းမျိုးတွေ ကျွန်တော်မနှစ်သက်လို့ မခေါ်ပဲ
စေနဲ့. . . ဆရာမပဲ ခေါ်ပါရစေ. . .'

ကျွန်မနာမည် မိုးလုံးမှိုင်းဟာ သစ်ခွပန်းတစ်ပွင့်ရဲ့
အမည်ပဲ။ အဲသည့်ပန်းမျိုးတွေ မနှစ်သက်ဘူးဆိုဘဲ။ သစ်ခွမိုး
ငြိမ်ရဲ့သခင်က သစ်ခွပန်းတွေကို မနှစ်သက်ဘူးတဲ့။ ထူးဆန်း
ပါပဲလေ။

'ဒါနဲ့ ဦးနေမင်း လက်ဖက်ရည်သောက်ရင်းပြောတော့
သုခမင်္ဂလာမှာ မိသားစုတစ်ယောက်လိုနေပါ လွတ်လွတ်လ
လပ်နေပါဆို'

'မိသားစုစိတ်နဲ့မို့ သတိပေးသင့်တာပေးနေတာပါ. . .
အန္တရာယ်ဆိုတာ ဘယ်ထောင့်က ရုတ်တရက်ပေါ်လာမယ်ဆို
တာ ဘယ်သူမှမပြောနိုင်ပါဘူး. . . သတိရှိပါ'

'သည်ခြံ သည်အိမ်မှာ အန္တရာယ်ရှိတယ်လို့ ဦးနေမင်း
ဆိုလိုတာလား. . .'

'ဘယ်ပြောနိုင်မလဲ. . . စံပယ်လှိုင်တို့ အမေ မမတင်
ရဲ့ ညီမဝမ်းကွဲ ဒေါ်လေးဖြူးဟာ သည်ရေကန်ထဲကိုကျပြီး ဆယ်
မဲ့လူ မရှိလို့ သေဆုံးသွားပါတယ်ဆိုတာ ဆရာမ မသိလို့ပါ





'ရှင်'

လာပြန်ပြီ

မိုးလုံးမှိုင်းမှာဖြင့် အံ့သြခြင်းကြီးစွာနှင့် ရပ်ကြည့်နေမိ ပေါ့။
ဦးနေမင်းကတော့ ဆရာမနဲ့ စိုးစံပြန်လာခဲ့တော့ဆိုပြီး ထွက်
သွားနှင့်ပြီ။ လမ်းလျှောက်တာကအစ အင်မတန်ခန့်ညားပါပေ
တယ်။

'မိုးလုံးမှိုင်း. . . ခင်ဗျား သိပ်အံ့သြနေသလား'

'ဟုတ်တယ်. . . စိတ်ထဲမှာ အံ့သြတာရော တစ်မျိုးကြီး
ပဲ. . .'

ကြည့်ပါဦးကွယ်. . .။

ထုံထိုင်းသော ခြေလှမ်းတွေနှင့် အခန်းဆီကို အတွေး
များစွာ သယ်ဆောင်ကာပြန်လာခဲ့ရပါပြီ။

✳✳✳✳✳

အန္တရာယ်ဆိုတာ ဘယ်ထောင့်ကရုတ်တရက်ပေါ်လာ
မယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး သတိရှိပါ. . ။

ဦးနေမင်း ပြောသွားသည့်စကားသံကိုပဲ ထပ်ခါတလဲလဲ
ကြားယောင်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စေတနာနှင့် သတိပေးတာတဲ့။

တကယ်ပဲ စေတနာနှင့် သတိပေးတာလား။

အဲလိုမျိုး ဖြစ်လာနိုင်ပါသည်လို့ ကြိုတင်စကားမျိုးပြော တာလား။ သက်ပြင်းတစ်ရှိုက်ရင်းမှ အတွေးများစွာ ရနေပါ တယ်။ သည်အိမ်ကို တစ္ဆေခြောက်တယ်လို့ ပတ်ဝန်းကျင်က ပြောကြတာလဲ အဆိုးမဆိုသာ။

ပိုးထိသေတဲ့လူရှိတယ်။

ရေနစ်သေတဲ့ လူရှိတယ်။

တစ်နေ့ထဲမှာ လူနှစ်ယောက်ရဲ့သေဆုံးခြင်းကို မိုးလုံး မှိုင်းသိလိုက်ရတဲ့အခါ စိတ်မှာခံစားရတာတော့ အမှန်ပါပဲ။

ဘယ်လိုခံစားမှုလို့လဲ အမည်တတ်ရခက်ပါတယ်။

မမ

မမကို ပြောသားပဲ

အဲသည့်မြို့ကို မသွားပါနဲ့

အဲသည့်အလုပ်ကို လက်မခံပါနဲ့လို့လေ။

ဖိုးပြည့်တားနေသည့်စကားသံကိုလည်း ပြန်လည်ကြား ယောင်ပါတယ်။

အပြန်လမ်းမှာ စိုးစံသူပြောတဲ့စကားကတော့။





'တတ်နိုင်သရွေ့ မိုးလုံးမှိုင်း အနားမှာကျွန်တော်ရှိနေမှာ ပါ ကျွန်တော်ရှိနေတဲ့ အချိန်မှာတော့ မိုးလုံးမှိုင်းမှာ ဘယ်လို အန္တရာယ်မှ မရှိစေရပါဘူး. . . အသက်နဲ့လဲပြီး ကာကွယ်ပါ့မယ် အသက်နှင့်ထပ်တူစောင့်ရှောက်ပါမယ်'

ဟုတ်သော်ရှိ-

မဟုတ်သော်ရှိ မိုးလုံးမှိုင်း အထူးကျေနပ်တင်သွားတာ တော့အမှန်ပါပဲ။

မတတ်နိုင်ဘူး

ဖြစ်ချင်ရာဖြစ်

ကြုံချင်ရာကြုံ ရင်ဆိုင်မယ် ဖိုးပြည့်တို့ တာရာတို့နှင့် အတိုက်အခံလုပ်ပြီး သည်မြို့သည်အိမ်ကို မရောက်ရောက် အောင် လာခဲ့ရတာ. . ။ မိုးလုံးမှိုင်းဆန္ဒပြည့်ဝမှ ဖြစ်မည်။

တံခါးကို ခေါက်သံကြောင့် မေးရတယ်။

'ဘယ်သူလဲဟင်'

'သန်းသန်းပါ အစ်မ အစ်မ ထမင်းလာမစားလို့'

'ဪ လာမယ် လာမယ်'

စိတ်ရှုပ်ထွေးပြီး အတွေးများသွားတာ ထမင်းစားချိန် လွန်သွားတာပင် သတိမထားမိ။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲရောက်တော့ သည်နေ့ချက်သမျှ ဟင်းတွေ ထဲမှာ ဘဲသားအချိုချက်ကိုပဲ ရွေးလိုက်ပါတယ်။ ထမင်းဟင်း အားလုံးကို စားပွဲပေါ် တင်ပြီးတာမှ။

'စိန်စိန်. . . သန်းသန်း. . . ကျွန်တော်ထမင်းစားမယ်

ဦးနေမင်းထမင်းစားမည်ဆိုပါလား။

မှားလိုက်တာ။

သည်လောက်နောက်ကျနေမှတော့ ဦးနေမင်းထမင်း စားပြီးလောက်ပြီလို့ မိုးလုံးမှိုင်းကထင်နေတာ။ နေရာရွေ့မည် မြင်တာနှင့်။

'ဆရာမနှင့်အတူစားပါမယ် အတူစားပါ. . .'

နေရာတမရွေ့ချင်တော့ဒါနှင့် အတူစားဖို့ဆုံးဖြတ်လိုက် တယ် ဦးနေမင်းအတွက်တော့ ချက်သမျှဟင်းအစုံအလင်ကို ဖွယ်ဖွယ်ရာရာပြင်ကျွေးပါတယ်။

ဦးနေမင်းက ဆရာမ ကြက်သားစားပါတယ်နော်ဆိုပြီး ကြက်သားတစ်တုံးကို ပန်းကန်ထဲခပ်ထည့်ပေးပါတယ်။ သူကိုယ် တိုင်က ငွန်း ခက်ရင်းနှင့်စားနေတာ မိုးလုံးမှိုင်းကလက်နှင့်စား တာ။

ဒါကြောင့်မို့။





'ဦးနေမင်း ကျွန်မကို မရှိဘူးဆိုရင် ကြက်သားကို ကျွန်မ အသားလေးတွေ ရွေးဖဲ့ပေးရမလား'

'အားနာတယ်'

'အားမနာပါနဲ့ မိသားစုလို သဘောထားပါ. . .'

မိုးလုံးမှိုင်းက ခုလိုပင် မောင်လေးညီမလေးတွေကို ငယ်စဉ်ထဲက ပြုစုယုယခဲ့တဲ့ အစ်မကြီးပါ။ ခုလိုပြုစုပေးရတာ အပေါ် မှာ ဘယ်လိုခံစားမှုမှမထားပါဘဲ။

'ဆရာမ. . . စာသင်အင်မတန်တော်တယ်လို့ ပြောကြ ပါတယ်. . . အလုပ်ကရော ကျောင်းဆရာမပဲလား'

'ဟင့်အင်း. . ကျွန်မတို့မိဘလက်ထပ်က စီးပွားရေးလုပ် ငန်းတွေရှိပါတယ်. . . မောင်နှမတွေဦးစီးကြရတာပေါ့. . . စာ သင်တာကဝါသနာလိုဖြစ်နေလို့ပါ မောင်လေးညီမလေးတွေကို စာသင်ပေးတယ်. . . တစ်ချို့မိတ်ဆွေတွေရဲ့ သားသမီးတွေ ဆယ်တန်းမှာ လေးနှစ်ငါးနှစ်မအောင်လို့ သနားတာနဲ့ သင်ပေး ရင်းက ကျွန်မစာသင်တော်တယ် ပြောလာကြတာပါပဲ. . .'

သည်အချိန်မှာမှ ဒေါ်တင်မကြီးကထမင်းစားခန်းထဲ ဝင်လာပါတယ်။ မိုးလုံးမှိုင်းတို့နှစ်ယောက်ကို လှမ်းကြည့်ပြီးမှ ပြောပါတယ်။ မိုးရွာတဲ့ ရာသီကနေ နေသာချင်သာမှိုင်းကျချင်



www.burmeseclassic.com

www.burmeseclassic.com



ကျ တစ်ခုခု ဖောက်ပြန်လာပါမယ် မေ င်နေမင်းက မိုးနဲ့ ထမင်းအတူစားလို့ပါလားတဲ့။ ဦးနေမင်းက ဘာမှမပြောပေမဲ့ ဒေါ်တင်မကြီးကို လှမ်းကြည့်လိုက်တဲ့ အကြည့်က မနှစ်သက်ဘူးဆိုတာ သိသာပါတယ်။ ဒေါ်တင်မကြီး ထွက်သွားတော့မှ။

'ကျွန်တော်က အိမ်သားတစ်ယောက်ယောက်နဲ့ဆို လုံးဝအတူမစားဘူး. . . ဒါကြောင့်ပြောတာပါ'

'ဘာလို့လဲ မိသားစုထမင်းဝိုင်းဆိုတာ ပျော်စရာကောင်းပါတယ်. . . ကျွန်မတို့ဆို. . . '

စကားဆက်မည်ပြုပြီးမှ

ရှင်ထဲနှင့်သွားတာမို့ ရပ်ပစ်လိုက်တယ်။

'စည်းလုံးညီညွတ်ချစ်ခင်တဲ့ မိသားစုတွေစုပြီး ထမင်းစားမှသာ ပျော်ဖို့ကောင်းတာပါ. . . သုခမင်္ဂလာမှာက. . . တစ်ယောက်နဲ့ တစ်ယောက်တွေ့တာနဲ့ အပစ်ရှာကြတာ စိုးစံတစ်ယောက်ပဲ သွေးမပါတာတောင် တော်တယ်'

ဦးနေမင်းကတော့ စိုးစံသူကို ချီးမွမ်းရှာပါတယ်။ မိုးလုံးမှိုင်းကတော့ ခုမှရောက်တာပဲလေ မိသားစုတွေတော့ အပစ်ပြောနေတယ်။

ရှင်ကရော အပစ်ကင်းစင်လို့လား ဦးနေမင်းရယ် ရှင့်





လို့ခေါ်င်သူကြီးစပြီး အကြင်နာကင်းမဲ့ရက်စက်တတ်မှတော့ သုခမင်္ဂလာလို့ ရှင်တို့အမည်ပြောင်းထားတဲ့ သစ်ခွရိပ်မြိမ်ဟာ. . . ဘယ်လိုကောင်းမွန်တဲ့ စံအိမ်တစ်ခုဖြစ်လာမှာတဲ့လဲ. . .။

'မောင်နေမင်း'

ကြီးလှိုင်ဝင်လာတဲ့ပုံသဏ္ဌာန်က တုံ့နှေးလွန်းပေမဲ့ မျက်ဝန်းတွေကတော့ လျှင်မြန်လွန်းပါတယ်။

ထမင်းကို လက်စသတ်မှပါ။

ကြည့်ရတာ ဦးနေမင်းနှင့် မိုးလုံးမှိုင်း ထမင်းအတူစားသည်ဆိုသော သတင်းကို ရကြပုံပါပဲ။

'သည်ရက်ပိုင်းမှာ ကားရှိနေဖို့လိုတယ် စံပယ်တာ နေ့လားညလား မွေးမှာ'

'ကျွန်တော်ထမင်းစားနေတယ် ကြီးလှိုင် သုခမင်္ဂလာရဲ့ ထုံးစံကို မေမေ့လက်ထပ်ထဲကချမှတ်ခဲ့တာ ပြောစရာရှိ ဆွေးနွေးစရာရှိရင် ဧည့်ခန်းမှာပဲ စုပြောကြတာပေါ့ ဧည့်ခန်းကစောင့်ပါ'

'ကျွန်မသွားမယ် ဦးနေမင်း. . . '

မလွယ်ဘူး။

သည်အိမ်မှာရှိတဲ့လူတွေက တကယ့်ကို စိတ်ပျက်စရာတွေလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



• အင်းလေ. . . သူတို့ဖာသာဘာ တွေပဲဖြစ်ဖြစ်။

မိုးလုံးမှိုင်းသည်တိုလာရတဲ့ အဓိကအချက်က ပိုပိုနှင့် ညှိညှို ဂုဏ်ထူးတွေအများကြီးနှင့် စာမေးပွဲအောင်ဖို့က အဓိက ပါပဲ။ နောက်တစ်ခုကတော့. . .။ ဖြစ်ချင်ရာဆိုဖြစ်အောင် ကြိုး စားတတ်တဲ့ မိုးလုံးမှိုင်းပဲ။ သိချင်ရာတွေကိုလည်း သိအောင် ကြိုးစားရမှာပေါ့။

'ငါပြောတယ် လူပျိုနှစ်ယောက်ကို ရှောင်ပါရှောင်ပါဆို တာ. . . တွေ့လိုက်ရင် သည်နှစ်ယောက်နဲ့ပဲ တွေ့နေတယ်. . . ခက်တာပဲ. . .'

ကြီးလှိုင်ရဲ့ မကြားတကြားအပြောကို စိတ်ပျက်စွာ ကြား ရပြန်ပါတယ်။

ပြောချင်ရာပြော။

မိုးလုံးမှိုင်းကလည်း ဖြစ်ချင်ရာတွေဖြစ်ဖို့ သည်ကိုး ရောက်လာခဲ့တာပဲမဟုတ်လား။

အခန်းထဲကို မဝင်ချင်တော့တာမို့ အိမ်ရှေ့မှာ ချထား သည့် ခုံတန်းလေးမှာ ထိုင်နေမိပါပြီ။

✳✳✳✳✳





ပိုပိုနှင့်ညှိညှိုက မိုးလုံးမှိုင်းရဲ့ ဘယ်ဘက်ညာဘက်မှာ ထိုင်နေပြီး စကားပြောနေမိပါတယ်။ စာမသင်ရတဲ့ အားလပ် ချိန်ကလေးတစ်ခုမှာပါလေ။ မောင်ညီမလေးတွေကို ချစ်သည့် မိုးလုံးမှိုင်းအတွက် ပိုပို ညှိညှိုဆိုတာလဲ ညီမလေးတွေ တူမလေး တွေလို ချစ်စရာပါပဲ။

'မမမိုးက ပိုတို့ကို စာသင်ပြီးရင် ရန်ကုန်ပြန်သွားမှာ ပေါ့နော်'

'ဒါပေါ့ ပိုပိုရဲ့ ဘာလို့လဲ'

'မမမိုးကို ပိုပိုတို့က ချစ်နေပြီ ခွဲသွားမှာတို ကြိုလွမ်းတတ် နေပြီပေါ့. . .'

'ဟုတ်တယ် မမမိုး. . .'

ပိုပိုလေးက သွက်လိုက်တာ. . .။

စကားပြောတာသွက်လက်ပြီး ချစ်စရာကောင်းပါတယ်။

ညှိညှိုကတော့ အေးဆေးသူမို့ ပိုပိုပြောသမျှ ခေါင်း ညိတ်ညိတ်ညိတ်ပေါ့။ သည်အခိုက်မှာ အိမ်ထဲက ဦးနေမင်း ထွက်လာတာ မြင်ရပါတယ်။ လမ်းလျှောက်ပုံကအစ ခန့်ညား လှပြီး တည်ကြည်ချောမောသည့် ယောကျ်ားဖြစ်ပါလျှက် အလှိုင်းထဲက နှလုံးသားကအကြင်နာမဲ့လွန်းပါသတဲ့တွယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဪ ဆရာမနဲ့ တပည့်တွေပါလား'

**'ဦးနေမင်း** အပြင်သွားမလို့လား'

**'ကျွန်တော်** ရန်ကုန်သွားရမယ် ဆရာမ. . . နှစ်ရက် **သုံးရက်**တော့ကြာမယ်. . . ရန်ကုန်မှာလိုတာရှိရင်မှာပါ. . .'

'ကျွန်မအိမ်မှာရှိတဲ့ သစ်ခွပန်းအိုး လေးငါးအိုးဝင်ယူ **လာ**ပေးလို့ရမလား ဦးနေမင်း. . .'

တမင်ပြောတာ။

ယူပေးမယ်ဆိုရင်တောင် အိမ်မှာမရှိဘူး။

ကြည့်စမ်းပါဦး။ ဦးနေမင်း မျက်နှာပျက်ပြီး မုန်တိုင်းကျ **တော့မဲ့** သဏ္ဍာန်မျိုး။

ထိသွားပြီ

ဝမ်းသာတယ်။

ကိုဒေါသဆီက ဘယ်လိုဒေါသတွေထွက်လာမလဲ စောင့် စိုက်ကြည့်မိပါတယ်။

'ဆောရီးဆရာမ. . . ကျွန်တော် အိမ်ရှာတတ်မှာမ ဟုတ်လို့ပါ. . . သွားဦးမယ်. . .'

ဆင်ခြေပေးပုံကလဲ ရယ်စရာ။

ရန်ကုန်မြို့မှာ လိပ်စာရှိရင် ရှာရလွယ်ပါတယ်





အိမ်ရှာတတ်မှာ မဟုတ်လို့ပါဆိုတဲ့ ဆင်ခြေတစ်ခုကို **ပေးပြီး** မရရအောင် ရှောင်သွားပါတယ်။

'မမမိုး'

'ဟင်'

'လေးလေးနေမင်းတော့ ဒေါသပဲဖြစ်သွားမလား စိတ်ပဲ **ထိခို**က်သွားမလားမသိပါဘူး. . .'

ပိုပို့ဆီက သိနိုင်သမျှလေးတွေသိအောင် **စုံစမ်းရမည်**။ **ဘာ**လို့လဲပိုပိုရဲ့။ ဘာလို့ဒေါသဖြစ်ရမှာလဲ ဘာလို့စိတ်ထိခိုက်ရ **မှာ**လဲလို့ မေးကြည့်တာပေါ့။

'လေးလေးက သစ်ခွပန်းတွေကို ကြောက်**တယ် သစ်ခွ ပန်း**တို့မြင်ရင် စိတ်ထိခိုက်တတ်တယ်. . .'

'ဟုတ်လား ဘာဖြစ်လို့လဲ မမမိုးမှမသိတာ **ပိုပိုရဲ့** ဘာလို့ **လဲဟင်**. . .'

'မမနွယ်နွယ်ချို. . . သေသွားတာ. . .'

'ပိုပို. . . ပိုပို. . . လျှောက်ပြောမနေနဲ့. . . **တော်ကြာ မမိုး**ကြောက်ပြီး ပြန်သွားမယ်. . .'

ညိုညိုကတားပြန်ပါပြီ။

ပိုပိုကပြောတော့မလို။ မိုးလုံးမှိုင်းကြောက်ပြီးပြန်သွား



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့။ ဘာလို့ပါလိမ့်။ ဘာကိုကြောက်ရမှာလဲ။ သိချင်စိတ်ဖ
များရပါပေ့။

'မမမိုးက ဘာကိုမှ မကြောက်တတ်ပါဘူး. . . ပြန်
မပြန်ပါဘူး. . . ပြောပါ ပိုပိုရဲ့. . .'

ပိုပိုလေးက ပြောလည်းပြောချင်

မပြောရဲသည့် မျက်နှာမျိုးလေး။

ညိုညိုကလည်း ပိုပို့ကို ကြည့်နေတာကိုး။ မပြောရဲသ
ဖြစ်နေတယ်ထင်ပါရဲ့။

'ပြောပါကလေးရဲ့ မမမိုး မကြောက်ပါဘူး. . .'

'သည်အိမ်မှာလေ. . . ဟို ဟို. . .'

'ဘာလဲ တစ္ဆေခြောက်တယ်လို့ ပြောတာတွေ့လား'

'ဟင် မမမိုးသိတယ်. . . .'

ညိုညိုနှင့် ပိုပိုကမိုးလုံးမှိုင်းသိနေတဲ့အတွက် အံ့သြ
ပါပဲ။

'သိတာပေါ့. . . ဒါပေမဲ့ မယုံပါဘူး. . . အိမ်ကြီး
ကြီးမားကျယ်ဝန်းလွန်းလို့ ပြောကြတာပါ. . သည်လိုပါမဲ. . .
ကျယ် အိမ်ကျယ်ကြီးတွေဆို ခုလိုပဲ သူရဲခြောက်တယ် တစ္ဆေ
တယ် ပြောကြတာပါပဲ. . .'





'မမမိုး မယုံဘူးပေါ့. . .'

'အင်းလေ. . .'

'သည်အိမ်မှာ သေသွားတဲ့လူတွေ အများကြီး. . .'

ညိုညိုရဲ့ အေးဆေးပြီး ကြောက်နေရသလို လေသံလေး
ကြောင့် မိုးလုံးမှိုင်းရယ်ရပါတယ်။

'ညိုရယ်. . . လူမသေဘူးတဲ့အိမ်ရှိလို့လားကလေး
ရယ်. . . လူတွေနေတဲ့အိမ်တွေမှာ သေကြမှာပဲပေါ့. . .'

'သည်အိမ်က လူတော်တော်များများဟာ. . . အစိမ်း
သေကုန်ကြတာ. . .'

'ပိုပို ငါကြောက်လာပြီ တော်တော့. . .'

ညိုညိုကကြောက်တတ်ပုံလေး။

ဒါကြောင့်မို့ မကြောက်ပါနဲ့ကွယ်. . . သူတို့ရဲ့ သေဆုံး
ခဲ့ကံတွေကြောင့်ပါ. . . ဥပစ္ဆေကကံနဲ့ သေသွားကြတိုင်းလည်း
တွေ့တတ်မလွတ်မဖြစ်ပါဘူး. . . သူများတွေလျှောက်ပြောတာမယုံ
ပါနဲ့. . . လို့ပြောရတယ်။

'မစပယ်ကပြောတယ်. . . မန္တယ်ချိုက လှေကားထိပ်
မှာရပ်ရင်း ကြည့်နေတာတဲ့'

'ပိုပို တော်ပါတော့. . .'



www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး ပိုပို မနွယ်ချိုဆိုတာ ဘယ်သူလဲ. . . နေဦး နေဦး မပြောနဲ့ဦး ဟိုမှာကိုစပ်စုလာနေပြီ. . .'

စိုးစံသူလျှောက်လာနေတာကိုတွေ့လို့ ကလေးတွေက စကားပိတ်ထားရမယ်။

'စကားတွေပြောနေကြသလား. . . ပိုပိုနဲ့ညိုညို နင်တို့ ဆရာမကို ဘာတွေဖြေနေကြလဲ သူဘာတွေ စပ်စုနေလဲ'

'ရှင့်လိုမှတ်လို့လား'

တွေ့လား။

စိုးစံသူဟာတွေ့တာနှင့် အမြင်ကပ်စရာကိုကောင်းတယ်။ မိုးလုံးမှိုင်းကိုယ်တိုင်က စပ်စုကာမှ စပ်စုသေချာတည့်တည့်လာပြောနေတော့ အမြင်ကပ်တာပေါ့။

'မောင်စိုးစံ'

ကြီးလှိုင်အသံ။

ထွက်လာပြန်ပါပြီ။ ညိုညိုနှင့် ပိုပိုအနားမှာရှိနေလို့တော်ပါသေးရဲ့။ မဟုတ်ရင် လူပျိုနှစ်ယောက်က တစ်ယောက်မဟုတ် တစ်ယောက်အနားမှာရှိနေတယ်လို့ ပြောဦးမည်။

'ကြီးလှိုင် ဘယ်နှယ့် အပြင်ထွက်လာတာလဲ ကျွန်တော် လာမှာပေါ့. . .'





'မောင်နေမင်းက ငါပြောနေတဲ့ကြားက ရန်ကုန်သွားပြီ အိမ်မှာဖြင့် ကားတစ်စီးပဲရှိတာ ညရေးညတာ စပယ်ပိုက်နာရင် ခက်မယ်. . .'

'သူ့အိုဂျီကလွယ်မှာပါ အစစအခက်အခဲမရှိပါဘူး ပြောထားတာ ကြီးလှိုင်မပူပါနဲ့. . . ကြီးလှိုင်ပူဖင်သောက နည်းချင်သို့ အပျိုကြီးလုပ်နေတာမဟုတ်လား ဘာလို့တူမ မွေးမှာလိုက်ပူနေရတာလဲ. . .'

'အကောင်စုတ်လေး. . .'

ကြီးလှိုင်လှည့်ထွက်သွားတာကို ပိုပိုနှင့် ညိုညိုကပါ ရယ်ကြတယ်။ စိုးစံသူကတော့လေ စကားပြောရင်လည်း အဲလိုမျိုး။

'သည်အိမ်မှာ ကားတစ်စီးပဲရှိတာလား'

'ဒါပေါ့ဗျာ. . .'

'လေးလေးစိုးမှာ ဆိုင်ကယ်ရှိပါတယ်. . .'

'သည်နေရာက မြို့နဲ့အလှမ်းဝေးလွန်းပါတယ်. . . ကားမရှိရင် အရေးအကြောင်းရှိ သွားဖို့မလွယ်ဘူး. . .'

'ဘာမှမပူပါနဲ့ မိုးလုံးမှိုင်းရယ် ကားမရှိလည်း. . . မိုးလုံးမှိုင်းကိုဆို ကျွန်တော်ချီပိုးခေါ်ပါမယ်. . .'

ပိုပိုနှင့်ညိုညို့ရှေ့မှာတောင် စကားပြောတာဆင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်ခြင် မပြောဘူး။ ဒါကြောင့် အမြင်ကပ်စရာကောင်းတယ်
ပြောတာ။ သွားကြစို့ ကလေးတို့. . . မမမိုးတို့ ညနေငါးနာရီ
ထမင်းစားပြီး ပြန်ဆုံကြမယ်နော်လို့ပြောရတယ်။

'မိုးလုံးမှိုင်း ခဏနေပါဦး. . . စကားပြောချင်လို့. . .'

'ရှင်နဲ့ပြောရင် ဒေါသပါတယ်. . . ရှင်က ပြောချင်
ပြောတာ. . . နားမထောင်ချင်ပါဘူး. . .'

'ခင်ဗျားသိချင်တာမျိုးလေးတွေရော မမေးတော့
လား. . .'

'ကျွန်မဘာမှမသိချင်ဘူး. . .'

'သေချာလား. . .'

'သေချာတယ်. . .'

'ခင်ဗျားမသိသေးတာ တစ်ခုရှိတယ်. . .'

'ဘာလဲ. . .'

မိုးလုံးမှိုင်းကလည်း မိုးလုံးမှိုင်းပါပဲလေ။ သူ့စကား
ယောင်ပြီးပါဝင်သွားမိပါတယ်။ သိချင်တာတွေက သစ်ခွရိုင်း
မှာ ရှိနေတာကိုး။

'ကျွန်တော့်ရင်ထဲက သိပ်ချစ်တဲ့ အချစ်တချို့
ကြောင်းပေါ့. . . အဲဒါ မိုးလုံးမှိုင်းမသိသေးဘူးလား. . .'





'ဘာများလဲလို့. . . ရူးနေလားမသိဘူး'

'ဟုတ်တယ် ကျွန်တော်အချစ်ရူးရူးနေတယ် မိုးလုံးမှိုင်း
ယ်. . .'

မိုးလုံးမှိုင်းလှည့်ထွက်ခဲ့ပါသည်။

သည်လူ့စကားဆက်နားထောင်လို့ မကောင်းတော့။
ချစ်အကြောင်းပါလာပြီ။ ဒါကြောင့် ကြီးလိုင်က လူပျိုတွေ
မနေနဲ့ ပြောနေတာနေမှာ။ အခန်းဆီပြန်ဝင်လာခဲ့ပါတယ်။
ထားတဲ့ မှန်ပြတင်းကို တွေ့ရတိုင်းလာကြည့်သော မျက်နှာ
တစ်ခုကို အမှတ်ရပါသည်။

သည်မျက်နှာ ပြားချပ်ချပ်ဟာ တခြားမဖြစ်နိုင်။

မဟုတ်မှလွဲ. . . စိုးစံသူကိုတောင်မသင်္ကာ။ သည်လူတ
ောင်ချော်ချော် နောက်တောက်တောက်နှင့်။

ဦးနေမင်းရဲ့ ညိုမှိုင်းသွားသော မျက်နှာကို မိုးလုံးမှိုင်း
င်နေပါလား။

ပိုပို့အပြောအရ ဦးနေမင်းဟာ သစ်ခွပန်းတွေကို
ကြောက်တယ် မြင်ရင် စိတ်ထိခိုက်တယ်တဲ့။

ဒါပေါ့. . .

သူ့မှာအပစ်တွေရှိတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပစ်နှင့်သူပေါ့ . . .။ စိတ်အခန့်မသင့်အောင် တွေ

မိုးလုံးမှိုင်းလုပ်ရမှာပါပဲ။

✲✲✲✲✲

မစံပယ်ကပြောသတဲ့။

မစံပယ်ဆိုတာ အခုကိုယ်ဝန်ကြီးနှင့် စံပယ်လှိုင်ကိုပြော

တာနေမှာပါ။

ဒါပေမဲ့

မနွယ်ချိုက လှေကားထိပ်မှာရပ် ရပ်ကြည့်နေတယ်

နွယ်နွယ်ချို သေသွားတာလို့လဲ ပြောတယ်။

နွယ်နွယ်ချို

ဘယ်သူလဲ။

ဘာကြောင့်သေသလဲ။

ဘယ်လိုသေသလဲ။

သိချင်တယ်။

ဘယ်သူ့ကိုမေးရင်ရမလဲ။ သန်းသန်း . . . မဆီ

ဖြေနိုင်ပါတယ်။ နောက်တစ်ယောက် ပိုပို့ကို ညှိညှိမရှိချိန်

မည်။





မိုးသံဖျောက်ဖျောက် ကြားရတယ်။

မီးကိုလုံးဝမှောင်မဲနေအောင် ပိတ်ထားလိုက်ပါတယ်။

ဒါမှလဲ လာချောင်းကြည့်တဲ့ မျက်နှာကို သေချာတွေ့နိုင်မည်။

ညလယ်လောက်ရှိနေပြီပဲ။ နာရီကြည့်ဖို့ကလည်း အိပ်ယာထဲမို့

လွယ်။

'မီးပျက်နေပြီ . . . မခင်စိန် . . . အမတျင်စီမီးရော မီး

တော်ဖွင့် မီးစက်ဖွင့် ပေးပါ'

ဆူညံနေပြန်ပြီ။

မီးပျက်တာများ ကြီးလှိုင်ဘာလို့သည်လောက်အော်ရ

တာလဲ။

မီးပျက်တာ ဘာထူးဆန်းလဲ

ခဏနေ မီးပြန်လာချင်လာမယ် မလာတော့ရော ဘာ

ဖြစ်လဲ။ မီးပျက်တာများကွယ် အော်ဟစ်နေတာပါပဲ။

'မခင်စိန် သန်းသန်း'

သြော်

ခက်ပါဘိ

ကြည့်ရတာ ကိုယ့်အခန်းထဲကနေများ အော်ခေါ်နေသ

သားမသိ။ ဒေ



www.burmeseclassic.com

www.burmeseclassic.com



'Real English Language Syndiate'

(UKTY)

-When it comes to the facts needed for keepi-ng abre
of the booming world, mastering the foregin language is
must.

- Of these language, English plays a vital role.

- Our 'RELS' is where you can best learn Engli sh.

-We run it with the aim of helping you impr-ove your pe
sonal spoken and written Englis- gh, and ability to ge
control of the syntactic structures.

-Thus, you should grasp this opportunity.





'Real English for Real Learners!'

dd: 14/326 Bagan Road

Shwe Pauk Kan

Yangon.ါခင်စိန်နှင့် သန်းသန်းခမျာလည်း ညလယ်
ာက်ဆိုတော့ မောမောနှင့်
ိပ်ပျော်နေသလားမှမသိတာ။ အိပ်နေရာမှ ထလိုက်ပြီး
ခါးကိုဖွင့်ကြည့်မိပါတယ်။

အရာရာ မှောင်မည်းနေလေတော့ ရှုတ်တရက်ဘာမှမ
င်။

ဒါပေမဲ့ မှောင်မှောင်မည်းမည်းကြားထဲမှာ ဖြူဖြူအရိပ်
စ်ခုက တလှုပ်လှုပ်ဆိုတော့ မိုးလုံးမှိုင်းမျက်ဝန်းတွေက အဲ
ည့်ကို ရောက်သွားတာပေါ့။ လှေကားထိပ်မှာ ဖြူဖြူအရိပ်က
စ်လှုပ်လှုပ်။

ဒါဘာလဲ။

ဘယ်သူလဲ။

သေချာစူးစိုက်ကြည့်တော့ အဖြူရောင်လူရိပ်. . . ။



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီး သေချာသည်ထက်သေချာအောင် လှေကားကြီးဆီ တရွေ့ရွေ့သွားမိပြီ. . .။

အဖြူရောင်သဏ္ဍာန်က အငြိမ်မနေ

ဘုရားရေ. . .။

လှေကားထိပ်ဝရံတာလက်တန်းကို တက်ထိုင်နေတာလား။

ခက်တယ်

လက်ထဲမှာသာ လက်နှိပ်ဓာတ်မီးပါကြည့်

ချက်ခြင်း မီးထိုးကြည့်မယ်. . အခုမှ ပြန်ယူရင် သည်အဖြူရောင်သဏ္ဍာန်က ပျောက်သွားမလား။

'မနွယ်ချိုက လှေကားထိပ်မှာရပ် ရပ်ကြည့်တယ်'

ပိုပို့လေသံကို ပြန်ကြားမိပြီ

ဒါ

နွယ်နွယ်ချိုရပ်ကြည့်တယ် ဆိုတာများလား။ ဘယ်လို

တစ္ဆေခြောက်လှန့်နေသလား။

မဖြစ်နိုင်ဘူး။

မဖြစ်နိုင်ဘူး။

သွားကြည့်မယ်. . . သွားကိုကြည့်မယ်. . .။မှ





တစ္ဆေပဲဖြစ်ဖြစ်

လူပဲဖြစ်ဖြစ်

မိုးလုံးမှိုင်းတို့က လက်တွေ့ကြမှ ယုံကြည်မည်။

'မခင်စိန်. . .'

ဩော်

ခက်ပါဘိ

ကြီးလှိုင်ရဲ့ အသံကျယ်ကြီးက အခန်းထဲကအော်ဟစ်ထွက်လာတယ်ဆိုရင်ပဲ အဖြူရောင်သဏ္ဍာန်က တစ်ရွေ့ရွေ့နှင့် ဘယ်ရောက်သွားပါလိမ့်။

လှေကားထိပ်မှာမရှိတော့။

'လာပါပြီ. . . လာပါပြီ. . .'

ဒေါ်ခင်စိန်အသံကြားတာနှင့် အခန်းထဲပြန်ပြေးဝင်လိုက်ရတယ်။ တံခါးကို ကျော်မှီရပ်ရင်းစဉ်းစားရပြီ။ မနွယ်နွယ်ချို ဘယ်သူလဲဆိုတာ ပထမဆုံးသိချင်လာပါတယ်။ အမြန်ဆုံးမေးမည်။ မီးစက်မောင်းလိုက်တယ်လေ ဒါကြောင့်မို့ မီးတွေပြန်လင်းသွားတယ်။

'မိခင်စိန်. . . မီးပျက်တယ်ဆို ချက်ခြင်းမီးလာပို့ပါဆိုပြောကားကဘယ်တော့မှ နားမထောင်ဘူး မီးစက်မောင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့. . .'

ကြီးလှိုင်က ဆူနေပြန်ပါပြီ။

သူတို့ခြေများလည်း တစ်နေကုန်ပင်ပန်းတော့ အိပ်ရာမှာ ပေါ့လေ။ မီးစက်မောင်းသံကို ကြားနေရပါတယ်။ ခဏတော့ မီးစက်မောင်းသံမှလွဲပြီး အသံတွေတိတ်ဆိတ်သွားပြန်ပါပြီ။

အိပ်မှပါ။

နာရီကြည့်တော့ နှစ်နာရီထိုးနေပြီ။

အိပ်တော့မည်လို့ အိမ်ယာထဲရောက်တာမှ။

'တဲ့. . . ဟဲ့. . . မခင်စိန်. . . တင်မကြီး ထကြပါဦး ထကြပါဦး. . .'

ဖြစ်ပြန်ပြီ။

ကြီးလှိုင်ဘာဖြစ်နေသည်မသိ။

'စံပယ်ဗိုက်နာနေလို့ တင်မကြီး'

သြော် စံပယ်လှိုင် ဗိုက်နာပြန်သည် ဆိုပါလား။

အပေါ်ထပ်ကို ပြေးတက်သွားကြသည့် ခြေသံတဝုန်းဝုန်းကြားရပါတယ်။ စိုးစံကို ခေါ် စိုးစံကိုခေါ် ဆိုတဲ့ ဒေါ်တင်မကြီးရဲ့အသံကိုလည်း ကြားရပါတယ်လေ။

သူတို့သည်မှာ လှုပ်ရှားနေခိုက်မှာ မိုးလုံးမှိုင်း ခုလိုငြိမ်၍





...ပ်နေလျှင် ကောင်းပါ့မလား။ ဦးနေမင်းမရှိရင် ကားကလည်း ...ရှိဘူးတဲ့။ ညကြီးမိုးချုပ် ဗိုက်နာနေတဲ့လူက နာနေတယ် ...ကောင်းပါဘူးဆို အိပ်ယာမှ ထလိုက်ရပြန်ပါပြီ။

တံခါးဖွင့်လိုက်တယ်ဆိုရင် လှေကားမှဆင်းလာနေ...သာ စိုးစံသူကို မြင်ရတယ်။

'စံပယ် ဗိုက်နာလို့လား စိုးစံသူ'

'သေချာတာပေါ့ဗျာ'

'ဆေးရုံပို့ဖို့ ဘယ်လိုလုပ်မလဲဟင် ဦးနေမင်းလဲမရှိ ...းလဲမရှိ. . .'

ခြံဝထွက်ခေါ်မှာပေါ့. . .'

'ဟင်. . . ခုချိန်ကြီး ဘယ်ကကားကြုံရပ့မလဲ စိုးစံသူ ...ယ်. . .'

'ဟိုဘက်ခြံမှာ ကားရှိတယ် သွားခေါ်ရမယ်'

'ဒါဆို မြန်မြန်သွားခေါ်လေ. . .'

'ကျွန်တော် တစ်ယောက်ထဲ သည်အချိန်ကြီးမသွားရဲပါ ...'

"ဒါဖြင့်ရင်လဲ ဦးလေးကောင်းပါ ခေါ်ပေါ့'

'ဦးလေးကောင်းမရှိဘူး ရွာပြန်တယ် ညီမောင်နဲ့. . .'



www.burmeseclassic.com

www.burmeseclassic.com



ဩော် သည်နေ့ကြမှ ဦးနေမင်းမရှိပါဘူးဆို အားလုံး ပါရှာပြန်ရသလား။ ယောက်ျားကြီးကြီးမားမားအားကိုးစရာ လို့ စိုးစံသူပဲရှိတယ်။

'ဘယ်လိုကားသွားခေါ်မလဲ. . .'

'ခင်ဗျားနဲ့ ကျွန်တော်သွားခေါ်မယ်လေ. . .'

အပြင်မှာမှောင်မဲလို့။

အချိန်ကလည်း အချိန်မတော်။

စိုးစံသူနှင့် နှစ်ယောက်ထဲသွားရရင် ဘယ်ယောက် ယုံကြည်စိတ်ချရပါ့မလဲ။ သူနှင့်သွားတာစာရင် တစ်ယောက်ထဲ သွားတာကမှ စိတ်ချရမည်ထင်တယ်။

'ရတယ်. . . ကျွန်မတစ်ယောက်ထဲသွားခေါ်မယ်လေ

'ဟာ သတ္တိကတော့ ပြောင်မြောက်ပါပေရဲ့ ဟိုဘက် ထိခရီးက နည်းနည်းနောနောမဟုတ်ဘူး. . .'

'စိုးစံ. . . စိုးစံ. . . အရမ်းနာနေပြီတဲ့. . . လာကြည့် ပါဦး. . .'

ဒေါ်တင်မကြီးကအတင်းခေါ်ပါတယ်။

ဘယ့်နှယ့်ကွယ်။

အမျိုးသမီးတစ်ယောက် မီးနေတဲ့ကိစ္စဆေးရုံပို့ဖို့ မလို





ကြပါဘဲ စိုးစံသူကို အတင်းခေါ်ခေါ်နေရတာလဲ။ အစ်ပွားယ် ဆွဲလိုက်တာ။

'ထားလိုက်ပါ မမတင်ရာ. . . ကျွန်တော်ပြောပြီးပြီပဲ'

'ဟိုမှာ သိပ်နာပြီး ဒုက္ခဖြစ်နေသလားမသိဘူး. . . ကဲပါ ရှင် ရှင်နဲ့ကျွန်မပဲ အတူသွားခေါ်ပါမယ်. . .'

ဖြစ်ချင်ရာဖြစ်။

အရေးကြီးတာက လူနှစ်ယောက်ရဲ့အသက်ပဲမဟုတ် သား။ ခုလိုအချိန်မှာ စိုးစံသူကလည်း မဟုတ်တာတော့ ကြံစည် ညေမတင်ပါ။ အရဲစွန့်ရမှာပဲ အရေးဆိုကိုယ့်အရှက်ကို အသက် နှင့်လဲကာကွယ်သင့် ကာကွယ်ရမှာပေါ့။

'စိုးစံ. . . စိုးစံ'

'ပြောပြီးပြီပဲ မမတင်ရာ'

'တကယ်ပဲ မနက်မှမွေးမှာလားစိုးစံ'

'မမတင် ညိုညို့ကိုမွေးတုန်းက အခုပိုက်နာ အခုမွေး ရောလား သားဦးကို ခုလောက်လွယ်လွယ်မွေးမလား မမတင်ရဲ့ ခံယယ်လိုင်ကနဂိုရ်ကမှ ကဲကဲ ကြီးလိုင်ကသဲသဲနှင့်တွေ့နေတာ အနားသွားမနေနဲ့. . .'

ဒေါ်တင်မကြီးကခုတော့လဲ ငြိမ်နားထောင်သား။



www.burmeseclassic.com

www.burmeseclassic.com



ကိုစပ်စုတို့များတကယ် တကယ်

ကလေးမွေးတဲ့ကိစ္စလည်း သူပါတယ်။

'စိုးစံ . . . လွယ်ပါ့မလား ဖြစ်ပါ့မလား ငါကြောက်နေတယ် စိုးစံ သည်အိမ်မှာက သေလိုက်ရင် ဥပဒ္ဒေဒကက်တွေ ချည်း အစိမ်းသေတွေကများပါဘိ'

'မမတင် . . . နိမိတ်မရှိ ဘာတွေလာပြောနေလဲ လွယ်ပါတယ်ဆိုမှဗျာ . . .'

'ရှင် သွားမှာလား'

'မိုးလုံးမှိုင်း စိတ်မဆိုးပါနဲ့ ကားသွားခေါ်ရမယ်ဆိုတာ နောက်တာပါ စံပယ်လှိုင်က မနက်ပိုင်းမှာ သူ့ဖာသာလွယ်လွယ်နဲ့ ထုံးစံအတိုင်းမွေးပါလိမ့်မယ် . . . .'

'ဘယ်လို . . . ကျွန်မနားမရှင်းဘူး ကဲပါ မွေးပါပြီတဲ့ ဘယ်သူကမွေးတတ်သလဲ . . .'

မိုးလုံးမှိုင်းစိတ်တိုလာပြီ။ ဘာတွေပြောနေကြတယ်မသိ

'မိုးလုံးမှိုင်း . . .'

'မိုးကို မမတင်ပြောမပြရသေးဘူးနော် . . စိုးစံသူက ဆရာဝန်ပါ'

'ရှင်'





အံ့ဩရပါပြီ။

စိုးစံသူက ဆရာဝန်တဲ့လား။ အံ့ဩစရာတွေတစ်ခုပြီး တစ်ခုတွေ့နေရတဲ့ သစ်ခွရိပ်ငြိမ်ပါပဲ။ မယုံစရာလိုပါပဲလေ။ စိုးစံသူကို ဆရာဝန်တစ်ယောက်ဖြစ်မည်မှမထင်။ ရှိုးရှိုးဘွဲ့ရပြီးပြီပဲ ထင်ခဲ့တာ။

'စိုးစံ စိုးစံ လာကြည့်ပါဦး'

လှေကားထိပ်မှနေ ကြီးလှိုင်လှမ်းခေါ်ပါတယ်

ခုနက အဖြူရောင်အရိပ်ကိုတွေ့ခဲ့တာ အဲသည့်နေရာပါပဲ။

'လာမယ် လာမယ် . . . မမတင်သွားနှင့်'

ဒေါ်တင်မကြီး ထွက်သွားတာနှင့် စိုးစံသူက မိုးလုံးမှိုင်းကို နှာခေါင်းရှုံ့ပြီး ပြောင်ပြတယ်။

'ဆရာဝန်ဆိုတာ သူများရောဂါတွေသာကုပေးနေရတာပါဗျာ . . . ဆရာဝန့်ရင်ထဲက အသည်းရောဂါနှလုံးရောဂါကို ကြတော့ ကုပေးမဲ့သူမရှိပါဘူး . . . မိုးလုံးမှိုင်းဆိုတဲ့ သစ်ခွပွင့်လေးတစ်ပွင့်ကြောင့် ဆရာဝန့်အသည်းတွေကွဲ နှလုံးတွေကြေခဲ့ရပေးနော် . . .'

လာပြန်ပြီတစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



တကယ် အမြင်ကပ်တယ်။

လှေတားတနေတက်သွားပြီး အလယ်လောက်ရောက်တော့ ပြန်လှည့်ကြည့်ကာ လက်ပြနေပါသေးသည်။ မုန်းစရာပဲ သူ့ကိုယ်သူ ဆရာဝန်ပါဆိုတာ မပြောဘဲ အတူကားသွားခေါ်ရအောင် ဘာညာနှင့် လျှောက်ပြောနေတယ်။

အခန်းထဲပြန်ဝင်လိုက်တယ်ဆိုရင်ပဲ

ဟင်

မှန်ပြတင်းမှနေ ကြည့်နေသော မျက်နှာပြားချပ်ချပ်ကို မြင်ရပြန်ပါပြီ။

ရုတ်တရက် ဘာလုပ်ရမည်မသိခိုက်။

ဖျတ်ခနဲ ပျောက်သွားပြန်ပါပေါ့။

ဒါဘယ်သလဲ။

စိုးစံသူ မဖြစ်နိုင်တော့။

မှန်ပြတင်းတွေကို လိုက်ကာတွေလိုက်ပြီး ပိတ်ရတယ်။

နောက်တစ်ခါမမြင်ချင်တော့။

တစ္ဆေ။ တစ္ဆေ

ဘယ်လိုမှ မဖြစ်နိုင်ဘူး။ တစ္ဆေဆိုတာ ပြတင်းကနေ မှန်နဲ့ကပ်ခြောက်လှန့် မည်မထင်။





အိပ်မပျော်အောင် အတွေးများစွာ ပဟေဠိဖြစ်စေသော သစ်ခွရိပ်ငြိမ်-

ဒါကိုများ သူတို့က သုခမင်္ဂလာတဲ့။ နာမည်နှင့် လုံးဝ ဆိုလိုက်ဖက်ပါ။

✻✻✻✻✻

စိတ်ညစ်တာပဲ။

စံပယ်လှိုင်အော်သံကို အောက်ထပ်ကပင် အတိုင်းသား ကြားနေရပါတယ်။ ဘယ်လိုမှ အိပ်မပျော်တော့။ မမတင်ရဲ့ တုန်ခုင်သော ဘုရားစာရွတ်သံကိုလည်း ကြားရတယ်။ မနေသာတော့ဘဲ အပြင်ထွက်လာခဲ့ရတယ်။ လှေကားကဆင်းလာသည့် စိုးစံသူကို မြင်ရပြီ။

'ဘယ်လိုလဲ စိုးစံသူရယ်. . . ကျွန်မရင်တုန်ပါတယ် မီးလဲလင်းစပြုနေပြီ မမွေးသေးဘူးလား'

'မွေးတော့မှာပါ မိုးလုံးမှိုင်းရယ်. . . ခုထော့လဲ သတ္တိ တနည်းပါဘိ. . . မိဘက စိတ်ပူလို့ လူဆိုးမယူပါနဲ့ပြောတော့ ယူတာမျိုးကြ သတ္တိများပါဘိ'

'လူဆိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်. . . သူ့ကောင်လေးကအရမ်းဆိုးတယ် ပေါင်းအသင်းတွေများပြီး အိမ်ကထွက်သွားလိုက်တာ မရှေ့စံပယ် ကလေးတစ်ယောက်သာ ရကျန်ခဲ့တယ် ဟိုကောင်က ဘယ်ရေ ရာမှာသေတယ်မသိ. . . ပြန်ကိုမလာတော့တာ. . .'

'ရှင် ဒါဆို စံပယ်လိုင်ခင်ပွန်းမရှိဘူးပေါ့. . .'

'မရှိဘူး. . . ကောင်လေးအိမ်ကတောင် သေပြီဆို ဆွမ်းကျွေးပြီးပြီ. . .'

'ဟင်'

စိတ်မကောင်းစရာပါလား။ ခုလိုဆိုတော့လည်း စံပယ် လှိုင်ဘဝလေးကသနားစရာပါ. . .။

'စိုးစံ စိုးစံ မြန်မြန်လာပါ'

'ခက်တာပဲ ကျွန်တော် ဆရာဝန်ဖြစ်ကတည်းက တ လေးအယောက် သုံးလေးဆယ်မကမွေးဘူးတယ်. . . တစ် ယောက်မှ ခုလောက်ဒုက္ခမပေးဘူး. . . ကလေးမွေးပါတယ်ဆို နည်းနည်းတော့ သတ္တိမွေးပေါ့. . . အချိန်မတန်ပါဘဲ ဘယ်လို ကလေးကထွက်လာပါ့မလဲ. . .'

စိုးစံသူကို ပြန်ခေါ်သွားကြပြီ။ သန်းသန်း ထမင်းစားခန်း ထဲဝင်လိုက်တော့ ဒေါ်ခင်စိန်က အဆင့်သင့်ပြင်ထားသော





ကြက်ဥပေါင်းမုန့်ကြော်နှင့် နွားနို့တစ်ခွက်ပြင်ပေးပါတယ်။

'သန်းသန်း ဒေါ်ခင်စိန်ရော. . .'

'ရှိပါတယ် အမေက မစံပယ်မွေးတဲ့နားစောင့်နေရတာ ပေါ့'

'အေး ဟုတ်တာပေါ့ မမ မေ့သွားလို့. . .'

အတော်ပဲ။

သန်းသန်းတစ်ယောက်ထဲတော့ တွေ့ရပြီ။ မေးစရာရှိတာ မေးထားရမယ်။

ဒေါ်ခင်စိန်ရှိနေရင် သန်းသန်းကဖြေမှာမဟုတ်။

'သန်းသန်းကို မမမေးစရာရှိတယ်. . .'

'မေးလေ. . . မမရဲ့'

'နွယ်နွယ်ချိုဆိုတာ ဘယ်သူလဲ'

'ရှင်. . .'

သန်းသန်းမျက်နှာလေးဖြစ်သွားလိုက်ပုံက သနားစရာ ကောင်းလိုက်တာ။ ကြောက်ရွံ့တုန်လှုပ်ထိတ်လန့်သွားတဲ့ပုံက လေး။ ဘာဆက်ပြောရမှန်းမလဲ မသိသည့်ပုံနှင့် မီးလုံးမှိုင်းတို ကြည့်နေပါတယ်။

'ဘယ်သူလဲဟင် သန်းသန်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟို ဟို. . . ကျွန်မကြောက်တယ်. . .'

'ဘာကို ကြောက်တာလဲ'

'မနွယ်ချိုက သည်အိမ်မှာ ရှိနေတုန်းပဲတဲ့ တွေ့တဲ့လူ တွေ တွေ့ကြတာတဲ့. . .'

'သူက အခုမရှိဘူးလား သေသွားပြီလား'

'ဟုတ်တယ်. . . သေသွားပြီ'

'ဘယ်တုန်းကလဲ ဘယ်လိုသေသလဲ. . .'

သန်းသန်းကမျက်နှာလေးမဲ့နေပြီ. . . ပုခုံးကလဲ တွန့်ပြီး တုန်နေသလိုပါပဲ။

'မြန်မြင်နေသလိုပါပဲ မြန်မြင်နေသလိုပါပဲ. . . သွေးတွေမှ အများကြီး. လှေကားကြီးရဲ့ထိပ်ကနေ အဝတ်ဖြူစလေးလွင့်ပြီး ပြုတ်ကျလာသလို ပြုတ်ကျလာတာ. . .'

လှေကားကြီးထိပ်ကနေ။

အဝတ်ဖြူစလေးလွင့်ပြီးတဲ့။

မိုးလုံးမှိုင်းမြင်ခဲ့ရသော လှေကားထိပ်မှ ဖြူဖြူသဏ္ဍာန်ရဲ့ တစ်ရွေ့ရွေ့လှုပ်ရှားမှု။

စိတ်မှာပင် ရွံ့သွားသလိုခံစားရပါတယ်။

'သစ်ခွပန်းတွေတောင် နီရဲကုန်တာ'





'ဘယ်လိုဘယ်လို. . . သစ်ခွပန်းတွေ နီရဲကုန်တယ် ဟုတ်လား'

'ကျွန်မကြက်သီးတွေထလာပြီ မမ မပြောရဲတော့ဘူး ကြောက်တယ်. . . သည်အိမ်မှာရှိနေတယ် ပြောတာပဲ. . . တော်ကြာ သူ့အကြောင်းပြောရမလား ကျွန်မဆီလာမှ ခက်နေမှာ ကျွန်မကြောက်တယ်. . .'

သန်းသန်းတော့ ကြောက်ရွံ့စွာ မီးဖိုထဲတထွက်သွားပြီ။ တကယ်ကြောက်နေတဲ့ပုံပါပဲလေ။ မေးမိတာတောင် သနားပါသေးတယ်။ စိုးစံသူကို မေးရင်ကော။ အဲသည့် ဆရာဝန်တအပြောင်အပျက်တွေပြောတော့ ကောင်းကောင်းဖြေချင်မှဖြေမှာ။

'မွေးပြီဟဲ့ မွေးပြီ မိန်းကလေးတော့. . .'

ဒေါ်ခင်စိန်ကြီး ပြေးဝင်လာရင်း ပြောပါတယ်။

'တော်ပါသေးရဲ့ တစ်ခုခုများဖြစ်သွားရင်. . . နဂိုရ်ကမှ ပြောချင်နေရတဲ့အထဲ. . .'

'ဘာပြောရမှာလဲ ဒေါ်ခင်စိန်. . .'

'သည်အိမ်မှာက. . . တော်ပါပြီ. . . စောစောစီးစီး'

ဒေါ်ခင်စိန်ကတော့ မေးဖို့လွယ်တာမှ မဟုတ်တော့ဘဲ။ ဒါကြောင့် စားစရာရှိတာတွေ မြန်မြန်စားပစ်လိုက်တယ်။ ခရေ



www.burmeseclassic.com

www.burmeseclassic.com



ပန်းသွားကောက်ချင်စိတ်တော့ ရှိပါတယ်. . .။ ဒါပေမဲ့ စိုးစံသူ
ပြောတဲ့ ဒေါ်မြနန္ဒာအကြောင်းသိရကတည်းက မြွေဆိုးတွေရှိတယ်
ဆိုတာတော့ နည်းနည်းလန့်သွားပါတယ်။

'မခင်စိန်ရေ. . . သည်နေ့ကစပြီး မီးဖိုထဲကအလုပ်
တွေ သန်းသန်းကိုလွှဲထား. . . မီးနေသည်နားနေရမယ်. . .
စပယ်ထိတ်လန့်သွားမှာ စိုးရိမ်လို့ပါ. . '

ကြီးလိုင်က မီးဖိုဝမှနေ. . . ဒေါ်ခင်စိန်ကိုလှမ်းအော်
ပြောပါတယ်။ မီးနေသည်က ဘာလို့ထိတ်လန့်ရမှာလဲ။ သည်အိမ်
က လူတွေကိုက ကြောက်ရွံ့ပြီး အစွဲအလန်းတွေရှိနေပုံရ
တယ်။ တစ်ယောက်ထဲလဲ ခြံထဲမဆင်းချင်။ ဒါပေမဲ့ မိုးလုံးမှိုင်း
အခန်းပြတင်းမှာတင်နေသည့် မျက်နှာရဲ့ အကြောင်းတွေ
သိချင်ပါတယ်။

အခန်းဘေးဖက်သွားကြည့်ဦးမယ်။

အတတ်နိုင်ဆုံး မြက်ရှင်းသည့်နေရာတွေကို ရွေးရ
ပေါ့။

မိုးလုံးမှိုင်းအခန်းပြတင်းကို မြင်ရတဲ့နေရာမှာတော့ မြ
တွေရှည်နေပါတယ်။

ဒါပေမဲ့. . . တစ်ယောက်ယောက်ဖြတ်လျှောက်သွား





တဲ့ သဏ္ဍာန်နှင့် မြက်တွေယိုင်လဲနေတယ်။

တစ္ဆေကလူလိုသွားပါ့မလား။

တစ္ဆေမဟုတ်နိုင်လို့ မိုးလုံးမှိုင်းအတတ်သိတယ်။

ဒါဖြင့် ဘယ်သူလဲ။

စိုးစံသူလို့ ထင်စရာအကြောင်းသိပ်မရှိ။ စိုးစံသူက
စပယ်လိုင့်ကြောင့် အလုပ်ရှုပ်နေရသည့်အထဲ မိုးလုံးမှိုင်းအခန်း
ကို အမိပွါယ်မရှိ ခြောက်လှန့်မည်မထင်။

'ဟိတ်'

မျက်ဝန်းတွေကို နောက်မှနေ လက်နှစ်ဖက်နှင့် ပိတ်
ထိုက်လို့ ပိန်းပိတ်အောင် မှောင်သွားတာ။

စိုးစံသူ။

ဘယ်လိုပြုမူလိုက်တာလဲ။

ရှင့်အပြုအမူကရင်းနှီးလွန်းအားကြီးတယ်။

'ဖယ်စမ်းပါ. . .'

အတင်းဆွဲခွာဖြုတ်ပစ်လိုက်တယ်

မျက်ဝန်းတွေပြာသွားလို့ ရုတ်တရက်ဘာပြောရမှန်း
သောင်မသိ။

'စိုးစံသူ. . . ကျွန်မကို အထင်သေးလို့ ရှင်က အခုလို



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးလွန်းစွာ နောက်ပြောင်တာလ ႏ သည်လိုအပြုအမူမျိုး
ကျွန်မမကြိုက်ဘူး. . . ကျွန်မ သူစိမ်းယောကျ်ားလေးတစ်
ယောက်နဲ့ ခုလောက်ချက်ခြင်းရင်းနှီးလွန်းရလောက်အောင်
မပေါ်ဘူး. . .’

စိတ်ဆိုးဆိုးနှင့် ပြောပစ်လိုက်မိပါတယ်။

စိုးစံသူ မျက်နှာလေးငယ်သွားလိုက်တာ။

‘မိုးလုံးမှိုင်း. . . ပြောရက်တယ်ဗျာ. . . ခင်ဗျား
ကျွန်တော်က အထင်သေးရမယ်လို့ပဲ ခင်ဗျားကို အထင်ကြီးလွန်း
လို့ ခက်နေတယ်. . . ကျွန်တော် ခုလောက် စိတ်ဆိုးသွားမ
မထင်လို့ ခင်မင်စိတ်နဲ့ နောက်လိုက်တာပါ. . . ခင်ဗျား မကြိုက်
ဘူးဆိုရင်လည်း အနူးအညွတ်တောင်းပန်ပါတယ်ဗျာ. . . ခွင့်
လွှတ်ပါ. . .’

ခုလိုဆိုတော့လည်း မိုးလုံးမှိုင်းစိတ်ပြေသွားသလိုပါပဲ
ဒါကြောင့်မို့။

‘ကောင်းပြီလေ. . . နောက်ခုလိုမျိုးမဖြစ်ပါစေနဲ့ စိုးစံသူ
ကျွန်မကို ခင်မင်ရင် ရိုးရိုးခင်မင်ပါ. . .’

‘စိတ်ချ မိုးလုံးမှိုင်း မကြိုက်တာမဖြစ်စေရဘူး သည်နား
မှာ ဘာရပ်လုပ်နေတာလဲ မြက်တွေရှိတယ်. . .’





စိုးစံသူကို ပြောပြလိုက်ရမလား။

ပြောလိုက်ရင် ကောင်းမယ်ထင်တယ်။

‘ကျွန်မကိုယ်ကျွန်မ သတ္တိရှင်ကြီးလို့ မပြောဘူးနော်. .
ဒါပေမဲ့ ကျွန်မသိပ်မကြောက်တတ်ဘူး စိုးစံသူ. . . ခက်နေတာ
က ကျွန်မအခန်းထဲကို လူတစ်ယောက်ယောက် ပြတင်းပေါက်
ကလာလာချောင်းကြည့်နေတယ် ဟိုမှာတွေ့လား ပြတင်းဘေး
က မြက်တွေလဲနေတာ. . . တခွေဘယ်လိုမှ မဖြစ်နိုင်ဘူး. . .
လူမှလူအစစ်’

စိုးစံသူက ဘာမှမပြောပါဘူး။

မိုးလုံးမှိုင်းရဲ့ အခန်းဘေးကို လှမ်းကြည့်ပါတယ်။

‘ဘယ်သူလို့ ရှင်ထင်လဲ. . .’

‘ကျွန်တော်စဉ်းစားကြည့်ပေးပါမယ်. . .’

‘ကျွန်မသိပ်မကြောက်တတ်ဘူး ဒါပေမဲ့ သည်အိမ်မှာက
သေသွားတဲ့လူတွေ အကြောင်းအမျိုးမျိုးကြားရတယ်နော်. . .
သိချင်တာတစ်ခုရှိတယ် စိုးစံသူ ရှင်ပြောနိုင်မှ ပြောပါ. . .’

‘ဘာကိုလဲ မိုးလုံးမှိုင်း’

‘နွယ်နွယ်ချိုဆိုတာ ဘယ်သူလဲ. . . အဲသည်နွယ်နွယ်ချို
ဘယ်လိုသေသွားသလဲ. . .’



www.burmeseclassic.com

www.burmeseclassic.com



စိုးစံသူစဉ်းစားနေပြန်ပါပြီ။

ဘာလို့မပြောနိုင်ရမှာလဲ။

မပြောနိုင်စရာဘာရှိသလဲ။

'နွယ်နွယ်ချိုဆိုတာ မေမေကြီး ဒေါ်မြနုရဲ့ မွေးစားသမီး ဆိုပါတော့. . . လှတယ်. . . တော်တော့်ကို လှပါတယ် ဒါပေမဲ့ မိုးလုံးမှိုင်းကိုတော့ မမီဘူး. . .'

'လာပြန်ပြီ. . . စကားကိုအတည်မပြောဘူး. . .'

'တကယ်ပြောတာပါ. . .'

'နွယ်နွယ်ချိုလှတာမလှထက် ဘယ်လိုဖြစ်တယ်သိချင် တာ. . .'

'တစ်ယောက်ယောက်တွန်းချတာလား. . .'

'ဟာ ကြဲကြဲဖန်ဖန်ဗျာ. . . လူတော်တော်များများရှေ့ မှာတင် လိမ့်ကျသွားတာပါ. . . စမ်းသပ်ကြည့်တော့ ရုတ်တ ရက် နှလုံးသွေးကြောပိတ်သွားတာ. . .'

'နွယ်နွယ်ချိုက တစ္ဆေခြောက်နေတယ်ဆိုတာရောဟုတ်ရဲ့ လား. . .'

မိုးလုံးမှိုင်းအမေးကြောင့် စိုးစံသူက ရယ်နေပါတယ်။ ပြီးတော့မှ ကျွန်တော်က ဆရာဝန်လေ မိုးလုံးမှိုင်းရဲ့. . .





ကြောက်မှမကြောက်တတ်တာ. . .။ ကြောက်တတ်တဲ့လူတွေ ကြောက်ပြီး ထင်ချင်ရာထင် မြင်ချင်ရာမြင်တွေနဲ့ သုခမင်္ဂလာ ဟာ မြို့ထဲမှာတော့ ပါးစပ်တွေ လျှောက်ပြောလို့ပွဲနေပြီ။

'သညီအိမ်မှာ လူဘယ်နှစ်ယောက်ရှိသလဲ. . .'

'ခင်ဗျားတွေ့နေတာပဲ မိုးလုံးမှိုင်းရယ်. . .'

မိုးလုံးမှိုင်းစိတ်မှာ ဒွိဟတစ်ခုတော့ဖြစ်နေဆဲ။ မီးဖျက် နေတုန်းက လှေကားထိပ်မှာ မိုးလုံးမှိုင်းကိုယ်တိုင်သချာတွေ့ လိုက်ရတဲ့ အဖြူရောင်သဏ္ဍာန်။ အမျိုးသမီးတစ်ယောက်လို့ အသေအချာပါပဲ။ တစ္ဆေခြောက်တာပါလို့ကို မိုးလုံးမှိုင်းလက်မခံ နိုင်။

'မိုးလုံးမှိုင်းစိတ်မှာ သုခမင်္ဂလာအပေါ် သိချင်စိတ်တွေ ရှိတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်. . . တဖြည်းဖြည်း ချင်း ကျွန်တော်ရှင်းပြပါမယ်. . . မိုးလုံးမှိုင်းဘယ်ရောက်သွားလဲ လို့ ကျွန်တော်စိတ်ပူလို့ လိုက်ရှာနေတာ တစ်ညလုံး မနားရသေး လို့ ကျွန်တော်နားချင်တယ်. . . . ကျွန်တော်မပါဘဲ တစ် ယောက်ထဲ ဘယ်မှမသွားပါနဲ့ မိုးလုံးမှိုင်းရယ်. . . ကျွန်တော် လုံးဝစိတ်မချလို့ပါဗျာ. . .'

'ကျွန်မမှ မကြောက်တတ်တာ'



www.burmeseclassic.com

www.burmeseclassic.com



'မကြောက်တတ်ပေမဲ့လည်း. . . လာပါဗျာ. . . ခန်းပြန်နေနော် ဒါမှမဟုတ် ညှော့ခန်းမှာစာဖတ်တေန ကျွန်တော် နားချင်လို့ပါ. . .'

ခက်တဲ့စိုးစံသူပဲ။

သူနားချင်သူ့ဖာသာသွားနားပါလား။

ဘယ်နှယ့် မိုးလုံးမှိုင်းကို အတင်းခေါ်နေရတာလဲ ဒါပေမဲ့ တဖြည်းဖြည်းချင်း ကျွန်တော်ရှင်းပြပါမယ်ဆိုတဲ့စကား ကို သဘောကျစွာနှင့်. . . ပြန်လာခဲ့ရတယ်။

လာခဲ့တုန်းက ရည်ရွယ်ချက်ကိုတော့ မေ့လို့မဖြစ်ဘူး

✻✻✻✻✻

'လေးလေးနေမင်းက စိတ်သဘောထားကောင်းတယ် ချစ်ဖို့ကောင်းတယ် ဟုတ်လား. . . ဟုတ်လားညိုညို. . .'

စာသင်ပြီးတော့ သုံးယောက်အတူ ဒေါ်ခင်စိန်လာချ သည့် မုန့်နှင့်ကော်ဖီသောက်ရင်း စကားဝိုင်းဖွဲ့မိပါတယ်။ ညိုညို ကတော့ သူ့ဦးလေးပဲလေ အမွှန်းတင်မှာပေ့ါ။ ဒါဆိုရင် စိုးစံသူ နဲ့ ဘယ်သူကပိုသဘောကောင်းလဲလို့မေးလိုက်တယ်။ အတူတူ ပါပဲ နှစ်ယောက်လုံး သဘောကောင်းပါတယ်တဲ့။





'ဟယ်. . . ကားရပ်သံ. . . လေးလေးပြန်လာပြီထင် တယ်. . . သမီးတို့သွားကြိုဦးမယ် မမမိုး. . .'

ပိုပိုနှင့် ညိုညိုပြေးထွက်သွားပြီ။

အင်းပေ့ါလေ-

ဦးနေမင်းဆိုတဲ့လူက သူ့သွေးသားတွေအပေါ်မှာတော့ ကောင်းဘဲ ရှိပုံမလား။ ဦးနေမင်းပြန်လာတာကိုတော့ အားလုံး သွက်ကြိုကြတာ စာကြည့်ခန်းအပြင်မှာ ဖြတ်သွားသူတွေကို ကြည့်ရင် မြင်နိုင်တာပေ့ါ။'

'မောင်နေမင်းရေ. . . စပယ်မွှေးပြီ မိန်းကလေးတဲ့' ကြီးလှိုင်တော့ သူ့တူမအကြောင်း အရင်စကားစပါ တယ်။

'ဟုတ်လား ကြီးလှိုင်. . . သူ့အမေလို ထိန်းမရသိမ်း ရကလေးမဖြစ်စေနဲ့ပေ့ါဗျာ. . .'

'ဟယ် မင်းကလည်းလေ. . .'

မိုးလုံးမှိုင်းပြုံးရပါတယ်။

သည်အခိုက်မှာ စာကြည့်ခန်းအဝကို ရောက်လာတဲ့သူ ကို မိုးလုံးမှိုင်းကကြည့်မိလျှက်သား။

မျက်ဝန်းချင်းအတွေ့မှာ။



www.burmeseclassic.com

www.burmeseclassic.com



အပြုံးတစ်စ သူ့မျက်နှာမှာမရှိခင်ကပင် မျက်ဝန်းတွေ ရဲ့ နူးညံ့သောအကြည့်ကို ခံစား၍ ရပါတယ်။

'ဆရာမ. . . ကျွန်တော်ဝင်ခဲ့မယ်. .'

'ဟုတ်ကဲ့. . ဝင်ခဲ့ပါဦးနေမင်း'

ထိုင်ခုံကနေ မတ်တပ်ရပ်လိုက်တဲ့အခါ

'ထိုင်ပါ ဆရာမ. . .'

'ရပါတယ်'

'ဆရာမအတွက် ရန်ကုန်ပြန်လက်ဆောင်ပါ. . . မိသားစုဝင်အားလုံးကို ဝယ်လာတာဆိုတော့ ဆရာမ ငြင်း မရဘူးနော်. . .'

ညိုညိုနှင့်ပိုပိုကလဲ လက်ဆောင်ဘူးကလေးတွေပိုက်ပြီး အခန်းထဲပြန်ဝင်လာတာမို့ မိုးလုံးမှိုင်းဘယ်လိုငြင်းရမည်မသိ

'လေးလေးကအဝေးခရီးကပြန်ရင် မိသားစုအတွက် တစ်ယောက်တစ်ခုလက်ဆောင်ပါလာနေကြပါ. . .'

'ကျေးဇူးတင်ပါတယ် ဦးနေမင်း'

သည်အခါမှာ ပြုံးရင်း မိုးလုံးမှိုင်းကိုကြည့်ပါတယ်။

အပြုံးက အသက်ဝင်လိုက်တာ။

မိုးလုံးမှိုင်းတကိုယ်လုံး စိမ့်ဝင်သွားသလို ခံစားရတယ်။





ထဲမှာ တငြိမ့်ငြိမ့်ခုန်လာသလိုလို။ ဘယ်လိုလည်း။ တင့်အင်း တင့်အင်း. . . အထူးသဖြင့် သူနှင့်ပါတ်သတ်၍ ခုလိုမျိုးလုံးဝမရှိ ဘူး။

'ကျွန်တော်ကိုခွင့်ပြုပါဦး ဆရာမ . . .'

သူထွက်သွားသည်အထိ နေရာမှာရပ်နေမိဆဲ။ ညိုညို နှင့်ပိုပိုကတော့ ဆူဆူညံညံနှင့် သူတို့လက်ဆောင်တို့ ဖောက်နေ ကြပါတယ်။

'မမမိုး အခန်းပြန်တော့မယ် . . . စာဆက်ကျက်ချင် ကျက်ကြဦး . . .'

စာသင်ချိန်ပြီးပြီမို့ အခန်းဆီပဲ ပြန်လာခဲ့တယ်။

သူပေးတဲ့လက်ဆောင်ဘူးကလေးကို အရင်ဆုံးဖွင့် ကြည့်မိပါတယ်။ ကနုကမာနှင့် ပြုလုပ်ထားသည့် ကိန္နရီ-ကိန္နရာ ကနေသည့် အရုပ်ကလေး။ ဦးနေမင်း ဘယ်လိုသဘောနှင့် သည်အရုပ်ကလေးကို ဝယ်ပေးတာလည်း။

ရေမွှေးတပုလင်းရလို့ ဆွတ်ကြည့်သဘောကျနေတဲ့ ညို သို့. . ။

လက်သည်းဆိုးဆေး သုံးပုလင်းကို ဘယ်အရောင်ဆိုးလို့ ဘယ် ကျေနပ်နေသော ပိုပို။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့်မတူစွာ ကိန္နရီ-ကိန္နရာရုပ်ကလေး ယှဉ်တွဲနေတာက ကျွန်မအတွက်တဲ့လား။

မှန်တင်ခုံပေါ်မှာ ကောက်တင်ထားလိုက်တဲ့ အချိန်မှာ တံခါးခေါက်သံကြားရပါတယ်။

'ဘယ်သူလဲ'

'စိုးစံသူပါ . . .'

တံခါးကိုဖွင့်ပြီး မိုးလုံးမှိုင်း အပြင်ထွက်လိုက်တယ်။ စိုးစံသူ အခန်းထဲဝင်လာမှာတော့ ခွင့်မပြုနိုင်။

'မိုးလုံးမှိုင်း စံပယ်ပန်းခူး လိုက်မလား- ကျွန်တော်ရေကန်ဘက်မှာ ကင်ပွန်းရှက်သွားခူးမလို့ . . .'

'အင်း . . . အချိန်ရှိသေးတာပဲ- လိုက်မယ်'

စိုးစံသူနှင့်အတူ ထွက်လာတာကို ကြည့်နေတာကတော့ ကြီးလှိုင်ပါဘဲ။ မသိချင်ယောင်ဆောင် ထွက်ခဲ့ပေမဲ့ မတင်မကြီးကိုတော့ ပြောထားရဦးမယ်ဆိုတဲ့ စကားကိုကြားရပါတယ်။ နှစ်ယောက်လျှောက်တဲ့အခါမှာ လူသွားလမ်းကျဉ်းလေးမို့ စိုးစံသူကရှေ့မှ လျှောက်ပါတယ်။ မိုးလုံးမှိုင်းကနောက်မှ လိုက်ခဲ့ရင်း အမှတ်မထင် မျက်ဝန်းတွေက အိမ်ပေါ်ထပ်ပြုရောက်သွားတာ။ ဟင်။





ပြတင်းရှေ့မှာသေချာကြည့်နေသော မျက်လုံးသည် မိုးလုံးမှိုင်းကို အမြဲလိုလှုပ်ရှားခံစားစေပါလား။

'အဲဒါ ကိုကြီးနေမင်း အခန်းပေါ့ မိုးလုံးမှိုင်းရဲ့ . . . သူပိုကြီးတွေကသည်လိုပါဘဲ . . ကျွန်တော်တို့လို လူပိုလေးတွေလိုတော့ မဝံ့ရဲဘူးပေါ့ . . သဘောကျတဲ့အခါ ခိုးဝှက်ကြည့်ခိုပဲ ဝံ့ရဲတယ် . . .'

'ရှင်ဟာလေ စကားကိုလျှောက်ပြောနေတာဘဲ. ဘွားမာသွားပါ- ဟိုမှာတွေလား မိုးတွေအရမ်းမဲနေတယ်- ရွာမှာသေချာတယ်- ထီးလဲမပါဘူး . . .'

'မိုးရွာရင် မိုးရေချိုးရတာပေါ့ မိုးလုံးမှိုင်းရဲ့ . . .'

ဒေါ်ခင်စိန်က စိုးစံသူကို ကင်ပွန်းရှက်ခူးခိုင်းတာတဲ့။ ဦးနေမင်းက ဟင်းရည်တခွက်ပါမှ ကြိုက်တယ်ဆိုတော့ ရုတ်တရက် ဦးနေမင်းပြန်အလာ ဟင်းရည်မရှိလို့ ချက်ပေးဖို့ပြောပါတယ်။ သန်းသန်းကိုကြတော့လဲ ရေကန်နားမလွှတ်ရဲဘူးလေ။

'ကဲ- ပန်းခူးရင်လဲ ကြည့်ခူးနော် . . ရေကန်ထဲချော်ကျမယ် . . . . ကျွန်တော် ဆယ်ရရင်တော့ ရေအဆုံးကုန်း တက်ဘဲ . . . .'

'ရှင်တကယ် မိကျောင်းသားဘဲ- လျှာရှည်တယ်- ရှင်လဲ



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ဖာသာနေ. .'

စံပယ်ပွင့်ကလေးတွေရလာတဲ့ အခါမှတော့- စိုးစံသူရဲ့ စကားပြောရှည်တွေ မေ့ပြီး မိုးလုံးမှိုင်း ပျော်ရွှင်ဝမ်းသာနေပါပြီ၊ စိုးစံသူကို လှည့်ကြည့်တဲ့အခါ ရေကန်ဘေးမှာ ကပ်ကျေးထ လက်နှင့် ကင်ပွန်းချက်နုတွေ ညပ်ရတာ လိမ့်ကျချင်စရာပါလား

'စိုးစံသူ လိမ့်ကျမယ် သတိထား . . .'

'မေတ္တာထားတယ်လား . . သည်စကားလေး ကြား တာနဲ့တင် ပီတိတွေဖြာပြီး . . ဗိုက်တောင်နဲနဲနားသလိုပါပဲ.'

'ရှင်ဟာလေ စေတနာနဲနဲမှ ထားချင်စရာမရှိဘူး. .' ကြည့်စမ်း။

ခုန်ပျံပြီး မိုးလုံးမှိုင်းနားရောက်လာတာ မြန်မှမြန်ပါဘဲ၊ စိုးစံသူနဲ့ဆို မျက်ဝန်းကအဆင်မပြေ စကားပြောရင်လဲ အဆင် မချော၊ ဒါနဲ့တောင် မိုးလုံးမှိုင်းသိချင်သမျှ ဖြေမဲ့လူဆိုလို့ စိုးစံသူ ဘဲရှိတာမို့ ခေါ်ပြောနေရတယ်။

'ပြန်ရအောင် စိုးစံသူ- မိုးပေါက်တွေကျလာပြီ'

ပန်းကလေးတွေကို လက်ကိုင်ပုဝါနှင့် ထုပ်ပြီးယူခဲ့တယ် ကင်ပွန်းတွေတော့ စိုးစံသူ သူ့ဖာသာသယ်လာတယ်လေ။ မိုးက ဖွဲဖွဲရွာနေရာက သည်းလာပြီ။ အိမ်ပြန်ရောက်ဖို့ အဝေးကြီးလို





သေးတာ။ ပြေးလို့လည်း မထူးတာမို့ မိုးရွာထဲလျှောက်ခဲ့ကြတယ်။

'မိုးလုံးမှိုင်း . . ကျွန်တော် အရမ်းပျော်တာဘဲဗျာ. . ဘဝမှာ သည်တခါအပျော်ရွှင်ဆုံးပါဘဲ'

'ပျော်မနေနဲ့ မိုးမိလို့ဖျားပြီး. .'

'ဘာလဲ ဖျားပြီးသေသွားလို့ သုခဗတီလာမှာ တဆွေတစ် ကောင်တိုးမယ် ပြောတာလား'

'ရှင်ဟာလေ. .' ပြောရမှန်းမသိ မပြောရမှန်းမသိ လျှောက်ပြောနေတာဘဲ။ မိုးသည်းသည်းကြောင့် စိုရွှဲလာပြီ။

စိုးစံသူမပြောနှင့် မိုးလုံးမှိုင်းတောင် ပျော်နေတာဝန်ခံပါ တယ်။ ခုလိုမျိုး မိုးရေထဲလွတ်လွတ်လပ်လပ် လျှောက်သွားရတဲ့ အရသာမျိုး. . မရခဲ့တာကြာလှပေါ့။

'အခန်းပြန်ရောက်ရင် ရေချိုးပြီး နွေးနွေးထွေးထွေးနေ နော် မိုးလုံးမှိုင်း . . . နေမကောင်းချင်ရင်ပြော ဆေးကြို သောက်ရအောင်. . .'

'ကျွန်မ သိပ်မနုပါဘူးရှင် . .'

'ခင်ဗျားမနုပေမဲ့ ကျွန်တော်စိတ်ပူတယ်. . မျက်ဝန်း အောက်မှာဘဲ ထားချင်တာယုံလား. .'

ဘာတွေလာပြောနေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



စကားကိုက အမျိုးမျိုးပြောချင်ရာပြော။

'မိုးလုံမှိုင်း'

'မိကျောင်းသားရေ .. မိုးသဲနေတယ်နော် .. လင်းလျှောက်ရခက်ရတဲ့ အထဲခေါ်မနေနဲ့- သွားမှာသွားပါ..'

'မိုးလုံးမှိုင်း စိတ်ဆိုးမှာကြောက်တယ်'

ဩော်။

ဒုက္ခပါလား။

ပြဿနာဘဲ။

သည်စကားစလာကတည်းက ရိပ်မိပါတယ်။ ဒါပေမဲ့ နားမထောင်တာအကောင်းဆုံးမို့ အပြေးတပိုင်းခြေလှမ်းနှင့် လျှောက်ခဲ့ရတယ်။ မိုးကြောင့် အချိန်ကလည်း .. မှောင်စပြုနေပြီ။ ကြီးလှိုင်လိုမျိုးလူကို အစိပ္ပါယ်မဲ့ မယုံသင်္ကာရှိသူတွေနှင့်ဆို အပြောခံနေရဦးမယ်။

'ဖြည်းဖြည်းသွားပါ မိုးလုံးမှိုင်းရဲ့..'

စိုးစံသူစကားကို နားမထောင်တော့ဘဲ အမြန်ဆုံးလျှောက်ခဲ့တယ်။ ဟင်.. ဦးနေမင်း..။ ရပ်ကြည့်နေဆဲပါလား။ ခြေလှမ်းတွေပင် တုံ့သွားပါတယ်။ ပြီးမှ ပြေးထွက်လာခဲ့ရတယ်။

'မိုးလုံးမှိုင်း..'





'ဘာလဲ..'

'မိုးလုံးမှိုင်းကို ချစ်တယ်'

'ဘာ..'

သည်လောက်ပြောခွင့်မရအောင် အမြန်လျှောက်တဲ့ကြား က ပြောဖြစ်အောင် ပြောပါလား။

'ကျွန်တော်ကို ရိုက်ချင်ရိုက် စိတ်ဆိုးချင်လဲ ခံပါမယ် ကျွန်တော်ရင်ပူနေပြီ မိုးလုံးမှိုင်း.. ကျွန်တော်နောက်ကျသွားမှာ စိုးရိမ်နေပြီ.. နောက်ကျတော့မဲ့ အရေးလဲမြင်နေပြီ.. ဒါကြောင့်ပါ... နားလည်းစဉ်းစားပေးပါနော်..'

စိတ်မရှည်တော့။

ဒါကြောင့် လက်ထဲကစံပယ်ပွင့်တွေနှင့် စိုးစံသူကို ပစ်ပေါက်ကာ အခန်းဆီပြန်ပြေးလာခဲ့ပါတယ်။

✺✺✺✺✺

ချမ်းလိုက်တာ။

ချမ်းလိုက်တာ။

ဂွမ်းစောင်ကြီးကို လုံအောင်ခြုံလို့မှ မနွေးတော့။ ခေါင်းတွေလည်းကိုက်နေပြီ။ ဖျားနေပြီလို့ သိလိုက်တယ်။ နေမ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဖြစ်တာတော့ မကောင်း။ ဆေးကြိုသောက်မှပါလို့ တွေ
လိုက်တယ်။ ကော်ယုံဖျားတာလောက် သောက်စရာဆေးတွေ
ရန်ကုန်ကလာကတည်းက ယူလာတာ။ ဒါကြောင့် အိပ်ယာထ
ကနေ လူးလဲထရပြန်တယ်။

ကော်ဖီတခွက်တော့ ရလောက်ပြီလို့ နာရီကြည့်ပြီး မီး
ဆီလာခဲ့တာ။

'ဒေါ်ခင်စိန်. . . ကျွန်မကို ကော်ဖီတခွက်ပေးပါ . .
နေမကောင်းဘူး ဖျားနေလို့ . . .'

'နေမကောင်းမှာပေါ့- ဖျားမှာပေါ့- မိုးရွာထဲသွားတာ
ကိုး. . .'

နောက်နားလေးမှကပ်ပြီး ပြောလိုက်တဲ့အသံ။ နွေးထွေး
ပြီး ညြညြလုံလုံ သည်အသံဟာ . . . ဦးနေမင်းပါဆိုတာ လှည့်
မကြည့်ဘဲ- ကျွန်မသိလိုက်တယ်။

'ကျွန်မအရင်လို အခုလိုဘဲ မိုးရွာထဲသွားတာပါဘဲ မဖျား
ပါဘူး.'

'ရန်ကုန်က မိုးနဲ့သည်ကမိုးမတူဘူး . . သည်မှာက
အရာ ရာစိမ့်တွေ အများကြီး . . .'

မိုးရေတွေကိုက ဖျားချင်စရာ . . နောက်ဆို မိုးရွာထဲ





သွက်ပါနဲ့ ဆရာမ. . . ဘာဆေးသောက်မလဲ . . . စိုးစံကို
ဝယ်ပေးရမလား . . .'

'စိုးစံသူကို ဘာမှဝယ်ပေးစရာအကြောင်း မရှိဘူး- ကျွန်မ
မှာဆေးရှိတယ် . . .'

'စိုးစံကဆရာဝန်မို့ သဘောရိုးနဲ့ ပြောတာပါ . .'

မိုးလုံးမှိုင်း စိတ်တိုသွားတာ ဝန်ခံပါတယ်။

စိုးစံသူ ဆရာဝန်ဆိုတာ မေ့သွားပြီ . . . သူ့စကားက
စိုးစံသူနှင့် စွပ်စွဲလိုက်သလို ခံစားရလို့ပါ. . ။

'ကျွန်မမှာ ဆေးရှိပါတယ်'

'ပြပါဦး'

သောက်မည့်ဆေးကို ယူကြည့်သေးတယ်။

ပြီးတော့မှ။

ဒေါ်ခင်စိန် ယူလာသည့်ကော်ဖီပူပူကို ပန်းကန်ပြားထဲ
ငှဲ့ထဲ့ပြီး အေးသွားအောင်ပြုလုပ်ပေးတယ်။

မိုးလုံးမှိုင်း ရုတ်တရက် သူ့အပြုအမူကို နားမလည်လိုက်
ပေမဲ့-

'ရော့ . . နွေးသွားပြီ- ဆေးသောက်လို့ရပြီ-သောက်.'

သူ့ရဲ့အပြုအစုအတွက် မိုးလုံးမှိုင်းစိတ်မှာ ရှက်ရွံ့နေသ



www.burmeseclassic.com

www.burmeseclassic.com



လိုပါဘဲ။

'သောက်လေ- ဆေးသောက်မှ မြန်မြန်နေကောင်းသွားမှာပေါ့. .'

ဆေးသောက်နေခိုက်မှာ ခြေသံကြောင့် ဘယ်သူပါလိမ့်လို့ လှည့်ကြည့်ချင်ပေမဲ့ စိတ်ကမဝံ့ရဲ။ မွှေးကြိုင်တဲ့အနံ့ကြောင့် ဒေါ်တင်မကြီးလို့ ချက်ခြင်းသိလိုက်ပါတယ်။

'မောင်နေမင်းတို့ အစောကြီးနိုးတာလား . . မိုး . . နေမကောင်းဘူးလား'

'ဟုတ်ကဲ့ မမတင်. . ဖျားနေလို့ ဆေးလာသောက်တာပါ. .'

ဒေါ်တင်မကြီးကတော့ ဘာမှမသိသလို ရိုးရိုးသားသားပုံစံပါဘဲ။ ထမင်းစားပွဲမှာ ဝင်ထိုင်ပြီး သူစားဖို့သာ ပြင်ပါတယ်။

'ဟော- အတော်ဘဲ- ဆရာဝန်နိုးလာပြီကိုး- သည်မှာ ဖျားတဲ့လူဖျားနေပြီ-'

'ဘာလဲ မိုးလုံးမှိုင်းဖျားပြီလား'

'အသေအချာပေါ့-'

ဒေါ်တင်မကြီးနှင့် စိုးစံသူပြောပြီးတာနှင့် စိုးစံသူက ဖျက်ခနဲဆို မိုးလုံးမှိုင်းလက်ကို ဆွဲယူလိုက်ပါတယ်။





'ဟာ. .'

'အဖျားသွေးစမ်းမလို့ . .'

ရုန်းလို့မရအောင် ဆုပ်ကိုင်ထားတယ်။

ဆရာဝန်က လက်ကောက်ဝတ်မှာ အဖျားသွေးစမ်းတာအပြစ်မှမဟုတ်ဘဲ။ ဒါပေမဲ့ ဦးနေမင်းရဲ့ အကြည့်ရှေ့ရှေ့အောက်မှာတော့ မိုးလုံးမှိုင်း အနေရကြပ်လွန်းပါတယ်။

'ဆေးသောက်ရမယ်'

'သောက်ပြီးပြီ'

'ဘာတွေသောက်လည်း . .'

သောက်လိုက်သည့်ဆေးတွေ ရွတ်ပြလိုက်ပါတယ်။ ပြီးတော့ နားချင်ပြီအကြောင်းပြကာ အခန်းဆီပြန်ဖို့ပြင်ရသည်။ ဆေးသောက်ပြီးရင် နွေးနွေးထွေးထွေးနေနော်- ညနေထိ ဖျားနေသေးရင် ဆေးထိုးရမယ်လို့ စိုးစံသူကပြောပါတယ်။ မိုးလုံးမှိုင်း ထမင်းစားခန်းထဲက ထွက်လာတော့ စိုးစံသူက ခပ်တည်တည်ဘဲ လိုက်လာပါတယ်။

'မိုးလုံးမှိုင်း'

'ဟာ ဘာလို့လိုက်လာပြန်တာလဲ'

'စိတ်ပူလို့ပေါ့ . . ညနေဖျားမဖျား သိချင်တယ်- ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လာမေးမယ်နော် . . .'

'အင်းပါ'

စကားကိုသည်လိုမဖြတ်ရင် စိုးစံသူဖြတ်လိမ့်မည် ဆ

ဟုတ်။ အခန်းထဲပြန်ရောက်တော့ စောင်ခြုံအိပ်ရတယ်။ နေမ

ကောင်းတော့ အိပ်ပျော်အောင် အိပ်လို့လည်းမရပါဘူး။ ငြိမ်ငြိမ်

လေးနေရင်းက အိမ်ကိုပြန်လွမ်းနေမိပါတယ်။ နေမကောင်းလို့

ထင်ပါရဲ့။ အိမ်မှာနေမကောင်းရင် အတင်းဆွဲထူပြီး ဆေးခန်း

ခေါ်တတ်သော ဖိုးပြည့်ကိုလည်း အမှတ်ရတယ်။

မိုးသံဖျောက်ဖျောက်ကြားနေရပါလား။

အိမ်ကိုသတိရတော့ မျက်ရည်ကဝဲချင်ချင်။ တစ်ချောက်

ချောက်အသံကို ကြားရတာမို့ မျက်ဝန်းတို့ဖွင့်ကာ ကမန်းကတန်း

ခြင်ထောင်ပြင်ထွက်ကြည့်တယ် ဆိုရင်ဘဲ။ ပြတင်းပေါက်မှ အ

ခန်းထဲဝင်လာသည့် လက်ဖြူဖြူကလေး လက်ထဲမှ စံပယ်ပန်းတွေ

အခန်းထဲကို ကျဲချလိုက်တယ်။

ရုတ်တရက် မိုးလုံမိုင်း ဘာမှမလုပ်မိပါဘဲ- ငြိမ်သက်စွာ

ဘဲ ကြည့်နေမိတာပေါ့။

'ဘယ်သူလဲ'

သတိရလို့ အော်ဟစ်ပြီး ပြတင်းဆီပြေးအသွား လက်





ကလေးက နောက်ဆုတ်ပြီး ပျောက်ကွယ်ပြေးထွက်သွားပြီ . . ။

လိုက်ကြည့်လို့ မရတာဆိုးတယ်။

စံပယ်ပန်းတွေက ကြမ်းပြင်ပေါ်မှာ ကျဲပြန့်နေတာပါ

လား။

လက်ကဖြူဖြူလေး။

ပြီးတော့ သေးသေးသွယ်သွယ်။

ယောက်ျားလက်မဟုတ်။

ဒါဟာ တစ္ဆေမဟုတ်တော့ အသေအချာဆုံးက မိန်းက

လေးတစ်ယောက်ပါဘဲ။

ဘယ်သူလည်း။

နေမကောင်းလို့ ခေါင်းတွေကိုက်ပြီး ငြီးစီစီဖြစ်နေရတဲ့

အထဲ စိတ်အနှောင့်အယှက်ဖြစ်စရာ တခုလို့ခံစားရပါတယ်။

စိုးစံသူကိုမေးရမလား။

မေးလျှင်ဖြေပါ့မလား။

စိုးစံသူကလည်း တခါတခါ မဖြေချင်သလို ဖြေချင်သလို

နှင့်။

တံခါးခေါက်သံ။ အမျိုးမျိုးပါလား။ နေမကောင်းရသည့်

အထဲ စိတ်ရှောလှုပ်ရှားမနားရ။



www.burmeseclassic.com

www.burmeseclassic.com



'မိုးလုံးမှိုင်း . . ရန်ကုန်က ဖုန်းလာနေတယ်-'

'ဟုတ်ကဲ့ လာပြီ-'

ဖိုးပြည့်ဘဲနေမှာပါ။

သည်ကောင်လေးဟာလေ။ တယ်လီဖုန်းရှိရာ လျှောက်လာခဲ့ပါတယ်။ စံပယ်လိုင်နှင့်သူကလေးကို ကြီးလိုင်က ဧည့်ခန်းမှာချော့မြူနေလိုက်တာ။ အနားသွားရတာလဲ စိတ်ပျက်တယ်။ စကားတွေက အမျိုးမျိုးစောင်းပြောတတ်လွန်းလို့ . .။

'မမ . . .'

'ဖိုးပြည့်လား . . . နေကောင်းကြလား-'

'မမ . . . လာမဲ့စနေ တနင်္ဂနွေ ပြန်လာပါလား . . တာရာကလဲမျှော်နေတာ-'

'စနေ တနင်္ဂနွေဆို ကလေးတွေစာသင်ချိန် အပြည့်ရှိတယ်- ပြန်လာလို့မရဘူး . .'

ဖျားနေတာတော့ မပြောလိုက်ပါဘူး။

သူတို့စိတ်ပူနေကြမှာ စိုးရိမ်လို့ပါ . .။

ဖိုးပြည့်ကတော့ ဖုန်းသာချသွားတယ်။ ကျေနပ်ပုံမရပါ။ မိုးလုံမှိုင်းကတော့ နဂိုကပင်နေမကောင်းလို့ မလှုပ်ချင်ရသည့်အထဲမှာ ဖိုးပြည့်ရဲ့မကျေမနပ်လေသံလေးကြောင့် စိတ်အနှောင့်





အယှက်ဖြစ်သွားသလိုပါဘဲ။ လှည့်ထွက်လာတဲ့ အချိန်မှာမှ။

'ဆရာမ-'

'ဩော်- ဦးနေမင်း'

'ရန်ကုန်ကဖုန်းဆက်တာကို . . . အကြောင်းထူးရှိလို့လား'

'မရှိပါဘူး- မောင်လေးတို့က သတိရလို့ ပြန်လာပါခေါ်တာပါ . . . . ကျွန်မငြင်းလိုက်ပြီ . . ကလေးတွေစာသင်ဖို့က အရေးကြီးပါတယ်-'

'သည်တခါ ကျွန်တော် ရန်ကုန်ပြန်တဲ့အခါ လိုက်ခဲ့ပေါ့'

'ရပါတယ် . . ဦးနေမင်း အချိန်ရမလား . . .'

'စကားပြောစရာရှိလို့ပါ - မေးစရာဆိုပါတော့ . .'

ဧည့်ခန်းမှာ ကြီးလိုင်တို့ရှိနေတာမို့ ဦးနေမင်းက ကလေးနှစ်ယောက်စာသင်သည့် စာကြည့်စားပွဲဆီ လိုက်လာပါတယ်။

'ကျွန်မကို ဆရာမလို့မခေါ်ပါနဲ့-'

နာမည်အပြည့်အစုံ မခေါ်ချင်ရင် မိုးလို့ဘဲခေါ်ပါ-'

'ဩော်- ဟုတ်ပါပြီ- အဲလိုဆိုလည်း မိုးလို့ဘဲခေါ်ပါမယ် . .'

'ဦးနေမင်းကတော့ သည်အိမ်ရဲ့ အိမ်ထောင်ဦးစီးလဲဖြစ်

www.burmeseclassic.com



ပြန် . . . ကျွန်မမေးတာကို အမှန်အတိုင်းပြောမယ်လို့ ယုံကြည်လို့ပါ . . ကလေးတွေကို မေးရင်မရေရာ မသေချာလဲ မဖြစ်ချင်ဘူးလေ . . ဒါကြောင့်ပါ . .'

'မိုး မေးချင်တာမေးပါ . . ကျွန်တော်ဖြေမှာပေါ့-'

'ကျွန်မအခန်းကို လူတစ်ယောက်လာ လာကြည့်တယ်-

မှန်ပြတင်းမှာ မြင်ဘူးခဲ့သော မျက်နှာပြားချပ်ချပ်ရယ်-စံပယ်ပွင့်တွေဖန်းပေါ် လာတင်လိုလာတင် စံပယ်ပွင့်တွေ လာကျဲသော လက်ဖြူဖြူလေးအကြောင်းပါ ပြောပြလိုက်ပါတယ်။

'ကျွန်မ တခြားလူတွေပြောနေတဲ့ တစ္ဆေလို့မထင်ဘူး သြော်- ပြီးတော့ လှေကားထိပ်မှာ . . အဖြူရောင်သဏ္ဍာန်ကို တွေ့ရတယ်. .'

ဦးနေမင်း သက်ပြင်းရှိုက်ပါတယ်။

'မိုးကို မညာပါဘူး . . မိုးတွေ့တဲ့ လာကြည့်ကြည့်နေတယ်ဆိုတာ မိသန္တာပါ- သန္တာမင်းတဲ့ ကျွန်တော့်ညီမအရင်းပေါ့. . . ညီမက ကံဆိုးတယ်ပြောရမလားဘဲ. . .'

နောက်ဖက်က ရေကန်မှာဒေါ်လေးဖြိုး ရေနစ်တော့ထဲ အနားမှာသူရှိတယ်. . . မေမေ့ကို ပိုးထိတော့လဲ အနားမှာသူရှိတယ် . . . နောက်တစ်ခါ နွယ်ချို လိမ့်ကျပြီးဆုံးပြန်တော့လည်း





အနားမှာသူရှိတယ်. . . အဲလိုမျိုးတွေ မြင်ရင်းမြင်ရင်းက တခါတခါမှာ စိတ်ဖောက်ပြန်ပြီးတော့ အော်ချင်အော်- ငိုချင်ငို- သွားချင်ရာသွားပါဘဲ . . .'

ဖြစ်ရလေ။

သန္တာမင်းဆိုတာ လာလာချောင်းကြည့်တတ်တဲ့ ကောင်မလေးပေါ့နော်။ ခုလိုကြားရတာ စိတ်မကောင်းပါဘူး။ ဦးနေမင်းရဲ့ ညီမအရင်းတဲ့။

'သူ့ကိုဆေးမကုဘူးလား. .'

'ကုပါတယ် . . ရန်ကုန်ပို့ကုတာဘဲ. . ကောင်းလို့သည်ပြန်ခေါ်လာလိုက် . . တခါတခါပြန်ဖောက်ပြန်လိုက်ပါဘဲ. . ကြာတော့ သည်အတိုင်းဘဲထားလိုက်ရတယ်. . သည်ခြံထဲသွားချင်ရာသွားနေတတ်တယ်- အခန်းတံခါးပိတ်ထားပြန်တော့လဲ-အသံကုန်အော်တယ်. . .'

သြော်-

သိပြီ-

သိပြီ-

တခါတုန်းက စူးစူးရှရှအသံကုန် အော်လိုက်သံဟာ မိုးလုံးမှင်းကြားဘူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'သူတခုခုဖြစ်မှာ စိုးရိမ်ပြီး လူတစ်ယောက်လိုက်ကြည့်နေဖို့ကလည်း မဖြစ်နိုင်. . . သည်တအိမ်လုံးရဲ့ စားဝတ်နေရေးအတွက်ကလည်း ကျွန်တော်အလုပ်မလုပ်လို့ မရဘူးလေ. . ဘယ်သူမှလည်း သူ့နောက်တကောက်ကောက် မလိုက်နိုင်တော့ သူ့ထိုက်နဲ့သူ့ကံဘဲ မှတ်ရတယ်. . . စိုးစံလေးကတော့ အချိန်ရတာနဲ့ မလှမ်းမကမ်းက စောင့်ကြည့်ပေးတတ်ပါတယ်- ကျန်တဲ့လူတွေကတော့ အတ္တချည်းဘဲပေါ့. . .'

ဦးနေမင်းကြည့်ရတာ စိုးစံသူအပေါ်မှာတော့ အတော်ခင်မင်ပြီး သဘောကျပုံရပါတယ်။

'အပြင်မှာမိုးလေးတွေရှိနေတယ် မိုး နေလည်းမကောင်းဘူးမဟုတ်လား. . . မိုးကို ကျွန်တော် သုခမင်္ဂလာအကြောင်း ပြောပြစရာတွေ အများကြီးရှိပါတယ်. . . တဖြည်းဖြည်းပေါ့ မိုးရယ်. . . အခုနားပါဦးလား. . .'

ဟုတ်ပါတယ်။

သိချင်ဇောတွေများနေလို့သာ မိုးလုံးမှိုင်းနားချင်နေပါပြီ

သိချင်သမျှလည်း အတော်ကြီးသိနေပြီမို့ နားဦးမှပေါ့

'မိုးလုံးမှိုင်းကို ချစ်တယ်'

'မိုးလုံးမှိုင်းကို ချစ်တယ်-'





မျက်ဝန်းတို့က မဖွင့်နိုင်တော့ပေမဲ့လည်း အနားမှာလာပြောနေသလိုပါဘဲ။

စိုးစံသူလား. . . ဘာကိုမှမစဉ်းစားနိုင်တော့။

❋❋❋❋❋

'ရှင်မပြောလည်း သန္တာမင်းအကြောင်း ကျွန်မသိပြီ-' စိုးစံသူကို ပြောပြလိုက်တယ်။

စိုးစံသူက သန္တာမင်းအကြောင်းသိပါလျှက် မိုးလုံးမှိုင်းကို ပြောမပြချင်ဘူးလေ။

'သိမှာပေါ့ . . . ပြောပြချင်တဲ့လူက သိပ်ကိုပြောပြချင်နေတာကိုး . . . နောက်ကို ရင်ထဲကအကြောင်းအရာတွေပါ ပြောပြပါလိမ့်မယ် . . .'

'ဘာတွေလျှောက်ပြောနေလဲ စိုးစံသူ. . . ဦးနေမင်း ရှင်သိမဟုတ်ပါဘူး- ရိုးသားတယ်-'

'ရိုးသားတယ်'

'အင်းလေ- ဟုတ်တယ်-ရိုးသားတယ် . . .'

စိုးစံသူပြုံးပါတယ်။

မိုးလုံးမှိုင်းစကားကို ယုံစရာမရှိဘူးဆိုသည့် အပြုံးမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ရှင် မသိလို့ပါ စိုးစံသူ။ မိုးလုံးမှိုင်းအကြောင်းတွေ ရှင်ဘယ်လောက်သိ လိုလဲကွယ်။ မိုးလုံးမှိုင်းရင်ထဲက ခံစားချက်တွေကို စိုးစံသူသိရင် သည်စကားတွေပြောမှာ မဟုတ်ပါဘူး။ နေကောင်းကာစလေးမို့ အနွေးထည်ဝတ်လာရတာ။ မိုးသက်လေအေး စိမ့်စိမ့်လေးတွေကို မိုးလုံးမှိုင်းသဘောကျပါသည်။

'ရေကန်နားကို ကျွန်တော်ခဏခဏသွားနေတာ သန္တာမင်းကြောင့်ပါ- သန္တာက ရေကန်နားခဏခဏ လာပါတယ်.. စိတ်ကမှုမမှန်ဘူးလေ... မတော်တဆ ရေကန်ထဲခုန်ချသွားရင်... လူတစ်ယောက်အသက်ဘဲ...'

'သူ့ကိုဆေးကုပါလား'

'ကုတာဘဲ...'

ခရေပင်ကြီးအောက် ရောက်လာပါတယ်။

ဖွေးဖွေးလှုပ်ကြွေနေတဲ့ ပန်းပွင့်တွေကိုမြင်ရရင် စိတ်က ပျော်သလိုလို။ တခါခါတော့လည်း ဝမ်းနည်းရသလိုပါဘဲ ကောက်ပြီးသား ပန်းကလေးတွေကိုပင် ပြန်ချထားခဲ့ပါတယ်

'ဘာဖြစ်လို့လည်း မိုးလုံးမှိုင်း-'

'ကျွန်မက သမီးအကြီးဆုံး.. တခါတလေ မောင်ညီမတွေသတိရရင် အလိုလိုဝမ်းနည်းချင် ဝမ်းနည်းလာတတ်တာ





'ဟုတ်လား... မောင်နှမတွေကိုချစ်တဲ့ အစ်မကြီး ပေါ့ ကျွန်တော်ကတော့ တစ်ဦးတည်းသောသားပါ...'

နှစ်ယောက်အတူ စကားပြောရင်း ခြံဝဆီထိ တဖြည်းဖြည်းလျှောက်လာခဲ့ပါတယ်။ မိုးမရွာသောနေ့ပါ။ မိုးနေ့တွေမှာ ပေါ်တတ်သော နေပြင်းပြင်းတောက်တောက်ကတော့ အချိန်ရခိုက် ထုံလစိုက်စွာ အရှေ့ဖက်ကောင်းကင်မှာ ထွန်းတောက်နေပါတယ်။

'စိုးစံသူက ဆရာဝန်ဖြစ်ပြီး ဘာအလုပ်မှ မလုပ်ဘဲ သည်အိမ်မှာဘဲ... မိသားစုဆရာဝန် လုပ်နေတာလား...'

'ကျွန်တော် ဘွဲ့လွန်တက်ဖို့ စာကျက်နေတယ်- သည်အိမ်မှာတော့ တသက်လုံးဘယ်နေနိုင်ပါ့မလဲ မိုးလုံးမှိုင်းရယ်.. ကျွန်တော့်ဘဝတိုးတက်ဖို့လဲ ကြိုးစားရဦးမှာပေါ့...'

ဦးနေမင်း ကားဝင်လာတာတွေလို့ လမ်းဘေးဆင်းလိုက်ကြတယ်။ ကားက မိုးလုံးမှိုင်းတို့အနားမှာ ရပ်လိုက်ပြီးကြည့်နေပါတယ်။ ရပ်ခြည်းစကားမပြောသေးပါဘဲ- သေချာကြည့်ပြီးမှ။

'မိုး... နေကောင်းကာစ- မိုးနဲ့လေနဲ့ - အိမ်ပြန်.. .. ကားပေါ်တက်...'

ဦးနေမင်းရယ်...။



www.burmeseclassic.com

www.burmeseclassic.com



ရှင် အဲသည့်စကားပြောတဲ့သူက မိုးလုံးမှိုင်းပါ။ မိုးလုံးမှိုင်းက သုခမင်္ဂလာမိသားစု မဟုတ်ဘူး။

'ဦးနေမင်းပြန်နှင့်ပါ . . . ကျွန်မ စိုးစံသူနဲ့ ခြံဝမှာ ခွန်ပန်းရုံတွေရှိတယ် ဆိုလို့သွားခူးမလို့ပါ -'

ပြောပြီးတာနှင့် ခြံဝဆီဘဲ ခြေလှမ်းလိုက်တယ်-

ကားထွက်သွားပြီ။

စိုးစံသူကတော့ အူနုကျွဲခတ်တယ် ထင်ပါရဲ့ဗျာ။

'စကားကို ဆင်ဆင်ခြင်ခြင်ပြောပါ . . . ကျွန်မ ဦးနေမင်း ရည်းစားလဲမဟုတ်ဘူး - ရှင်လုလို့လဲ မရဘူး-'

'သူ့ရင်ထဲက ခံစားချက်ကတော့ အဲသည့်အတိုင်းပါဘဲ'

'ကျွန်မကို အမိန့်ပေးလို့မရဘူး . .'

ဦးနေမင်းကို ကြည့်ရတာ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အဝရှိတဲ့ပုံမျိုး။ မိုးလုံးမှိုင်းကို သူပိုင်ဆိုင်တာကြလို့ . . ။ သူနှင့်အတူ ပြန်လိုက်ပါဆိုတာ မလိုက်ရင်ကောင်းလား စိတ်ဆိုးသွားမှာ သေချာပါတယ်။

'ကျွန်တော်တွေ့ရင် မှားခဲတယ်'

'ဆိုစမ်းပါဦး . . ရှင့်ကိုကျွန်မ ပြန်ချစ်မှာဘဲလို့ တွေးရင် တော့မှားမယ်နော်'





'အဲလိုမတွေးပါဘူး- Yes or No တခုခုရှိနိုင်တာဘဲ'

'ကျွန်မက ပြန်ဖြေပါမယ် ရှင့်ကိုပြောဘူးလို့လား . .'

'အဲလို မရက်စက်ပါနဲ့ မိုးလုံမှိုင်းရယ်- ဖြေပါ . . အခုမဖြေပါနဲ့ဦး . . . ရန်ကုန်ပြန်ခါနီးမှဖြေ . . .'

'No လို့ဖြေသွားမယ် စိတ်ချ . .'

စိုးစံသူရဲ့မျက်နှာက ခုလိုတော့လဲ အရင်ကလို နောက်ပြောင်မနေပါလား။ ဒါကြောင့် အပြောမချိုတဲ့ အမျိုးချောဆို . . . အခုတော့အဲသည့် အပြောမချိုတာတွေ ရှင် တသက်လုံးနားထောင်ချင်သလားလို့ မေးရပါတယ်။ သည်လိုကြတော့လည်း သူ့စကားကို သူသတိရပြီး ပြုံးသွားတာပေါ့။

'အပြောမချိုလည်း နှလုံးသားချိုဖို့ အရေးကြီးတာပေါ့ပြီ'

ခြံဝရောက်လာခဲ့ပြီ။

ခြံရှေ့ကလမ်းမကြီးကို မြင်တော့လည်း ရန်ကုန်ပြန်ချင်သလို ခံစားရပါတယ်။

'အိမ်ပြန်ချင်လိုက်တာ - မောင်ညီမလေးတွေကို လွမ်းတယ် . . .'

'သည်နားခေါ် လာမိတာ မှားပြီထင်ပါရဲ့ - အအေးကနေ



www.burmeseclassic.com

www.burmeseclassic.com



ခွာပြီး ထွက်ပြေးသွားရင် စိုးစံသူတို့ အလွမ်းကြီးလွမ်းနေရတော့မှာပါဘဲ . . .'

တွေ့တိုင်း တွေ့တိုင်း အနောက်အပြောင်တွေဘဲ ပြောနေတတ်တဲ့ လူကလည်း အလွမ်းတွေ အဆွေးတွေပါနေ ပါရောလား။

ဖွှန်ပွင့်သေးသေးလေးလေးတွေက မွှေးနေတာပါဘဲ။ စိုးစံ သူကကူပြီး ခူးပေးပါတယ်။ ပြီးတော့ပြောင်သေးတာ။ ကောင်မ လေးတစ်ယောက်အတွက် ပထမဦးဆုံး ပန်းခူးပေးဘူး တာဘဲဗျာတဲ့။

'ဟုတ်ရဲ့လား . . ဆေးရုံကဆရာဝန်မလေးဆီ ရှင်သွား သွားနေတယ်ဆို . . .'

'ဟာ- အဲဒါသူငယ်ချင်းပါ . . စာမေးပွဲကိစ္စတွေ သွား မေးရတာ . . မိုးလုံးမှိုင်းဆိုတဲ့ ပန်းပွင့်ကလေးကိုသာ ချစ်တာ တသက်တချစ် တပွင့်သီလား- ပန်းပွင့်ကလေးရဲ့ . . .'

'ရှင် သည်လိုစကားတွေလဲ ပြောတတ်ပါလား . . တွေ့ တခဏထားပါ- ကျွန်မကို မိုးလုံးမှိုင်း မိုးလုံးမှိုင်းနဲ့ မိုးလို့ဘဲခေါ် ပါလား . .'

'မိုး . . မိုးလို့ခေါ်ရမယ် . . ကိုကြီးနေမင်း ခေါ်သလို





ချည်း ဖြစ်နေမှာပေါ့ . . ကျွန်တော်က သူများခေါ်သလို မခေါ် ချင်ပါဘူး . . မှိုင်းလို့ ခေါ်ရမလား-'

'ဘယ်သူကမှ အဲလိုမခေါ်ဖူးဘူး- နားထဲမှာမကြားဘူး တော့ ကျွန်မကို ခေါ်တယ်တောင်မထင်ဘူး- .'

'ဘယ်သူမှ မခေါ်ဖူးဘူးဟုတ်လား- ဝမ်းသာစရာပါဘဲ ဒါဆိုရင်တော့-မှိုင်းလို့ဘဲ ခေါ်တော့မယ် မှိုင်းရေ . . မှိုင်း- မှိုင်း- မှိုင်းကိုသိပ်ချစ်တာဘဲ . . .'

ပြောလည်းပြောသေး ဖွှန်ပန်းပွင့်လေးတွေကို မိုးလုံးမှိုင်း ခေါင်းပေါ် ကြဲချလိုက်တယ်လေ။ ပန်းကလေးတွေ နှင်းများစရာ ကြီး စိုးစံသူကတော့လေ ဆိုတော့။ မှိုင်းလိုချင်ရင် ဖွှန်ပင်ကြီး တပင်လုံးရှိသမျှ ပန်းပွင့်တွေ မောင်ခူးပေးမယ်တဲ့။

'စိတ်ကူးသိပ်ယဉ်မနေနဲ့ စိုးစံသူ . . ကျွန်မအပြော Noနိုးလို့ဖြစ်မှာနော် . .'

'မရက်စက်ပါနဲ့ မှိုင်းရယ် . . မှိုင်းကိုသိပ်ချစ်တယ်-'

အပြန်လမ်းတလျှောက်လုံး သည်စကားတွေဘဲ ပြော နေတော့မှာလား။ မိုးလုံမှိုင်း သည်ကိုလာတာ ရှင့်ဆီက အချစ် ကို လိုချင်လို့မဟုတ်ပါဘူး စိုးစံသူရယ်။ မိုးလုံးမှိုင်း သိချင်နေတာ သိပ်ခန့်ညားချောမောသူတစ်ယောက်ရဲ့ ရင်ထဲက အတွင်းသား



www.burmeseclassic.com

www.burmeseclassic.com



လွန်းသော နှလုံးသားတစ်ခုအကြောင်း ပါ။

'ဘယ်ကပြန်လာကြတာလည်း . .'

အိမ်ပေါက်ဝအရောက်မှာ ဒေါ်တင်မကြီးကပါ မေး

တယ်။

'ကျွန်မ ဖွန်ပန်းသွားခူးတာပါ မမတင်'

'စိုးစံ . . မင်းစာကျက်ဦးလေ- ပြီးတော့ အရင်တ

သန္တာ့ကို ဂရုတစိုက်ကြည့်သေးတယ်- အခုများတော့ . .'

'ကျွန်တော် စာကျက်ဖို့ကိစ္စ ကျွန်တော့်ဖာသာ သိ

တယ်- သန္တာလည်းကြည့်ပါတယ်- အိပ်နေတာဘဲဟာ. .'

မိုးလုံးမှိုင်း အခန်းဆီပြန်လာခဲ့ပါတယ်။

ဒေါ်တင်မကြီးကရော . . သူမတို့ စိုးစံသူနှင့် မိုးလုံး

ကို မကြည်ဖြူတဲ့ လေသံမျိုးလား။

မိုးလုံးမှိုင်းရဲ့ နှလုံးသားက ခုလောက်မပျော့ညံ့ပါ

စိုးစံသူက ချစ်တယ်ဆိုတိုင်း-

ချက်ခြင်း ခေါင်းညိတ်လိုက်မဲ့ လူစားမျိုးမဟုတ်ပါ

လေ။

ဖွန်ပန်းကလေးတွေ မွှေးနေတာပါဘဲ။

မိုးလုံးမှိုင်း ပန်းသီရင်း အတွေးတွေများနေမိတာ





ဦးနေမင်း-

ရှင့်ရင်ထဲမှာ ဘာတွေရှိနေသလည်း။

နှလုံးသားက မာကျောအေးစက်နေတယ်ဆိုတာ မိုးလုံး

မှိုင်းသိပြီးသားပါ။

'မှိုင်းကိုသိပ်ချစ်တာဘဲ . .'

စိတ်ချ စိုးစံသူ။

အခုတွေ့ အခုချစ်နဲ့ . . ။

မင်းကိုလဲ မိုးလုံးမှိုင်း မချစ်ပါဘူး။

မိုးလုံးမှိုင်း သိချင်တာတွေရယ် . . ။ ဖြစ်ချင်တာတွေ ရယ်။

ဒါတွေပြီးဆုံးသွားပြီဆိုရင်။

မိုးလုံးမှိုင်းက မိသားစုကိုချစ်တဲ့ လူတစ်ယောက်ပီပီ မောင်

လေးညီမလေးတွေဆီ ပြန်သွားတော့မှာပါ . . ။

ဖွန်ပန်းကုံးလေးက မွှေးနေတာပါဘဲ။

'မိုး . . မိုးကိုချစ်တယ် . .'

မာကျောအေးစက်နေသည့် ဦးနေမင်းရဲ့ နှလုံးသားမှာ

သည်သို့သော ချစ်ခြင်းရှိပါမည်တဲ့လား။ မရှိလို့ဖြစ်။ ရှိလာ

အောင်တော့ မိုးလုံးမှိုင်း စွမ်းဆောင်ရမှာပါဘဲ။ နောက်နေ့ . ။

တာရာဆီ စာရေးဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



အနားတာရာရှိနေရင် ကောင်း မှာ။

တိုင်ပင်ချင်စရာစကားတွေမှ အများကြီးပါဘဲ။

'မိုး . . ငါတခုတော့ တောင်းပန်တယ် . . အာဃာတ ဆိုတာမကောင်းဘူး . . နှစ်ဦးနှစ်ဖက်လုံးကို ထိခိုက်စေတယ်- နင်အသိဉာဏ်မမဲ့ဘူးဆိုတာ ငါသိပါတယ် . . ဒါပေမဲ့ ဘယ်လို ကိစ္စကိုဘဲ ဆုံးဖြတ်တော့မယ်ဆိုဆို ငါ့ကိုကြိုအသိပေးပါ . . ကူညီစဉ်းစားခွင့်ပေးပါ . . .'

တာရာ . . ။

ကြိုအသိပေးဖို့တော့ မဖြစ်နိုင်။

နင်ဖျက်မယ်ဆိုတာ ငါသိနေတာကို တာရာရယ် . . ။

ကူညီစဉ်းစားခွင့် နင်မရနိုင်။

✳✳✳✳✳

မျက်နှာကိုက။

မကြည်မလင်နဲ့။

ဦးနေမင်းရယ် . . နှလုံးသားထဲက စိတ်ပုတ်တွေ မျက်နှာ ကို ကူးလာပြီထင်ပါရဲ့။ ရှင့်နှင့်အတူ ကျန်တဲ့အိမ်သား တွေ ထမင်း စားခွင့်မရှိပေမဲ့ မိုးလုံးမှိုင်းကတော့ ခပ်တည်တည်ရှ





အောင် ဝင်ထိုင်စားထားပေါ့။ စကားမပြောဘဲ သူ့ဖာသာ ထမင်း ငုံ့စားနေပါ တယ်။ ရယ်ချင်လိုက်တာ။ ပုံစံကြီးကိုက . . ။

'ဦးနေမင်း- ငါးအရိုးတွေများတယ် စားတတ်ရဲ့လား'

'စားတတ်ရမှာပေါ့ . .'

'ကျွန်မ အရိုးနွှင်ပေးရမလား . .'

'နေပါစေ . .'

နေပါစေဆိုတော့လည်း နေပေါ့။

သူ့ကို ဂရုမစိုက်တော့ဘဲ မိုးလုံးမှိုင်းဖာသာဘဲ ထမင်းစား နေလိုက်တာပေါ့။ခဏနေလို့ မော့ကြည့်တဲ့အခါမှာ ဦးနေမင်းက မိုးလုံးမှိုင်းကို စူးစိုက်ကြည့်နေပါတယ်။ စူးရှတဲ့အကြည့်တွေက ဖောက်ထွင်းစိမ့်ဝင် လာသလိုပါဘဲလား။

'အရိုးနွှင်ပေးမယ်ဆို'

'နေပါစေဆို'

'အခုနွှင်ပေးပါလား . .'

'အမျိုးမျိုးဘဲ . . .'

မျက်စောင်းထိုးကြည့်ပြီး အရိုးနွှင်ပေးမိပါတယ်။ ထမင်း စားခန်းမှ ခန်းဆီးလှုပ်ခတ်သွားတာကို မိုးလုံးမှိုင်းမြင်တာပေါ့။ တစ်ယောက်ယောက်က မိုးလုံမှိုင်းတို့ကို ချောင်းကြည့်နေသလို



www.burmeseclassic.com

www.burmeseclassic.com



တာ သိသွားဘဲ။

ကြီးလှိုင်ရယ် . . ချောင်းကြည့်တယ်ဆိုရင် လှ
ကောင်းတာပေါ့။ ခုတော့ ခန်းဆီးစရဲ့ အောက်ဖက်ကနေ
နေတြေ ပါတိတ်လုံချည်အဖျားကို မြင်နေရတယ်။

'မိုးလုံမှိုင်း ထမင်းစားပြီးရင် အချိန်ရမလား . .'

'ရပါတယ်'

'ကျွန်တော်နဲ့ ခြံထဲမှာလမ်းခဏ လျှောက်ရအောင်
ပြောစရာရှိလို့ပါ . .'

ပြောစရာ။

ဘာပြောမလဲ။

ပြောချင်ရာပြောလေ။ရှင်ပြောတဲ့စကားပေါ့ မှတ
မိုးလုံးမှိုင်းသိချင်တာတွေ ဖြစ်ချင်ရာတွေကို ကြဲစည်စိတ်ကူ
ပေါ့။ ရှင်ဆီမှာ ရက်စက်ကြမ်းတမ်းသော နှလုံးသားတွေ
တယ်ဆိုတာ မိုးလုံးမှိုင်းသိပြီးသားပါ ဦးနေမင်းရယ် . .။

'မမတင်လည်း ထမင်းစားတော့မလို့ . . မောင်နေ

'စားပေါ့ . . ကျွန်တော်တို့ပြီးပါပြီ . .'

ဦးနေမင်းက ချက်ခြင်းလက်စသတ်ပြီး ထမင်း
ထွက် ခွာသွားပါတယ်။ ဒေါ်တင်မကြီးဟာ အရင်ကသည်





မရှိ ပါဘူး။ အခုရက်ပိုင်းအတွင်း ကြီးလှိုင်နှင့်ပူးပေါင်းကြသည်
ထင်ပါရဲ့။ ရှိပါစေလေ။ အချိန်တန်ရင် မိုးလုံမှိုင်းဆိုတာ ဘယ်သူ
လဲ သူတို့သိသွားကြမှာပါ။ ဒေါ်တင်မကြီးကိုပင် စကားတစ်
ခွန်းမပြောခဲ့ မိုးလုံမှိုင်းထွက်လာခဲ့ပါတယ်။ အိမ်တံခါးဝမှာ
ဦးနေမင်း ရပ်စောင့်နေတာ တွေ့ရပါတယ်။

'ဘယ်ဘက်သွားချင်သလည်း မိုး . .'

'ရေကန်လေးဘက်ဘဲ သွားချင်တယ် ဦးနေမင်း . . အဲ
သည့်ဖက်က ရှုခင်းလေးအရမ်းလှတာ ကျွန်မသဘောကျ တယ်'

'ဒါကြောင့် မိုးရွာထဲတောင် သွားရတာမဟုတ်ဘူးလား'

'ကျွန်မ စံပယ်ပန်းသွားခူးတာ . .'

'ခူးချင်ရင် ပြောပါလား . . လိုက်ပို့မှာပေါ့ . .'

'ဦးနေမင်းက အားတာကိုး- အချိန်တိုင်း အလုပ်ထဲနစ်
နေတာ ခရီးလဲထွက်ရသေးတယ်-'

'ဟုတ်ပါတယ် - သည်အိမ်မှာ စီးပွားရေးမရှာရင် မိသား
စုအားလုံး ဘာနဲ့သွားစားမလဲ . . ကျွန်တော်မရှိတဲ့ နှစ်တွေတုံး
ကတောင် . . သူခမက်လာဟာ . . အရမ်းချို့တဲ့သွားခဲ့တာပါ'

'ဦးနေမင်းမရှိတဲ့ နှစ်တွေတုံးကဟုတ်လား . . ဦးနေမင်း
က ဘယ်သွားနေလို့လည်း . . နိုင်ငံခြားသွားနေလို့လား . .'



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်း သက်ပြင်းရှိုက်ပါတယ်။

မျက်နှာအနေအထားကို မိုးလုံးမှိုင်းရအောင် စူးစိုက်ကြည့်မိတယ်။ ရီဝေဝေမျက်လုံးတွေက ဘယ်သူ့အတွက် ဝမ်းနည်းနေတာလဲ- မိုးလုံးမှိုင်းသိတယ်- ရှင့်ကိုယ်ရှင်အတွက်အဲမဟုတ်လား ဦးနေမင်းရယ်. .။

'မိုး . .'

'ရှင်'

'မိုးကို ကျွန်တော်ဘဝအကြောင်းတွေ ပြောပြချင်ပါတယ် တနေ့ပေါ့လေ . . တနေ့နေ့မှာတော့ ပြောကိုပြောပြရ မှာပါ. . မိုးကိုမပြောလို့တော့ မဖြစ်ဘူးပေါ့. . မိုးက ကျွန်တော့် ဘဝအကြောင်းအားလုံး သိသင့်ပါတယ်. . .'

မိုးလုံးမှိုင်းက ဦးနေမင်းဘဝအကြောင်း အားလုံးသိသင့်သတဲ့လား။

ဘာလို့လဲ။

ဘယ်လိုအကြောင်းကြောင့် သိသင့်ရမှာလဲ။

'အချစ်ဆိုတာကို မိုးဘယ်လိုခံစားရသလဲဟင်'

'ရှင် . . အချစ်. . အချစ်ဟုတ်လား ဦးနေမင်း . အချစ် ကိုခံစားရအောင် ကျွန်မမှာအချစ်မှ မရှိဘဲ. . .'





'မိုးမှာ အချစ်မရှိဘူးဟုတ်လား. . ဒါဆိုရင် စိုးစံနဲ့မိုး ချစ်သူတွေတော့ မဟုတ်သေးပါဘူးနော် . .'

'အို. . ကြုံကြုံဖန်ဖန် . . စိုးစံနဲ့ကျွန်မက ချစ်သူတွေဖြစ်အောင် သိကြသေးတာ ဘာကြာသေးလို့လည်း. . အခုသိအခု ကြိုက်ရအောင်. . အဓိပ္ပါယ်မရှိလိုက်တာ-'

'သည်စကားကြားရတာ ဝမ်းသာပါတယ် မိုးရယ် . .'

မြက်ခုတ်နေသံ ကြားရပါတယ်။

ဦးလေးကောင်းနှင့် ညိုမောင်တို့ တစ်ယောက်တစ်ယောက်မည်ထင်ပါတယ်။ ခြံကအရမ်းကျယ်နေတာမို့ အလုပ်သမားတော်များများရှိမှ သည်မြက်တွေခြုံတွေကိုနိုင်မှာလို့ မိုးလုံးမှိုင်းပြောတော့ ဦးနေမင်းက ပြုံးပါတယ်။

'ဘာပြုံးတာလဲ ဦးနေမင်းရဲ့'

'အဲသည့်လိုအပ်တဲ့ အလုပ်သမားတော်တော်များများငှားဖို့ ငွေကြေးလိုအပ်တယ်လေ. . ပြီးတော့ သုခမင်လာတိုက်ဆိုတယ်သူကမှ အငှါးမလိုက်ချင်ကြဘူး. .'

'သန္တာမင်းကို ဘာတစ္ဆေနဲ့မှားနေကြလို့ နေမှာပါ- သည်အိမ်ကိုလာဖို့ ကျွန်မမြင်းလှည်းငှါးတုံးကတောင် သည်မှာတစ္ဆေရှိတယ်လို့ ပြောကြတယ် . . .'



www.burmeseclassic.com

www.burmeseclassic.com



သည်အိမ်ကြီးနှင့် ပါတ်သက်ပြီး ဦးနေမင်းဆီက ဘာများ ကြားရမလဲ တမင်မေးကြည့်တာပါ။ငြိမ်သက်သွားတာ အမှန်ဘဲ။ ခေါင်းငုံ့လမ်းလျှောက်ရင်းမှ တခုခုကို တွေဝေနေသလိုပါဘဲလေ။

'ဦးနေမင်း . .'

'ဗျာ. .'

'သုခမင်္ဂလာမှာ တစ္ဆေရှိတယ်ဆိုတာ တကယ်လား- ကျွန်မက မကြောက်တတ်ပါဘူး- အမှန်ပြောပါလား ဦးနေမင်း'

'မဟုတ်ပါဘူး . . ထင်ကြေးနဲ့ပြောကြတာပါ. . အိမ်ရောခြံက သိပ်ကြီးနေပြီး . . သေဆုံးသွားကြတဲ့ လူတွေကလဲ အမျိုးမျိုးဆိုတော့ ပြောကြတာပါ. . ကျွန်တော်ဆို သူတို့ပြောသမျှ မယုံကြည်လို့ ညဆို ကိုယ့်အိမ်ကိုယ်ခြံ တစ်ယောက်ထဲ လျှောက်သွားကြည့်တယ်- ဘာမှမတွေ့ပါဘူး'

ရေကန်ကလေးကို လှမ်းမြင်နေရပြီ။

တကယ်လှပတဲ့ နေရာကလေးပါဘဲ။

အိမ်နှင့်နည်းနည်း အလှမ်းဝေးနေတာဘဲ ပြောစရာရှိပါတယ်။

'ဟာ် . . မိုး . . ခြေတစ်လှမ်းမရွှေ့နဲ့နော်- ငြိမ်ငြိမ်-





ငြိမ်ငြိမ်နေ . . .'

ရုတ်တရက်မို့ မိုးလုံးမှိုင်းလန့်ပြီး ငြိမ်သက်စွာ ရပ်နေမိတာပါ။

ပါးပျဉ်းထောင်နေတဲ့ မြွေတစ်ကောင်က မြက်ရိုင်းရှည်ရဲ့အရောင်နဲ့ရောပြီး ရုတ်တရက် ဘယ်လိုမှမမြင်နိုင်ခဲ့။ ဦးနေမင်းက ဖျက်ခနဲဆို မြွေကိုဆွဲယူလွှင့်ပစ်လိုက်တာ မြန်မှမြန်ပါဘဲ။

မိုးလုံးမှိုင်းကတော့ ခုမှ သွေးပျက်သွားသလို ခြေတစ်လှမ်း မလှမ်းနိုင်တော့။အားအင်တွေဘဲ နားလည်စွာ လှမ်းထိန်းပါတယ်။

ဒူးတွေကခွေညွှတ်ပြီး သူ့ရင်ခွင်ထဲ အယိမ်းယိမ်း အိပြိုပြီ။

'မိုးလန့်သွားတာဘဲ . . လာ- လာ ရေကန်ဘေး ခဏထိုင်ရအောင်. . .'

ပွေ့ချီခေါ်လိုက်တော့ မိုးလုံးမှိုင်း လန့်သွားပါတယ်။ ရေကန်ဘေးက သစ်မြစ်လေးပေါ်မှာ ထိုင်ခိုင်းတယ်။ ရင်ထဲမှာ ထိတ်ထိတ်ခုန်နေတာ. . . မြွေကိုမြင်လို့ လန့်သွားတာလား။ ဦးနေမင်း ပွေ့ချီလိုက်လို့ လန့်သွားတာလားဟင်။

'အဲဒါတွေပြောတာပေါ့- မမြင်နိုင်တဲ့အန္တရာယ်တွေတာ သက်တကမ်းမှာ ရှိနေတယ်ဆိုတာလေ. . ပြောလိုက်ရင် ဒီလိုယုံသလိုမျက်နှာနဲ့. . မိုးရဲ့မျက်နှာမှာ မာနတွေသိပ်များတယ်'

www.burmeseclassic.com



မာနတွေသိပ်များတယ်-'

မိုးလုံးမှိုင်း ပြုံးရပါတယ်။

တာရာကလည်း ပြောတာဘဲ၊ မိုးလုံးမှိုင်းမျက်နှာမှာ မာနရိပ်တွေ သိပ်များသတဲ့လေ။ ဖေဖေ မေမေမရှိထဲက မောင်ညီမလေးတွေအတွက်လို့ စိတ်နှစ်ပြီး ရိုးသားစွာကြိုးစားခဲ့ရတဲ့ မိန်းမတစ်ယောက်ဆိုတော့ မာနတွေ ရှိချင်လဲရှိမှာပေါ့။ ရှိသင့်ရှိထိုက်တဲ့ မာနတွေရှိတာ မရှိရဘူးလား။

'မိုး တခုခုဖြစ်ရင် ကိုယ်ရင်ကျိုးရလိမ့်မယ်'

အံမယ်-

တယ်ဆိုတဲ့ စကားပါလား။

မိုးလုံးမှိုင်း တခုခုဖြစ်ရင် ဦးနေမင်းရင်ကျိုးမတဲ့။

သေချာလို့လားရှင်၊ သေချာလို့လား။

'မိုး-'

'ရှင် . .'

'ကိုယ့်ကိုလက်ထပ်ပါလား မိုးရယ်. .'

'ရှင်. .'

ဦးနေမင်း . . အံ့ဩစရာစကားတစ်ခွန်းပါဘဲ။

လက်ထပ်ရမယ်။ဦးနေမင်းကို မိုးလုံးမှိုင်းလက်ထပ်ရ မယ်





တဲ့တာလား။ လက်ထပ်ကြစို့ဆိုတာ ချစ်သူနှစ်ယောက်ကနေ တဆင့်မြင့်တက်ရတဲ့ အခြေအနေမဟုတ်ဘူးလား ဦးနေမင်းရဲ့။ အခုတော့ ရှင့်နဲ့ကျွန်မက ချစ်သူတွေလဲ မဟုတ်သေးပါဘဲ။ ရှင့်အဆင့်ကို ခုန်ပျံကျော်လွှားတက်တာပါလား။

စိုးစံသူကမှ ဟုတ်သေးတယ်။

မှိုင်းကိုသိပ်ချစ်တယ်တဲ့။ စိုးစံသူက အဆင့်ကို သူ့အဆင့်ကသူသွားတယ်။ ဦးနေမင်းက ဖျက်ခနဲဆို မိုးလုံးမှိုင်းရဲ့ လက်က လေးနှစ်ဖက်ကို ဆုပ်ကိုင်ယူလိုက်ပြီ။ လက်ခုံမွှမွှလေးကို ဆွဲယူကာ သူ့ပါးပြင်နှင့်ကပ်ပြီးမှ နှုတ်ခမ်းတွေရှိရာ ဆွဲယူလိုက်တဲ့အခါ။

'အို'

လက်ကိုအတင်းရုန်းဖယ်ပစ်လိုက်တယ်။

ရှင် ဘယ်လိုလည်း။

မိုးလုံးမှိုင်းကို ပိုင်စိုးပိုင်နင်းနဲ့ . . . ။

ဒါကြောင့်မို့ သူ့ပခုံးကို ပြင်းစွာတွန်းပစ်ပြီး ထွက်ပြေးလာခဲ့တယ်။

မြက်ရိုင်းရှည်တွေကိုလည်း ဂရုမပြုနိုင်တော့။

မြွေဆိုတာလဲ သတိမရနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်းကို မိုးလုံးမှိုင်းစိတ်ဆိုးတယ်။ လူကို အထင်သေး
တာပါလား။

မိုးလုံးမှိုင်း-

နင်မေ့သွားပြီလား။ သုခမင်္ဂလာကို စာလာသင်တာ
ဘယ်လိုရည်ရွယ်ချက်ပါသေးသနည်း။ အဲသည့်ရည်ရွယ်ချက်
အကောင်အထည်ဖော်ဖို့ အခုအခြေအနေဟာ အလွယ်
လေ။

စိတ်ဟာတွေဝေခြင်းဖြင့် နှစ်မျိုးကွဲပြားနေသလိုပါဘဲ။

တစ်သက်တစ်ချစ်လို့ နှလုံးသားကို အမိန့်ပေးထား
တယ်။ဒါပေမဲ့ အမုန်းတရားဆိုတဲ့ အယာတတွေလည်း မိုးလုံး
ကို ခိုင်းစေနေပြန်ပါတယ်။ မိုးလုံးမှိုင်း . . နင် ဘာလုပ်မလည်း

'မမ- မမ . . ဒါ့ကိုချစ်တယ်ဆို. . '

မိုးလုံးမှိုင်း ရင်မှာနာကျင်ခြင်းတစ်ခုက ဝင်ရောက်
ပြန်ပါတယ်။ ကိုယ့်ကို လက်ထပ်ပါလားမိုးရယ်တဲ့ . . ။ လို
သော အခွင့်အရေးတစ်ခုဟာ လွယ်လွယ်နှင့် မိုးလုံးမှိုင်းဆီ
ရောက်ရှိ လာတာပါလား။ မငြင်းရဘူး မိုးလုံးမှိုင်း လုံး
မငြင်းဆန်ပါနဲ့။

စိတ်ရှုပ်တယ်။





ငြိမ်သက်တိတ်ဆိတ်စွာ အတွေးတွေမှာ နစ်မျောနေမိပါ
တယ်။

ဩော် . . ။

ပြတင်းကနေ ကြည့်နေသော မျက်နှာလေး။

ရုတ်တရက်တော့ မိုးလုံးမှိုင်း အံ့ဩစွာလိုက်ကြည့်မိပါ
တယ်။နေ့ခင်းဆိုတော့ ပြတင်းတံခါးကဖွင့်ထားပြီး သံဝန်းတွေ
သာရှိတာမို့ သေချာမြင်နေရပါလား။

'သန္တာ . . '

သူမဟာ သန္တာမင်းဘဲဖြစ်မည်။

ကျစ်ဆံမြီးလေး နှစ်ဖက်ခွဲကျစ်ပြီးရှေ့ကို ချထားပုံကိုတ
ဒါနှင့်တူလိုက်တာ။

ဒါနှင့်တူလိုက်တာဆိုပြီး ပြတင်းရှိရာ မိုးလုံးမှိုင်းလျှောက်
သာတဲ့အခါ လှစ်ခနဲထွက်ပြေးပျောက်ကွယ်သွားပါပြီ။

သန္တာမင်းကို ခုတစ်ခါပထမဆုံး သေချာမြင်ဘူးလိုက်
ခြင်းပါဘဲလေ။ ဒါ့ကို သတိရခြင်းများစွာနှင့် ငြိမ်သက်ခဲ့ရပါပြီ။

မိုးလုံးမှိုင်းဆိုတာ သံယောဇဉ်သိပ်ကြီးတဲ့ အစ်မကြီးတင်
ယောက်ပီပီ မောင်လေး ညီမလေးတွေကို သိပ်ချစ်ခဲ့တာပါ။

မျက်ရည်ကကျရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုလက်ထပ်ပါလား မိုးရယ်တဲ့။

'တာရာ . . . တိုင်ပင်ချင်ပါတယ်- ဒါပေမဲ့ နင်က ငါ့စိတ်ကူးယဉ်တွေကို ဖျက်ဆီးပစ်မှာကိုလည်း စိုးရိမ်တယ် . . . ငါလုပ်ချင်တဲ့ ရည်ရွယ်ချက်တွေ ဘယ်သူဖျက်ဆီးတာမှ မခံနိုင်ဘူး . . .'

မျက်ရည်တွေကို သုတ်ပစ်လိုက်တယ်။

အကြင်နာမဲ့သူကို အကြင်နာအစစ်တော့ ပေးလို့မဖြစ်နိုင်ပါ။

အကြင်နာအတုအယောင် တစ်ခုကိုတော့ ရှင် ရရပါမယ် ဦးနေမင်းရယ် . . .။

✳✳✳✳✳

ညိုညိုနှင့်ပိုပိုတို့ ပထမအစမ်းစာမေးပွဲမှာ ပထမကိုယ်စီ ရတဲ့အခါမှာတော့ ဒေါ်တင်မကြီးက ကျေးဇူးတင်ပါတယ် မိုးရယ်တဲ့။ ကျေးဇူးတင်စရာမလိုပါဘူး မမတင် . . ကျွန်မတာဝန်ပါကွာ ဘဲပြောလိုက်ပါတယ်။ ဒေါ်တင်မကြီးရဲ့ စိတ်ဓာတ်အပြောင်းအလဲတွေကို မိုးလုံးမိုင်းမြင်တွေနေရတာဘဲ။ ကြီးလှိုင်နှင့် တပူးတွဲတွဲရှိနေတတ်တယ်လေ။





ဆရာမဘဝကနေ အိမ်ကြီးရှင်ဖြစ်ချင်နေပြီပေါ့ဆိုတဲ့ ကြီးလှိုင်စကားတွေကို မကြားသလိုနေခဲ့တယ်။

'မှိုင်း . .'

'စိုးစံသူ - ဘယ်ပျောက်နေလဲ'

'ကျွန်တော်ရှိပါတယ် မှိုင်းရယ် . . မှိုင်းသာ အခန်း ထဲမှာ နေနေတာပါ . .'

စိုးစံသူစကားကြောင့် မိုးလုံးမှိုင်းပြုံးရပါတယ်။ ဟုတ်တာလည်းဟုတ်ပါတယ်။ အခုတလော ဘယ်သူနှင့်မှ စကားမပြောချင်တာမို့ စာသင်ပြီးတာနှင့် အခန်းထဲဝင်နေမိတာကိုး။ အရင်ကလို ခြံထဲပင်မထွက်မိတော့။ အမှန်ကတော့ အခန်းထဲမှာ နေပေမဲ့ စိတ်တွေငြိမ်သက်နေတယ် မထင်ပါနဲ့ စိုးစံသူရယ်။ စိတ်မှာနာ ကျင်ခြင်း အမုန်းတွေနှင့် ယောက်ယက်ခတ်နေတာ။

'မှိုင်း . . ကျွန်တော်ကို အဖြေမပေးတော့ဘူးလား ဟင် . . မဖြေမဲ့အဖြေကို ကျွန်တော်သိချင်တယ် . . . ကျွန်တော်ကြေကွဲခံစားရမယ် ထင်ပါတယ်'

'စိုးစံသူကို ကျွန်မခင်ပါတယ် ဒါပေမဲ့-'

'မချစ်နိုင်ဘူးဆိုပါတော့ . .'



www.burmeseclassic.com

www.burmeseclassic.com



'အဲလိုဘဲ နားလည်ပေးပါ . .'

စိုးစံသူ သက်ပြင်းရှိုက်ပါတယ်။

ပြီးတော့ လက်ကိုင်ပုဝါနှင့် ထုတ်ထားသောဇွန်ပန်းလေးတွေကို ကမ်းပြီးတော့မှ . . မှိုင်းကမချစ်ပေမဲ့လည်း . . . ကျွန်တော်ဖက်က ထာဝရအချစ်ပါ မှိုင်းရယ်တဲ့။

ထာဝရအချစ်တဲ့။

အချစ်ကိုမှ မိုးလုံးမှိုင်း ခံစားလို့မရသေးတာ။ ထာဝရအချစ် တခဏအချစ်လည်း မသိပါဘူးစိုးစံသူ။ဒါပေမဲ့ ချစ်မိပြီဆိုရင် အဲသည့်အချစ်တွေနှင့် ထာဝရတစ်သက်တစ်ယောက် ချစ်ချင်တဲ့ မိုးလုံမှိုင်းပါကွယ် . .။

ဟိုးအဝေးကြီးက ဝင်လာတဲ့ကားကို မြင်ရတယ်။

'ကိုကြီးနေမင်း ပြန်လာပြီ . . မှိုင်းနဲ့ကျွန်တော်အတူယှဉ် ထိုင်နေလို့ရပါနော် . .'

'ဦးနေမင်းနဲ့ ကျွန်မဘာဆိုင်လို့လည်း . . ဦးနေမင်းတကျွန်မကို ဘယ်လိုတားဆီးနိုင်မှာမို့လည်း . . .'

'မှိုင်းဘက်ကတော့ ဟုတ်မှာပေါ့လေ-'

ဦးနေမင်းရင်ထဲက ခံစားမှုကို စိုးစံသူသိနေပုံ ရပါတယ်။ ဒါပေါ့လေ. . ဦးနေမင်းရဲ့ မျက်ဝန်းတွေကလည်း သိသာနေ





တာကိုး။ ကားရပ်လိုက်တယ်။ ဦးနေမင်းဆင်းလာတာကို မိုးလုံးမှိုင်းကြည့်နေမိတာပေါ့။

ရှင်ဟာဘာလို့များ သည်မျှခန့်ညားချောမောရပါလိမ့် ဦးနေမင်းရယ် . .။ သည်လိုလူရဲ့ ရင်ထဲကနှလုံးသားကြတော့လည်း ကြမ်းတမ်းရိုင်းစိုင်းလိုက်တာ။ ဦးနေမင်းတ စိုးစံသူနှင့် မိုးလုံးမှိုင်း ထိုင်နေရာကိုဘဲ လျှောက်လာပါတယ်။

'မိုး . . မနက်ဖြန် ကျွန်တော်ရန်ကုန်သွားမယ်- မိုးလိုက်မယ်ဆို ရတယ်လေ-'

ရုတ်တရက်တော့ ရန်ကုန်ပြန်ချင်တဲ့ စိတ်ဖြစ်ရတာပေါ့။ ဒါပေမဲ့ ဒေါ်တင်မကြီးကို ခွင့်တောင်းသင့်တယ်။ စနေ တနင်္ဂနွေ နှစ်ရက်က အချိန်ပြည့်စာသင်ရတာ။ ကြားရက်တွေဆိုတော့ . . ညနေပိုင်း စာသင်ချိန်လေးဘဲရှိတာ၊ တစ်ရက်နှစ်ရက် ခွင့်တောင်းရင် ရမလား။

'ကျွန်မ မမတင်ကို ခွင့်တောင်းရလိမ့်မယ်-'

'ကလေးတွေလဲ ကျောင်းပိတ်တဲ့ဆယ်ရက် ရှိတာဘဲ- ဦး ပြန်ချင်ရမှာပါ- မမတင်ကို ကိုယ်ပြောပေးမယ်-'

'ဟင့်အင်း . . ဦးနေမင်း မပြောပါနဲ့ . . ကျွန်မဖာသာပြောပါမယ်. . သူကကျွန်မရဲ့ အလုပ်ရှင်ဘဲ ကျွန်မဘာသာပြော



www.burmeseclassic.com

www.burmeseclassic.com



သင့်ပါတယ် . . .'

'မိုး လိုက်ခဲ့ပါ . . လိုက်ခဲ့နိုင်ပါစေလို့ ကိုယ်ဆုတောင်းပါတယ် . . စိုးစံ . . သန္တာဖျားတာ ဘယ်လိုလဲ . . .'

'သက်သာပါတယ် ဒါပေမဲ့ နေ့ခင်းကမိုးရွာကြီးထဲ ထွက်သွားတော့ ပြန်ဖျားတာပေါ့ . . .'

ဦးနေမင်းက ခေါင်းတချက်လေးလေးတွဲ့တွဲ့ ခါယမ်းပြီး အိမ်ထဲဝင်သွားပါတယ်။

ဦးနေမင်းရယ်-

ကိုယ့်သွေးမှ သွေးလို့ယူဆပါလား။

ရှင့်ညီမတော့ ရှင်ချစ်တတ်တယ်။

မိုးလုံးမှိုင်းဆိုတာကလည်း ညီမတွေမောင်တွေကို သိပ်ချစ်တဲ့လူပါ။

'မှိုင်းတကယ်ဘဲ ကိုကြီးနေမင်းနဲ့ ရန်ကုန်လိုက်သွားမှာလား- မောင် စိတ်မချဘူး-'

'အမိပွဲါယ်မရှိလိုက်တာ စိုးစံသူရယ် . . ဘာစိတ်မချစရာရှိလည်း သူကလူကြီးလူကောင်း တစ်ယောက်ပါ . . .'

'ဒါပေမဲ့ သူကမှိုင်းကိုချစ်နေတယ်လေ . . .'

'စိုးစံသူ . . သူ့ရင်ထဲသူဖာသာ ဘာဖြစ်ဖြစ် . . မိုးလုံး





မှိုင်းနဲ့ မဆိုင်ပါဘူး- ကျွန်မက မောင်ညီမတွေလွမ်းလို့ အိမ်ပြန်မှာ- ကားကြုံရှိလို့ လိုက်သွားတာဘဲ . . .'

'မှိုင်းသည်လောက်ပြန်ချင်ရင် မောင် စာမေးပွဲအတွက် ရန်ကုန်ပြန်မှလိုက်ခဲ့- အခုမပြန်ရဘူး . . .'

စိုးစံသူကို မိုးလုံးမှိုင်းသေချာ စူးစိုက်ကြည့်နေမိပါပြီ- ဘယ်လိုလည်းကွယ်။

မင်းနဲ့ မိုးလုံးမှိုင်းဟာ ချစ်သူတွေလား။

ဒါကြောင့် မိုးလုံးမှိုင်းကို ချုပ်ချယ်နေတာလား **စိုးစံသူ** အဲဒါမျိုးတွေပေါ့။ ချစ်တယ် ချစ်တယ်ဆိုပြီး ဟိုစိတ်မချ သည်စိတ်မချနဲ့ . . . ကျွန်မစိတ်ပျက်လွန်းလို့ပါ။

'စိတ်မဆိုးပါနဲ့ မှိုင်းရယ် . . . မောင် ချုပ်ချယ်နေတာမဟုတ်ပါဘူး'

သည်လိုတော့ ရှင်တော်သားပဲ။

မိုးလုံးမှိုင်းမျက်နှာကို ကြည့်ယုံနဲ့ စိတ်ကိုခံစားလို့ရတယ်။

'ရှင်နဲ့ကျွန်မ ချစ်သူတွေ မဟုတ်ဘူးနော် စိုးစံသူ'

'ဟုတ်ပါတယ် မှိုင်း မှန်ပါတယ်- မောင်ကိုက မကောင်းတာပါ ကိုကြီးရင်ထဲက ဘာ●တွေဖြစ်နေတယ်ဆိုတာ သိရတော့ပြီးနောက် မောင် ထိခိုက်ခံစားရတယ်- မှိုင်းကို စွန့်လွှတ်ဖို့က်ရွေး-



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရမှာ - သိပ်စိုးရိမ်လားတယ်. . . ဒါပေမဲ့ မှိုင်းဖက်က ကြည့်ပြန်တော့လည်း မောင့်လိုအချစ်တွေရှိမှ မရှိဘဲလေ. .'

'ရှင့်ကို ကျွန်မခင်ပါတယ် စိုးစံသူ . . ဒါပေမဲ့ မေတ္တာပျက်အောင်တော့ မလုပ်နဲ့ . . .'

ပြောပြီးတာနဲ့ လှည့်ထွက်လာခဲ့ပါတယ်။

မိုးလုံးမှိုင်းတို့က မှန်တယ်ထင်ရင် ဘယ်သူမှပြောမရလို့ သုခမင်္ဂလာကိုတောင် ရောက်လာတာပေါ့ရှင်. .။ မဟုတ်ရင် သုခမင်္ဂလာမှာ စာလာသင်မှာ ကျွန်မမှာအလုပ်ရှိတာ မဟုတ်ပါဘူး။ကျွန်မကိုယ်ပိုင် စီးပွားရေးလုပ်ငန်းတွေ ပြည့်နှက်နေတာပါ။

ဒေါ်တင်မကြီးကို ရန်ကုန်သွားဖို့ ခွင့်တောင်းရမည်။

သဘောတူမှာပါ။

အစကတည်းက ရန်ကုန်ကို တလမှာ နှစ်ရက်ပြန်ခွင့် ပေးရမည် ပြောခဲ့ပြီးသား။ အခုသည်ရောက်လာတာဘဲ သုံးလရှိနေ ပြီ။ကျွန်မတစ်ခါမှ ရန်ကုန်မပြန်ဖြစ်ဘူးလေ။

ဦးနေမင်းနှင့်လိုက်သွားမည်။

ဦးနေမင်းရဲ့ လက်ထပ်ခွင့်။

စိတ်က ဘယ်လိုမှဝေခွဲမရတာတွေ များလွန်းပါတယ်။

✲✲✲✲✲





'တကယ် အလည်ပြန်တာပါနော် မမမိုး-'

ဒေါ်တင်မကြီးကလည်း ပြန်ပါတဲ့။

မိုးလုံးမှိုင်း ရန်ကုန်ကို တစ်ရက်နှစ်ရက်ပြန်မည်ဆိုတော့ ပိုပိုလေးက ခုလိုမေးလာပါတယ်။ တွယ်ငြိတတ်သော သံယောဇဉ်ရဲ့ သဘောကို မိုးလုံးမှိုင်းနားလည်ခံစားတတ်ပါတယ်ကွယ်။ မောင်ညီမလေးတွေကို ချစ်တတ်သော မိုးလုံးမှိုင်းနှလုံးသားက ပိုပိုနှင့်ညိုညို အပေါ်လည်းတွယ်တာစိတ်ရှိတာပါဘဲ။

'မမမိုးပြန်မှာကို ပိုပို့လဲလွမ်းတယ်- အဲလိုဘဲ ကိုစိုးလဲလွမ်းမှာ-'

'စိုးစံသူ'

'ဟုတ်တယ်လေ. . ကိုစိုးက မမမိုးကို ချစ်နေ'

'ဟဲ့ ပိုပို. . . လူကြီးတွေအကြောင်းထဲ ဝင်မပါရဘူးလေ'

ညိုညိုကတားပါတယ်။

ပိုပိုကတော့ နဂိုကသွက်လက်ချက်ချာ သူကလေးကိုး။ သူသိတာ သူ့စိတ်ထဲရှိတာကို ပြောမှာဘဲပေါ့။

'ဟုတ်တာပြောတာဘဲ. . .'

ပိုပိုကနှုတ်ခမ်းစူပြီး ညိုညိုကို မျက်စောင်းထိုးပါတယ်။ သူ

www.burmeseclassic.com



တို့ညီအစ်မကို ကြည့်ပြီး မိုးလုံးမှိုင်းပြုံးရပါတယ်။

ညီမလေးပိုက်နဲ့ဒါ ငယ်ငယ်ကလဲ ခုလိုပင်ရန်ဖြစ်ကြတယ်လေ။ စိတ်က ငယ်စဉ်ဘဝတွေဆီ ရောက်သွားပါလား။

'ပိုပိုတို့ရဲ့ ကိုစိုးစံသူက ချစ်သူရှိမှာပေါ့. . ခုအရွယ်ဘဲ ရောက်နေပြီကွယ်. . .'

'ကိုစိုးက သဘောကောင်းပါတယ်- ညာပြောတတ်မှာ မဟုတ်ပါဘူး. . ဒါပေမဲ့ ကိုစိုးအကြောင်းတော့ ပိုပိုတို့မသိပါဘူး. . ပိုပိုတို့က လေးလေးနေမင်းအကြောင်းဘဲ သိတာ-'

ပိုပို စကားကြောင့် ထိတ်ခနဲ ဝမ်းသာရပါတယ်- ဦးနေမင်း အကြောင်း ပိုပိုဘာတွေသိလည်း။

'ဆိုပါဦး- လေးလေးနေမင်းအကြောင်း-'

'လေးလေးနေမင်းကမှ သနားစရာကောင်းတာ- ဖွားဖွားကိုကြောက်ပြီး သူချစ်လဲမချစ်ပါဘဲ မန္တလေးချိုကိုယူပေါ့မယ် ခေါင်းညိတ်လိုက်ရတယ်. .'

'ဟင်'

အံ့သြမိပြီ။

ထူးထူးဆန်းဆန်းပါလား။

မိုးလုံးမှိုင်း ဘယ်လိုမှမထင်မှတ်သော အကြောင်းတစ်ခုကို သိရပြန်ပါပြီ။

'အဲသည့်နေ့ကလေ လေးလေးနေမင်းသနားပါတယ်- သူ မချစ်ပါဘူး- လက်မထပ်ပါရစေနဲ့ ခါးခါးသီးသီးငြင်းရှာပါတယ်. . ဒါပေမဲ့ ဖွားဖွားကမရဘူး အတင်းအကြပ်ပါဘဲ. . လေးလေးကလေ ကျွန်တော့်မှာချစ်သူမရှိပေမဲ့ ကျွန်တော့်ချစ်သူ ထိုဘဲ လက်ထပ်ချင်ပါတယ်ဆိုပြီး . . ငိုတာ. .'

'ဟုတ်တယ်- ပိုပိုကလေ ချောင်းကြည့်တာ မမဗိုးရဲ့. .'

ညိုညိုကပြောတော့ ပိုပိုက ရယ်ကျဲကျဲလေးနဲ့ ခေါင်းတုတ်နေတယ်။ ချစ်စရာလေးတွေပါ။

'ဖွားဖွားကလေ ဒေါသအရမ်းကြီးတာ. . လေးလေးကို ကျောကိုထုလဲထုတယ်- စကားနားမထောင်ရကောင်းလား ပေါ့. . ဒါကြောင့် လေးလေးခေါင်းညိတ်လိုက်ရတယ်. . ပိုပိုတို့ကတော့ ရေခဲမုန့်အဝစားမယ်ဆိုပြီး ပျော်နေတာ. .'

'စားရတာဘဲမဟုတ်လား ပိုပိုရဲ့. . လေးလေးမင်္ဂလာဆောင်တဲ့နေ့က နင့်ဂါဝန်ပန်းရောင်မှာ ရေခဲမုန့်တွေ ပေကျံကုန်တယ်လေ. . .'

'ဟင်. . .'

ဦးနေမင်း မင်္ဂလာဆောင်တဲ့နေ့က။





www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်း မင်္ဂလာဆောင်တဲ့နေ့က။

ဒါဆိုရင် ဦးနေမင်းက လူပျိုမဟုတ်ဘူးပေါ့။ ကြီးလိုင်က ပြောတော့ သည်အိမ်မှာ လူပျိုနှစ်ယောက်ရှိတယ်လည်း ဆိုသေး ဘယ်တွေလည်းကွယ်. . ။ မိုးလုံးမှိုင်းနားတွေ ရှုပ်ထွေးသွားရ တယ်။

'ပိုပို ညိုညို. .'

'ကိုစိုး. . .'

'နင်တို့ကို မမတင်ခေါ်နေတယ်. .'

'စိုးစံသူ. . ကလေးတွေနဲ့ ကျွန်မစကားပြောနေတာ ရှင် ဟာလေ တကဲ့အနှောင့်အယှက်ပါဘဲ. .'

စိတ်ပျက်လိုက်တာ။

သည်မှာဖြင့် ဦးနေမင်းနဲ့ ပတ်သတ်ပြီး ပဟေဠိဖြစ်နေ တာ။ သူကလာနှောင့်ယှက်တယ်။

'မမတင်က ကလေးတွေကို တကယ်ခေါ်နေလို့ပါ မှိုင်း ရယ်. . . ကျွန်တော်အနှောင့်အယှက်ပေးတာ မဟုတ်ပါ ဘူး. တောင်းပန်ပါတယ်. .'

ညိုညိုနှင့်ပိုပိုက ပြန်လာခဲ့မယ် မမမိုးဆိုပြီး ထွက်သွား ပြီ။ စိုးစံသူက မိုးလုံးမှိုင်း စိတ်ဆိုးနေတာကိုသိတယ် ထင်ပါရဲ့။





အနားမှာပင် ဝင်မထိုင်ပါဘဲ ရပ်နေပါတယ်။

မှောင်စပြုနေပြီဆိုတော့ အိမ်ရှေ့မှသစ်ပင်ကြီးတွေက ညှိုညှိုမှိုင်းမှိုင်းနှင့်။ မိုးသက်လေ ပြင်းပြင်းဝှေ့လိုက်ရင် တလှုပ်လှုပ် တငြိမ့်ငြိမ့်။

တစ္ဆေသူရဲတွေကို တွေးတောပြီး အလွန်ကြောက်ရွံ့လေ သော တာရာသာဆိုလျှင် သည်အိမ်မှာ မိနစ်ဝက်မျှနေမည်မ ထင်။ မိုးလုံးမှိုင်းလိုသာ နေရမည်ဆိုလျှင် ငိုများငိုမလား။ ရန်ကုန် ချက်ခြင်း ပြန်ပြေးမည်ထင်ပါရဲ့။

'မှိုင်း. . . အပြင်မှာအေးတယ်. . . အိမ်ထဲဝင်ပါတော့ လား. .'

'မင်းဝင်ချင်ဝင်ပေါ့ ကျွန်မမှ မဝင်ချင်သေးတာ-'

'မှိုင်းက ကျွန်တော့်စေတနာဆို တလွဲထင်နေသလိုပါဘဲ လေ . . ချစ်လို့ စိတ်ပူနေတာက ကျွန်တော့်အကြောင်းနာပါ-'

'ကျွန်မကတော့ အဓိပ္ပါယ်မရှိ လာချုပ်ချယ်နေသလိုပဲ'

'အဲဒါ မှိုင်းမချစ်တတ်သေးလို့ပါ. .'

စိတ်မှာ ဦးနေမင်း မင်္ဂလာဆောင်တဲ့နေ့ကဆိုသော စ ကားကိုဘဲ အမှတ်ရပါတယ်။

'စိုးစံသူ. .'

www.burmeseclassic.com



'ဗျာ. . .'

'ဦးနေမင်း အိမ်ထောင်ကျခဲ့ဘူးတယ်ဆိုတာ ဟုတ်သလား. .'

'ဗျာ. .'

သိချင်လို့မေးပါတယ်။

တဗျာတည်း ဗျာနေတော့ စိတ်ကမရှည်ချင်။

တော်ပြီ- တော်ပြီ- ဦးနေမင်းကိုဘဲ ကိုယ်တိုင်မေးကြည့်လို့ တွေးကာနေရာမှ ထရပ်ပြီး ထွက်ခွာဖို့ပြင်လိုက်တယ်။

'မှိုင်း'

'တော်ပြီမပြောနဲ့တော့. .'

'နေပါဦး မှိုင်းရယ်. .'

'မပြောနဲ့တော့ စိုးစံသူရယ်. .'

'မှိုင်းသိချင်ရလာကြောင်း အကုန်ပြောပါမယ်- နေပါဦး မှိုင်းရယ်. . .'

'စိုးစံသူရယ်. . ခဏလာပါဦး- စံပယ်ကလေးဖူးနေလို့ပါ. . .'

ကြီးလှိုင်က နှုတ်မှဖြေရင်း မျက်လုံးတွေက မိုးလုံးမှိုင်းတို့ဆီ ဝေ့ဝေ့ဝဲဝဲ။ သူတို့ရှေ့ကနေ ထွက်လာခဲ့ပါတယ်။ကြီးလှိုင်က





တင်မကြီးကိုပင် အဖော်စပ်ပြီး ပြောနေတတ်တာ။ သူတို့သာ
ဲပိုနေကြတာ။ မိုးလုံးမှိုင်းကဖြင့် အချစ်ဆိုတာ ဘာလဲလို့
သူရလောက်အောင် နှလုံးသားမှာ ဘာမှမရှိတဲ့အဖြစ် သူတို့
သို့လား။

မနက်စောစော ရန်ကုန်ပြန်ရမည်။

မမျှော်လင့်ဘဲပြန်မလို့ တာရာတို့ ဖိုးပြည့်တို့တတော့ အံ့
ြမှာမလွဲပါဘူးလေ။

✺✺✺✺✺

မနက်အစောကြီး ခရီးထွက်ရမည်ဆိုတော့ အိပ်မပျော်။ ခဏခဏ နိုးနေသလိုပါဘဲ။

အပေါ်ထပ်မှ တရှပ်ရှပ်ခြေသံကို ကြားရတယ်။ နာရီ
ည့်တော့ ခုမှနှစ်နာရီ။ ဒါကြောင့်မို့ အခန်းတံခါးကို ဖွင့်ကြည့်
်ပါတယ်။ ဘုရားရေ။ အရင်တခါလိုပင် လှေကားထိပ်မှာ
ရောင်အရိပ်က ရပ်လို့။ ဘယ်သူလည်း။ သန္တာမင်းလည်း
ိုင်တယ်။ စိတ်မမှန်တဲ့လူဟာ သည်လိုပင် နေချင်ရာနေမှာ
ပေါ့။

တစ္ဆေလို့တော့ လုံးဝမယုံကြည်။

www.burmeseclassic.com



'မနွယ်ချိုကိုလေ . . မျက်လုံးထဲမြင်နေတုန်းပါဘဲ . . သွေးတွေ သွေးတွေမှ အများကြီး . . အမလေး ကျွန်မကြောက် လာပြီ-'

သန်းသန်းအသံကို ပြန်ကြားရတယ်။

'လှေကားထိပ်မှာ မနွယ်ချိုရပ် ရပ်နေတာတွေ့[illegible] တယ်. .'

ဟုတ်သလား။

သေဆုံးသွားပြီဖြစ်တဲ့ နွယ်နွယ်ချိုလား။

မယုံပါဘူး။

ဒါကြောင့်မို့ ညည့်ခန်းမကြီးရဲ့ ခလုတ်ရှိရာကို [illegible] လျှောက်ခဲ့တယ်လေ။ မီးဖွင့်လိုက်မည်။ သန္တာမင်းဆိုလျှင် [illegible] မရောင်မှာ မြင်ရမှာပေါ့။

'ဟင်'

အဖြူရောင်သဏ္ဍာန်က လှေကားထိပ်မှနေ လှေကား[illegible] တိုင်း တရွေ့ရွေ့ဆင်းလာနေပြီ။ မိုးလုံးမှိုင်း ရုတ်ကရက်မို့ [illegible] ဆက်ရမလား၊ နောက်ဆုတ်ရမလား မစဉ်းစားနိုင်သေး။ [illegible] ကားအလယ်မရောက်ခင်မှာ လိမ့်ကျနိုင်တယ်. ။. လိမ့်ကျလိမ့် မယ်။





ပြောယုံရှိသေး- အဖြူရောင်အရိပ်က လှေကားအလယ် [illegible]နေ ဝုန်းခနဲအောက်ကို ပြုတ်ကျသွားပါတယ်။

'အမလေး. .'

မိုးလုံးမှိုင်း စူးစူးဝါးဝါးအော်မိပြီ. . ။

လက်ဖဝါးနှစ်ဖက်ကို မျက်နှာမှာအပ်ရင်း ဘာကိုမကြည့် ရဲတော့အောင်ဘဲ ခံစားရပါတယ်။

'မှိုင်း. . မှိုင်း . .'

စိုးစံသူအကြားမှ မျက်လုံးတွေဖွင့်ကြည့်ပြီး လှေကား ဆီလှမ်းကြည့်မိပါတယ်။

လှေကားမှာ ဘယ်သူမှလိမ့်ကျသွားခြင်း မရှိပါလား။

ဒါဖြင့်ရင် ခုနက လှေကားထိပ်အောက်မှာ ကျသွား သော အဖြူရောင်အရိပ်က လူမဟုတ်ဘူးလား။ ဒါဖြင့်ဘာလဲ။

'စိုးစံသူ. .'

'မှိုင်း ဘာတွေဖြစ်မလဲ. .'

'မိုး. .'

ဦးနေမင်းပါအနားကို ရောက်လာပေမဲ့ ဒေါ်တင်မကြီး တို့က ဘယ်ရောက်နေကြပါလိမ့်။ ကြီးလှိုင်တို့ အခုတော့ ဘယ် သွားပုန်းနေကြလဲ။ မိုး . . ရေသောက်လိုက်ဆို ဦးနေမင်းက

www.burmeseclassic.com



ရေတစ်ခွက်ခပ်ပေးပါတယ်။

'သန္တာကသည့်လိုပဲ - ည ညမအိပ်ဘဲ အခန်းထဲကလစ် ထွက်လာတတ်တယ်. . မှိုင်းတွေလိုက်တာ သန္တာပါ-'

စိုးစံသူက မိုးလုံးမှိုင်းကြောက်မှာ စိုးရိမ်လို့ထင်ပါရဲ့. ရှင်းပြပါတယ်။

သန္တာမင်းဖြစ်နိုင်တယ်လို့ မိုးလုံးမှိုင်းလဲ တွက်ဆတတ်ပါ တယ်။

ဒါပေမဲ့ လေ့ကားကလိမ့်ကျသွားတယ်လေ။

'မိုး , . အချိန်နဲနဲရပါသေးတယ်- ပြန်အိပ်ပြီးနားပါဦး မနက်ဖြန် ရန်ကုန်သွားရင် မိုးနဲ့ စကားပြောလို့ရတာဘဲ-'

ဦးနေမင်းက ပြန်နားပါတဲ့။

မိုးလုံမှိုင်းစိတ်က ဝေခွဲမရခြင်းတွေဖြင့် ဘယ်လိုနားနိုင်ပါ မည်လည်း။

'မှိုင်း. . .'

စိုးစံသူက သိပ်လန့်နေရင် ဆေးသောက်မလားလို့ မေး တော့ ခေါင်းခါပြလိုက်ပါတယ်။

ဦးနေမင်းပြောသလို ခဏနားလိုက်တာ ကောင်းပါ တယ်။ ဦးနေမင်းနှင့် ခရီးသွားရမှာ။ မိုးလုံးမှိုင်း သိချင်တာတွေ





မေးရ မည်။ တကယ်တမ်း ဘယ်လိုပြန်အိပ်ပျော်ပါမည်လဲ။ စဉ်းစား နေမိတယ်။ အဖြူရောင်အရိပ် ပြတ်ကျသွားတာသေချာ မြင်ပါ တယ်။ ဘယ်လိုဖြစ်ရပါသနည်း။မီးပွင့်သွားပြီး စိုးစံသူ ခေါ်တဲ့အ ချိန် လှေကားအောက်ကြမ်းပြင်မှာ ဘာမှမရှိနေပါဘူး။

မှိုင်းတွေလိုက်တော့ သန္တာပါလို့ စိုးစံသူကတော့ ပြောပါ တယ်။

အိပ်လို့မရတော့ပါဘူး။

ဦးနေမင်းနှင့် ခရီးသွားတဲ့အခါ သိချင်ရာတွေကို မေးမြန်းရမလား။

'ကိုယ့်ကို လက်ထပ်ပါလားမိုးရယ်. .'

ဘာလို့လဲ။

ဦးနေမင်းက မိုးလုံးမှိုင်းကို ဘယ့်အတွက်လက်ထပ်ချင် တာလည်း။ သိချင်လိုက်တာ။ ရှင့်ရင်ထဲမှာ အဲလိုမျိုးအချစ်တွေ ရှိသလား။

ဦးနေမင်း မင်္ဂလာဆောင်တဲ့နေ့ကလို့ ပိုပိုပြောတယ်-

ကလေးတွေကတော့ ညာပြောစရာအကြောင်း မရှိပါဘူး။

အချစ်ဆိုတာ. . မိုးလုံးမှိုင်းရင်ထဲမှာ မရှိဘူးလို့ အဲလိုဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထင်တာဘဲလေ။

✳✳✳✳✳

'မိုး ပြန်အိပ်မပျော်တော့ဘူးမဟုတ်လား-'

ဦးနေမင်းက ကားတံခါးကိုဖွင့်ပေးပြီး ပြောပါတယ်။ ခေါင်းညိတ်ပြပြီး ကားထဲမှာဝင်ထိုင်လိုက်တဲ့အချိန်မှာ ဒေါ်တင်ကြီးရပ်ကြည့်နေတာ မြင်ရတာပေါ့။ ဦးနေမင်းရဲ့ဘေးမှာ ဝင်ထိုင်မထိုင် ထွက်ကြည့်တာနေမှာပါ။ သိလို့ကိုတမင် မိုးလုံးမှိုင်းက ရှေ့ခန်းမှာထိုင်လိုက်တာ။

'ဘယ်လိုအိပ်လို့ရပါ့မလဲ ဦးနေမင်းရယ်. .'

ဦးနေမင်းက ကားမောင်းနေရင်းမှ ဒါပေါ့လေ. . သုခမင်္ဂလာမှာနေ နေကြလူတွေရဲ့ စိတ်တွေဟောင် မပျော်ရွှင်သေးတာ ဘဲတဲ့ ကားရှေ့မှနေ စိုးစံသူရပ်ပြီး လက်တားတာမို့ ဦးနေမင်းက ရပ်ပေးလိုက်ပါတယ်။

'စိုးစံ- ရန်ကုန်ကိုဘာမှာမလဲ. . .'

'မမှာပါဘူး ကိုကြီး . . မှိုင်းအတွက်-'

လက်ကိုင်ပုဝါနှင့် ထုတ်ထားပြီး မိုးလုံးမှိုင်းကို ပေးပါတယ်။





မွှေးပျံ့သောရနံ့ကို ခရေပန်းတွေလို့ သိတာပေါ့။

'လွမ်းနေမယ်. .'

စိုးစံသူ. . ။

ဦးနေမင်းတစ်ယောက်လုံး ဘေးနားမှာရှိတာကို ပြောချစ်အောင် ပြောလိုက်ပါသေးတယ်။

ကားဘက်ထွက်လာခဲ့တယ်ဆိုရင်ဘဲ ဦးနေမင်းက ပြောပါတယ်။

'လွမ်းနေမယ်တဲ့- စိုးစံသူကို မိန်းကလေးတစ်ယောက်နဲ့ ယှဉ်ပြီး ပထမဆုံးမြင်ဘူးတာဘဲ . . သူ့ကို မိုးသဘောမကျပါဘူးနော်. . .'

'ကျွန်မနှလုံးသားက မာကျောတယ်ဘဲ ပြောရမလား- အချစ်ကိုမတွေ့သေးဘူး ထင်တာဘဲ. . .'

'ကိုယ်ကတော့ မိုးကိုတွေ့တဲ့အချိန်မှာ အချစ်ကိုတွေ့တာဘဲ. . . .'

ဦးနေမင်းစကားကြောင့် ပြုံးရတယ်။

အပြောကလေးတွေကတော့ ကောင်းကြပါပေရဲ့. ယုံကြည်ချင်စရာတော့ အကောင်းသား။

'သေချာလို့လား ဦးနေမင်းရယ်-'



www.burmeseclassic.com

www.burmeseclassic.com



'သေချာပါတယ် မိုး . . ကျွန်တော့်ဘဝမှာ ချစ်လို့ ထပ်ချင်ခဲ့တာ မိုးတစ်ယောက်ပါဘဲ. . '

နွယ်နွယ်ချိုနဲ့ရှင် မင်္ဂလာဆောင်ခဲ့တယ်ဆို။

'မိုး . . ကိုယ့်ကို လက်ထပ်ပါလားမိုးရယ်. . '

မိုးလုံးမှိုင်းပြုံးရပါပြီ။ ချစ်သလား၊ မချစ်သလား ဆို လေးများ မေးပါဦးလား. . ။ လက်ထပ်ပါတဲ့။ ရှင့်ကို ချစ်မှ သေးတာ ဘယ်လိုလက်ထပ်ရမလဲ ဦးနေမင်းရယ်. . ။

'ဦးနေမင်း'

'မိုး ဦးနေမင်းဆိုတဲ့ အခေါ်အဝေါ်အစားကို ကိုနေ ဖြစ်ဖြစ် ပြောင်းခေါ်ပါလား. . . '

'ကျွန်မ မေးစရာရှိတယ်'

'မေးလေ မိုး. . '

'ရှင် လက်ထပ်ခဲ့ဘူးတယ်မဟုတ်လား . . လူပျိုမဟု ပါဘဲ- ဟန်ဆောင်နေတာမဟုတ်လား. . . '

ဖြေလေ။

သည်မေးခွန်းမှာ ခက်ခဲစရာဘာတစ်ခုမှ မပါဘူး။ အ ကို အမှန်အတိုင်း ဖြေလိုက်ယုံပါဘဲ။ ဒါကိုဘာလို့များ နှုတ်ဆိ နေရသနည်း။ ဘယ်လိုမျိုး လိမ်လိုက်ညာလိုက်မည်လို့ ရှင် စ





စားနေသလဲ ဦးနေမင်းရယ်။

'ကိုယ်လက်ထပ်ခဲ့ဘူးတယ် ဒါပေမဲ့ ကိုယ် လူပျိုဘဲ-'

'ဘို . . . '

'ဟုတ်တယ်မိုး မေမေ့ကို မရက်စက်နိုင်လို့ မေမေစိတ် ဆင်းရဲနေတာကို မမြင်ရက်လို့ ကိုယ်လက်ထပ်ခဲ့ရတယ်-'

ဒါတော့မှန်ပါတယ်။ ပိုပို့နှင့်ညိုညိုက ပြောထားတာဘဲ။ ဦးနေမင်းက ချစ်သူမရှိပေမဲ့ ချစ်သူကိုဘဲ လက်ထပ်ချင်ပါတယ် ဆို ငိုတာတဲ့။ ဒေါ်မြနုကလည်း သိပ်စိတ်ဆိုးခဲ့တယ်လို့ ပြောပါ တယ်။

'ဦးနေမင်း လက်ထပ်ခဲ့တာ နွယ်နွယ်ချိုနဲ့ မဟုတ်လား- နွယ်နွယ်ချိုက သေသွားပြီဘဲ- ရှင်က လူပျိုဖြစ်ပါ့မလား- မုဆိုးဖို ဘဲဖြစ်မှာပေါ့. . '

'မိုးကလေးရယ် မင်းလေးဟာလေ ထင်ရာတွေ ရမ်း ပြောနေရသလား . . နွယ်နွယ်ချိုကို ကိုယ်လက်ထပ်ခဲ့ရတာ ဟုတ်ပါတယ်. . လက်ထပ်တဲ့နေ့မှာဘဲ- နွယ်နွယ်ချိုဟာ အဝတ် အစားတွေလဲဖို့ အပေါ်ထပ်ကိုအတက်မှာ. . . '

မိုးလုံးမှိုင်း စကားမပြောနိုင်အောင်ဘဲ အံ့ဩ တယ်။

နွယ်နွယ်ချိုဟာ သတို့သမီးဝတ်စုံကို လဲလှယ်ဖို့ ထပ်



www.burmeseclassic.com

www.burmeseclassic.com



လာအခန်းကို အတက်မှာဘဲ လှေကားထိပ်ကနေ လိမ့်ကျသေဆုံးခဲ့တာပါတဲ့. . ။ အဲသည့်နေ့ အဲသည့်အချိန် သုခမင်္ဂလာဟာဘယ်လောက်ထိတ်လန့်တုန်လှုပ်စရာ ကောင်းလိုက်လေမည်လဲ။

'သည့်အကြောင်းတွေ မပြောတာကောင်းပါတယ် မိုးရယ် တခြားစကားတွေ ပြောရအောင်ပါ. . '

ဦးနေမင်း ကားမောင်းတာမြန်လွန်းသလိုပါဘဲ။ အင်းလေ. ဒါကြောင့်လည်း သည်လိုကားမောင်းလွန်းလို့ အန္တရာယ်ဖြစ်စေနိုင်ခဲ့တာ နေမှာပါ။ ရင်ထဲနာကျင်နေရပါတယ်။

'မိုးကို ကိုယ်သိပ်ချစ်တယ်. . '

'တော်သေးတာပေါ့'

'ဘာပြောတာလဲ မိုး '

'သြော်. . အရင်ကမလောက် အဆင့်မကျော်တော့ဘူးပြောတာပါ. . လက်ထပ်ချင်တယ်ဆိုတော့ အချစ်မပါသေးဘဲအဆင့်ကျော်နေတာလေ-'

'ကိုယ် စကားမပြောတတ်လို့ပါ မိုးရယ်- မိုးကိုချစ်တယ်-ဒါကြောင့် လက်ထပ်ချင်တာပါ. . . '

ဦးနေမင်းကတော့ ချစ်လို့လက်ထပ်ချင်တယ်လို့ ဆိုလာပါပြီ။သည်စကားကို ကြားချင်လွန်းလို့ သုခမင်္ဂလာကို မိုးလုံး





မိုင်းအရောက်လာခဲ့တာပါလေ။ အခုကြားရပြီ။ သည်လိုဆိုပြန်တော့လည်း ရှေ့ကိုဘယ်လိုဆက်ရမည် မိုးလုံးမှိုင်း စဉ်းစားရဦးတော့မှာပေါ့။

'ဦးနေမင်း ကားမောင်းတာမြန်သလိုပဲ-'

သည်လောက်မြန်ရင် အန္တရာယ်ဖြစ်နိုင်တယ် ဥပမာ လူတစ်ယောက်ကို တိုက်မိမယ်ဆိုပါတော့ - အဲသည့်လူသေသွားရင် ရှင်လဲထောင်ကျသွားနိုင်တယ်-'

'မိုး. . '

သိပ်မြန်လွန်းနေတဲ့ ကားကရုတ်ခြည်း ဘရိတ်ရပ်လိုက်တော့ တာရာနှင့်လမ်းပွတ်တိုက်သံကပင် လန့်စရာ။ မိုးလုံးမှိုင်းကတော့ ထူခြားပြီး ကြောက်ရွံ့မနေတော့ပါဘူးလေ။ ရှင် လန့်သွားပုံတ အသိသာကြီးဘဲ။ သည်လောက်မြန်နေတဲ့ ကားကိုရုတ်တရက် ရပ်ပစ်လိုက်တယ်။ ပြီးတော့ မိုးလုံးမှိုင်းကို လန့်ပြီးကြည့်နေတဲ့ပုံလေး။

ရှင်ဟာ အံ့ဩလိုသာဘဲ။

အခုလိုလန့်သွားတဲ့ မျက်နှာအမူအယာနဲ့လည်း ခင်ညားချောမောနေတာပါလား။

'မိုး ဘယ်လိုပြောလိုက်တာလဲ-'



www.burmeseclassic.com

www.burmeseclassic.com



'ကားကို ဘာလို့ရပ်လိုက်တာလဲ ဦးနေမင်း . . ရှင် ရိတ်အုပ်လိုက်ပုံက ကားမှောက်သွားနိုင်တယ်ဆိုတာ နားမလည်ဘူးလား . . .'

'မိုး ခုနကဘာလို့ ပြောတာလဲ'

'ဘာပြောလို့လဲ . .'

'အဲသည့်လူသေရင် ရှင်လဲ ထောင်ကျနိုင်တယ်ဆို . .'

'ဩော်- ခက်ပါပြီ . . ဖြစ်တတ်တာတွေ ပြောပြတာ ဦးနေမင်းရဲ့ ရှင်ခုလိုကားမောင်းမြန်ရင် ဖြစ်နိုင်တာတွေ- တတ်တာတွေ ပြောပြတာ . . ကဲပါ ကားကို ရှင်ရပ်ထား တော့မှာလား . . .'

မိုးလုံးမှိုင်း ခုလိုပြောမှ သက်ပြင်းရှိုက်ပြီး ကားပြန်မောင်း လာပါတယ်။ ဒါပေမဲ့ တွေဝေငိုင်ငေး သွားသလိုပါဘဲလေ။ ဦးနေ မင်းရယ် . . ရှင်ဘာတွေ တွေးနေမလည်း။ ရှင့်စိတ်ကို မြင်နိုင် ကောင်းမှာပါ။ မွှေးပျံ့သောခရေနံ့ကလေးတွေကို ရပြန်တော့ စိုးစံသူကို အမှတ်ရသွားပါတယ်။

မှိုင်းကိုသိပ်ချစ်တယ်တဲ့။

ကျွန်မလည်း သိပ်ကို ချစ်တတ်ချင်ပါတယ် စိုးစံသူ ရယ် . . ။





'မိုး . . . မိုးကို မစွန့်လွှတ်ချင်ဘူးဆိုတဲ့ စိတ်ဟာ ကိုယ့်တို မ်းနှိပ်စက်တာဘဲ . . . ကိုယ်တို့လက်ထပ်ရအောင် နော် . .'

'ဦးနေမင်းကို ချစ်သလားဆိုတဲ့ အဖြေကို ကျွန်မစဉ်းစား ပါတယ် . . ကိုယ့်မှာက အားနည်းချက်တွေ များပါတယ် . .'

ရင်ထဲမှာ နူးညံ့သောနှလုံးသားမျိုး မရှိတာက ရှင့်ရဲ့ က အားနည်းချက်ပါဘဲ ဦးနေမင်း။ စဉ်းစားပါဦးမယ်ဆိုတာ းအဖြစ်ပြောတာပါဘဲ။

'မိုး မိသားစု ဘယ်နှစ်ယောက်ရှိလဲ . .'

'မောင်လေး ဖိုးပြည့်နဲ့ ညီမလေး ပိုက်တို့လင်မယားပါ တော့ လေးယောက်ပေါ့ . .'

'အဖေ အမေကရော . .'

'မရှိတော့ဘူး . .'

'မိုးက အစ်မအကြီးဆုံးပေါ့နော်'

'ဟုတ်တယ် . .'

အရင်ကလောက် ကားမြန်မြန်မမောင်းတော့တာကို ပြုံးမိပါတယ်။ အစကတည်းက ရှင့်မှာသတိရှိသင့်ပါတယ် မင်းရယ်။ စကားမပြောချင်တော့တာမို့ ကျွန်မအိပ်တော့ ဟု ပြောပြီးငြိမ်နေလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကတော့ ငြိမ်သက်မှုမရှိလှပါဘူး။

မွေးပျံ့နေသော ခရေရနံ့ကိုတော့ ရနေတယ်။

စိုးစံသူကိုလည်း မိုးလုံးမှိုင်း မချစ်ဘူး။

ဟုတ်တယ်။ အချစ်ဆိုတာ ဘာလည်း။

တော်ပါပြီကွယ်. . . မောင့်ညီမလေးတွေနဲ့ အေးအေး ပျော်ရွှင်သော ဘဝမှာ ကျွန်မနေချင်ပါတယ်။ မိုးလုံးမှိုင်းဖြ ချင်တာတွေ ဖြစ်သွားရင်ပေါ့။

'ဦးနေမင်းက ငါထင်တာထက် ချောတယ်။ ခန့်ညားပြီး ယောကျ်ားပီသတယ်။ သူ့ကိုမြင်တာနဲ့ အားကိုးချင်စိတ် ပေါ် လာတယ်. . .'

တာရာ့စကားကြောင့် ပြုံးရပါတယ်။ ဦးနေမင်းက မိုးလုံး မှိုင်းကို အိမ်အထိ လိုက်ပို့တယ်လေ။ အိမ်မှာရှိနေတဲ့ တာရာနဲ့ မိတ်ဆက်ပေးလိုက်တာကိုး။ ဦးနေမင်း ပြန်သွားတာနှင့် တာရာ မေ ပြောတော့တာပေါ့။

'အားကိုးချင်စိတ်ပေါ် လာတယ်ဆိုတော့ ငါ့မောင်လေး အသည်းကွဲနေပါဦးမယ်. . .'

'ငါ့အတွက် မဟုတ်ဘူး မိုး. . . နင့်အတွက် နင့်အတွက် ဟဲ့. . .'





'ငါ့အတွက်. . . ဦးနေမင်းမှာ မိုးလုံးမှိုင်းအတွက်တဲ့ လား သူ့ကို မိုးလုံးမှိုင်း ဘယ်လောက်ထိ မုန်းတယ်ဆိုတာ တာရာ အသိဆုံးပါကွယ်. . .'

'မိုးရယ်. . . အာဃာတဆိုတာ'

'တော်ပြီ တာရာ. . . ငါ့ကို ခရီးရောက်မဆိုက် အာဃာ တတို့ ရန်ငြိုးတွေ မကောင်းပါဘူးလို့ လာပြောမနေနဲ့. . . ငါ ပြန်မလာဘဲ နေမယ်'

တာရာ သက်ပြင်းရှိုက်ပါတယ်။

ကျောပိုးအိတ်ကို ဆွဲယူကာ မိုးလုံးမှိုင်း အခန်းလေးဆီ သာခဲ့ပြီ။ အခန်းလေးက နွေးထွေးစွာ ကြိုဆိုပါတယ်. . ။

အိပ်ယာခင်းကို သေချာခင်းပြီး နားဖို့ပြင်ရတယ်။

အားရပါးရနှင့် စိတ်ချလက်ချ အိပ်ပစ်လိုက်ဦးမည်။

'မိုး'

'တာရာ- ငါ ညက မအိပ်ခဲ့ရဘူး. . . ငါ တရေးအိပ် မယ်- နိုးမှစကားပြောရအောင်လား-'

ကဲ- ကဲ ဒါဆိုလဲအိပ်. . နိုးမှပြောမယ်- ငါလာ ပြည့်မရှိတဲ့ အချိန်ပြောချင်တာ - ပြည့်ရှိတဲ့အချိန်ဆို ပြည့်က ခင်ပါ- ဒေါသ ကပါလာရော. .'



www.burmeseclassic.com

www.burmeseclassic.com



'ဘာအကြောင်းမို့လဲ တာရာရယ်. . .'

'ပိုက်နဲ့ ဝေယံအကြောင်း-'

ညီမလေးပိုက်နှင့် သူ့ခင်ပွန်းဝေယံအကြောင်းတဲ့။ ဘာတွေလဲ။ ဘာဖြစ်ကြပြန်သလဲ။ မိုးလုံမှိုင်း ဟိုသွားနေတဲ့အချိန်ကလေးအတွင်းမှာ သူတို့လင်မယားက ဘာဖြစ်ကြသလဲ။

'ကဲ- ပြောဟာ- ဖိုးပြည့်လာမှ ငါအိပ်တော့မယ်-'

'ဝေယံက ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်- သူ့ကုမ္ပဏီကဘဲ- ငါကိုယ်တိုင်တွေ့တာ သုံးလေးခါရှိပြီ. . ပိုက်က ဖိုးပြည့်သိရင် ယောက်ဖချင်းပြဿနာ ပိုကြီးမယ်ဆိုပြီး ထိန်းနေပုံရတယ် . . ပြည့်မရှိတဲ့အချိန်ဆို လင်မယားတကျက်ကျက်ဘဲ ငါကလဲ သည်ကိုနေ့ခင်းလာ ညပြန်လေ-'

'နင်နဲ့ဖိုးပြည့် လက်ထပ်သင့်ပြီတာရာ- ဖိုးပြည့်ကို နင်ထိမ်း နိုင်တယ်. . .'

'ငါတို့ သည်နှစ်ကုန် လက်ထပ်မှာပါ. . ဒါပေမဲ့ အခုအရေးကြီးနေတာ ပိုက်နဲ့ဝေယံဘဲ- ပြည့်သိရင် ဘယ်လိုဒေါသဖြစ်မယ်မထင်ဘူး. . .'

စိတ်ပျက်စရာဘဲ။

မိုးလုံမှိုင်းဖြစ်ချင်ရာတွေတောင်မှ ဘာမှမဖြစ်နိုင်သေး





ခင်မှာ ပိုက်တို့ကိစ္စက ဝင်လာပြန်ပါပြီ။ ခက်ပါတယ်။ ဝေယံဆိုတဲ့ ကောင်လေးက ချောပါတယ်။ ချမ်းသာတယ်။ ပိုက်အပေါ် ကြင်ကြင်နာနာသစ္စာရှိရှိ ရာသက်ပန်ချစ်ပါ့မလားဆိုတဲ့ မေးခွန်းကို သူတို့လက်ထပ်ခါနီးတုံးက မေးခဲ့ဘူးတယ်။ ဒါပေမဲ့လေ- ပြောတဲ့စကားကို တည်သူရှိ၊ မတည်သူရှိပေါ့။

'ပိုက်ကို ကျွန်မမေးမယ်. . .'

'ပိုက်ကတော့ မိုးနဲ့ဆိုပြောချင်ပြောမှာပါ- တာရာ့ကိုတောင် မပြောဘူး. .'

'ပိုက်နဲ့စကားပြောချိန်မှာ ဖိုးပြည့်ကို နင်ခေါ်ထုတ်သွားပေး တာရာ'

'အေးပါဟယ်. .'

တခါတခါတော့ အစ်မကြီးတစ်ယောက် ဖြစ်ရတာ ရင်မောတယ်-

ဖေဖေ မေမေရှိရင် တမျိုးပေါ့။

အခုတော့ ဖေဖေ မေမေမရှိကတည်းက အားလုံးအပေါ် ပူပန်ကြောင့်ကြရပါတယ်။ ညီမတစ်ယောက်ရဲ့ အိမ်ထောင်ရေး အပေါ်တော့ အကြံဉာဏ်ပေးယုံကလွဲပြီး ဘယ်လောက်ထိ ဝင်ပါနိုင်မှာတဲ့လဲ။အိပ်ချင်စိတ်ကလေးတောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်သည်မသိ။

'ငါ့ကို သုခမင်္ဂလာဆိုတဲ့ သစ်ခွရိပ်ငြိမ်အကြောင်း ပြောပါဦး. . .'

'စိတ်ပျက်စရာပါဟာ- ကြီးလှိုင်ကတစ်မျိုးဘဲ- ဒေါ်တင် ကြီးကလဲ ပထမတော့ ကောင်းမလိုလိုနဲ့ ကြီးလှိုင်နဲ့လည်း ပေါင်း လိုက်ရော မကောင်းတော့ဘူး. .'

'နင်နဲ့ဦးနေမင်း နီးစပ်သွားမှာ အဆင်ပြေသွားမှာ မလို လားဘူးထင်ပါရဲ့. . '

'ဦးနေမင်းနဲ့လဲ မဟုတ်ပါဘူးဟာ. . စိုးစံသူနဲ့ကြော လဲ သဘောမကျသလိုပါဘဲ. . '

'စိုးစံသူ ဟုတ်လား. . စိုးစံသူဆိုတာက ဘယ်သူလည်း မိုးတို့များ ချစ်သူတွေမှဲတွေ့တော့လည်း . . နှစ်ယောက်-'

'ချစ်သူမဟုတ်ပါဘူး. . သူတို့ကချစ်တာ ကျွန်မအောင် ဘူး. '

'ဦးနေမင်းအပြုံးကို တာရာဖြင့် သည်တခါမြင်ယုံနဲ့ သ ဘောကျစရာကောင်းတယ်လို့ မှတ်သေးတာ-အခါခါမြင်နေရ မိုးလုံးမှိုင်းကလေးကတော့ ရင်မခုန်ဘူးတဲ့လား ယုံရခက် ဘဲ. '





ယုံရခက်မနေနဲ့ တာရာ။

ဦးနေမင်းအပြုံးကို ရင်ခုန်ဖို့ထက် တနင့်နင့်ကြေကွဲ နာ ကျည်းနေရတာက ရင်ထဲမီးတောက်နေတယ်။

'စိုးစံသူကို မင်းမမြင်သေးဘူး တာရာ. . မြင်ဘူးစေချင် တယ်. . .'

'သူကလဲ လှချောလေးပဲလား'

'ပြောင်ချော်ချော် နောက်တောက်တောက်နဲ့ ရှုပ်တ တော့ ချောပါတယ်. . '

'ဦးနေမင်းနဲ့ ဘယ်သူပိုချောသလည်း. .'

'တာရာကလည်းလေ သည်ဦးနေမင်းကိုဘဲ သိပ်သ ဘောကျနေတာကိုး. . .'

စိုးစံသူနှင့်တွေ့ရရင် တာရာ ဘာပြောမည်မသိ။

စိုးစံသူက ဘယ်သူကိုပဲဖြစ်ဖြစ် ခင်မင်အောင် ပြော တတ်တာလေးတွေကိုတော့ တာရာတွေ့ရင် သဘောကျမှာပါ။ လုံးမှိုင်းကို ဆိုရင်တော့ စိုးစံသူက နောက်ပြောင်နေလို့ တခါ ရဲ့ မုန်းစရာတောင် ကောင်းပါသေးတယ်။

'မင်းနားချင်နားတော့လေ. . အိပ်ချင်လဲအိပ်- အိမ် ထဲမှာ အပြုံးတပွင့်တွေ့ရင် ရင်ခုန်ရတာပေါ့-'



www.burmeseclassic.com

www.burmeseclassic.com



'တာရာရယ်. . ကိုယ်ရင်မခုန်တတ်ပါဘူး. .'

'ရင်မခုန်တတ်ဘူး မပြောပါနဲ့ - ရင်မခုန်သေးဘူးပြော ငါပြောရဲတယ် မိုး. . သည်အပြုံးရဲ့ ဒါဏ်ကို နင်ကြာကြာမခံနိုင် ပါဘူး. . .'

'တော်ပါကွာ- ဦးနေမင်းကိုများ. . . မုန်းတယ်. .'

ဖျက်ခနဲဆို နူးညံ့နွေးထွေးလွန်းသော အပြုံးကိုမြင် တယ်။ တာရာပြောတဲ့ အပြုံးပေါ့။ ရင်မခုန်ရဘူးလို့ ကိုယ့်နှ သား ကိုယ်အမိန့်ပေးတယ်။ အိပ်ဆိုတော့လည်း အိပ်မပျော် တော့ပါဘူး။ မျက်ဝန်းတွေကြောင်ပြီး ဟိုတွေးသည်တွေး သစ်ခွရိပ်ငြိမ်ဆီကို ရောက်နေသလိုလို။

✳✳✳✳✳

မစားရတာကြာသော မီသားစုထမင်းဝိုင်းပါဘဲ။ မော ညီမလေးတွေ စုံစုံညီညီပေါ့။ တာရာပါ ပါတယ်လေ။ ဖိုးပြ ကတော့ အခုအချိန်ထိ မိုးလုံးမှိုင်းကို မကျေမနပ်စကား ဆိ သေးတယ်။ မမက သည်မှာအလုပ်မရှိလို့လား. . ဟိုး အဓိပ္ပါယ်မဲ့တဲ့ အလုပ်သွားလုပ်သတဲ့။ မိုးလုံးမှိုင်းအတွက်တော့ သည်အလုပ်က အဓိပ္ပါယ်ရှိတယ်။





'ခုလိုမျိုး မိသားစုထမင်းအတူ စားနေကြကနေ မမလို နေတော့ ထမင်းစားတိုင်းသတိရတယ်-'

'ဩော်- ဖိုးပြည့်ရယ်. . လေးငါးခြောက်လဆိုတာ ခဏ ပါတယ်. . .'

'ရန်ကုန်က အလုပ်တွေကို ကျွန်တော့်လွှဲပြီးတော့ ဟိုမှာ ဘသွားသင်တာ အံ့ဩတယ်. .'

'ဟဲ့ ငါ့ဆရာမ ကျေးဇူးရှိလို့ပါဆိုတာ . . ဘယ်နှစ်ခါ ပြောရမလဲ. . .'

မိုးလုံးမှိုင်းအသံ နည်းနည်းမာသွားတော့မှ ဖိုးပြည့်ငြိမ် သွားပါတော့တယ်။ဝေယံကတော့ အရင်လောက် မသွက်လက် သလိုပါဘဲ။

မညာစတမ်း ဝန်ခံရရင်။

သုခမင်္ဂလာရဲ့ ထမင်းဝိုင်းကလေးဆီ စိတ်ရောက်တယ်။

ဦးနေမင်းနဲ့အတူ ထမင်းစားရတဲ့ အချိန်တွေပေါ့။

အိမ်ရှေ့ကဘဲလ်တီးသံကြောင့် ဝေယံက ပြေးထွက်သွား ကြည့်ပါတယ်။ ခန်းဆီးကိုပြန်ဖွင့်ပြီး ပြောလာတာက။

'မမ ဧည့်သည်. .'

'ဧည့်သည် ဘယ်သူလဲဟင်. .'



www.burmeseclassic.com

www.burmeseclassic.com



'မှိုင်း ကျွန်တော်ပါ. .'

မမျှော်လင့်ဘဲ စိုးစံသူကို မြင်လိုက်ရတော့- စိတ်မှာအံ့ဩရသလို စိတ်ပျက်သွားသလိုလို ခက်တဲ့ စိုးစံသူပါ။

'ထမင်းဝင်စားပါလား စိုးစံသူ. . စားခဲ့ပြီးပြီလား-'

'ကျွေးရင်တော့ စားရမှာပေါ့-'

အားလုံးကိုသူဟာ မိုးလုံးမှိုင်းမိတ်ဆွေ ဒေါက်တာစိုးစံသူပါလို့ မိတ်ဆက်ပေးရတယ်။ တာရာ့အပြုံးကိုလည်း မသိချင်ယောင်ဆောင်ရတယ်။ စိုးစံသူက ခုချိန်မှာ မိုးလုံးမှိုင်းရဲ့ ဧည့်သည်ဘဲမဟုတ်လား။

'မင်းကို ကျွန်မ ဟင်းတွေထည့်မပေးတော့ဘူး စိုးစံသူ. ကြိုက်တဲ့ဟင်းကို ကိုယ့်ဖာသာထည့်စားတော့ သည်ဝိုင်းမှာ ကျွန်မရဲ့မောင်လေး ညီမလေးတွေချည်းပါဘဲ-မင်းလည်း မောင်တစ်ယောက်လို သဘောထားပြီး စိတ်ကြိုက်သုံးဆောင်ပါ. . .'

'ကျေးဇူးဘဲ မှိုင်း. . '

စိုးစံသူက ပျော်ရွှင်ခင်မင်တတ်သူဆိုတော့ ထမင်းဝိုင်းမှာ ခဏနှင့် ဖိုးပြည့်တို့ဝေယံတို့ကို ခင်မင်အောင် ပေါင်းတော့တယ်။ ခဏလေးနှင့် အဖွဲ့ကျသွားတယ်လေ။ တာရာတို့ ပိုက်တို့ကိုပင် စကားပြောနိုင်လာတယ်။ မင်းတော်ပါတယ် စိုးစံသူ။





ဦးနေမင်းဆိုရင်ကော. . ။ ခုလိုမျိုး မိုးလုံးမှိုင်းရဲ့ မိသားစုကို ခဏနှင့် ရင်းနှီးစေနိုင်ပါ့မလား။

'မှိုင်း ဘယ်နေ့ပြန်မလဲ. . . ကျွန်တော်တို့အတူ ပြန်ရအောင်-'

'ကျွန်မပြန်တဲ့နေ့ ဦးနေမင်းလာကြိုပါလိမ့်မယ်. . ပြောထားပြီးသား-'

မင်း မျက်နှာပျက်သွားတယ်။

အရင်တခါလို ရထားနဲ့ပြန်ရအောင်လား မှိုင်းရယ်တဲ့။

ကျွန်မက ပြောပြီးတဲ့စကားဆို တည်ချင်တယ်- တည်မှကြိုက်တယ်- စိုးစံသူ- ဦးနေမင်းကို လာခေါ်ဖို့ပြောပြီး ပြီလို့ဆိုရတယ်။

ထမင်းစားပြီးလို့ အိမ်ရှေ့ဧည့်ခန်းမှာ-

အချိုပွဲကလေး ဆက်လက်ကျင်းပတော့ မင်းဟာမိသားစုဝင် တစ်ယောက်လို ငယ်ပေါင်းကြီးဖော်တွေပမာ ပြောဆိုနိုင်တဲ့အထိ အခြေအနေရှိနေခဲ့တယ်- မင်းရဲ့လူမှုဆက်ဆံရေးတော်တဲ့ဉပုဒ်ပေါ့လေ။

'မှိုင်း. . '

'ရှင် '



www.burmeseclassic.com

www.burmeseclassic.com



'ပြန်မှာလဲ. .'

အားလုံးကို နှုတ်ဆက်တယ်-

သူလည်း ဘယ်သူမှမခေါ်ရခင် မပြန်ခင်မှာတော့ ထပ်ခေါက်လာခဲ့ဦးမယ်လို့ ပြောပါတယ်။ ခြံထဲထိ မိုးလုံးမှိုင်း လိုက်ပို့တဲ့အခါမှာ ပန်းအိုးတိုင်းလိုလို ပွင့်နေတဲ့သစ်ခွပွင့်တွေကို ကြည့်ပြီး မေးတာက။

'ကိုကြီး လိုက်ပို့တဲ့နေ့က သည်ပန်းပင်တွေ သည်ပန်းပွင့်တွေ မမြင်ဘူးလားတဲ့-'

'မသိဘူးလေ မြင် မမြင် ကျွန်မမှ မေးမကြည့်တာ ဘာလို့လဲ. .'

'သည်သစ်ခွပန်းတွေဆို ကိုကြီးနေမင်း လုံးဝမကြိုက်ဘူး'

'ဟုတ်လား'

သစ်ခွပန်းတွေကို မကြိုက်သည့် ဦးနေမင်းက မိုးလုံးမှိုင်း ဆိုတဲ့ သစ်ခွတစ်ပွင့်ကိုတော့ လက်ထပ်ခွင့်တောင်းသတဲ့လား

'မှိုင်း. . ကိုကြီးနဲ့အတူလာခဲ့တယ်. . ကိုကြီးနဲ့ မှိုင်း ချစ် သူတွေတော့ မဖြစ်သေးပါဘူးနော်-'

'အခုတော့ မဖြစ်သေးပါဘူး'

'ဘယ်လိုမှိုင်း- ဘယ်လို အခုတော့မဖြစ်သေးပါဘူး





ဟုတ်လား. . ဒါဆို. . နောက်ကိုတော့. . .'

စိုးစံသူ ပျာယာခပ်သွားပုံလေးကို မိုးလုံးမှိုင်း ကြွေနေရစဲ ကြည့်ပြီး အေးအေးဆေးဆေးရှင်းပြလိုက်တယ်လေ။ နောက်ဆိုတဲ့ မနက်ဖြန်များစွာကို ဘယ်သူကမြင်နိုင်တာလိုက်လို့ စိုးစံသူ။ သည်တော့ ဟိုး နောက်မှာဖြစ်လာနိုင်တဲ့ အခြေအနေတွေကို ကျွန်မကြိုမသိနိုင်ပါဘူးလို့ ပြောမိတယ်။

'ကျွန်တော့်မှာ မျှော်လင့်ချက်မရှိတော့ဘူးလား မှိုင်း. .'

'အမှန်ဝန်မခံရရင် အခုအချိန်မှာ မင်းနဲ့ပါတ်သတ်လို့သည်း ကျွန်မချစ်လို့မရတာ အမှန်ဘဲ စိုးစံသူ-'

နောက်ကိုရော မျှော်လင့်လို့ရမလား မှိုင်း-'

'ဘာကိုမှ မဖြေနိုင်အောင်ဘဲ စိုးစံသူရယ် ဒါပေမဲ့ သိပ်မမျှော်လင့်ထားပါနဲ့- မျှော်လင့်လွန်းအားကြီးပြီး ပြန်မလာရင် အနည်းဆုံး စိတ်ထိခိုက်ကြေကွဲမှုတော့ ဖြစ်ရမယ်. .'

'ဘာတွေဘဲဖြစ်လာဖြစ်လာ ကျွန်တော်မျှော်လင့်နေပါရစေလား မှိုင်းရယ်. . .'

စိုးစံသူ နှုတ်ဆက်ပြန်သွားပြီ။

အိမ်ကိုပြန်လျှောက်လာရင်း စဉ်းစားမိပါတယ်။

အတိတ်ကိုပြန်မတွေးရင် စိတ်ချမ်းသာသည်လို့ သိပါ



www.burmeseclassic.com

www.burmeseclassic.com



လျက်နှင့်. . မိုးလုံမှိုင်းက အတိတ်ရဲ့ ကြေကွဲခြင်းမှာဘဲ တဝဲလည် လည်ရှိနေတုံးပါဘဲ။ မကျေနပ်နိုင်ခြင်းဆိုတဲ့ နာကျင်မှုတွေက ဖိဆီးနေဆဲ။

'မှိုင်း. . ခေါ်လို့ကောင်းတယ်. . . တခါမှမကြားဖူး ဘူး'

'ဖိုးပြည့်တို့ကြားလို့ တလွဲထင်သွားပါမယ် တာရာ ရယ်. . စိုးစံသူကလဲလေ- အိမ်ကိုလာရတယ်လို့ဘဲ-'

'လာပါစေဟာ ဒါမှငါလဲ အခုတွေ့ရတာပေါ့. . ပြည့်တို့လဲ သည်လောက်တော့ လျှင်ပါတယ်. . အစ်ကိုတော်ချင်တော်နိုင်တယ် တွက်မှာပါ. . .'

'ငါ သူ့အတွက်ရင်မခုန်တတ်သေးဘူး. .'

'ဦးနေမင်းအတွက်ရော'

'ပိုဆိုးတော့မှာပေါ့. . ဦးနေမင်းကိုတွေ့ရင် ပိုတောင်နာနေသေးတယ်. .'

'အမုန်းနဲ့အချစ်ဟာ တဖက်စွန်းဆီမှာ ဆိုပေမဲ့ ခုန်ကျော်ပြီး ရောက်သွားနိုင်တယ်. . ရိုးသားတဲ့ခင်မင်မှုကသာ အလယ်မှာ ပုံမှန်နေနေတာ. . ဦးနေမင်းက စိုးစံသူထက် ရုပ်ဖြောင့်တယ်-အားကိုးချင်စရာဘဲ- စိုးစံသူကတော့ ချစ်စရာလေး ချစ်ချင်စရာလေး. . .'





'နင်မှာ ဖိုးပြည့်ရှိတယ်လေ တာရာ'

'ငါကနင့်အတွက် နင့်နေရာက ကူစဉ်းစားပေးတာ-'

'တော်ပါ. . .'

ပွင့်နေတဲ့သစ်ခွပွင့်တွေ။

ဦးနေမင်းကိုတော့ နည်းနည်းကသိတအောင် ဖြစ်အောင်လုပ်ပေးရဦးမည်။ ကိုကြီးနေမင်းက သစ်ခွပန်းတွေကြိုက်ဘူးလို့ စိုးစံသူကတော့ ဆိုပါတယ်။ ဒါကြောင့်လည်း သစ်ခွရိပ်ငြိမ်ကနေ သုခမင်္ဂလာ ဖြစ်သွားခဲ့တာနေမှာပေါ့။

'ဝေယံလဲ အများကြီးငြိမ်နေတယ်- နင်ရုတ်တရက်ပြန်လာတာ သူ့အကြောင်းသိလို့ ထင်သွားသလားမှမသိတာ. .'

'အိမ်ထောင်ပြုပြီးပြီဘဲ. . ဆင်ခြင်ရမှာပေါ့- စိတ်ကိုအလိုမလိုက်သင့်တော့ဘူး'

သည်တခါမှာ တာရာကပြုံးတယ်။ ဘာပြုံးတာလဲတာရာ နင့်အပြုံးက ငါ့ကိုလှောင်နေသလိုဘဲလို့ မေးလိုက်တာမှာ။

'စိတ်ကိုအလိုလိုမလိုက်သင့်ဘူး ဆိုလို့ပါ- နင်ရော စိတ်ကိုအလိုလိုက်ပြီး ကိုယ့်မှာတခြားစီးပွားရေး လုပ်ငန်းတွေရှိပါလျှက်အဝေးသွားစာသင်နေတာဘဲ မဟုတ်လား. . နင့်စိတ်ကိုနိုင်အောင်ချုပ်တည်းမသင့်တယ် မိုး. . . အဲလေ ယောင်လို့ မှိုင်း. . မှိုင်း'



www.burmeseclassic.com

www.burmeseclassic.com



'တာရာ..'

စိုးစံသူက မှိုင်းလို့ခေါ်တာကို သူသဘောကျနေပုံရပါတယ်။

မိုးလုံးမှိုင်းကရော စိတ်ကို အလိုလိုက်နေသူတဲ့လား။

'ဒါ့ကို ငါချစ်တယ်.. ငါ့ အဝေးရောက်နေချိန် အထူးသဖြင့် ရုတ်တရက်ပြန်မလာနိုင်ချိန်မှာမှ ဖြစ်ရတယ်.. ငါမကျေနပ် နိုင်ဘူး တာရာ...'

သည်လိုအခြေအနေတွေ ဖြစ်လာမယ်မှန်းသိရင် မေမေဆုံးပြီးစ၊ ပိုက်လက်ထပ်ပြီးစမှာ မိုးလုံးမှိုင်းဟာ ဦးလေး ရှိရာ ဩစတေးလျကို ထွက်သွားမိမှာ မဟုတ်ပါဘူး။ မောင်လေး ညီမ လေးတွေအတွက် စီးပွားရှာမှပါဆိုတဲ့ အတွေးကြောင့် ခေတ္တခွဲခွာ ခဲ့ရတော့မှာ။

'ခုချိန်ထိ ဦးနေမင်း ညာခဲ့တယ်လို့ ငါထင်တုံးဘဲ-'

'မဟုတ်ပါဘူးဆိုမှ မိုးရယ်..'

'ဟုတ်တယ်- ငါသည်အတိုင်းဘဲ တွေးတာ..'

တာရာကတော့ ကျွန်မရဲ့ခေါင်းမာမှုကို အခါခါစိတ်ပျက်နေကြတာလေ။ မိုးလုံးမှိုင်းဆိုတာ ဘယ်အရာဖြစ်ဖြစ်ကိုယ်တိုင် လက်ခံယုံကြည်ရမှ မဟုတ်လား။ သစ်ခွပွင့်ကို ခူးလိုက်တယ်။





'မနွယ်ချိုကိုလေ ခုထိမြင်နေတယ် သွေးတွေ သွေးတွေမှ အများကြီးဘဲ... ကျွန်မကြောက်လာပြီ..'

သတို့သမီးလေး တစ်ယောက်-

လှပသော ချိုမြိန်သောခံစားမှုတွေ ရင်မှာရှိနေမည့် အပျော်ရွှင်ဆုံးအချိန်။ ဘယ်လိုဖြစ်ခဲ့သလည်း။

ဦးနေမင်းက သူ့ကိုယ်သူ လူပျိုပါလို့ဆိုဆို သူဟာမိန်းမ တစ်ယောက်နှင့် လက်ထပ်ခဲ့တယ်။

အဲသည့်မိန်းမကို ချစ်သည်ဖြစ်စေ-

မချစ်သည်ဖြစ်စေ- လက်ထပ်ခဲ့တာကတော့ အသေအချာပါဘဲလေ။

ရင်ထဲမှာ စူးနေသလိုဘဲ-

အပ်ကလေးတစ်ချောင်းက တစစ်စစ်ထိုးဆွနေသလို ခံ စားမှုတခု။

ဘာအတွက်လဲ- ဘာကြောင့်လဲ..။

ကျွန်မသာဆို မချစ်မနှစ်သက်သော သူတစ်ယောက်တို့ ဘယ်လိုအကြောင်းနှင့်မှ လက်မထပ်နိုင်တာ အသေအချာပါဘဲ လေ။

✻✻✻✻✻



www.burmeseclassic.com

www.burmeseclassic.com



'မမ အမှန်အတိုင်းသိချင်တယ် ပိုက်. .'

ပိုက် မျက်ဝန်းမှာ မျက်ရည်တွေဝဲနေပြီ။

အိမ်ထောင်ရေးဆိုတာ ဘေးလူဝင်ပါရတာ မကောင်းတာအမှန်ပါဘဲလေ။ ညီမတို့အိမ်ထောင်ရေးမှာ မိုးလုံးမှိုင်း ဝင်မပါချင်ပါဘူး။ ဒါပေမဲ့ မောင် ညီမတွေအပေါ် သံယောဇဉ်ကြီးလွန်းသူမို့သာ မေးနေရတယ်။

'ဟုတ်တယ် မမ. . ပိုက်မမေးရဲဘူး. . မေးလိုက်ရင် ဟုတ် တယ် မင်းကိုဘဲကွာမယ်ဆိုတဲ့ အဆင့်ထိဖြစ်လာမှာ ပိုက်ကြောက် တယ်- ပိုက်တစ်ယောက်ထဲ ကြိတ်မှိတ်ခံစားရတယ် မမရယ်'

ပိုက်ကတော့ ငိုပါလေပြီ။

သူ့နေရာမှာ မိုးလုံမှိုင်းဝင်ခံစားလို့ ရပါတယ်။

'မမမှာ အိမ်ထောင်မရှိပေမဲ့ ကြားဘူးတာကတော့ သည် လိုကိစ္စမျိုးက ကြမ်းလို့မရဘူးလို့ ပြောကြတာဘဲ. . ပိုက်မှာ ဘယ်လိုချို့ယွင်းချက်တွေရှိသလည်း ဝေယံက သည်ကောင်မလေးကို ဘာနဲ့သဘောကျသွားသလည်း ကိုယ့်ဖာသာ စဉ်းစားပေါ့. . .'

'ဟုတ်ကဲ့မမ . . . ပိုက်စဉ်းစားပါမယ်. .'





မိုးလုံးမှိုင်းဟာ မောင်ညီမတွေကို သိပ်ချစ်တယ်လို့ပြောရင် ဟုတ်တယ်လို့ ဝန်ခံရမှာပါဘဲ။ သူတို့မျက်ရည်ကျရင် ထပ်တူ ညီမျှ ခံစားရတာပါ။

'ကိုယ်ကလက်ထပ်ထားတဲ့ ဇနီးဘဲ ပိုက် အခြေအနေအရဆို လက်ရှိဇနီးက သာပါတယ်. . ကိုယ့်ယောက်ျားကို လိမ်လိမ်မာမာထိမ်းပေါ့. . . မောင်ဝေယံက မမအမြင်မှာ သိပ်မဆိုးလှပါဘူး. . .'

'သူက ဖိုးပြည့်တို့နဲ့ အခုလိုနေရတာကို မနေချင်ဘူးထင်တယ် မမ. . . အိမ်ထောင်ပြုပြီးရင် ကိုယ့်ဖာသာအိမ်ခွဲနေသင့်တယ်လို့ ခဏခဏပြောတယ်. . .'

'အင်းလေ သူပြောတာလဲ ဟုတ်တာပါဘဲ- ကဲ- အိမ်ခွဲနေပါပြီတဲ့ ဘယ်မှာနေမလဲ. .'

'သူ့မှာ သူ့အဒေါ်ပေးထားတဲ့ တိုက်ခန်းရှိတယ် သူ့အဒေါ် နိုင်ငံခြားကပြန်မလာမချင်း နေလို့ရတယ်ဆိုတာ သူက သိပ်စိတ် ဝင်စားတယ်'

သက်ပြင်းတရှိုက်သာ ဖွဖွရှိုက်မိတယ်-

အစ်မကြီးပီပီ မောင်ညီမတွေနှင့်အတူ နေချင်ပေမဲ့ အိမ်ထောင်တွေကွဲပြား လာကြတဲ့အခါ တစ်ယောက်တစ်နေရာစီ

www.burmeseclassic.com



ခွဲနေပေါ့လေ။

'ဖိုးပြည့်က ပိုက်တို့ အိမ်ခွဲမယ်ဆို မကြိုက်ဘူး- သည်တိုက်ကကျယ်နေတာ ဘယ်သူမှမရှိဘဲ- တခြားသွားနေ ရမလားဆို-ဆူတယ်- ဒါကြောင့် ပိုက် မပြောရဲတိုင်း နေ နေရတာ'

'ဖိုးပြည့်နားလည်းအောင် မမ ပြောမယ်- ဝေယံကို လည်း မမ ပြောမယ် ပိုက်. .'

တကယ်ဆို မိုးလုံမှိုင်းတို့ မောင်နှမတွေကိုက တစ်ယောက်နှင့်တစ်ယောက် အင်မတန်သံယောဇဉ် ထားကြတာပါ။ ဖိုးပြည့် ကလည်း ပိုက်တို့အိမ်ခွဲသွားကြမှာကို မနှစ်သက်တာဟာ ချစ်ခင်လွန်းသော သံယောဇဉ်ကြောင့်ဆိုဟာ အသိသာကြီးပါ။ သည် နေ့ နေ့လည်ခင်းတော့ တာရာရောက်မလာသေးပါဘူး။

ခြံထဲဆင်းသွားပြီး သစ်ခွပင်တွေကို ကြည့်မိတယ်။ ဦးနေ မင်း စိတ်ဆိုးအောင်လုပ်ဖို့ မိုးလုံးမှိုင်း အကြံထုတ်နေမိပါပြီ။ သစ်ခွပန်းတွေကလည်း သိပ်ကိုလှပစွာ ပွင့်နေကြတယ် မဟုတ်လား။

မနက်ဖြန်မှာ သုခမင်္ဂလာကို ပြန်ရမည်။

ဘာဘဲပြောပြော သည်လောက်အချိန်ကလေး အတွင်းမှာ မိုးလုံးမှိုင်းဖြစ်ချင်ရာတွေ ဖြစ်စပြုတယ်လို့ ပြောရမှာပါဘဲ။





မိုးကိုချစ်တယ်-

ဒါကြောင့် လက်ထပ်ချင်ပါတယ်တဲ့။

ကားဝင်လာတာမို့ လှမ်းကြည့်မိပါတယ်။

ကားပေါ်ကဆင်းလာတဲ့ စိုးစံသူကို တွေ့ရပြန်ပြီ။

ခက်ပါလား။ ခဏခဏ လာနေတာဘဲ။

'ပထမလာတော့ ရွှေညည့်သည်. . ဒုတိယလာတော့ ငွေညည့်သည်တဲ့- ကျွန်တော်ကတော့ အိမ်ရှင်မျက်စောင်းထိုးခံ ရမဲ့ညည့်သည်ဘဲ နေမှာပါနော် မှိုင်း. . .'

'သိပ်ဟုတ်တာပေါ့ရှင်. .'

'တွေ့ချင်လို့ပါ မှိုင်းရယ်. . ကျွန်တော်ကလည်း ရန်ကုန်ရောက်နေခိုက်မို့ပါ. . မဟုတ်ရင်လဲ တွေ့ချင်လဲတွေ့ဖို့ မလွယ်ပါဘူး. . .'

'အိမ်မှာ ဦးနေမင်းလဲမရှိ စိုးစံသူလဲမရှိနဲ့ မမတင်တို့တော့ ကြောက်နေမလားဘဲ'

'အစ်ကိုရောက်နေပါတယ်-'

'ဪ- ဒါဆို တော်သေးတာပေါ့-'

'သည်မှာဘဲ ထိုင်ရအောင်ဗျာ. . .'

သစ်ခွပင်တွေနားက ခုံတန်းရှည်မှာ ဝင်ထိုင်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးတော့ ပိုင်ရှင်က ခွင့်ပြုတယ်- မပြုတယ်မသိ-သစ်ခွ ပန်းတစ်ပွင့် ခူးလိုက်သေးသည်။ ပန်လိုက်နော် မှိုင်းတဲ့။ ရှင်ဟာလေ ကျွန်မစိုက်ထားတဲ့ ပန်းပင်က ပန်းပွင့်ကိုလဲ လွယ်လွယ်ခူးပြီး ပေးတယ်။ တော်တော် ပန်ချင်စရာပါဘဲလေ။

'သည်နားမှာက ကောက်ပေးစရာ ခရေပန်းလဲမရှိ- ခူးပေးစရာ စံပယ်ပန်းလဲမရှိဆိုတော့ တွေ့တဲ့သစ်ခွပန်း ခူးပေးရတာပေါ့ မှိုင်းရဲ့. . .'

'ရှင် ဘယ်နေ့ပြန်မှာလဲ'

'အတူတူပြန်မယ်လေ-'

'ကျွန်မပြောပြီးပြီဘဲ- ကျွန်မက ဦးနေမင်းနဲ့ ပြန်မှာပါဆို'

'ကိုကြီးကို မှိုင်း စိတ်မဝင်စားပါဘူးနော်. .'

'အဲဒါရှင်နဲ့ ဆိုင်သလား. . .'

'ဆိုင်တာပေါ့- မောင် အသည်းကွဲရမဲ့ကိစ္စဘဲ- မောင်နဲ့ မဆိုင်ဘဲ ရှိပါ့မလား. . .'

'ကိုစိုးစံသူ ကျွန်မက အစ်မကြီး မောင်တွေ ညီမတွေနဲ့ နေရတာ။ ရှင် ခုလိုလာလည်ပုံနဲ့ ကြာရင် သူတို့ရိပ်မိကုန်မယ် မကောင်းပါဘူး. . .'

တာရာနှင့်ပိုက် သိတာ အရေးမကြီး။





ဖိုးပြည့်သိသွားရင် မကောင်းပါဘူး။ ဖိုးပြည့်က မိုးလုံးမှိုင်းကို သိပ်ချစ်တော့ လက်ထပ်စေချင်မှာ မဟုတ်ဘူးလေ။ စိုးစံသူက တော်သေးတယ်။ သူတို့တွေမှာလည်း ချစ်သူ ဆိုယ်စီရှိနေကြတာ သိသွားတော့လည်း တောင်းတာပေါ့တဲ့။

'ရှင့်ကိုမှ ကျွန်မ မချစ်ဘဲ မကောင်းပါဘူး. .'

'ဘယ်လိုမှိုင်း . . မောင့်ကိုမချစ်ဘူး ဟုတ်လား ဘာတယ်ပြောတာလားဟင်'

'တကယ်ပေါ့ ရှင့်ကို ကျွန်မမချစ်ဘူး-'

ကောင်းတယ်။

ဇ အခုမှဘဲ ငြိမ်သက်သွားတော့တာ။ မဟုတ်ရင် မြူးကြွ သွတ်လက်ပြီး စကားအကောင်းတစ်ခွန်းမှမပြော။ ဖြောင်သလို နောက်သလိုနဲ့။ မချစ်ဘူးတဲ့လား မှိုင်းရယ်။ ဒါပေါ့လေ အချစ်ဆိုတာ အမိန့်ပေးလို့ရတဲ့အရာမှ မဟုတ်တာဘဲ. . မချစ်ဘူးဆိုတော့လည်း ကြေကွဲခံစားရယုံပေါ့တဲ့။

'မောင်ပြန်မယ် မှိုင်း. .'

ပထမတော့ ပြန်သင့်တော်ကြာပြီလို့ နောက်လိုက်ဦးမလို့ ။ နောက်တော့ မကောင်းပါဘူးလေလို့ စိတ်ကိုဖြေပြီး ငြိမ်နေ ဆိုက်ရပါတယ်။ စိုးစံသူတော့ ပြန်သွားပြီ။ ဒါဘဲကောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ မိုးလုံးမှိုင်းနှလုံးသားက ချစ်ခြင်းကို မလိုချင်သေးပါဘူး။

ငါးရာ့နှစ်ဆယ့်ရှစ် ချစ်ခြင်းကြောင့်ပင် မိုးလုံးမှိုင်း ခံစား ကြေကွဲမပြီးနိုင်။

သိပ်ချစ်တတ်တဲ့ မိုးလုံးမှိုင်းဟာ ချစ်သူကိုဆိုရင်လည်း အသည်းတနင့် ချစ်မှာပါဘဲ။

နှလုံးသားက ဘယ်သူ့ကိုမှ ချစ်နိုင်မတဲ့လေ။

အခုတော့ သိကိုမသိချင်။

'မိုး တကယ်မသိဘူးလား မိုးရယ်. . .'

အလွန်လှပသော အပြုံးတပွင့်ကို ဖျက်ခနဲသတိရမိသား လား။

✳✳✳✳✳

ဖိုးပြည့်မရှိမှန်းသိလို့ မိုးလုံးမှိုင်းလုပ်ချင်တာတွေ စီ အဆင်ပြေပါတယ်။ ကားပေါ် ကမဆင်းခင်ကတည်းက ဦးနေ မင်းကား ရပ်ထားပြီဆိုတာတွေ့ လိုက်ရလို့သဘောကျ နှစ်မြို့က် သွားပါတယ်။ တာရာကတော့ ကြိုတင်တိုင်ပင်ထားသည့်အတိုင်း စကားတွေကြိုပြောပေး နေနှင့်မှာပါ။

ဧည့်ခန်းထဲကို ဝင်လိုက်တယ်ဆိုရင်ဘဲ။





'ဦးနေမင်း စောင့်နေရတာကြာပြီထင်တယ်- ကျွန်မ အားနာလိုက်တာ. . မင်္ဂလာက အရင်းနှီးဆုံးသူငယ်ချင်းဆိုတော့ ကျွန်မကိုမှ သတို့သမီးအရံ လုပ်ခိုင်းနေလို့ပါ. . . အရမ်းအားနာ တယ်. . .'

ဦးနေမင်းရဲ့ မျက်တောင်မခတ်ကြည့်နေတာ မျက်ဝန်း တွေ. . ။ ကြည့်စမ်းပါ. . ။ရှင် ခုလိုမျိုးကြည့်ရအောင် ကျွန် မှာဖြင့် ဘယ်မင်္ဂလာဆောင်မှ မသွားပါဘဲ- ပြင်ဆင်ပြန် လာ ရတာလေ။

လှတယ်လို့ ထင်သလား။

ဆံထုံးမှာပန်ထားတဲ့ များပြားလှပလွန်းသော သစ်ခွပန်း တွေနှင့် သတို့သမီးအရံအဖြစ် ပြင်ဆင်ထားတာတွေ။

ဦးနေမင်း ကြည့်စေချင်လို့ပါ။

'ခဏစောင့်နော်. . . ကျွန်မအဝတ်အစား လဲယုံလေး ဘဲ'

အကျီအဝတ်အစားသာ လဲလိုက်တယ်။ ဆံထုံးနှင့်ပန်း တွေကို သည်အတိုင်းထားလိုက်တယ်လေ။ လက်ဆွဲအိတ်ကို ဆွဲ ထွက်လာတော့ ဦးနေမင်းက ပြောပါတယ်။

'မိုး. . . ကိုယ်စောင့်ပါမယ် ဆံထုံးတို့ ပန်းတို့ပါ ဖြုတ်



www.burmeseclassic.com

www.burmeseclassic.com



ချိန်ရပါတယ် . .'

'အယ် မိုးရယ်- ဆံထုံးနဲ့ပန်းလေးတွေက နင့်မျက်နှာနဲ့ အပ်နေတာဘဲ အရမ်းလှတယ် . . မဖြုတ်ပါနဲ့ နှမျောစရာကြီး'

'အေးပါ . . သွားကြရအောင် ဦးနေမင်း .'

ဦးနေမင်း သက်ပြင်းရှိုက်တာကို မြင်ရပါတယ်။

မိုးလုံးမှိုင်းကို မပြောရဲလို့သာနေမှာပါ။

ကားမောင်းနေရတာ မိုးလုံးမှိုင်းကိုကြည့်လိုက်သေး တယ်။ ရှင်ပြောတော့ ကျွန်မကို ချစ်တယ်ဆို။ သစ်ခွပန်းတွေနဲ့ ကျွန်မ မလှလို့လား။

'ဦးနေမင်း . . ကျွန်မမေးစရာရှိတယ် အမှန်ဖြေနော်'

'ဖြေပါမယ် မိုး . .'

'ရှင် အတို့သားအဖြစ်နဲ့ ညော့ခံရတုံးက ရင်မခုန်ဘူး လား . . သည်နေ့ ကျွန်မတွေ့ခဲ့တဲ့ သတို့သားကတော့ ပျော်ရွှင် နေလွန်းလို့ အပြုံးကမဆဲဘူး . . .'

'ကိုယ်က ကိုယ့်ချစ်သူနဲ့ လက်ထပ်ရတာမှ မဟုတ်တာ ရင်ခုန်စရာအကြောင်းလဲ မရှိဘူး . . ပျော်ရွှင်စရာအကြောင်းလဲ မရှိဘူး . .'

'ဒါဆိုရင် ကျွန်မနဲ့ လက်ထပ်ရမယ်ဆိုရင်ကော . .'





'မိုးနဲ့လက်ထပ်ရမယ် တကယ်လား အခုဆိုရင်တောင် ကိုယ်ကြည်နူးပျော်ရွှင်စွာ လက်ထပ်မှာပါမိုးရယ် . . .'

ဦးနေမင်း ဟန်ဆောင်တတ်သလား။

ဦးနေမင်းရင်ထဲမှာ ချစ်ခြင်းရဲ့နူးညံ့မှုတွေ တကယ်ရှိသ လား။ယုံကြည်ခြင်းဆိုတာ မရှိမှတော့ . . အရာရာဟာ ဟန် ဆောင်နေတယ်ဆိုဘဲ ထင်နေမှာပါဘဲလေ။ကားမောင်းလာရင်း တိုက်ကြီးကျော်ယုံရှိသေး။ ကားက ဘာဖြစ်တယ်မသိ။

'မိုးဖွဲ့ကျနေတယ် . . . နှာစေးလိမ့်မယ်- ထီးဆောင်းပါ လား .'

'ခဏလေးဘဲ-'

ဦးနေမင်း ကားစက်ဖုံးဖွင့်ကြည့်နေတော့ မိုးလုံးမှိုင်း ထီး လေးဖွင့်ပြီ လိုက်ဆောင်းပေးမိတယ်။

'မိုး . . . လမ်းမဘက်ထွက်မရပ်နဲ့လေ- သည်ဘက် ခြမ်းကို လာမှပေါ့ . . .'

ကုန်ကားကြီးတစ်စီး ဖြတ်သွားတော့ မိုးလုံးမှိုင်းကို သည် ဖက် ကမန်းကတန်းဆွဲခေါ်ပါတယ်။

'ဦးနေမင်းကလည်း ဘာစိတ်ပူနေတာလဲ-'

'ကုန်ကားကြီးတွေက အရမ်းမောင်းတယ်- အဲသေပြေး



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ ဂရုစိုက်သင့်တယ် မိုး. . . ပြီးတော့ မင်းပန်ထားတဲ့ ပန်းတွေကို ကိုယ်သိပ်စိတ်ပျက်တာဘဲ- မင်းကိုချစ်လွန်းလို့ ကိုယ်မပြောတာ- အဲသည့်ပန်းတွေကို ကိုယ်မကြည့်ချင်ဘူး. . .'

ဖွင့်ပြောလာပြီ။

သစ်ခွပန်းတွေကို သိပ်စိတ်ပျက်သတဲ့။

မိုးလုံးမှိုင်းကို ချစ်လွန်းလို့ သစ်ခွပန်းတွေပန်တာကို မပြောတာဆိုပါလား။

သစ်ခွပန်းတွေကို ဦးနေမင်း မကြည့်ချင်ဘူးလို့ ဆိုပါတယ်။

'သည်ပန်းတွေကို မကြည့်ချင်ဘူး ဟုတ်လား. . . သစ်ခွပန်းတွေက နူးနူးညံ့ညံ့ လှလှပပနဲ့ ဘာလုပ်မှာမို့လဲ. . .'

'ကိုယ်မှ မကြိုက်တာ. .'

'ကျွန်မကတော့ သစ်ခွပန်းကို အကြိုက်ဆုံးဘဲ- ပွင့်ချပ်တွေက မာမာလေးတွေဆိုတော့ ကြာရှည်ခံတယ်. . လှပပြီး အနံ့ကသင်းသင်းလေး. . . ကျွန်မအကြိုက်ဆုံးပန်းက သစ်ခွပန်းဘဲ-ရှင်တို့ခြံမှာမရှိလို့ မပန်ရတာ. . တွေလား ကျွန်မခြံထဲမှာ သစ်ခွပင်တွေချည်းဘဲ- ပွင့်ရင် အရောင်စုံ လှမှလှဘဲလေ. .'

'ကိုယ်ကတော့ အဲသည့်ပန်းတွေကို မုန်းတယ်. . .'





မုန်းတယ်-

မုန်းတယ်ဆိုရင် မုန်းရတဲ့အကြောင်းရှိမှာပေါ့။

ရှင် အဲသည့်မုန်းရတဲ့အကြောင်းကို ပြောပြရဲသလား။

ပြောပြရဲရင် ပြောပြလိုက်လေ။

'ရှင်ပြောပုံဆို ကျွန်မက အခုပန်ထားတဲ့ပန်းတွေကိုဘဲ ချွတ်ပစ်ရမလို ဖြစ်နေပြီ. . .'

'လွှင့်ပစ်လိုက်ရင် အကောင်းဆုံးပါဘဲ. . .'

'အို. . နှမြောစရာ. . . . ကျွန်မအကြိုက်ဆုံးပန်းတွေ ကြီး. . .'

ဦးနေမင်းက မိုးလုံးမှိုင်းကို စူးစူးစိုက်စိုက် ကြည့်နေပါတယ်။

'မိုး. . . ကိုယ်အစိုးရိမ်ဆုံးက မင်းတခုခုဖြစ်သွားမှာ ဘဲ. . မင်းကိုကိုယ်ချစ်တယ်. . . မင်းနဲ့ဝေးရမှာ ကိုယ်ကြောက်တယ်. . .'

မိုးလုံးမှိုင်းရဲ့ မေးဖျားလေးကို ဖျစ်ညှစ်ပြီးမှ သူကအရင် လားပေါ်သွားထိုင်လိုက်ပြန်ပါတယ်။ ဦးနေမင်းပြောပုံက မိုးလုံးမှိုင်းတခုခု ဖြစ်သွားမှာကို အစိုးရိမ်ဆုံးဘဲလို့ ဆိုပါတယ်။ မိုးလုံးမှိုင်း ဘာဖြစ်ရမှာလည်း။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်းရယ်. . . ။

ရှင့်ကို သစ်ခွပန်းတွေက တစ္ဆေခြောက်သလို စွဲလန်းနေစေပြီလား။

အဲသည့်အကြောင်းမှာ ရှင့်အပြစ်တွေ အများကြီးပါတယ်။ ဒါပေမဲ့ရှင် အမှန်အတိုင်း ဝန်ခံရဲမှာ မဟုတ်ပါဘူး။

'ကျွန်မက တခုခုဖြစ်ရမယ်. . . ဘာဖြစ်စရာရှိသလဲ. .'

ကားမောင်းလာတဲ့အခါမှာ မေးလိုက်တယ်။

သူက ငြိမ်သက်စွာရှိနေရင်းမှ မိုးလုံးမှိုင်းကို ဖျက်ခနဲ ချက် လှမ်းကြည့်ပါတယ်။

'တခုခုပါဆို ကိုယ်လဲအတိအကျ မပြောနိုင်ဘူးပေါ့. . မမြင်နိုင်တဲ့ အန္တရာယ်တွေကို ကိုယ်စိတ်ပူတတ်နေတယ်. .'

'ဟင့်အင်း . . ရှင့်က ဘာစိတ်ပူနေတာ ကျွန်မအ ကြောက်စိတ်လုံးဝမရှိဘူး. . .'

'ကိုယ့်အတွက် ကိုယ်တခါမှ စိတ်မပူခဲ့ပါဘူး. . ဖြစ်လာ သမျှ ရင်ဆိုင်ဖို့ဘဲ. . မိုးအတွက်ကြတော့ စိတ်ပူတယ်. . မိုးကို ကိုယ်သိပ်ချစ်တယ်လေ. . .'

ကားစက်သံက မညက်ညောဘူး။





ကားမကောင်းဘူးလို့ ထင်တာဘဲ။ သည်ညနေတော့ သုခမင်္ဂလာကို ရောက်နိုင်မည်ထင်ပါတယ်။ သူက ကားစက်မ ကောင်းဘူးလို့ ပြောပါတယ်။ ရှင် ရန်ကုန်မှာထဲက တခါထဲ ကောင်းအောင်ပြင်ခဲ့ပါလားလို့ ပြောမိသည်။

'ကားကိုအမြဲလို စစ်ဆေးပြီးမှ ကိုယ်ခရီးသွားတာပါ. . အခုမှဘာယ်လိုဖြစ်ပြီး ကားကဖောက်ပြန်နေတယ် မသိပါဘူး. .'

'ကျွန်မ သစ်ခွပန်းတွေ ပန်လာလို့လား. . ရှင်ရော အဲလို ဘာထင်လို့လား. .'

'မထင်ပါဘူး. .'

ခုလောက်ဆို မဆိုးသေးဘူးပေါ့။

သုံးဆယ်မြို့ကျော်ယုံလေး ရှိသေးတယ်။ ကားတရပ် သွားပြန်ပါပြီ။ မိုးကတော်တော့်ကို သည်းနေတယ်လေ။ သူ ကားပေါ်က ဆင်းမည်ဆိုတော့ မိုးလုံးမှိုင်းပါ ထီးကလေးယူပြီး ဆင်းဖို့ပြင်ရတယ်။

'မိုးသည်းနေတယ်. . . အအေးမိပြီးဖျားပါမယ်- ကိုယ့် ဖာသာထီးဆောင်းပြီး သွားပါမယ်- မိုးကားပေါ်မှာဘဲ နေပါ. .'

'ရတယ်-'

မိုးလုံးမှိုင်းက အမြန်ဆုံးကားပေါ်က ဆင်းလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူကားပြင်နေတာကို ထီးမိုးပေးရင်းမှ စဉ်းစားနေမိတယ်။ နွယ်နွယ်ချိုနှင့်သူရော အဲလိုပင် ရင်းနှီးကျွမ်းဝင်ခဲ့သလား။ သူ့ဘေးမှာ နွယ်နွယ်ချိုဟာ အချိန်တိုင်းမှာအတူ ရှိနေခဲ့သလား။ သူက နွယ်နွယ်ချိုကို မချစ်ခဲ့ပါဘူးဆိုပေမဲ့ လက်ထပ်ခဲ့တယ်။

စိတ်ကချက်ခြင်း ဘယ်သို့ထိခိုက်သွားတယ် မသိ။

'ရော့ . . ထီးယူထား . .'

ကားပေါ်ပြန်လာထိုင်နေမိတယ်။

အဆင်မပြေ ဖြစ်သွားသောစိတ်ကိုပင် နားမလည်ချင်တော့။

'မိုး . .'

'ဟင်'

'ဘာဖြစ်လို့လဲ . . .'

'ဘာမှမဖြစ်ပါဘူး . .'

မိုးလုံးမှိုင်းတဖက်လှည့်ပြီး ငြိမ်ထိုင်နေလိုက်ပါတယ်။

ဦးနေမင်းက ကားကိုဂရုစိုက်မောင်းနေရလို့လား။

စကားသိပ်မပြောတော့ပြန်။ နွယ်နွယ်ချိုနှင့် သူဟာ သစ်ခွ ရိပ်ငြိမ်မှာ အတူနေခဲ့ကြတယ်။ မချစ်ပါဘူးဆိုသော စကားကို ဘယ်လောက်အထိ ယုံကြည်ရမှာလည်း။ ကားက





အခုတော့လဲ ကောင်းနေပြန်ပါတယ်။ ဒါဆိုရင် သူ့ခမက်လာကို ဖြန်ရောက်ဖို့ အချိန်သိပ်မလိုတော့ပါဘူး။

'ပိုပိုတို့ညိုညိုတို့ကို စာသင်ရဦးမှာမို့သာ . . ကျွန်မမိသား စုကို လွမ်းတယ် . .'

'ကိုယ့်ကို ထားရစ်ခဲ့မယ်ဆိုတာ သိပါတယ် . .'

'မနက်ဖြန်ဆိုတာ တွက်ဆဖို့မလွယ်ပါဘူး . .'

'မိုးဆီကို စိုးစံရောက်လာတယ် မဟုတ်လား-'

ဦးနေမင်းက မိုးလုံးမှိုင်းကို စိုးစံသူရောက်လာခဲ့တယ်ဆိုတာ ကြားသိနေနှင့်ပါလား။

'ကိုယ့်ထက်စာရင် စိုးစံကပိုပြီး အပြစ်တင်းစင်ပါတယ် . . ဘယ်ပန်းကလေးမဆို ဘဝခရီးအဖော်ကို အပြစ်တင်းစင်သူကို သာရွေးချယ်ကြမှာပါဘဲ . .'

'ဟုတ်တာပေါ့ . .'

စိုးစံသူကို မိုးလုံးမှိုင်းရွေးချယ်လိမ့်မည်လို့ ဦးနေမင်း တွက်ဆထားပုံပါ။ စိုးစံသူဟာ ဘဝခရီးအဖော်အဖြစ် ငြင်းစရာ မရှိဘူး ဆိုတာဟုတ်ပါတယ်။ ဒါပေမဲ့ အချစ်ကိုမေ့ထားလို့ရော ရပါ့ မလား။စိုးစံသူကို မိုးလုံးမှိုင်းမချစ်ပါဘူးလို့ ဦးနေမင်းကို ပြောမပြ နိုင်။



www.burmeseclassic.com

www.burmeseclassic.com



'သုခမင်္ဂလာကို မိုးပြန်လိုက်လာတာ ကိုယ်ဝမ်းသာပါတယ်. . တနေ့ . မိုးအပြီးတိုင် ပြန်သွားတော့မယ်ဆိုတဲ့အခါလဲ ကိုယ်ကြေကွဲဝမ်းနည်း နေရစ်ရဦးမှာပါဘဲ. .'

'ဆုံတွေ့တယ်ဆိုတာကိုက ကွဲကွာခြင်းရဲ့ အစဘဲမဟုတ်လား. . ခွဲခွာတယ်ဆိုတာ. . ရှိနေကြဦးမှာပါဘဲ ဦးနေမင်းရယ်. .'

သုခမင်္ဂလာရဲ့ ခြံဝမှာ ဖွန်ပန်းရုံကြီးက ဖွေးဖွေးလှုပ်ပွင့်နေတယ်။ စိုးစံသူနှင့် လာခူးနေကြလေ။ပြီးတော့ ခရေပင်ကြီးအောက်မှာလဲ ခရေပန်းကြွေတွေ များမှများပါဘဲ။ ထူးဆန်းအံ့ဩစရာကောင်းတာက သစ်ခွရိပ်ငြိမ်ဆိုသည့် သုခမင်္ဂလာကို မြင်ရချိန် မိုးလုံးမှိုင်းပျော်ရွှင်လာတာပါဘဲ။

ဒါဟာ မိုးလုံးမှိုင်းရဲ့ အိမ်မှီလား။

ခဏတာလေး နေရတာကိုပင် ဘာလို့စွဲလန်းစိတ်ဖြစ်နေရသလဲ။

✻✻✻✻✻

မိုးလုံးမှိုင်းရဲ့ ဆံထုံးပေါ်မှ သစ်ခွပန်းတွေကို ဒေါ်တင်မကြီးက ကြည့်နေပါတယ်။ တမင်ကိုပန်ထားတာ။ ညိုညိုနှင့်ပိုပိုက





တော့ မမမိုးပြန်လာပြီး ဝမ်းသာလိုက်တာ. . ပိုပိုတို့က ပြန်မလာမှာ စိုးရိမ်နေတယ်တဲ့။

'ဘာလို့ပြန်မလာရမှာလဲ- ပိုပိုရယ်. . မမမိုးက ပြန်လာမယ်ဆို လာမှာပေါ့- ကတိတည်တတ်ပါတယ်. .'

'ကိုစိုးတော့ ခုထိရန်ကုန်က ပြန်မလာသေးဘူး. .'

'မမမိုး အိမ်သွားမယ်လို့ပြောတယ်-'

'တင်တင်. . စံပယ်ကလေး ကိုယ်ပူနေလား လာကြည့်ပေး. . ဘြော် ပြန်လာပြီလား-'

ကြီးလှိုင်က မိုးလုံးမှိုင်းကိုမြင်သွားပြီ။

မျက်ဝန်းတွေက ဆံထုံးနှင့်ပန်းဆီမှာဘဲ ရောက်လာပါတယ်။ အခုတော့ မိုးလုံးမှိုင်း သိနေပါပြီ။ ကြီးလှိုင်က စံပယ်ဆိုတဲ့ သူတူမသာ အရာရာမှာအရေးကြီးဆုံးပဲ မဟုတ်လား။ဒေါ်တင်မကြီးလိုက်သွားတော့မှ ပိုပိုကပြောပါတယ်။

'မမမိုးက လှလိုက်တာ. . သစ်ခွပန်းအရောင်လေးနဲ့ ဆံခမ်းနီလေးက ဟပ်ပြီးအရမ်းလှတာဘဲ. . မမမိုး သစ်ခွပန်းတွေ ပန်လာတာ လေးလေးက မဆူဘူးလား-'

'ပိုပိုကလဲ- လေးလေးက မမမိုးကိုတော့ ဘယ်ဆူပါ့မလဲ- မမမိုးက ချေ့သည်ဘဲဟာ. . .'



www.burmeseclassic.com

www.burmeseclassic.com



'သစ်ခွပန်းပန်ရင် ဦးနေမင်းက ဆူသလား..'

'ဆူတာပေါ့.... အရင်တခါ ညိုညိုကိုသူငယ်ချင်းက ပေးလို့ ပန်လာမိပါတယ်- ဆူတာရစရာမရှိဘူး..'အဲသည့် သစ် ခွပန်းတွေကို လေးလေးမကြိုက်ဘူး...'

ပိုပိုက ပြောပါတယ်။

ဦးနေမင်းက သစ်ခွပန်းတွေကို မကြိုက်ဘူးတဲ့။ နွယ်နွယ်ချိုသေဆုံးတဲ့ အချိန်ကအကြောင်းကို ပိုပိုကပြော တယ်။ နွယ် နွယ်ချိုက သတို့သမီးဝတ်စုံနှင့်တဲ့။ မျက်ဝန်းမှာချ ခြင်းလို မြင်ယောင်လာပါတယ်။ နွယ်နွယ်ချိုက လှတယ်.. တော်တော့်ကို လှတယ်လို့ ပိုပိုကပြောလာပါတယ်။

'မနွယ်ချိုက လှတာတော့အမှန်ပါဘဲ- ဒါပေမဲ့ မမဖိုး တော့ မမှီဘူး-'

ညိုညိုစကားကြောင့် မိုးလုံးမှိုင်းရယ်ရပါသေးတယ်။

နွယ်နွယ်ချို လှတယ်ဆိုတဲ့ပြောသံတော့ ခဏခဏကြား ဘူးပါတယ်လေ။

'မနွယ်ချို လိမ့်ကျတော့လေ.. မသန္တာအော်လိုက်တာ သမီးတို့ဖြင့် ဂါဝန်တောင်မလဲရသေးဘူး.. ပြေးလာကြည့်လိုက် တော့.. သစ်ခွပန်းတွေက သွေးတွေရယ် ဦးနှောက်တွေ





ရယ်.. အမလေး.. အခုပြောအခုကြောက်တယ်-'

ပိုပိုက စကားရှေ့မဆက်တော့ပါ။

သွေးတွေနှင့် သစ်ခွပန်းတွေဆိုသော စကားကို သန်းသန်းကလည်း ပြောပါတယ်။

'လေးလေးက မနွယ်ချိုကိုမချစ်ဘူးဆိုပေမဲ့ စိတ်မ ကောင်းတော့ ဖြစ်မှာဘဲနော်.. လေးလေးက မနွယ်ချိုကို ပွေ့ ထားတာ..'

ရင်ထဲတင်းကြပ်သွားသလို ခံစားရတယ်။

ဟုတ်မှာပါ-

မှန်မှာပါ-

ချစ်သည်ဖြစ်စေ- မချစ်သည်ဖြစ်စေ နွယ်နွယ်ချိုဟာ ဦးနေမင်းရဲ့ သတို့သမီးဘဲပေါ့။

'လေးလေးကလေ သစ်ခွပန်းတွေကို တပွင့်ပြီးတပွင့် ကောက်ယူပြီး ကြည့်နေတာ.. မေမေတို့အားလုံးက လေးလေး ရူးသွားပြီလို့ ထင်နေတုံးမှာပေါ့..'

ဦးနေမင်းတစ်ယောက် ရူးသွားပြီလို့ မိသားစုတွေ အားလုံးကထင်ခဲ့ကြတာတဲ့။ ဒါပေမဲ့ မထင်မှတ်ပါဘဲ အဲသည့် အခြေအနေကို ကြည့်ပြီး စိတ်မမှန်ဖြစ်သွားသူက သန္တာမင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြန်ပါတယ်။ ဗိုဗိုနှင့်ညိုညိုကတော့ ခုထိကြောက်နေတုံးပါဘဲ မမမိုးရယ်တဲ့..။

'မသန္တာရှုးတာလဲ မပြောနဲ့.. သမီးတို့တောင် ညညဆို လှေကားကြီးကို ထွက်မကြည့်ရဲဘူး- မန္တယ်ချိုရှိနေမလား ကြောက်နေတယ်...'

မိုးလုံးမှိုင်းစိတ်မှာ လှေကားအလယ်က ခုန်ချသွားသော အဖြူရောင်အရိပ်ဆီကို ရောက်သွားပါတယ်။ အဲဒါဘယ်သူလဲ။ ဒါကိုတော့ တိတိကျကျသိချင်သေးသည်။ သူတို့လိုတော့ ထွက်မကြည့်ရဲလောက်အောင် မကြောက်ပါဘူး။

ညတိုင်း ညတိုင်း ထွက်စောင့်ကြည့်ဦးမည်လို့ စိတ်က တေးထားပါတယ်။

'မိုး.. ထမင်းစားမယ်-'

ဦးနေမင်းကိုယ်တိုင် လာခေါ်ပါတယ်။

ပထမတော့ မစားတော့ဘူး ငြင်းမလို့ပါ။ ဒါပေမဲ့ မိုးလုံးမှိုင်းစိတ်မှာ ဆုံးဖြတ်ချက်မချနိုင်ခင်တော့ အလိုက်အထိုက်နေရဦးမှာပါဘဲ။

'လေးလေးနေမင်းက မမမိုးနဲ့အတူ ထမင်းစားဖို့လာခေါ်တယ်... ကောင်းတာပေါ့.. လေးလေးခုလိုမျိုး ဘယ်သူ





ထမင်းမစားဘဲ တစ်ယောက်ထဲစားနေတာကြာလှပြီ'

'အရင်ကရော သူကနွယ်နွယ်ချိုနဲ့အတူ စားမလား င်...'

'ဟင့်အင်း မမမိုး.. လေးလေးတ ဖွားဖွားနဲ့စား ယ်.. ဖွားဖွားမရှိကတည်းက ဘယ်သူနဲ့မှမစားတော့ဘူး..'

စိတ်ကကျေနပ်သွားပြန်တယ်။

မိုးလုံးမှိုင်းရဲ့စိတ်က ကျေနပ်ခြင်းနဲ့ မကျေနပ်ခြင်းရဲ့ ဖက်စီကို ဟိုသည်ပြေးလွှားနိုင်လွန်းပါဘိ။ ထမင်းစားခန်းတို့ ဝင်မှာ စံပယ်လှိုင်ကို တဖက်စားပွဲမှာ ထမင်းစားနေတာ တွေ့ရ တယ်။

'ဦးနေမင်း.. ဘာဟင်းတွေစားမှာလဲ-'

'ကြိုက်တာစားပေါ့.. ဟင်းအကုန်ချထားတာဘဲ-'

'ငါးဟင်းပါလား... ကျွန်မအရိုးနွှင်ပေးမလို့ပါ-'

'ဟင့်အင်း.. မိုးပင်ပန်းပါတယ်.. မိုးပြုစုတာလဲ လို င်တယ်- မိုးပင်ပန်းမှာလဲ စိုးတယ်..'

'သည်အိမ်ကလူတွေကို ကျွန်မကြည့်နေတယ်... ည်းလုံးညီညွတ်မှု မရှိဘူး.. တစ်ယောက်တမျိုး အမျိုးမျိုးတွ ားနေသလို ချစ်ချစ်ခင်ခင်ကို မရှိတာ-'



www.burmeseclassic.com

www.burmeseclassic.com



'မိုးသိနေသားဘဲ. . . အတ္တကိုယ်စီရှေ့တန်းတင် နေမှ တော့ ဘယ်လိုချစ်ခင်ပါ့မလည်း မိုးရယ်. .'

'ဦးနေမင်းက အိမ်ထောင်ဦးစီးဘဲလေ- သူတို့စည်းလုံး လာအောင် ပြုပြင်ယူပေါ့-'

'ရပါလိမ့်မယ်. . ကြီးလှိုင်ကဆို စံပယ်မှစံပယ်- မမတင် က သူ့သမီးတွေမှ သူ့သမီးတွေ. . သူတို့အစွဲတွေကို ဖျောက်လို့ မှမရတာ. . .'

'သူတို့နဲ့ထမင်းအတူ မစားပါဘဲ- ကျွန်မနဲ့ကြမှ ထမင်းအ တူစားတော့ ပြောစရာဖြစ်တာပေါ့-'

'ပြောချင်လဲပြောပေါ့. . . မိုးကိုကိုယ်ချစ်တယ်လေ. .'

ကြီးလှိုင်က သိသိနှင့်ပင် ထမင်းစားခန်းထဲ ဝင်လာပုံပါ။ ပြီးတော့ စံပယ်နှင့်အတူ သွားထိုင်ထမင်းစားပါတယ်- ဦးနေမင်း ရှိနေတော့ မကျေမနပ်စကားမျိုးတွေတော့ မပြောပါဘူး။ ဒါပေမဲ့ မိုးလုံးမှိုင်းကို လှမ်းကြည့်သည့်မျက်နှာက မကျေမနပ်နှင့်ပါဘဲ။ ဒါပေါ့လေ ဦးနေမင်းကို အပိုင်ရပြီဆိုရင် သူ့ခမက်လာကို အပိုင်ရ တာနှင့် အတူတူဘဲမဟုတ်ပါလား။ မိုးလုံးမှိုင်းဟာ သူ့ခမက်လာကို အပိုင်လိုချင်သူ မဟုတ်ပါဘူး။ ဦးနေမင်းရဲ့ ကြမ်းတမ်းရိုင်းစိုင်း သော နှလုံးသားကို ကြည့်ယုံလေးသက်သက်ပါကွယ်။





'စိုးစံသူလဲ ပြန်မလာသေးဘူးနော်-'

ထမင်းစားနေရာမှ ဦးနေမင်းက ဆတ်ခနဲ မိုးလုံးမှိုင်းကို လှမ်းကြည့်တယ်။

ဝမ်းသာလိုက်တာ။

ရှင့်ကို ထိသွားတာလား။

ဒါဆိုရင်မိုတောင် ဝမ်းသာသေးတယ်။

'သိပ်သတိရနေလို့လား'

'အို. . ဘယ်သူကသတိရတယ် ပြောနေလို့လည်း. . ပြန်မလာသေးဘူး ပြောတာပါ. .'

'အဲဒါကိုသတိရလို့ပေါ့- ကိုယ်ဟာ သိပ်ချစ်တတ်သလို သူတို့တတ်တယ်နော်. .'

'အံမယ်- သည်လိုပြောကြစတမ်းလား- ကျွန်မက အပျို စင်စစ်နော်- ရှင့်လို မင်္ဂလာဆောင်ထားတဲ့ လူပျိုမဟုတ်ဘူး. .'

'မိုး. . အဲသည့်အကြောင်းမပြောပါနဲ့ကွာ'

'မပြောလို့ရမလားရှင့်. . ရှင်လက်ထပ်ခဲ့တယ်ဆိုတာ အသေအချာဘဲ. . အဲသည့်တုံးက ရှင်သိပ်ပျော်တယ်မဟုတ် လား. သတို့သမီးနဲ့တွဲလို့လေ-'

'မပျော်ပါဘူး- အဲလိုမပြောနဲ့ လုံးဝမပျော်ဘူး. . မေမေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကိုယ်လက်ထပ်ခဲ့ရတာ. . ကိုယ်—ချစ်ဘူး- ကိုယ် မင်း

ဘဲချစ်တယ်- မင်းကိုဘဲ ချစ်တယ်-'

'တိုးတိုးပြောပါ. . ဟိုဘက်စားပွဲမှာ လူတွေရှိတာ

သိဘူးလား'

'ရှိ- ရှိပေါ့. '

တခါတခါမှာ ဦးနေမင်းကို ကြည့်မရပြန်ဘူး။

သူကသူခမင်္ဂလာရဲ့ အရှင်သခင် မဟုတ်လား။

သည်တော့ သူ့စိတ်အတိုင်း ဆောင်ရွက်လေ့ရှိတယ်။

ကြောင့်မို့ ဇွန်း- ခက်ရင်းကို လက်စသတ်ပြီး ထွက်ခွာဖို့ ပြင်တယ်

လေ။

'မိုး. . ကိုယ့်ကို စိတ်ဆိုးသွားတာလား'

'ဆိုးတယ်. . '

'မိုးရယ်. . . '

အခန်းကို ပြန်လာခဲ့ရတယ်။

စိတ်မှာ တခုခုအတွက် မကြည်မလင်သလို ဖြစ်နေ

တယ်။ ဦးနေမင်း လက်ထပ်ခဲ့တယ်ဆိုတဲ့ အတွေးစကိုရသည်နှင့်

စိတ်မကြည်မလင် ဖြစ်သွားသလိုခံစားရတာပါလား။ မဖြစ်သင့်

ဘူး။ဦးနေမင်းနှင့် ပတ်သတ်၍ထိခိုက်တတ်သော ခံစားမှုမရှိ





ရ။

ကုတင်ပေါ်မှာ ထိုင်လိုက်တဲ့အချိန်မှာမှ။

ပြတင်းတံခါးကနေ ဝင်လာတဲ့ တရွေ့ရွေ့ သွားနေတဲ့

မြွေတစ်ကောင်ကို မြင်ရတယ်။

ဘုရားရေ။

အခန်းထဲဝင်လာမှာလား။

ကြောက်ရွံ့မိပြီ။

ဒါကြောင့်မို့ အခန်းတံခါးဝဆီ ထွက်ပြေးခဲ့တယ်။ တံခါးကို

ဖွင့်ပြီး အပြင်ကိုထွက်ရင်း ဘယ်သူကိုခေါ်ရမည် ကြည့်နေခိုက်။

'မိုး. . '

'ဦးနေမင်း. . ဦးနေမင်း. . မြွေ- မြွေ'

'ဘယ်မှာလဲ. . '

'အခန်းထဲမှာ. . '

ဦးနေမင်းက မိုးလုံးမှိုင်းနောက်ကို လိုက်လာခဲ့ပါတယ်။

တံခါးကနေဝင်လာတဲ့ မြွေက ခုနနေရာမှာ မရှိတော့ပါဘူး။

ဘယ်ရောက်သွားပြီလဲ။

အခန်းထဲ ဝင်လာပြီလား။

ကုတင်ပေါ်ရောက်လာမှာကို မိုးလုံးမှိုင်း အကြောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပါဘဲလေ။ ဒုက္ခဘဲ။

'ဘယ်ရောက်သွားပြီလဲ မသိဘူး- ဦးနေမင်း. . ကျွန်မကြောက်တယ်. . တော်ကြာ အိပ်ပျော်နေတဲ့ အချိန်မှာမှ ထွက်လာမှာကြောက်တယ်'

'ကဲပါ ဒါဆိုလဲ အခန်းတခန်းလုံးရှင်းပေးမယ်. . ဟုတ်ပြီလား. .'

'မိုးလုံးမှိုင်း. . . မိုး. .'

ဟင်

ဘယ်သူလဲ။

ဒေါ်တင်မကြီးက ဘာလို့အော်ခေါ်နေရတာလဲ။ တံခါးကို ဦးနေမင်းက ဖွင့်ပေးလိုက်ပါတယ်။

'မောင်နေမင်း. . ဘယ်လိုဖြစ်ပြီး သည်အခန်းထဲရောက်နေရတာလဲ. . .'

'အို. . မမတင်. . ဘယ်လိုပြောတာလဲ'

'မမတင်- စကားပြောရင်ကြည့်ပြောပါ- မိုးအခန်းထဲမြွေ ဝင်လာလို့ အခန်းရှင်းရမယ်. . .'

'မြွေ- ဘယ်မလဲမြွေ. . ဘယ်မှာလဲ-'

'ဟာဗျာ. . မမတင်. . ရှင်းပြနေရဦးမှာလား. . သန်း





သန်းရေ. . သန်းသန်း. . .'

ဦးနေမင်း စိတ်ဆိုးပြီသေချာတယ်။ အဲဒါမှဘဲ ဒေါ်တင်မကြီးက နောက်ထပ်စကားမဆက်တော့ပါဘူး။ သန်းသန်းက ပြေးလွှားရောက်လာပါတယ်။ အခန်းထဲအကုန် လိုက်ရှင်းဖို့ ဦးနေမင်းက ပြောတယ်လေ။ မိုးလုံးမှိုင်းကပါ တူရှင်းမယ် ပြောရမယ်။ ဒါပေမဲ့ မြွေက ဘယ်နားပုန်းနေသည်မသိ။

'ဘီဒိုတွေနောက်ထဲကိုပါ- ဒုတ်နဲ့လိုက်ရမ်းပစ်လိုက် သန်းသန်း. . မိုး သည်အခန်းမှာမနေရဲရင် အခန်းပြောင်းပေးလိုက် အပေါ်ထပ်က အခန်းလွတ်ကို ပြောင်းပေးလိုက်. .'

ဦးနေမင်းက ပြောပြီးထွက်သွားပြီ။

အပေါ်ထပ်အခန်းကို ပြောင်းရမည်ဆိုတာကို မိုးလုံးမှိုင်း စိတ်ဝင်စားပါတယ်။ လှေကားထိပ်မှာ ရပ်ရပါနေသည့် အဖြူရောင်အရိပ်ကို သေချာတွေ့အောင် ကြည့်ရမည်။ ဖြစ်လာတဲ့ အခြေအနေက ကျေနပ်စရာပါဘဲ။ မိုးလုံးမှိုင်းဖာသာ အိမ်ပေါ်ထပ်ပြောင်းပါတယ်ဆို ဘယ်ကောင်းပါ့မလည်း။

'မြွေ. . . မြွေကဘယ်မှာလဲ-'

ကြီးလှိုင်အသံကြားတာနှင့် စိတ်ပျက်ရပြီ။

ဦးနေမင်းကလည်း အခန်းထဲမရှိတော့-



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောအား ကောင်းတာပေါ့လေ။

'တွေ့လား သန်းသန်း. .'

'မတွေ့သေးဘူး. .'

'ဟုတ်ရောဟုတ်ရဲ့လား. . မိုးလုံးမှိုင်း. .'

'မြွေကတော့ သေချာဝင်လာတာဘဲ ကြီးလှိုင်- ဘယ်ရောက်သွားလဲတော့ မသိဘူး. .'

'အမလေး. . . မြွေကြီး မြွေကြီး. . သည်ထဲမှာခွေနေတယ်-'

သန်းသန်းက အားပါးတရအော်ပါလေရော။

သန်းသန်းအော်တော့မှ ကြီးလှိုင်က ပုခုံးတွန့်ပြီး အခန်းထဲ က ထွက်သွားတော့တယ်။ ဒေါ်တင်မကြီးကလည်း မြွေတော့ ကြောက်တယ် အူယားတယ်ဆိုပြီး ထွက်သွားပြန်ပါရော။

ကျေးဇူးတင်လိုက်တာ မြွေရယ်။

မတွေ့ခဲ့ရင် ပြောကောင်းနေကြဦးမှာ။

'မြွေတွေ့လား မိုး'

'တွေ့ပြီ ဦးနေမင်း- ဟိုဘီဒိုနောက်မှာတဲ့. .'

'သန်းသန်း. . နင်ဖယ်နေ'





'မသတ်ပါနဲ့ ဦးနေမင်းရယ် သနားပါတယ်. .'

'မသတ်ပါဘူး. . ကိုယ်လွှင့်ပစ်လိုက်ပါမယ်. .'

'မြွေက အခန်းထဲခဏခဏ ဝင်လာတယ် အောက်ထပ်အခန်းဆိုတော့. .'

'အင်းလေ ဒါကြောင့် မိုးအပေါ်ပြောင်းနေလို့ ပြောတာပေါ့. . ပြောင်းနေလိုက်ပါ. . မိသားစုတွေအားလုံးလိုလို အပေါ်မှာဘဲ နေကြတာဘဲဟာ. . .'

အပေါ်ထပ်ပြောင်းရမည့် အစီအစဉ်တော့ သဘောကျတယ် မိုးလုံးမှိုင်း အပေါ်ထပ်ကို ပြောင်းနေမည့် အစီအစဉ်ကို ကြီးလှိုင်တို့ကတော့ သဘောကျလိမ့်မည် မဟုတ်ပါ။

'သန်းသန်း. . မိုးကို အပေါ်ထပ်မှာပြင်ပေးလိုက်. .'

'ဟုတ်ကဲ့. .'

အခန်းထဲဝင်လာသည့် မြွေကိုတကယ် ကျေးဇူးတင်သွားပါတယ်။

ပစ္စည်းအနည်းငယ်ကို ကမန်းကတန်းနှင့် ချက်ခြင်းဘဲ သိမ်းဆည်းပစ်လိုက်တယ်လေ။

'မမိုး. . သည်အခန်းကပြောင်းရတာလဲ ကောင်းပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ သန်းသန်းရဲ့'

'သည်အခန်းက မနွယ်ချိုရဲ့အခန်းလေ. . '

'ဟုတ်လား'

သည်အခန်းက ပြောင်းရမည်ဆိုတော့မှ သိရတယ်။ သည်အခန်းဟာ နွယ်နွယ်ချို မသေဆုံးခင် နေသွားခဲ့သည်လို့ ဆိုပါတယ်။ ဒါနှင့်ပဲ ကြောက်ရရောလား။ လူမသေဘူးသည့် အိမ်မရှိ ပါဘူးလို့ အားလုံးသိနေကြတာပါ။

'အခုပြောင်းရမဲ့ အခန်းကရော ဘယ်သူ့အခန်းလဲ ဟင် သန်းသန်း. . '

'အခုအခန်းကလဲ- ဟိုလေ- ဟို'

'ပြောပါ သန်းသန်းရဲ့'

'ဒေါ်လေးဖြိုးအခန်း'

မိုးလုံးမှိုင်း ရယ်ရပါတယ်

သည်အိမ်မှာလိုက်ပြီး စစ်ရင် ဘယ်အခန်းမှသေတဲ့ လူနှင့် လွတ်မည်မထင်။ မေမေကြီးဒေါ်မြနုရဲ့ အခန်းဘယ်မှာလဲ ဆိုပြီး သွားနေလိုက်တာမှ ကောင်းဦးမယ်ထင်ပါရဲ့။

ရန်ကုန်ပြန်ရောက်မှ တာရာ့ကိုပြောပြရဦးမည်။

ကြောက်တတ်သော တာရာသာဆို. . ။





'ငါကတော့ကြောက်တယ် မိုး- အဖော်မရှိရင် မနေရဲပါဘူး'လို့ပြောမှာ။ အဖော်ဆိုတာ ထာဝရအတွက် ဖြစ်နိုင်မှကောင်းမှာပါလေ။

※※※※※

'မင်းကို မမတင်တစ်ခုသတိပေးမယ် မောင်မိုး. . . မိုးလုံးမှိုင်းကို မင်းသိပ်တရင်းတနှီးမနေပါနဲ့. . . မောင်နေမင်း နဲ့ကလဲ မရှင်းမလင်းလိုဘဲ. . . မင်းရန်ကုန်ကပြန်မရောက်ခင်မှာ. . . သူတို့နှစ်ယောက်ကို တစ်ခန်းထဲတွေ့ရတယ်. . . မိုးအခန်းထဲမှာ. . . မမတင်ကိုတွေ့မှ မြွေဝင်လို့ပါဆို စကားလွှဲချတယ်'

ဒေါ်တင်မကြီးရဲ့အသံက ခပ်တိုးတိုးဆိုပေမဲ့ မိုးလုံးမှိုင်းကတော့ ပီပီပြင်ပြင် ကြားနေရပါတယ်။ မိုးလုံးမှိုင်းသည်သစ်ပင်ရဲ့ နောက်မှာရှိနေတာ သူတို့မသိလိုက်တာလား။ သိပါလျက်တမင်ပြောနေတာလား။ ဒါပေမဲ့ စိုးစံသူပြန်ရောက်လာတာပင် မသိလိုက်ပါ။ အခုစကားသံကြားရပါမှ စိုးစံသူရှိနေတာ ခန့်မှန်းလို့ရပါတယ်။

'မမတင် အဲလိုမပြောပါနဲ့ဗျာ မှိုင်းနဲ့ကိုကြီးနေမင်း နှီး



www.burmeseclassic.com

www.burmeseclassic.com



သွားပါတယ်. . . အခန်းကအပေါ်ထပ်ပြောင်းနေတယ်လို့ ပိုပို ပြောလို့တောင်မှ ခုံးကြည့်သေးတာ မြွေကို သန်းသန်းကိုယ်တိုင် တွေ့တာပါတဲ့ မိန်းကလေးချင်း စာနာပြောပါ မမ. . .'

'အင်းလေ မင်းကခုနေပြောလဲ နားဝင်မှာမှ မဟုတ်ဘဲ သည်တော့ မင်းထိုက်နဲ့မင်းကံပဲ. . . မိုးလုံးမှိုင်းလိုမိန်းမက မင်းလိုဆရာဝန်ပေါက်စလေး. . . ဘာမှပိုင်ဆိုင်မှုမရှိတဲ့လူကို ရွေးမလား. . . မောင်နေမင်းလို အစစပြည့်စုံကြွယ်ဝတဲ့လူကိုပဲ ရွေးမှာပေါ့. . .'

'ဒါကတော့ မှိုင်းစိတ်ချမ်းသာဖို့လိုရင်းပါပဲလေ. . . သူလဲသူစိတ်ချမ်းစရာ ရွေးချယ်ပိုင်ခွင့်ရှိပါတယ်. . .'

ခုနေမှာမှ ထွက်ခွာသွားရင် တွေ့နေတော့မှာမို့သာ ငြိမ်ထိုင်နေရတယ်။ စိတ်ပျက်လိုက်တာ။ ဒေါ်တင်မကြီးတို့က မိုးလုံးမှိုင်းဟာ ဦးနေမင်းကို ကြွယ်ဝချမ်းသာမှုအတွက် ရွေးချယ်လိမ့်မည် တွက်ဆထားတာပါလား။ ခြေသံတွေ ကြားရပြီး စကားသံပျောက်သွားပေါ့။ သူတို့ထွက်ခွာသွားကြပြီထင်ပါရဲ့. . .။ ရေကန်ကလေးဆီ မရောက်တာကြာပြီ။ သွားချင်စိတ်မရှိတာ အံ့ဩစရာပါပဲ။

ခရေပန်းတွေသွားကောက်ချင်လာသလိုပါပဲ။





ဒါကြောင့်မို့ တစ်ယောက်ထဲအိမ်ရှေ့ဆီ ကွေ့ထွက်လာခဲ့ပါတယ်။

'မမမိုး'

'ဪ ပိုပို. . . စာတွေကျက်ဦးလေ'

'ကျက်ပြီးပါပြီ. . . ခဏညောင်းလို့ စက်ဘီးစီးမလို့. . .'

'ဒါဆို မမမိုးနဲ့ ခရေပင်ကြီးဆီ လျှောက်သွားရအောင်လား. . . မမမိုးပန်းသွားကောက်မလို့'

'မမမိုးက ခရေပန်းကြိုက်သလားဟင်'

'မမမိုးက ပန်းကလေးတွေအားလုံးကြိုက်တယ်. . .'

ပိုပိုနဲ့ ညီညီကတော့ ချစ်စရာလေးတွေပါ။ ဒေါ်တင်မကြီးကတော့ အရင်ကခုလောက်မဆိုးပါဘူး။ ကြီးလှိုင်နှင့် ပူးပေါင်းကြပြီးမှ ဘယ်လိုစိတ်တွေဝင်လာသည် မသိပါဘူး။ ရှိပါစေလေ။ မိုးလုံးမှိုင်းကလည်း သုခမင်္ဂလာဆိုသည့် သစ်ခွရိပ်ငြိမ်မှာ တယ်တော့မှ နေမည့်သူမဟုတ်ပါ။

'ပိုပို. . . မှိုင်း. . . မှိုင်း. . . . ပိုပို'

ခေါ်သံကြောင့် လှည့်ကြည့်မိပါတယ်။

စိုးစံသူ ပြေးလိုက်လာတာပါလား။

ဒေါ်တင်မကြီးပြောလဲပြောဆိုတဲ့ စိုးစံသူပါလား။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သွားကြမလို့လဲ'

'ပိုပို့နဲ့ ခရေသွားကောက်မလို့'

'ကျွန်တော်လဲ လိုက်မယ်'

'ကိုစိုးအဖော်ရပြီဆို ပိုပို စက်ဘီးစီးသွားတော့မယ်. . .'

ပိုပိုကတော့ စက်ဘီးစီးသွားပါပြီ။

'မှိုင်း. . .'

'ဘာလဲ. . .'

'မောင့်ကို တကယ်မချစ်တာလား'

'တကယ်ပေါ့. . .'

စိုးစံသူ သက်ပြင်းရှိုက်တယ်လေ။

ရှင်သိထားဖို့က ကျွန်မသစ်ခွရိပ်ငြိမ်မှာမနေချင်ဘူး။ ပျော်ရွှင်စရာမလိုဘူး။ ပန်းကလေးတွေ ပေါများတာတော့ သဘောကျပါတယ်။

'မှိုင်းကို မောင်သိပ်ချစ်တာပဲ. . .'

သူတို့ မိုးလုံးမှိုင်းကို ဘာလို့ချစ်နေကြတာလဲ

မိုးလုံးမှိုင်းရင်ထဲမှာရော ဘာတွေရှိနေသလဲ. . .။

အချစ်ကို ဘာလို့ရှာမတွေ့သေးတာလဲ။

'မောင့်ကိုပြန်ချစ်ပါ မိုးလုံးမှိုင်းရယ်. . .'





'မဖြစ်နိုင်ပါဘူး စိုးစံသူရယ်. . . ဘယ်သူ့ကိုမှ ကျွန်မ ချစ်လို့မရဘူး'

'ဘယ်သူ့ကိုမှ ချစ်လို့မရဘူးဟုတ်လား. . . ဒါဆိုကိုကြီးနေမင်းကိုရော မှိုင်း မချစ်ဘူးပေါ့. . .'

'မချစ်ဘူး. . .'

'ဟာ ပျော်လိုက်တာဗျာ'

'အို. . ဘယ်လိုလဲ. . .'

ဦးနေမင်းကို မိုးလုံးမှိုင်း မချစ်ဘူးဆိုတာနှင့် သူတသိပ်ပျော်ရွှင်နေပြန်တယ်။

'ဒါက ဘာဖြစ်နေတာလဲ'

'ပျော်နေတာလေ. . . မောင်က ကိုကြီးနေမင်းကို မှိုင်းချစ်သွားမှာ အရမ်းစိုးရိမ်တာ မောင်က ကိုကြီးနေမင်းလို ငွေကြေးမပြည့်စုံပါဘူး. . . တစ်ခါတစ်ခါ မှိုင်းကို လက်လွှတ်လိုက်ရမှာ အရမ်းကြောက်တာပဲ. . .'

'ကျွန်မက ငွေမက်နေတဲ့မိန်းမလို့ စိုးစံသူထင်လို့လား. . စိုးစံသူက အထင်သေးတာပဲ ရှင့်ကို ကျွန်မချစ်ခဲ့ရင် မရွေးနိုင် စရာမရှိပါဘူး. . . ရှင့်မှာ ဘဝခရီးအတွက် မြဲဆောင်နိုင်မဲ့ အရည်အချင်းတွေရှိပါတယ်. . . အချစ်ဆိုတာ ကျွန်မချင်

www.burmeseclassic.com



ထဲမှာ ရှိမနေသေးတာကြောင့်ပါ. . .'

'မှိုင်းစကားကြားရတာ အရမ်းအားတက်လာသလိုပဲ အချစ်ရှိလာရင်. . . မောင်ဝမ်းသာနိုင်ခွင့်ရှိဦးမှာပေါ့နော်'

'ချစ်မှ မချစ်တာ'

'အချိန်စောင့်မှာပေါ့. . .'

'သိပ် မျှော်လင့်ချက်တွေ မများပါနဲ့ စိုးစံသူ. . . မျှော်လင့်သလိုမဖြစ်ရင်. . . စိတ်မဆင်းရဲစေချင်ဘူး. . .'

ခရေပန်းအတူ ကောက်ရတယ်။

စိုးစံသူ အနားမှာရှိနေတာ. . . ဘယ်လိုခံစားရသလဲ။

တကယ်လို့ ဦးနေမင်းအနားမှာရှိနေချိန်ရော. . . ဘယ်လိုခံစားရပါသလဲ. . .။

ဝေခွဲမရတာအမှန်ပါ။

'စိတ်မဆင်းရဲစေချင်ဘူးဆိုကတည်းက စိတ်ချမ်းသာစေချင်တယ်ဆိုတဲ့ စိတ်နည်းနည်းရှိပါတယ်. . . မောင်စိတ်ချမ်းသာပါရစေ မှိုင်းရယ်. . .'

'ကျွန်မဘာကိုမှ ကတိမပေးနိုင်ဘူး စိုးစံသူ. . ချစ်တယ် မချစ်တယ် မသေချာပါဘဲ ချစ်တယ်အထင်နဲ့ ခေါင်း ညိတ်မိရင် ဘဝတစ်သက်လုံးအတွက်ပဲ မဟုတ်လား. . .'





'ဟုတ်ပါတယ်. . .'

စိုးစံသူ ကောက်ပေးတဲ့ ခရေပန်းလေးတွေလဲ ခြောက်သွေ့ပြီး ရန်ကုန်အိမ်က စာရေးစားပွဲပေါ်မှာ တုန်နေရစ်ခဲ့ပြီလေ။

'ဘယ်သူ့ကိုမှ မချစ်သေးဘူးဆိုတဲ့ မှိုင်းစကား အတွက် မောင်ဝမ်းသာပါတယ် မျှော်လင့်ချက်လေး နည်း နည်းရှိသေးလို့လေ. . .'

မိုးလုံးမှိုင်း ပြုံးရပါတယ်။

တစ်ခါတစ်ခါ စိုးစံသူက ကလေးဆန်တဲ့ အပြုအမူတလေးတွေရှိနေဆဲ။ ဦးနေမင်းလိုတော့. . .။

ခန့်ညားပြီး ယောကျ်ားပီသတယ် သူ့ကိုမြင်တာနဲ့ အားကိုးချင်စိတ်ပေါ်လာတယ်. . .။

တာရာ့ရဲ့ ဦးနေမင်းအညွှန်းကို သတိရမိပါတယ်။

မိုးလုံးမှိုင်းကရော ဦးနေမင်းအပေါ်မှာ အားကိုးချင်စိတ်ရှိပါ့မလား။

✲✲✲✲✲

ပိုပိုက စာပို့တော်ပေမဲ့ ရှန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



သချာတွက်ရင် တွက်တတ်ရဲ့သားနဲ့. . . ရှုန်းပြီး အမှား များတယ် ညိုညို့က ဉာဏ်နည်းနည်းလေးပေမဲ့ ကြိုးစားတော့ ဝီရိယပိုတဲ့အကျိုးခံစားရတယ်။ စာသင်နေတဲ့အချိန်မှာ အခန်း ဝကနေ စိုးစံသူ နှစ်ခါတိတိရပ်ကြည့်နေတာ။ ဘယ်သွားဦးမည်မ သိ။

'နင်တို့ကဘယ်တော့ ချမ်းသာမှာမို့ သည်ငွေကိုပြန်ဆပ် ပါမယ်လို့ ပြောရတာလဲ. . . မရွှေမြရဲ့. . . ဘယ်တုန်းကရော ပြန်ပေးဘူးဖို့လဲ. . .'

ကြီးလှိုင်အသံက ဆူဆူညံညံနှင့်။

ဘာဖြစ်နေပါလိမ့်။

ဘယ်သူ့ကိုများ ဆူဆူပူပူလုပ်နေသလဲ။

စိုးစံသူကို စပ်စုတယ် ပြောမိတာချက်ခြင်း ဝင်လည် တာပါပဲ။

'ဘာဖြစ်နေပါလိမ့်'

'ကြည့်မနေနဲ့ မမမိုး. . . အဲဒါ ဒေါ်ရွှေမြကြီး ပိုက်ဆံ လာချေးလို့ ကြီးလှိုင်နဲ့ ဆူညံပူညံဖြစ်နေကြတာ. . .'

'ဒေါ်ရွှေမြဆိုတာ ဘယ်သူလဲ ပိုပို. . .'

'ဟိုးအရင်တုန်းက ပိုပိုတို့ မမွေးခင်လောက်က သည်





အိမ်မှာ ထမင်းဟင်းချက်ခဲ့တယ် ပြောတာပဲ. . .'

'သြော်. . .'

ပိုပိုနှင့်ညိုညို့ကို စာသင်ချိန်ပြီးသွားလို့ အခန်းဆီပြန်ဖို့ ထွက်ခဲ့ပါတယ်။ ဧည့်ခန်းမှာ ကြီးလှိုင်တို့ရှိနေဆဲပါပဲလေ။ ဒေါ် ရွှေမြဆိုတဲ့ အဒေါ်ကြီးက ပိန်ပိန်လေး။ သူတို့ကို ကြည့်နေတယ် ထင်မှာစိုးလို့ အပေါ်ထပ်ကိုပဲ ဇာမန်းကတန်း တက်ခဲ့ပါတယ်။

'မိုး'

'ဟင် ဦးနေမင်း ဘယ်တုန်းကပြန်ရောက်နေလဲ ကားသံ တောင်မကြားမိပါဘူး. . .'

'ကားက ပျက်သွားတယ် တပည့်လေးတစ်ယောက် ပြင်ခိုင်းထားခဲ့တာ ညကြမှ လာပို့လိမ့်မယ်. . . မိုးစာသင်ပြီးပြီ လား. . . လမ်းလျှောက်ရအောင်. . . .'

'ရေကန်လေးဖက် ကျွန်မ မရောက်တာကြာပြီ သွား ချင်တယ်. . .'

'သွားလေ. . .'

ဦးနေမင်းနှင့်အတူ ထွက်လာတဲ့အချိန်မှာ ဒေါ်ရွှေမြ မရှိတော့ပါဘူး။

'ဦးနေမင်း ခုနပိုက်ဆံလာချေးတဲ့ အဒေါ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲဟင်'

'ဟိုးတုန်းက ထမင်းချက်တဲ့ ဒေါ်ရွှေမြပါ . . . သနား လို့ ငွေပေးလိုက် ငွေချေးလိုက် ပေးပါတယ် ဒါပေမဲ့ သူတို့ မိသားစုမှာ ဦးလေးလှမောင်အရက်ဖိုးနဲ့တုန်နေတာ'

'ဦးလေးလှမောင်ဆိုတာကရော'

'ဦးလှမောင်က ဒေါ်ရွှေမြယောက်ျားလေ . . . အရင် အိမ်ကဒါရိုက်ဘာ အမြဲမူးနေတတ်တယ် . . . စားစရာမရှိလို့ ငွေ ချေးလိုက်ရင် အရက်ဖိုးဖြစ်သွားတာပါပဲ . . .'

'ဦးလှမောင် . . . . ဟို မြင်းလှည်းမောင်းတဲ့ ဦးလေး လှမောင်ကြီးလား . . .'

'မိုး သိလို့လား . . .'

'သည်အိမ်ကိုလာတုန်းက မြင်းလှည်းစီးရတယ် . . အဲသည့်တုန်းက မမူးပါဘူး . . .'

'ညကြမှ သောက်တာပေါ့ မိုးရဲ့ . . . .'

မြက်ရိုင်းတွေရှိနေပါတယ်။

ဦးနေမင်းကလူသွားလမ်းကလေးကနေ သူအရင် လျှောက်တယ်။ မြွေတွေ့နေဦးမယ်လို့လဲ စိတ်ပူသေးတာ။

ထူးဆန်းအံ့သြဖွယ်ရာကောင်းလောက်အောင် မိုးလုံး





မှိုင်းဟာ ပျော်ရွှင်မှုကိုခံစားရပြီး ကြောက်ရွံ့မှုလည်း ကင်းနေပါ တယ်။

'မိုး . . . သိပ်ချစ်တယ် မိုးရယ် . . .'

'ကျွန်မလည်း သိပ်ချစ်တတ်ချင်ပါတယ် ဒါပေမဲ့ ရင်ထဲမှာ မချစ်တတ်သေးဘူး . . .'

'ချစ်တတ်လာတဲ့တစ်နေ့မှာ ကိုယ့်ကိုမိုးချစ်နိုင်ပါစေ ဗျာ . . .'

ရေကန်ကလေးကိုလှမ်းမြင်နေရပြီ။ စပယ်ခြုံတွေ မှာ စပယ်တွေကလည်း ဖွေးဖွေးလှုပ်ပွင့်လို့။ မိုးလုံးမှိုင်းပျော် ရွှင်စွာ စပယ်ပွင့်လေးတွေကို ခူးလိုက်တယ် ဆိုရင်ပဲ . . .။

'ဟိတ် . . .'

စပယ်ခြုံနောက်မှ ခုန်ထွက်လာတဲ့ အရိပ်။

'အမလေး'

ထိတ်လန့်စွာ အော်မိပါတယ်။

အရင်တစ်ခါကလည်း စိုးစံသူ သည်လိုချောက်လို့ လန့်ခဲ့ရ ပြီးပြီ။ ရင်တွေတုန်ရင်ပြီးကြည့်မိတဲ့အခါ . . .။

အဖြူရောင်ဝတ်စုံက ဖဲသားလိုတစ်လက်လက် တောက် ပနေပါလား။ ဆံပင်တွေက အရှည်ကြီးပဲ။ မိုးလုံးမှိုင်းကို စူးစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပါတယ်။ သန္တာမင်းဖြစ်မည်လို့ ချက်ခြင်းသိလိုက်တာ။

'သန္တာ. . . . သန္တာ'

ဦးနေမင်းခေါ်လိုက်တော့ ပိုသေချာသွားတာပေါ့။

သန္တာမင်းက အလွန်လှပချောမောပါလား။

စိတ်မမှန်တဲ့ အခါတွေလဲရှိတယ်တဲ့။

သနားစရာပါပဲ။ နှမြောစရာကောင်းလိုက်တာလို့ မိုးလုံးမှိုင်းကြည့်နေမိပါတယ်။

'သန္တာ. . . ညီမလေး. . . ရေကန်နားကို လာပြန်ပြီ တစ်ယောက်ထဲ မလာပါနဲ့လို့ပြောလို့လဲမရဘူး. . အရင် တစ်ခါကလည်း ကံကောင်းလို့ ပြန်တော့နော် သန္တာ. . .'

'ဘာလို့ပြန်ရမှာလဲ. . . ဘာလို့ပြန်ရမှာလဲ'

'ပြန်တော့ဆိုမှ. . .'

ဦးနေမင်းက သန္တာ့ကို ရေကန်ဖက်လျှောမကျအောင်ဆွဲယူလိုက်တယ်လေ။

'မပြန်ပါဘူးဆို. . . ကဲ. . . .'

'ဟာ. . . သန္တာ'

သန္တာက ဦးနေမင်းမျက်နှာကို လှမ်းကုတ်လိုက်တယ်။ ပြီးမှ အတင်းရုန်းတန်အော်ဟစ်လို့ မြက်ရိုင်းတွေကြား ပြေးထွက်





သွားခဲ့ပြီ။ ဦးနေမင်းကို မိုးလုံးမှိုင်း ကြည့်မိတဲ့အခါ။

'ပါးပေးမှာ သွေးစို့နေတယ်. . . လက်သည်းနဲ့ကုတ်သွားတာ ဦးနေမင်း. . .'

'အင်း. . . ခုမှစပ်ဓနသလိုပဲ သန္တာ့လက်သည်းတွေကို ညှပ်ပေးပါဆိုမှ ဘယ်သူမှ ညှပ်မပေးဘူး ခတ်တာပဲ. . .'

သန္တာ့အတွက် လူတစ်ယောက်ငှားပေမဲ့ ဘယ်သူ့မှလည်း အတူမနေရဲဘူးတဲ့လေ။ စိတ်မထင်ရင် မထင်သလို ပြုမူတတ်တာ မိုးလုံးမှိုင်းမျက်မြင်လက်တွေ့ဖြစ်သွားပြီ။သူ့အစ်ကိုကိုတောင် မကြောက်သေးတာ ကျန်တဲ့လူတွေကို ကြောက်မတဲ့လား။ ဝေးရောပေါ့။

ဦးနေမင်းကို မိုးလုံးမှိုင်းရဲ့ လက်ကိုင်ပုဝါကို ပေးလိုက်တယ်။

'သွေးစို့နေတာ သုတ်လိုက်လေ. . .'

'ဟင့်အင်း မိုး ပုဝါလေးပေသွားမယ်. . .'

'လက်ကိုင်ပုဝါက တန်ဖိုးမရှိလှပါဘူး. . . ဒါဏ်ရာက လက်သည်းဆိတ်တက်ပြီး ရင်းလာနိုင်တယ် ဦးနေမင်းရဲ့'

'မိုးသုတ်ပေး. . .'

'အံမယ် ဒါတော့ ဘယ်ရမလဲ. . .'



www.burmeseclassic.com

www.burmeseclassic.com



စပယ်ပွင့်ကလေးတွေနှင့် သူ့ကိုလှမ်းပေါက်မိပါ တယ်။ ဦးနေမင်းကပြုံးရင်း မိုးလုံးမှိုင်းကို ကြည့်နေတယ်။

တာရာပြောတာ သတိရလိုက်တယ်။

သည်အပြုံးကိုသာ ခဏခဏမြင်နေရရင် ငြိမ်သက်နေတဲ့ နှလုံးသားပင် လှုပ်ခတ်လာနိုင်တယ်ဆိုပါရောလား။

'သည်နေရာလေးက တကယ်လှတယ်နော် မိုးမြူတွေဝေပြီး မွှေးနေတာပဲ. . .'

'လှလဲလှတယ်. . . ဒုက္ခလဲပေးတယ်. . . သည် ရေကန်ကြောင့် သေတဲ့လူသေ. . . လိမ့်ကျပြီး အဆယ်မြန်လို့ရှင်တဲ့လူရှင်ပေါ့. . . ဒါပေမဲ့ သည်ရေကန်လေးကိုမြင်ပြီး ရင်တော့လာကြည့်ချင်ကြတယ်. . . မိုးကိုပဲ ကြည့်ပါလား'

'ဟုတ်တယ်. . . ဆွဲဆောင်မှုရှိတဲ့ နေရာလို့ပဲ ပြောရမှာပေါ့. . .'

'သေသည်အထိ ဆွဲဆောင်သွားရင်တော့ မကောင်းဘူးပေါ့. . .'

'မမတင် လိမ့်ကျတုန်းက အစ်ကိုဆယ်ပေလို့ ကံကောင်းလို့မသေတာ. . .'

'စိုးစံသူကတော့ ပြောပါတယ်. . . ဖူးစာဖက်မှန်လို့





ဆယ်လို့ရတာတဲ့. . . ကျွန်မလိမ့်ကျရင်တော့ သေမှာပဲ ဆယ်ချိန်မတောင်ရပ့ါမလား. . .'

မိုးလုံးမှိုင်းကတော့ နောက်ပြောင်ပြောလိုက်တာပါ။ ဒါပေမဲ့ ဦးနေမင်း မျက်နှာပျက်ပြီး စိတ်ဆိုးသွားလိုက်တာ။

'ဘာတွေလျှောက်ပြောနေလဲ. . . မင်းမသေရပါဘူး မင်းသေရင် ငါရူးလိမ့်မယ် မင်းကိုငါသိမ်ချစ်တယ် မင်းနဲ့ သေကွဲရှင်ကွဲ တစ်ခုမှ မကွဲချင်ဘူး. . .'

ဦးနေမင်းက မိုးလုံးမှိုင်း ပုခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ပြောနေလိုက်တာ။ ပြီးတော့မှ သူ့ရင်ခွင်ထဲမှာ တင်းတင်းကြပ်ကြပ်ပွေ့ဖက်ထားလိုက်တာ အခုပင်ပျောက်ကွယ်သွားတော့မည်အလား။

'အို လွှတ်ပါဦးနေမင်း. . .'

'မိုး. . . ကိုယ်တို့လက်ထပ်ကြရအောင်ကွာ. . . ကိုယ် မခွဲနိုင်တော့ဘူး. . .'

'ဟင့်အင်း ဟင့်အင်း. . . လက်ထပ်ဖို့ကတော့ လုံးဝ မဖြစ်နိုင်ပါဘူး. . .'

ဦးနေမင်း ရင်ခွင်ထဲက ရုန်းထွက်လိုက်ပါတယ်။ စပယ်ပန်းလေးတွေပင် ရေကန်ထဲပြုတ်ကျကုန်ကြတာပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်းက မိုးလုံးမှိုင်းဘေးမှာ ပင်ထိုင်ပြန်ပါတယ်။

'ဘာလို့လဲမသိပါဘူး . . . အချစ်ဆိုတာ အံ့ဩစရာပဲ . . . မိုးကိုတွေ့မှ ချစ်တတ်လာခဲ့တယ်'

'ကျွန်မကိုတွေ့မှ ချစ်တတ်လာလို့ ရှင်လက်ထပ်ခဲ့တာလား'

ဘာလို့သည်စကားကို စောင့်နေပါသလဲ။

ဝန်တိုခြင်းဆိုတာ . . . ။

ဦးနေမင်းကို ဘာလို့ ကျွန်မဝန်တိုနေရမှာပါလိမ့်။

ဒါပေမဲ့ ဦးနေမင်း လက်ထပ်ခဲ့တယ်လို့ သတိရမိရင် . . . ။

'ကိုယ်တောင်းပန်ပါတယ် မိုး . . . မေမေစိတ်ချမ်းသာပါစေဆိုပြီး ကိုယ်လိုက်လျောခဲ့တာပါ . . .'

'ဒါတွေ ကျွန်မမသိဘူး . . . ကျွန်မသိတာ ဦးနေမင်းလက်ထပ်ခဲ့တယ်ဆိုတာပဲ . . .'

ကိုယ်ဘယ်လိုမှ ပြုပြင်ယူလို့မရတဲ့ အတိတ်အကြောင်းတွေအတွက် တောင်းပန်ပါတယ် မိုး'

ဦးနေမင်းရယ် . . .

တောင်းပန်ယုံစကားလေးတစ်ခွန်းနှင့်တော့ အရာရာကို





ပြည့်ဖုံးကားချပေးရမှာတဲ့လား။ မိုးလုံးမှိုင်းထွက်လာခဲ့တော့ ဦးနေမင်းနောက်မှ လိုက်လာပါတယ်။ စိတ်ကမကျေနပ်ခြင်းတွေ ပြည့်သိပ်လာပြန်ပါတယ်။

ဒေါသဟာ ကြောက်စိတ်ကိုပါ ပျောက်ပျက်စေ တယ်ဆိုတာ မှန်ကန်ပါရဲ့။

ခုတော့လည်း မိုးလုံးမှိုင်းဟာ ဘယ်လိုအန္တရာယ် တွေကိုမှ ကြောက်ရွံ့ခြင်းမရှိတော့ပြန်ပါဘူး။ မြက်ရိုင်းရှည် တွေကြားတိုးဝှေ့ဖြတ်သန်းသွားမိပါတယ်။

ပျော်ရွှင်ခြင်း ကြည်နူးခြင်းတွေကတစ်ခါ

နာကျင်ခြင်း ကြေကွဲထိခိုက်ခြင်းတွေကတစ်ခါ . . ။

အမျိုးမျိုးသော ခံစားမှုတွေကို ဦးနေမင်းကပေး တယ်

ရင်ထဲက နှလုံးသွေးတွေပွက်ပွက်ဆူနေသလိုခံစားရပါတယ်လေ။ ဘာလို့ရယ် ခွဲခြားဖို့ ဦးနှောက်ကမအေးချမ်းပါ။

✻✻✻✻✻

မိုးသည်းထန်နေသကြောင့် လန့်နိုးလာပါတယ်။

ရှာလိုက်တဲ့မိုး။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ဆောင်းဝင်စပြုနေပြီ မိုးမရွာသင့်တော့ဘူး အင်းလေ. . . မုန်တိုင်းရှိတတ်တဲ့ ဆောင်းဝင်စကာလပဲ ရွာချင် ရွာဦးမှာပေါ့လေလို့ တွေးမိပါတယ်။ နာရီသံတစ်ချက် ချက်ကိုပင် မကြားရပါလား။

ခုနေ လှေကားထိပ်ကိုတက်ကြည့်မယ်. . .

ဟုတ်တယ်။

ဒါကြောင့်မို့ ဆံပင်အမြန်ဖြီးပြီး ကလစ်နဲ့ညှပ်လိုက်တယ်။

လျှပ်ရောင်တန်းက အခန်းထဲဝင်လာပြီ။

ခဏနေတော့ ပြင်းထန်တဲ့ မိုးခြိမ်းသံကို ကြားရ တယ်။ တံခါးကိုဖွင့်လိုက်တော့. . . တိတ်ဆိတ်ငြိမ်သက်မှုက ဆီး ကြိုပါတယ်။ လှေကားထိပ်ကိုမြင်ရဖို့ အကွေ့တစ်ကွေ့ လျှောက်ရဦးမှာ။ လှေကားထိပ်ကို တွေ့ရတဲ့ နေရာမှာ ရပ် ကြည့်မိတယ်။

ဟင်

အဖြူရောင်အရိပ်ကိုတွေ့ရပြီး. . .။

အနားထိသွားကြည့်မည်လို့ စိတ်ကူးနေခိုက်. . .။

ဆင်းသွားပြီ။





လှေကားကနေဆင်းသွားတာတွေ့ရတယ်။

မထူးဘူး။

လိုက်ကြည့်မယ်။

လှေကားထိပ်ကိုရောက်ခဲ့ပြီ။

အဖြူရောင်အရိပ်က လှေကားရင်းကိုပင် ဖြတ်သွားပေါ့။ တစ်ရွေ့ရွေ့ဖြတ်သွားတဲ့ အဖြူရောင်အရိပ်ကို လှေကားထိပ်မှ ရပ်ကြည့်မိနေဆဲမှာ. . .။

အဲဒါ မိုးလုံးမှိုင်းအရင်နေတဲ့ အခန်းပါလား။

တံခါးပွင့်သွားတာမြင်ရပြီး ဝင်သွားပြီ။

အခန်းတံခါးသွားဖွင့်ကြည့်ရမလား။

အဲလိုကြပြန်တော့လဲ မကောင်းပါဘူး။

ဘာလုပ်ရမည်မသိ ငေးကြည့်နေမိဆဲ။

'မိုး'

'ဟင် ဟင် ဦးနေမင်း'

'မိုး ဘာကြည့်နေတာလဲ. . .'

'အဖြူရောင်အရိပ်တစ်ခုတွေ့တယ်. . .'

'ဘယ်မှာလဲ. . . .'

'အရင် ကျွန်မနေတဲ့ အခန်းထဲဝင်သွားတယ်. . .'



www.burmeseclassic.com

www.burmeseclassic.com



'လာလေ သွားကြည့်ရအောင်. . .'

ဦးနေမင်းက မီးဖွင့်ဖို့ မီးခလုတ်ဆီသွားပါတယ်။

'မီးမဖွင့်နဲ့လေ. . . မီးဖွင့်ရင် တစ္ဆေဆိုတာရှိပါဦးမလား. . .'

မိုးလုံးမှိုင်းစကားကြောင့် ဦးနေမင်းကရယ်ပါတယ်။

'တစ္ဆေလို့ မိုးကထင်သလား'

'ထင်တော့မထင်ပါဘူး. . . ဒါပေမဲ့ ဖြစ်နိုင်တာ တွေးကြည့်ရတာ. . .'

ဦးနေမင်းက မိုးလုံးမှိုင်းစကားကြောင့် မီးမဖွင့်တော့ပါဘဲ အောက်ထပ်အခန်းဆီ လျှောက်သွားပါတယ်။ အခန်းထဲကို မိုးလုံးမှိုင်း ကြည့်လိုက်တဲ့အခါ. . . အခန်းက တိတ်ဆိတ်နေတာပဲရှိပါတယ်။ လျှပ်စီးတန်းတစ်ခုတစ်ချက် အလက်မှာ အခန်းတစ်ခုလုံးကို မြင်ရပေမဲ့. . . အဖြူရောင်အရိပ်နှင့် ပတ်သက်၍ ဘာဆိုဘာမှ မတွေ့ရတော့။

'ကျွန်မမျက်ဝန်းနဲ့ တပ်အပ်မြင်တာ ဦးနေမင်းရဲ့ သည်အခန်းထဲဝင်သွားတာ အသေအချာပါပဲ. . . အခုမရှိတော့ဘူး မဟုတ်နိုင်ဘူး. . .'

'မီးမဖွင့်နဲ့ဆို မှောင်နေတာမို့ မတွေ့တာလား'





'ရှိမှ မရှိတာ. . . ဟင်'

ရုတ်တရက် မီးဖွင့်လာတာမို့ လှည့်ကြည့်မိပါတယ်။ စိုးစံသူပါလား။

ဦးနေမင်းနှင့် မိုးလုံးမှိုင်းကို ကြည့်နေပါတယ်။

'လူသံကြားလို့ ကျွန်တော်လာကြည့်တာပါ. . . ဆောရီးပဲ. . .'

စိုးစံသူ လှည့်ထွက်ဖို့ ပြင်ပါတယ်။

ဘယ်လိုသဘောမျိုး ထင်သွားပါလိမ့်။

အဲလိုဖြစ်ရတာ အထင်ခံရတာတော့ လုံးဝမကြိုက်။

'သည်အခန်းထဲကို အရိပ်တစ်ခုဝင်သွားတယ် စိုးစံသူ အခုမရှိတော့ဘူး. . .'

မိုးလုံးမှိုင်း ဘာလို့ရှင်းပြမိပါလိမ့်။

စိုးစံသူ အထင်လွဲမှာစိုးရိမ်လို့များလား။

သူ့ဖာသာဘာထင်ထင် ရှင်းပြစရာအကြောင်းမရှိဘူး ထင်ပါရဲ့။

'အရိပ်'

'ဟုတ်တယ် အဖြူရောင်အရိပ်. . .'

'သန္တာနေမှာပါ. . .'



www.burmeseclassic.com

www.burmeseclassic.com



'သန္တာ. . . .'

'နေဦး သန္တာ့ကို သူ့အခန်းမှာ သွားကြည့်ဦးမှာပါ ကောင်မလေး ဘယ်လိုထွက်လာပြန်တယ် မသိပါဘူး. .'

'သူ့ကို အပြင်က ပိတ်ထားရသလား'

'ပိတ်လဲမထားရဲဘူး. . . အခန်းထဲမှာ သူ့ဖာသာသူလဲ တစ်ခါတစ်ခါလုပ်ချင်တာလုပ်တာ. . . ခဏခဏ သွားကြည့်နေရတယ်. . . အချိန်တိုင်းတော့လည်း စောင့်မကြည့်နိုင်ဘူးပေါ့. . .'

ဦးနေမင်းနှင့် စိုးစံသူက သန္တာမင်းအခန်းဆီသွားတော့ မိုးလုံးမှိုင်းလိုက်လာခဲ့ပါတယ်။ သန္တာမင်းအခန်းကို သည်တစ်ခါပဲရောက်ဖူးတာ. . . အခန်းက ရှင်းထားရတယ်။ ဘာပစ္စည်းမှ မရှိပါဘူး။ မွေ့ယာတစ်ခုပဲရှိတယ်။

'စောင်တွေထားပေးတာ. . . စောင်ကို ပြတင်းကနေ ချည်ပြီး အောက်ခုန်ချတယ်မိုးရယ်. . . အခုလဲ မရှိပြန်ဘူး. .'

အခန်းထဲမှာ သန္တာမင်း ရှိမနေပြန်။

ဒါဖြင့်ရင် မိုးလုံးမှိုင်းတွေ့လိုက်ရတဲ့ အဖြူရောင်အရိပ်က သန္တာမင်းဖြစ်နိုင်ပါတယ်။

ခက်နေတာက အခန်းထဲဝင်သွားတာ သေချာတွေ့ပြီး





သွားကြည့်တော့ မရှိပြန်။

'အိမ်ထဲမှာရှိပါ့မလား စိုးစံ. . . တော်ကြာ မိုးသည်းသည်း ရေကန်ဖက်များ သွားလေမလား. . .'

'အခန်းတိုင်း လျှောက်လာရင်ကော. . . သန်းသန်းတို့ပါနိုးပြီး ရှာခိုင်းလိုက်မယ် တော်ကြာ မိုးရွာထဲထွက်သွားလို့. . .'

'အိမ်မကြီးရဲ့တံခါးတွေတော့ ပိတ်ထားမှပေါ့. . . ဦးနေမင်းရဲ့. . . အပြင်မထွက်ဘဲ အိမ်ထဲမှာ လျှောက်သွားနေတာကမှ တော်ဦးမယ်. . .'

'သန္တာကလည်းတယ် သည်အိမ်မှာ တစ်သက်လုံးနေလာတာ. . . ဘယ်ပြူထင်းကထွက်ရမယ်အတုန်သိနေတာ. .'

ဟုတ်တော့လဲဟုတ်မှာပေါ့လေ။

သူခမက်လာမှာ အမြဲတမ်းနေလာခဲ့တော့လဲ သူ့အိမ်သူသိနေမှာပေါ့လေ။

'ဘာဖြစ်ကြပြန်ပြီလဲ. . . သည်ကောင်မလေး ပျောက်နေတိုင်း အိပ်ရေးပျက်ပေါင်းများနေပြီ. . .'

ကြီးလှိုင်ကတော့ မကျေမနပ်ဆိုပါတယ်။

သန်းသန်းတို့သားအမိကတော့ တစ်အိမ်လုံးလိုက် ရှာ



www.burmeseclassic.com

www.burmeseclassic.com



နေကြရတာပေါ့. . .။ မိုးလုံးမှိုင်းကတော့ တခြားအခန်း တွေထဲလဲ မဝင်ချင်တာမို့ ထမင်းစားပွဲမှာထိုင်ရင်း စာဖတ်နေလိုက်ပါတယ်။

'မှိုင်း. . . အဲသည့်အခန်းထဲကို ဝင်သွားတာ တကယ်လားဟင်. . .'

'ကျွန်မညာပြောတာပါ. . . အဲသည့် အခန်းထဲမှာ ဦးနေမင်းနဲ့ ချိန်းထားလို့. . .'

စိုးစံသူကို အမြင်ကပ်လို့ အရွဲ့တိုက်ပြောလိုက်တာပါ။ အဲသည့်အခန်းထဲကို အရိပ်တစ်ရိပ်ဝင်သွားပါတယ်ဆိုတာ ညာစရာလား။ လူကိုမယုံသင်္ကာနဲ့ တကယ်လားဟင်လို့ မေးရသလားပဲ။ အမြင်ကပ်စရာကောင်းတယ်။

'မဟုတ်ဘဲနဲ့ အဲလိုမပြောပါနဲ့ မှိုင်းရယ်. . . ကျွန်တော် စဉ်းစားကြည့်မလို့ပါ. . .'

'ရှင့်ကို ကျွန်မက ညာပြောနေရမှာလား. . . သည် အခန်းထဲဝင်သွားပါတယ်ဆိုမှ'

'ဒါဖြင့် ဘယ်ရောက်သွားလဲ. . .'

'ဒါတော့ ကျွန်မလဲသိပါ့မလား. . .'

စိုးစံသူနှင့် စကားပြောရတာ အဆင်ကိုမပြေ။



ဒါကြောင့် အခန်းရှိရာ ပြန်လာခဲ့ပါတယ်။

တော်ပြီ။ နောက်ကို အဖြူရောင်အရိပ်မကလို့ အနက်ရောင်အရိပ်ပဲတွေ့ လိုက်မကြည့်တော့ဘူး။ ရှုပ်ကိုရှုပ်တယ်။

ပျော်အောင်အိပ်မှပါ။

သူတို့ဖာသာ ဘာတွေဖြစ်နေဖြစ်နေ။

မိုးလုံးမှိုင်းဆိုတာ သစ်ခွရိပ်ငြိမ်မိသားစုမှ မဟုတ်တာဘဲ။

✳✳✳✳✳

'ညက သန္တာ့ကို စတိုခန်းထဲမှာ အိပ်နေတာတွေ့ရတယ်. . . သူဝတ်ထားတာ အဖြူရောင်တော့ မဟုတ်ဘူး. . . မိုး. . . အစိမ်းရောင်နုနုဝတ်စုံပါပဲ. . . သူ့ကို မိုးမြင်တာနေမှာပါ. . .'

ညကတွေ့ရတဲ့ အဖြူရိပ်ဟာ သန္တာမင်းဖြစ်တယ်ပဲ ထားပါဦး။ အခန်းထဲဝင်သွားပါလျက် အခန်းထဲကနေ ပျောက်သွားခဲ့တာပဲ။ သစ်ခွရိပ်ငြိမ်ကအကြောင်းတွေကို စိတ်ဝင်စားနေရမှာလား. . . မိုးလုံးမှိုင်း စိတ်ဝင်စားရမှာက ဦးနေမင်းတစ်ယောက်ထဲကိုပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



'အင်းလေ. . . အဲသည့်အဖြူရောင်အရိပ်တွေနေ တာ သန္တာမင်းပဲဖြစ်ဖြစ်. . . တစ္ဆေပဲဖြစ်ဖြစ်. . . ဖြစ်ချင် ရာဖြစ်ပါစေ ကျွန်မနဲ့ ဘာမှမဆိုင်ပါဘူး. . . တော်ပြီ နောက်ဆို ဘယ်တော့မှ ထွက်မကြည့်တော့ဘူး. . .'

'အိမ်က သိပ်ကြီးသလို အခန်းတွေကလဲများလို့ တစ္ဆေ တစ္ဆေနဲ့ ပြောနေကြတာပါ. . . ကိုယ်ကတော့ တစ္ဆေ လုံးဝမရှိပါဘူးလို့ ပြောရမှာပါပဲ. . .'

'ရှိလဲ ကျွန်မ မကြောက်ပါဘူး. .'

'မိုးက မကြောက်ဘူးလား. . .'

'ဟင့်အင်း'

'စိတ်ချပါမိုးရယ်. . . သုခမင်္ဂလာမှာ မိုးကို ဘယ်လို အန္တရာယ်မှ မကြုံရစေပါဘူး. . .'

'ကျေးဇူးပဲ ဦးနေမင်း ဒါပေမဲ့ ကျွန်မကိုယ်ကျွန်မလဲ ဂရုစိုက်ပါမယ်. . . သုခမင်္ဂလာမှာဘယ်လိုအန္တရာယ်မှ မရှိနိုင်ပါဘူး. . .'

ပြောမည့်သာပြောရတယ်

အခန်းထဲထိ ဝင်လာသော မြွေတွေကိုတော့ မိုးလုံးမှိုင်း နည်းနည်းလန့်ပါတယ်။ ဦးနေမင်းနှင့် ကော်ဖီသောက်နေခိုက်





ဒေါ်တင်မကြီးဝင်လာပါတယ်။ ပိုပိုတို့ကို ကျောင်းပို့ဖို့ မြင်းလှည်းလာကြိုနိုင်မှာမဟုတ်လို့ ဦးနေမင်းကားနဲ့ လိုက်ပါရစေတဲ့။

'လိုက်ခဲ့လေ. . . မြင်းလှည်းက ဘာဖြစ်လို့လဲ မမတင်'

'မောင်တင်ရွှေ ရွာပြန်သွားလို့ပါ'

'ဒါဆိုလဲ ဦးလှမောင်ကိုပြောပေါ့'

'ဦးလှမောင်နဲ့များ မပတ်သက်ချင်ပါနဲ့တော့ မောင်နေမင်းရယ်. . သူတို့မိသားစုက ဘယ်တုန်းကကောင်းကျိုးပေးဘူးလို့လဲ. . .'

'သည်လိုတော့ မပြောပါနဲ့. . . . မမတင် မေမေရှိစဉ်က သူတို့ဟာ အကောင်းဆုံးအလုပ်သမားတွေပါ ကူညီနိုင်သမျှ ကူညီကြရမှာပါပဲ. . .'

'ရတယ် မမတင် တခြားမြင်လှည်းတစ်စီး စီစဉ်လိုက်မယ်. . .'

ဒေါ်တင်မကြီးကတော့ ဦးလေးဦးလှမောင်တို့ မိသားစုကို နှစ်သက်ပုံမရပါ။ အကြောင်းတစ်ခုခုရှိမည်လား။ ဒါကိုတော့ သိလိုပါသည်။ ဒေါ်တင်မကြီး ထွက်သွားပြီး သိပ်မကြာလိုက် စိုးစံသူ ဝင်လာပြန်ပါတယ်။

စိုးစံသူနှင့် မျက်လုံးချင်းတစ်ခါဆုံပြီးတော့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မကြည့်မိအောင် နေလိုက်တယ်။

တောင်းပန်မနေနဲ့။

'မှိုင်း ကျွန်တော်မြို့ထဲဈေးသွားဝယ်မလို့ ဘာမှာမလဲ. . .'

'စိုးစံ ဈေးဝယ်မယ်ဆို ကိုယ်တို့နဲ့ လိုက်ခဲ့ပါလား. .'

'မလိုက်တော့ဘူးကိုကြီး. . . ကျွန်တော်က ရှစ်နာရီကျော်မှ ဦးလေးဦးလှမောင် မြင်းလှည်းကို မှာထားတယ်'

ဦးလှမောင်မြင်းလှည်းတဲ့။

ဒါဆိုရင်တော့ စိုးစံသူနှင့် လိုက်သွားဦးမည်။

'စိုးစံသူ. . . ကျွန်မလဲလိုက်ခဲ့မယ်. . . ဈေးကို တစ်ခါမှ မရောက်ဖူးသေးဘူး. . .'

'မှိုး ဈေးရောက်ဖူးချင်ရင် ကိုယ် စနေနေ့လိုက်ပို့မယ်လေ. . .'

'ဟင့်အင်း ဦးနေမင်း. . . ကျွန်မ သည်နေ့ပဲလိုက် သွားတော့မယ်. . .'

'မှိုင်း အဝတ်အစားလဲ အသင့်ပြင်ထားလေ။ မြင်းလှည်းလာရင်သွားမယ်. . .'

'ဟုတ်ပြီ စိုးစံသူ. . .'





ဦးနေမင်းက စိုးစံသူနှင့် ဈေးသွားမည်ဆိုတာကို နှစ်သက်ပုံမရ။ ဒါပေမဲ့ မိုးလုံးမှိုင်းကတော့ မှန်သည်ထင်ရင် သွားရမှာပါပဲလေ။ အခန်းပြန်ပြီး ပြင်ဆင်ထားလိုက်တယ်။ စိုးစံသူ လာခေါ်ရင်အသင့်ဖြစ်နေအောင်ပေါ့။

ခဏနေတော့ စိုးစံသူ လာခေါ်ပါတယ်။

မိုးလုံးမှိုင်းတို့နှစ်ယောက် ဧည့်ခန်းဖြတ်သွားတဲ့အချိန်မှာ။

'မောင်စိုးစံ. . . မင်းကဘယ်သွားဦးမလို့လဲ မောင်နေခင်းတို့ တင်ဇော်တို့ မရှိတုန်း အိမ်မှာနေပါလား ဟိုကောင်မလေးတာ မထင်ရင်မထင်သလို လုပ်နေတာ. . ငါကြောက်တယ်. .'

'ကြီးလိှုင်ကလဲ မကြောက်ပါနဲ့ သန္တာကအမြဲလိုစိတ်မမှန် တာမှ မဟုတ်တာ. . . အခုလဲ သူ့ဖာသာအိပ်နေတာ သန်းသန်းတို့ကို မှာခဲ့ပါတယ်. . . ဂရုစိုက်လိုက်ပါလို့လေ လာမှိုင်း. . .'

ကြီးလှိုင်ကို မကြည့်မိအောင်နေရတယ်

မဟုတ်ရင် မျက်စောင်းထိုးနေတာပဲတွေ့ရမလား။ မဲ့နေတာမျိုး မြင်ရမလား။

ဦးလှမောင်ကြီးက မြင်းလှည်းမှာစောင့်လို့။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာမ'

'ကျွန်မတို့ မမိုးလို့ပဲဖြစ်ဖြစ်ခေါ်ပါဦးလေ. . .'

မြင်းလှည်းလေးနှင့် တစ်ခေါက်ထွက်ခဲ့ရပြန်ပေါ့။

သည်အိမ်ကိုလာတုန်းကအချိန်ကလေး သတိရတယ်။

'မှိုင်း. . . ဦးလေးဦးလှမောင်နဲ့ စကားပြောချင်ရင် ပြောပါလား. . .'

လာပြီ

မိကျောင်းသားက စလာပြီလေ။

လျှာရှည်လာပြီပေါ့။

'ကျွန်မဟာသာပြောချင်ပြောမှာပေါ့'

'ဟုတ်ပါပြီဗျာ. . . ဟုတ်ပါပြီ'

'ဦးလေး. . . မေမေကြီး ဒေါ်မြနုဆုံးတော့မှ သည်အိမ်မှာမနေတာလားဟင်. . .'

'မဟုတ်ပါဘူး. . . ဦးလေး. . .'

'မှိုင်းသိချင်တာတွေ ကျွန်တော်ပြောပြနိုင်ပါတယ် မှိုင်း ဒါပေမဲ့ မှိုင်းဘာတွေသိချင်တာလဲ ပွင့်ပွင့်လင်းလင်း ပြောပါလား. . .'

စိုးစံသူရယ်. . .။





ရှင့်ကို ကျွန်မက ဘယ်အတိုင်းအတာအထိ ယုံကြည်ရမှာမို့လဲ။ မိုးလုံးမှိုင်းရင်ထဲက ခံစားချက်တွေကို ဘယ်သူ့ကိုမှ ပြောမပြနိုင်ပါဘူးလေ။

'ကျွန်မက ဘာကိုသိချင်ရမှာလဲ စိုးစံသူရယ်. . . သုခမင်္ဂလာမှာ ကျွန်မဟာ ခေတ္တလာရတဲ့ ဧည့်သည်ပါ. . . တစ္ဆေတကယ် ရှိမရှိ သိချင်တာလေးတစ်ခုပဲ. . .'

ဟုတ်တယ်

တစ္ဆေတကယ်ရှိမရှိတော့ သိချင်တယ်

မိုးလုံးမှိုင်းသိချင်တာက တစ္ဆေပဲ

တစ္ဆေမှ သစ်ခွတစ္ဆေကို သိချင်တာ။

သစ်ခွပွင့်တွေကြောင့် ခြောက်လှန့်ခံခဲ့ရတဲ့ သစ်ခွ တစ္ဆေပါ. . .။

'မမိုး ကလေးမရယ်. . . သစ်ခွရိပ်ငြိမ်မှာ တစ္ဆေခြောက်တယ်ဆိုတာ ထင်ကြေးနဲ့ ပြောကြတာပါ မဟုတ်ပါဘူး. . .'

'လူတွေသေကုန်ကြတာက အမျိုးမျိုးဆိုတော့ ပြောကြတာပါ. . . အဲသည့်လူတွေဟာ သူတို့ရဲ့ ကံတရားအတိုင်း သေကြတာပါပဲ. . . ဒါပေမဲ့ ပြောစရာတွေလို ဖြစ်နေတော့ ပေါ့လေ. . . မောင်နေမင်းတို့က တကယ်စိတ်ပါလို့ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်...'

'ဦးနေမင်းတို့က စိတ်ဓာတ်ဖြူစင်တယ်...'

ဘယ်လိုယုံရမလဲ

ကျွန်မဘယ်လို ယုံကြည်ရမလဲ။

အဲသည့် စိတ်ဓါတ်ဖြူစင်ပါတယ်ဆိုတဲ့လူရဲ့မာကျော လွန်းသောနှလုံးသားအကြောင်း မိုးလုံးမှိုင်းက သိထားခဲ့ပြီး ပြီလေ။

'သစ်ခွရိပ်ငြိမ်ကို ဘာလို့သုခမင်္ဂလာလို့ ပြောင်းလိုက် တာလဲ စိုးစံသူ...'

'ကိုကြီးနေမင်းက သစ်ခွပွင့်တွေကို ကြောက်နေပြီ သစ်ခွပွင့်တွေက သူ့ကိုခြောက်လှန့်နေကြတာကိုး... သစ် ခွပွင့်တွေမြင်ရင် သူခံစားရတတ်တဲ့ ဒါကြောင့် သစ်ခွရိပ်ငြိမ် ကနေ သုခမင်္ဂလာလို့ ပြောင်းလိုက်တာတဲ့...'

'သစ်ခွရိပ်ငြိမ်တုန်းကတော့ သစ်ခွပင်တွေဆိုတာ များမှ များပါပဲ မမိုးရယ်... ပွင့်တဲ့အချိန်ဆို အရမ်းလှတာပေါ့ အရောင်စုံအရောင်စုံတွေ... မေမေကြီး ဒေါ်မြနုဟာ သစ်ခွ ပန်းတွေအင်မတန်ချစ်တာ... သူအင်မတန်ချစ်တဲ့ သစ်ခွရုံ ထဲကနေထွက်လာတဲ့ မြွေကပဲကိုက်လိုက်တာပါပဲ'





'ရှင်'

မေမေကြီး ဒေါ်မြနုဟာ သစ်ခွရုံထဲကနေ ထွက်လာတဲ့ မြွေကကိုက်သွားတာတဲ့။ မထင်မှတ်တဲ့ စကားကြားရပြန်ပါပြီ။ ဦးလေးဦးလှမောင်က ပြောပြပေမဲ့ စိုးစံသူကတော့ ဒေါ်မြ နုသေဆုံးရတဲ့အကြောင်းကို လုံးဝပြောမပြနိုင်ပါဘူး။

'သည်အကြောင်းတွေ မင်းမသိဘူးလား စိုးစံသူ'

'ကျွန်တော် သုခမင်္ဂလာကိုရောက်တာ ဘာမှမကြာ သေးဘူး မှိုင်း... အမှန်အတိုင်းဆိုရရင် သုခမင်္ဂလာမှာ အရေး ပေါ် ဆရာဝန်တစ်ယောက်တော့ရှိသင့်တယ်ဆို အစ်ကိုက လှမ်းခေါ်ပေးလို့ လာတာပါ... ကျွန်တော်ရောက်တော့ သစ်ခွ ရိပ်ငြိမ် မဟုတ်တော့ဘူး... သုခမင်္ဂလာဖြစ်နေပြီ သူတို့ပြော သမျှ ကြားရတာ... ကျွန်တော်က သေဆုံးသွားတဲ့ လူတွေကို တစ်ယောက်မှမှ မတွေ့ဖူးပါဘူး'

ဦးလေးဦးလှမောင်ပြောမှပဲ မိုးလုံးမှိုင်းတစ်ခါက ဦး လေးကောင်းကိုမေးဖူးသည့် ကွက်လပ်ကြီးနေရာမှာ သစ်ခွ ပင်တွေရှိခဲ့ဘူးမှန်းသိရပါတယ်။ ဦးနေမင်းဟာ သစ်ခွတပင် မကျန်အောင် ရှင်းလင်းပစ်ခဲ့ရပုံပါ။ သစ်ခွပင်တွေ ပျောက် ကွယ်သွားတာက သုခမင်္ဂလာတစ်ခုထဲမှာပဲလေ ဦးနေမင်းရဲ့။

www.burmeseclassic.com



ရှင့်ရင်ထဲက သစ်ခွတစ္ဆေကရော ပျောက်ကွယ်သွားရောလား။

'မောင်နေမင်း စိတ်ထိခိုက်မယ်ဆိုလည်း ထိခိုက်စရာပေါ့ကွယ်. . . မေမေကြီး ဒေါ်မြနုယိုင်လဲပြီး သစ်ခွပွင့်တွေပေါ် မှောက်လျက်လေး လဲကျနေတာဟာ. . . ဦးလေးတောင်မှ အခုသတိရအခုစိတ်ထိခိုက်သလိုပါပဲ. . .'

မိုးလုံးမှိုင်းသက်ပြင်းတွေ ရှိုက်ရပါပြီ။

ဦးလေးဦးလှမောင်ကတော့ ဦးနေမင်းကိုအမွန်း တင်လွန်းသလိုပါပဲလေ။ သူပြောသည့်အတိုင်းသာဆို ဦးနေမင်းဟာ အပြစ်ကင်းစင်သော ရွှေမင်းသားလေးပါပဲ။

'မောင်နေမင်းတို့အိမ်မှာသာ ဦးလေးအလုပ်မလုပ်တော့တာ. . . ခုထိ ဦးလေသားအငယ်ဆုံးလေး ကျောင်းတက်ဖို့ 'အစစအရာရာ မောင်နေမင်းက ထောက်ပံ့နေတာပါ'

'ဟုတ်လား. . . . ဦးနေမင်းအပေါ်မှာ ဦးလေရဲ့ကျေးဇူးကြီးကြီးမားမားတစ်ခုခုရှိလို့နေမှာပါ ဟုတ်တယ် မဟုတ်လား. . .'

'မဟုတ်ပါဘူး တူမရယ်. . . ဦးလေးတို့ကသာ မောင်နေမင်းရဲ့ ကျေးဇူးတွေပိနေတာပါကွယ်. . .'





မိုးလုံးမှိုင်းလိုချင်ရာကို စကားကမရောက်။

စိုးစံသူ မရှိရင်ရော ပွင့်ပွင့်လင်းလင်းမေးရင်ကောင်းမလား။ ရန်ကုန်ကို အပြီးမပြန်ခင်မှာတော့ အားလုံးကိုသိရှိ ပြီးတုန့်ပြန်နိုင်မှ ဖြစ်မယ်. . .။

'ဈေးမှာ မုန့်ဟင်းခါးကျွေးမယ်. . . နော် မှိုင်း. .'

'အင်း. . . မုန့်ဟင်းခါးဆိုရင်တော့ ကျွန်မကြိုက်ပါတယ် နောက်ပြီးတော့ သည်ဖက်က မုန့်ဟင်းခါးတွေက ချိုတယ်နော်. . .'

'စားဖူးလို့လား'

'ကြားဘူးတာပါ. . .'

ပြောပြီးတော့ မျက်ရည်ကဝဲချင်ပြီ။ဒါ ရေးတဲ့စာတွေထဲမှာ မုန့်ဟင်းခါးချိုချိုလေးစားရတိုင်း မမကိုသတိရတယ်ဆိုတဲ့ စာကိုအမှတ်ရနေမိဆဲပါ။

'ဦးလေပါ မုန့်လိုက်စားလေ. . .'

'မစားတော့ဘူး မောင်စိုးစံ'

'ဒါဆိုရင်လည်း လက်ဖက်ရည်သောက်ရင်း စောင့်ဦးလေး'

နှစ်ယောက်အတူ ဈေးထဲဝင်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစိမ်းလို့လားမသိ ကျွန်မကို ကြည့်နေကြသ လိုပါပဲ။ မုန့်ဟင်းခါးဆိုင်မှာထိုင်တဲ့အခါကြတော့လည်း စိုးစံသူနှင့် နှုတ်ဆက်နေတဲ့ အန်တီကြီးကတော့ ဘာမေးသည်မှတ်လဲ။

'မောင်စိုးစံ. . . သုခမင်္ဂလာမှာ အခုရောတစ္ဆေ ခြောက် သေးလား'တဲ့။

'အခုမခြောက်ပါဘူး အန်တီစောရယ်. . . ဘာလို့ဆို တော့ တစ္ဆေတွေအားလုံး ကျွတ်သွားကြပြီ'

'ဟယ် သည်ကောင်လေးဟာ'

စိုးစံသူအပြောကြောင့် မိုးလုံးမှိုင်း ပြုံးရပါတယ်။

မိုးလုံးမှိုင်းကို စိုးစံသူကတိုးတိုးလေး ပြောသေးတာ။

'သုခမင်္ဂလာကတစ္ဆေအကြောင်းဆို အင်မတန်ပြော ချင်ကြတယ်. . . အတင်းအဖျင်းတွေပြောချင်ကြတဲ့ လူတ ချို့ရဲ့ စိတ်တွေမှာ လူတစ်ယောက်သေတာနဲ့ တစ္ဆေသူရဲဖြ ဝသွားတယ်ပဲ မှတ်နေကြတယ်. . . ဥပဒ္ဒေဒဏ်နဲ့ သေသွားဖြ လေတော့ ပိုပြောစရာတွေဖြစ်ကုန်တာပါ အခုပြောလိုက်တာ မကောင်းဘူးလား. . . အားလုံးကျွတ်သွားပြီဆိုတော့ အေးသွာ ရောပေါ့. . .'

မုန့်တင်းခါးလေးက တကယ့်ကို ကျဲကျဲချိုချိုလေးပါ။





စားလို့ကောင်းပါတယ်။

ဒါပေမဲ့ သတိရစိတ်တွေက ရင်မှာကြေကွဲနေတော့ စိတ်မ ကောင်းဖြစ်နေရတယ်လေ။

'စားလို့မကောင်းဘူးလား မှိုင်း'

'ကောင်းပါတယ်'

'မှိုင်းလိုက်လာတာ ကျွန်တော်ပျော်တယ်. . မှိုင်း ကျွန်တော့်ကို တကယ်မချစ်တာလားဗျာ'

'လာပြန်ပြီ ဒါပဲပြောနေတယ်. . . ရှင့်ကို မချစ်ပါဘူးဆို မှ. . .'

'အင်းပေါ့လေ'

'စကားကို ငေါတော့တော့မပြောပါနဲ့ ရှင့်ကိုမှ မဟုတ် ဘူး ဘယ်သူ့မှ ကျွန်မမချစ်ဘူး ကျွန်မမောင်လေး ညီမလေး တွေပဲ ချစ်တယ်. . .'

'ကျွန်တော့်ကို မောင်လေးလိုပဲ မှတ်တယ်လို့ အိမ်က ထမင်းဝိုင်းမှာ ပြောဘူးတယ်လေ. . . မောင်လေးဆို ချစ်ရ မှာပေါ့. . .'

စိုးစံသူက သူလိုမည်ထင်သည့် ပစ္စည်းတွေချောက် ဝယ်ပါတယ်။ မိုးလုံးမှိုင်းလည်း ဈေးဝယ်တယ်လေ။ ဈေးတ



www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့ ပန်းတန်းလေးကိုတော့ မိုးလုံးမှိုင်း အနှစ်သက်ဆုံးပါပဲ။ ပန်းတွေစုံလင်လွန်းပါတယ်။ အထူးသဖြင့် ရွာနီးချုပ်စပ်က လာရောင်းတဲ့ သစ်ခွပန်းတွေ. . .။

'သစ်ခွပန်းလိုချင်တယ် စိုးစံသူ'

'မှိုင်းကတော့ မီးမွေးနေပြီ. . . ကိုကြီးစိတ်မကောင်း ဖြစ်ရှာမှာပေါ့. . .'

'သူမကြိုက်တာနဲ့ ကျွန်မ မကြိုက်ရတော့ဘူးလား ကျွန်မ နာမည်ကိုက မိုးလုံးမှိုင်းပါ. မိုးလုံးမှိုင်းဆိုတာ ခရမ်းပြာရောင် သစ်ခွတစ်ပွင့်ရဲ့ နာမည်ပဲ ကျွန်မတို့မှာ ညီအစ်မသုံး ယောက်ရှိ တယ် စပိုက်ဒါတဲ့ မင်ဒါတဲ့. . . ပိုက်နဲ့ဒါက ကျွန်မအချစ်ဆုံး ညီမလေးတွေလေ. . . သစ်ခွသုံးပွင့်လို့တောင် ဖေဖေက တင်စားမှည့်ခဲ့တာ. . .'

'ဩော် ဟုတ်လား'

စိုးစံသူ တားပေမဲ့ မိုးလုံးမှိုင်းတစ်ခိုင်ဝယ်ခဲ့ပါတယ်။ ညနေရေမိုးချိုးပြီး ပန်မယ်လေ။

ပြီးတော့ ဦးနေမင်းနှင့်က ထမင်းစားပွဲမှာတွေ့ရမှာ ပဲမဟုတ်လား။

'ဘာလဲ. . . သူက သစ်ခွပန်းတွေကို မနှစ်သက်တာ





မကြိုက်တာက နွယ်နွယ်ချိုကို မမေ့နိုင်လို့လား နွယ်နွယ်ချို ပန်ခဲ့ပြီး ကြွေကျခဲ့ရတဲ့ သစ်ခွပွင့်တွေက ရင်ကိုထိခိုက်စေ လို့လား. . .'

'မှိုင်း. . . ကျွန်တော်ပြောရင် မှိုင်း စိတ်မဆိုးနဲ့နော် ကျွန်တော်စိတ်မကောင်းပေမဲ့ပြောမယ် ကိုကြီးနေမင်းကို မှိုင်း မနာလိုစိတ်ရှိတယ်. . . အဲဒါသူ့ကို မှိုင်း စိတ်ဝင်စားလို့ပဲ. . .'

'ဘာ. . .'

မိုးလုံးမှိုင်းက ဦးနေမင်းကို စိတ်ဝင်စားသတဲ့လား။ အချစ်တစ်ခုအနေနဲ့ စိတ်ဝင်စားတယ် မပြောနိုင်ဝါဘူး။ စိတ်ဝင်စားစရာအကြောင်းတစ်ခုတော့ရှိလို့ပါ။

'မှိုင်းရင်ထဲမှာ ကိုကြီးလက်ထပ်ခဲ့တာကို ခံစားရတယ် မဟုတ်လား'

'အို. . . မဟုတ်တာ ဦးနေမင်းကို ကျွန်မမုန်းတယ် သိပ် မုန်းတယ်. . . ကြည့်လို့လည်းမရဘူး. . . ဘာမှမနာလိုစရာ အကြောင်းမရှိဘူး. . .'

စိတ်ဆိုးဆိုးနှင့် ငြင်းဆန်မိပါတယ်။

ဦးနေမင်းအတွက်များ ခံစားရမတဲ့လား။ မိုးလုံးမှိုင်း စိတ်ဆိုးမှန်းသိလို့ထင်ပါရဲ့။ စိုးစံသူ စကားမဆက်တော့ဘြိမ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ဦးလေးဦးလှမောင်ကို လက်ဖက်ရည်သောက်ရင်း စောင့်နေဖို့ စိုးစံသူကပြောခဲ့တာ။ ပိုက်ဆံရတာနှင့် အရက်သောက်လိုက်ပုံရပါတယ်။

အရက်နံ့ရနေပါတယ်။

'ကျွန်တော် မောင်းချင်တယ် ဦးလေး. . .'

စိုးစံသူက ဦးလှမောင် အရက်သောက်လိုက်တာကို ရိပ်မိပုံရပါတယ်။ မြင်းလှည်းကူမောင်းပေးတယ်လေ။

'ကျွန်တော်မြင်းလှည်းလဲမောင်းတတ်တယ် မှိုင်း မိန်းမကို မြင်းလှည်းမောင်းကျွေးလဲရပါတယ်'

'လျှောက်ပြောမနေနဲ့. . .'

ဦးလေးဦးလှမောင်က အရက်သောက်ပြီး လျှာမသွက်လာတဲ့အပြင် နံ့ရံမီ ငိုက်နေပါတယ်။

'မှိုင်း. . .'

'ဟင်'

'မှိုင်းရင်ထဲမှာ အချစ်တော့ရှိပါတယ်. . ဒါပေမဲ့ အဲသည့်အချစ်က ကျွန်တော့်အတွက် မဟုတ်ဘူးဆိုတာ ကျွန်တော်သိသင့်သလောက် သိနေပါပြီ. . .'

ပြောမနေနှင့်တော့။





အချစ်ဆိုတာကို ဘာမှ မကြားချင်တော့ပါဘူး။ အချစ်ဆိုတာ တွယ်တာလေရင် မောလေဖြစ်မှာပါပဲ။ ဒါကိုတော့ မိုးလုံးမှိုင်းသိပါတယ်။ မိုးဖွဲဖွဲရွာနေပါတယ် မိုးပေါက်ကလေးတွေ စိမ့်စိမ့်အေးနေတာပါပဲ။

ဆောင်းဝင်နေပါပြီလေ။

မိုးရွာလေ စိမ့်အေးနေလေပါပဲ။

'မှိုင်း အနွေးထည်မယူခဲ့ဘူး. . . အေးလိုက်တာ နေမကောင်းဖြစ်နေမယ်. . .'

'ရပါတယ်. . .'

ဦးနေမင်းမှ အနွေးထည်ဝတ်သွားရဲ့လားလို့ ဖျတ်ခနဲသတိရတယ်။ တကယ်ဆို အမုန်းတရားတစ်ခုကရင်ထဲမှာ ရှိနေလို့ အမုန်းကြောင့် သတိရတာပါလို့ ကျွန်မစိတ်ကို အဖြေပေးနေမိပါတယ်။

အမုန်းတစ်ဖက်စွန်းမှာသာ စိတ်ကို ခိုဝင်နားနေစေပေမဲ့လဲ။

✳✳✳✳✳

မိုးလုံးမှိုင်းသစ်ခွခရမ်းပြာရောင်တစ်ခက်ကို ဆံထုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



လှပစွာပန်ထားခဲ့တယ်။ ကြီးလှိုင်က သည်မိန်းမကိုတော့ မောင်နေမင်းတမပြောဘူးလား တင်တင်ဆိုတဲ့ စကားကို ကျွန်မကြားတာပေါ့။ ဘာဖြစ်နေကတာလဲ။ သူတို့ဖာသာ ကြိုက်တာမကြိုက်တာကို မိုးလုံးမှိုင်းက ဂရုစိုက်ရမှာလား ကိုယ်ကြိုက်ရင် ကိုယ်ပန်မှာပေါ့။

သစ်ခါပန်းပန်တာအပစ်လား။

'တင်တင် နင်နောက်ထပ်တခြား ဆရာမရှာပါလား ဟယ် သည်ပုံစံဆို သိပ်မကြာဘူး သုခမင်္ဂလာမှာ သခင်မ ဖြစ်လာလိမ့်မယ်. . .'

'ခုချိန်မှာ ဆရာမအသစ်ရှာရင် ကလေးတွေအခက်အခဲဖြစ်မယ် မမလှိုင်. . . ကျွန်မကလဲ မိုးလုံးမှိုင်းနဲ့ မောင်နေမင်းကို မငြိစေချင်ပါဘူး. . .'

စိတ်ထဲ တင်းခနဲဒေါသဖြစ်သွားသလိုပါပဲ။မိုးလုံးမှိုင်းနဲ့ မောင်နေမင်း မငြိစေချင်ဘူးတဲ့။ အတော်ပြောတတ်တယ်။

'ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုပြီး နွယ်နွယ်ချိုနဲ့ ပေးစားပြန်တော့လဲ မင်္ဂလာနေ့မှာများ သေရတယ်လို့. .'

'သူစိမ်းတစ်ယောက်က သုခမင်္ဂလာရဲ့ သခင်မတော့မဖြစ်စေချင်ပါဘူး. . . ခက်တာက ညည်းသမီးတွေ ငယ်နေတာဲ





ညိုညိုနဲ့ ပေးစားရရင် မကောင်းဘူးလား'

'ဟင်'

မိုးလုံးမှိုင်းမှာဖြင့် အံ့သြလွန်းလို့ ဘယ်လိုနားလည်ရမှန်းမသိတော့ပါဘူး။ ဦးနေမင်းနှင့် ညိုညို့ကို လက်ထပ်စေချင်ရအောင် သူတို့ဟာ ဦးလေးနှင့် တူမ မဟုတ်ပေဘူးလား။ ဘယ်လိုတွေပါလိမ့်ဆိုပြီး မိုးလုံးမှိုင်းမှာဖြင့် နားမလည်နိုင် တော့။

'ဘယ်ဖြစ်ပါ့မလဲ. . . မောင်နေမင်းက သည်အကြံများသိရင် ကျွန်မတို့ကို ဘယ်လောက်ရက်ရက်စက်စက်ပြောလိုက်လေမလဲ. . . သူက သူ့တူမလေးတွေကို တကယ်သွေးသားအရင်းလိုချစ်တာပါ. . . မမရယ်. . . .'

တကယ့်သွေးသားအရင်းလိုဆိုတော့ တကယ့်သွေးသားအရင်း မဟုတ်ဘူးပေါ့။

သည်အိမ်မှာတော့ မိုးလုံးမှိုင်းမသိသေးတာတွေ ဟာ အများကြီးပါလား။

သူတို့ရဲ့ စိတ်ကူးစကားဝိုင်းကို ခိုးနားထောင်ရကောင်းလားထင်နေမှာစိုးလို့ ထွက်လာခဲ့ပါတယ်။ သူတို့က မိုးလုံးမှိုင်းဟာ သုခမင်္ဂလာရဲ့ သခင်မဖြစ်မှာစိုးရိမ်လို့ တခြားဆရာမပင် ခေါ်စေချင်နေကြတာကိုး။

www.burmeseclassic.com



ပြုံးရင်းမှ လျှောက်လာခဲ့ပါတယ်။

ကုန်းဆင်းကလေးအတိုင်း လျှောက်ရင်း မြေပြန့်ရောက်ပြီဆို တုန်းမြင့်ပေါ်က သုခမင်္ဂလာကို နှစ်သက်စွာ ကြည့်မိ၏။

'မိုး'

'ဟင် ဦးနေမင်း ဘယ်တုန်းကပြန်ရောက်နေလဲ. .'

'ခုနကမှပါ. . . မိုး ဘယ်သွားမလို့လဲ'

'သည်လိုပါပဲ. . အိမ့်ထဲမှာ အခန်းထဲနေရတာ ညောင်းလို့ လမ်းလျှောက်မယ်လေ. .'

'ကိုယ်လဲလိုက်ခဲ့မယ်. . .'

'လိုက်ခဲ့လေ. . . ဒါပေမဲ့ဦးနေမင်းကို ကျွန်မမေးစရာရှိတာတော့ ဖြေရမယ်'

'ဘာမေးမှာလဲ မေးပါ. . .'

ဦးနေမင်းက မိုးလုံးမှိုင်းကို ငဲ့ကြည့်ပြီး ပန်ထားသည့် သစ်ခွတစ်ခိုင်ကို ဖျတ်ခနဲကြည့်လိုက်တယ်။

'မနက်က ပျော်ရဲ့လား'

'ပျော်တာပေါ့'

'ထင်ပါတယ် မိုးပျော်မှာပါလို့လေ ကိုယ်လိုက်ပို့ပါမယ်ဆိုတာတောင် မစောင့်နိုင်ဘူးလေ. . .'





'ကျွန်မစိတ်ကို ဦးနေမင်းကနားမလည်ဘဲကိုး. . . ကျွန်မကစိတ်မြန်တယ် ဒါဆိုဒါပဲ အခုသွားမယ်ဆိုသွားရမှ ကျွန်မသူငယ်ချင်းတာရာကဆို အဲလောက်စိတ်မြန်ရင် အမှားတွေတွေ့မယ် သတိထားပါလို့ အမြဲသတိပေးရတယ်'

'မိုး အခုရေကန်ဘက်သွားမလို့လား'

'ဦးနေမင်း သိတာပဲ'

'အဲသည့်နေရာက အိမ်နဲ့လှမ်းတယ်. . . မြက်တွေထဲက ဖြတ်ရတာလဲရှိတယ် အလကားဘာမှမရှိဘဲ မသွားပါနဲ့ မိုးရယ်. . စံပယ်ပန်းကြိုက်ရင် တခြားတစ်နေရာမှာ ကိုယ်စိုက် ခိုင်းပေးပါမယ်'

မိုးလုံးမှိုင်းက သုခမင်္ဂလာမှာ ညှို့သည်ပါရှင် မိုးလုံးမှိုင်းအတွက်နဲ့ စံပယ်ပင်တွေ နောက်ထပ်စိုက်ပျိုးပါတယ်ဆို ရှင့်ဆွေမျိုးတွေကပိုလို့တောင် ပြောစရာဖြစ်ပေဦးတော့မှာပေါ့။ ရေကန်လေးနားက ပန်းချီဆန်ဆန် လှပမှုလေးကို မိုးလုံးမှိုင်း နှစ်သက်တာကိုး။

'မိုးက ဘာလို့အဲသည့်ပန်းတွေကို သည်လောက် ကြိုက်ရတာလဲ'

'ဘယ်ပန်းတွေလဲ'



www.burmeseclassic.com

www.burmeseclassic.com



သိသိကြီးနှင့်မေးတာ။

'မိုးပန်ထားတဲ့ပန်းပေါ့'

'ကျွန်မနာမည်ကိုက မိုးလုံးမှိုင်းလေ ဦးနေမင်းရဲ့ . . သစ်ခွပန်းတစ်ပွင့်နာမည်ပဲ. . . .'

'ကိုယ်ကတော့ အဲသည့်ပန်းတွေဟာ ကိုယ့်ဆီကို ကြေကွဲ ခြင်းတွေယူဆောင်လာသလို ခံစားရတယ်'

'ဘာလဲ. . . နွယ်နွယ်ချို သေဆုံးရခြင်းကို ကြေကွဲနေဆဲပါလား. . .'

မေးမိဆဲမှာပင် စိုးစံသူအပြောကို သတိရမိပါတယ်။ ဦးနေမင်းလက်ထပ်ခဲ့ခြင်းအတွက် ကျွန်မရင်မှာ ဝန်တိုခြင်းတွေရှိတယ်လို့ ပြောခဲ့တယ်။ တကယ်အဟုတ်ပဲလား။

'လူတစ်ယောက်ရုတ်တရက် သေဆုံးတဲ့အတွက် စိတ်မကောင်းခြင်းတော့ရှိပါတယ် ဒါပေမဲ့ ကြေကွဲနေရတာတော့ မဟုတ်ပါဘူး. . .'

'သိနိုင်ဘူးလေ. . . .'

'မိုး. . . ကိုယ့်ဘဝမှာ တစ်ယောက်ပဲချစ်ခဲ့တယ် အဲဒါ မိုးပါပဲ. . .'

ရေကန်ကလေးက ခုဆိုပိုလှသေး။





ဆောင်းဝင်နေပြီဆိုတော့ နှင်းငွေ့တွေရှိနေတယ်။

မနက်အစောကြီးနှင်းကျနေချိန်မှာ တစ်ခေါက်တော့ လာကြည့်ဦးမယ်။

'မိုးပန်းခူးချင်ခူးလေ. . .'

ဦးနေမင်းက သစ်လုံးပေါ်မှာ ထိုင်နေပါတယ်။

'မေးစရာရှိတယ်ဆို မိုး'

'ဟုတ်တယ် ကျွန်မမေးမှာက မမေးသင့်ဘူးလို့တော့ ထင်ပါတယ် ဒါပေမဲ့ သိပ်သိချင်နေသလိုပဲ ဦးနေမင်းရဲ့ ဒေါ်တင်မကြီး မောင်နှမအရင်းလားဟင်'

'ဒါများမိုးရယ် ဘာမေးမှာလဲလို့ ဟင့်အင်း မမတင်ကို မေမေမွေးစားထားတာ မမတင်နဲ့ နွယ်နွယ်ချိုကတော့ ဝမ်းကွဲတော်ကြတယ် ကိုယ်နဲ့ဘာမှမတော်ဘူး သူတို့ကို မေမေက မွေးစားခဲ့တာ'

'သြော်'

ဟုတ်ပါပြီ

သည်လောက်ဆို သိပါပြီ

ဒါကြောင့်လည်း ဦးနေမင်းနှင့်ညိုညို့ကို လက်ထပ်စေချင်တဲ့စိတ် ကြီးလှိုင်မှာရှိနေခဲ့တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



'မေမေတာ မွေးစားခဲ့တယ်ဆိုတာမှာ အမွေခံအနေနဲ့မ ဟုတ်ဘူး. . . ဒါကြောင့်သူတို့က သုခမင်္ဂလာမှာ ခေတ္တနေကြ တယ်လို့ ပြောရင်ရပါတယ်. . . အဆင်ပြေတဲ့တစ်နေ့ သူတို့ မိသားစုလေးတွေနဲ့သူတို့ လမ်းခွဲကြမှာပါ. . .'

လောလောဆည် လမ်းမခွဲခင်မှာတော့ သုခမင်္ဂလာရဲ့ သခင်မကို သူတို့အလိုရှိကြဟန်မတူပါ။ စပယ်ပန်းလေးတွေကို လက်ကိုင်ပုဝါနဲ့ စုထုတ်လိုက်ပါတယ်။

'နှင်းတွေအများကြီးကျနေတဲ့ တစ်မနက်မှာတော့ကျွန်မ သည်နားလာကြည့်ဦးမယ် အရမ်းလှမှာအသေအချာပါပဲ'

'မိုးတစ်ယောက်ထဲမလာပါနဲ့. . . မိုးလာချင်ရင် ကိုယ့် ကိုခေါ်ပါ. . .'

ခေါ်မယ် မခေါ်ဘူး ပြောမနေပါဘူး။

နှင်းကျတဲ့နေ့မှာ ရှင်ကအိမ်မှာရှိဦးမှကိုး။ ပြန်ဖို့ ခြေ လှမ်းပြင်တော့မှ မိုးလုံးမှိုင်း မျက်ဝန်းတွေက စံပယ်ခြုံတွေ နောက်မှ လှုပ်လှုပ်ရှားရှားအရိပ်ကို တွေ့ရတာ။ ဒါကြောင့်မို့ သေချာအောင် ငုံ့ကြည့်မိပါတယ်။ စိုးစံသူလို့ နှုတ်မှတိုး တိုးလေးရွတ်မိတာပေါ့။ဘယ်တုန်းက သည်ပန်းခြုံကြီးရဲ့ နောက် မှာထိုင်နေတာလဲ. . .။ ဦးနေမင်းနှင့် မိုးလုံးမှိုင်းရဲ့ စကားတွေကို





နားထောင်မိရောပေါ့လေ။

'ပြန်ရအောင် ဦးနေမင်း'

စိုးစံသူရှိနေတာ ဦးနေမင်းနေရာကမမြင်နိုင်။

ဒါကြောင့် ပြန်ဖို့ပြင်လိုက်ပါတယ်။

စိုးစံသူက အဲသည့်နေရာမှာ ဘယ်တုန်းထဲကရှိနေပါ လိမ့်။

အင်းလေ သူကလဲ အဲသည့်ရေကန်လေးနားကို ချစ် တယ်လို့ဆိုထားတာပါပဲ. . .။

'မိုး. . .'

'ရှင်'

'မိုးရန်ကုန်မပြန်ခင်တော့ ကိုယ့်ကိုအဖြေပေးပါမိုး လက် ထပ်ခွင့်လိုချင်တယ်. . .'

'ဟင့်အင်း ဦးနေမင်း အချစ်ကို ကျွန်မလွယ်လွယ် မဆုံး ဖြတ်ရဲပါဘူး. . . ဘဝတစ်သက်စာအတွက်ဆိုတော့ ဆုံးဖြတ် မှားသွားမှာ ကြောက်တယ်. . .'

ကျွန်မဘာတွေဖြစ်နေပါလိမ့်။

သည်လိုအဖြစ်မျိုး ကျွန်မဘာလို့ ဖြေမိတာပါလိမ့်ကွယ်။

ဦးနေမင်းစိတ်ဆင်းရဲအောင် ပြုမည်လို့ရည်ရွယ်ထားခဲ့ ပါလျှက် ခက်နေတာက မိုးလုံးမှိုင်းဆိုတာ နှလုံးသားက သန့်စင်



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းသောအချစ်ကို မစေတေးရဲတာလား။

'မိုး'

'ရှင်'

'အခုမချစ်ဘူးဆိုပေမဲ့လဲ တနေ့နေ့မှာတော့ မိုးအချစ်ကို ရပါရစေ. . . ကိုယ်စောင့်နေမယ်လေ. . .'

'သိပ်မျှော်လင့်ချင်မထားပါနဲ့ ဦးနေမင်း မရတဲ့အခါမှာ ရင်မောရလိမ့်မယ်. . .'

သုခမင်္ဂလာဟာ ခုလိုတော့လဲ မှောင်စပျိုးအချိန်မှာ ခန့်ညားစွာရှိနေပါတယ်။ သုခမင်္ဂလာကို သစ်ခွရိပ်မြိမ်လို့ ပြန်ပြောင်းပစ်လိုက်ရရင်ဆိုပြီး ပြုံးမိတယ်။ ကျွန်မက သုခမင်္ဂလာရဲ့ သခင်မမှမဟုတ်ဘဲ မစိုးရိမ်ကြပါနဲ့လေ။

✻✻✻✻✻

မိုးလုံးမှိုင်းအိပ်ယာတနိုးပြီဆိုရင်ပဲ တဖွဲဖွဲကျနေတဲ့ နှင်းတွေက ကြိုဆိုပါတယ်။ ဝမ်းသာလိုက်တာ။ သည်လို နှင်းကျသည့်ရက်ကို စောင့်ရတာ တစ်လခွဲမကတော့. . . ဒါပေါ့လေ ဒီဇင်ဘာလို အအေးဆုံးအချိန်ကြမှပဲ နှင်းတွေက ပျော်ရွှင်လာမှာပေါ့။ မျက်နှာသစ်ပြီး မုန့်စားဖို့ပင် မစဉ်းစားနိုင်။





သွားမည်။

ရေကန်ကလေးနားကို သွားမည်။

ကိုယ့်ကိုခေါ်ပါမိုးလို့ ဦးနေမင်းပြောပေမဲ့ မခေါ်တော့ပါဘူး။ ဒေါ်တင်မကြီးတို့ကပြောဦးမှာ။ စိုးစံသူကိုလည်း မခေါ်တော့ပါဘူးလေ။ တစ်ယောက်ထဲက ပိုကောင်းတယ် ၁ကား မပြောရဘူး။ စိတ်ကူးလေးနှင့်သွားယုံပါပဲ။

ဦးနေမင်းကို စိတ်ဆင်းရဲစေရမည်ဆိုတဲ့ မိုးလုံးမှိုင်းက ခုချိန်ထိ ဘယ်လိုဆုံးဖြတ်ချက်ကိုမှ တိတိကျကျ မရှိသေးပါလားး။

'မိုးရယ်. . . နှင့်အထင်တွေနဲ့ နှင်မဟုတ်တာတွေပါ ငါတို့အတန်တန်ရှင်းပြပြီးပြီပဲ အဲသည့်တုန်းကနင်လဲ မြန်မာပြည်မှာရှိမှ မရှိတာ. . .'

တာရာကတော့ စကားပြောရတိုင်း ဖြောင့်ဖျပါတယ် ညီညီတို့ စာမေးပွဲပြီးပြီးချင်း ပြန်လာခဲ့ပါတော့တဲ့။

မြက်အဖျားလေးတွေမှာ နှင်းစက်လေးတွေက ခိုနေလိုက်တာ။

လှ လှသေးတော့။

တနေ့ကမှ ဦးလေးကောင်းတို့သားအဖ မြက်တွေရှင်းထားသေးတာ။ ဒါကြောင့် လမ်းကလေးပင် ဖြူနေပါတယ်။ စိတ်ချစွာ လျှောက်ဝံ့တာပေါ့လေ။ ခပ်လှမ်းလှမ်းကိုပင် မမြင်ရ သိပ်လှတဲ့ ဆောင်းပဲကွယ်. . ။ သုခမင်္ဂလာကို မိုးလုံးမှိုင်း နှစ်



www.burmeseclassic.com

www.burmeseclassic.com



သက်မိတာတော့ ဝန်ခံတယ်။

ရှုရှိုက်ရတဲ့လေကိုက လတ်ဆတ်သန့်ရှင်းနေသလိုပါပဲ

ရေတန်လေးနား တော်တော်နီးသည်ထိ နှင်းတွေမှုန်နေဆဲပါလေ။ စပယ်ရုံတွေက နှင်းတွေကြောင့် ရွဲစိုနေတာပါပဲ။ စပယ်ပွင့်တွေကတော့ ရှိနေတာပါလား။ မွှေးလိုက်တာကွယ်။

စိုးစံသူတော့ သည်တစ်ခါ နောက်ကျသွားပြီ။

ကောင်းတယ်။

စပယ်ပွင့်လေးတွေ ခူးယူမိပါတယ် ဦးနေမင်းရယ်။

ဟိုးအရင်က သစ်ခွပင်တွေထားခဲ့တဲ့ မြေကွက်လယ်ကြီးမှာ စပယ်ပင်တန်းတွေ ရှင်ပျိုးခိုင်းတယ်နော်။

အဲဒါ ရှင့်အချစ်ကို သက်သေထူနေတာလား။

ဟင်

ခုမှပင် မျက်ဝန်းတွေက ရောက်သွားတာ။

ခုနက နှင်းတွေပိတ်နေလို့ မမြင်ရတာပါလား။

အခုမှ နှင်းစနဲနဲကွဲတာမို့ မြင်ရတယ်။

ဘယ်တုန်းကတည်းကရပ်ကြည့်နေတာလား။

နှင်းတွေကြောင့်လား။

အဖြူရောင်ဝတ်စုံမှာ ရေတွေရော ဖုံတွေရော ကပ်ငြိနေတယ်။ မိုးလုံးမှိုင်းကိုကြည့်နေတဲ့ စူးစူးရဲရဲအကြည့်။ အပြုံးတစ်စမရှိပါ။ ပုဝါအဖြူကို ရေကန်ဆီပစ်ချလိုက်တယ်။ သည်အခါမှာ ဟိုးအရင်တုန်းကလှေကားအလယ်မှ ကျသွားသောအဖြူရောင်သဏ္ဌာန်ကို သတိရရတယ်။

လှေကားအလယ်မှနေ ပုဝါကိုလွှတ်ချလိုက်တာဖြစ် မည်။

အား. . . ။

စူးစူးရှရှအော်ပြီး မိုးလုံးမှိုင်းရှိရာကို ပြေးဝင်လာတာမို့ လန့်သွားပြီး မရှောင်လိုက်မိ။

သန္တာမင်း။

သန္တာမင်း. . . ။

နှုတ်ဖျားမှ အသံမထွက်နိုင်လောက်အောင် ကျွန်မ ကြောက်နေခိုက်။

အတင်းတိုဖက်ပြီး ဆွဲကိုင်ခါယမ်းပြီးတဲ့နောက်မှာ။

မိုးလုံးမှိုင်း ရုန်းလို့မရပါလား။

သန်မာလွန်းတဲ့ သန္တာမင်းကြောင့် မြေပေါ်မှာ အလုံးလုံး အထွေးထွေးနှင့် ဘယ်သို့မှ ရုန်းထွက်မရခဲ့ပါ။

မြေကြီးကနိမ့်လျှော မိုးတစ်ရိပ်ရိပ်နှင့် ရေကန်ဆီ လျှောတျနေပြီဆိုတာ မိုးလုံးမှိုင်းသိတယ်။

ဒါပေမဲ့ ကျွန်မကို ကျွန်မပင် သန္တာမင်းရဲ့ ကုတ်ဖဲ့ပြီးသည် ပင်းညှစ်နေမှုကိုတောင် ရုန်းဖယ်မရဖြစ်နေတာ။ ရေထဲကိုပြုတ် ကျသွားပြီဆိုတဲ့အသိဟာ ကျွန်မအသည်းကို အေးစိမ့်စွာ ကြောက်ရွံ့ထိတ်လန့်မှုကို ခံစားရပါတယ်။

www.burmeseclassic.com



မိုးလုံးမှိုင်းမှ ရေမကူးတတ်ပဲ။
သန္တာမင်းရဲ့ တွယ်ဖက်မှုတွေ။
ရေတွေထဲ နစ်မြုပ်မှုရယ်. . .။
ကြောက်စိတ်ကြောင့်ရယ်. . .။
မွန်းသိပ်လာတဲ့ ခံစားမှု. . .။

ရုတ်တရက်တော့ သတိလက်လွတ်ဖြစ်သွားပါတယ်။ မှောင်မဲ့နေတဲ့ အသိမှာ. . .။

'မိုး. . . . မိုး. . . .'
လှုပ်နှိုးနေသလိုပဲ
ချက်ခြင်းဘာတွေမှန်းမသိတော့ပြန်
'မိုး. . . . မိုး. . . .'
'ဟင်. . . ဟင်. . . .'

မျက်ဝန်းတွေဖွင့်ကြည့်မိတော့ ဦးနေမင်းကို တွေ့ရတယ်။ လူကတော့ မွန်ထူနေသလိုပါပဲ။ ချမ်းလဲချမ်းလာတယ် ပြီးတော့ ရင်ထဲမှာလဲ ဝမ်းနည်းနေသလိုပါပဲ။ ကျွန်မသေတော့မလို့. . .။ဟုတ်တယ်. . . သေတော့မည်လို့ပဲထင်ခဲ့တယ်။

'မငိုနဲ့လေ မိုး. . . မငိုပါနဲ့ကွာ. . .'
'ဟို ဟို သန္တာမင်း. . .'
'သန္တာလဲဘာမှမဖြစ်ပါဘူး. . . ဒါပေမဲ့. . . သူကို တော့





ဆေးကုမှဖြစ်တော့မယ်. . .'

ဦးနေမင်းရင်ခွင်ထဲမှာပါလားလို့ သတိရလာတော့ လူးလဲထပါတယ်။ ဘယ်လိုမှပင် လှုပ်ရှားဖို့အင်အားမရှိသလိုပါပဲ။ ချမ်းတယ်လို့ ပြောမိတယ်။

'စိုးစံ. . . . စိုးစံ. . . . ကြည့်ပါဦး. . .'

နားထဲမှာအသံတွေက ဆူညံလာပြန်ပါတယ်။

ဒါပေမဲ့. . . အသိတရားတွေရှိနေသလိုလို မရှိသလိုလိုနဲ့။ မိုးလုံးမှိုင်း. . . နားမှာအသံတွေသာကြားနေရသလိုပါပဲ။ ချမ်းနေတာလဲသိတယ်။ ပြီးတော့ မွန်းကြပ်နေသလိုလို ခံစားရပါတယ်။

'မိုး မိုး'

'သူ အိပ်ပါစေကိုကြီး. . . နွေးနွေးထွေးထွေးနဲ့ အိပ်နေပါစေ. . . ဆေးထိုးထားတာပဲ. . .

စိုးစံသူလားလို့ မေးချင်ပေမဲ့
မျက်ဝန်းတွေကမဖွင့်ချင်ပြန်။
'မမ မမ'
'ဟင် ဒါလား ဒါ. . . ညီမလေး'
'မမအတွက်. . .'

သစ်ခွပန်းတွေပါလား။ သစ်ခွပန်းတွေကို ဒါက မိုးလုံးမှိုင်းအတွက်ပေးတာတဲ့. . .။ သစ်ခွပန်းတွေကို လာပေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပါလားဟင်။ မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး ဘယ်သူလဲ. . .။ ဟင်. . . သန္တာမင်းပဲ. . . မိုးလုံးမှိုင်းကိုကြည့်နေတဲ့ စူးစူးရဲရဲ အကြည့်ကို မေ့လို့မရနိုင်ပါ။

မလာနဲ့

မလာနဲ့

မိုးလုံးမှိုင်းအနားကို မလာခဲ့ပါနဲ့. .

'မမ. . . မမ'

'ဒါ. . . ဒါ. . . မင်းကို မမဘာမှလဲ မကူနိုင်ဘူး မကယ်နိုင်ပါဘူးကွယ်'

ခေါ်နေသံကတဖြည်းဖြည်းပျောက်ကွယ်သွားပါတယ်။ ချမ်းနေသလိုပါပဲ။

'မိုး. . . . မိုး'

ဘယ်သူခေါ်နေတာလဲ

ပြန်ထူးမည်လို့ နှုတ်ဖျားတို့ကိုဖွင့်ဟလို့မျှ မရ။

ပြီးတော့ မှောင်နေသော လမ်းထဲကို ယောင်ယောင် ဝါးဝါးလျှောက်နေရသလိုပါပဲလေ။

✻✻✻✻✻

'မသေကောင်းမပျောက်ကောင်း မှိုင်းရယ်. . .'

စိုးစံသူက ဆေးတိုက်ပြီးတော့ ပြောပါတယ်။





မိုးလုံးမှိုင်းဖျားနေခဲ့တာ တစ်ပါတ်ရှိသွားပြီ။ မသေတာ ကံကောင်းလို့ ပြောရမည့်အဖြစ်။ ဒေါ်တင်မကြီးကတော့ ဘယ်သူမှ မရှိတဲ့အချိန်မှာ အပြစ်တင်လိုသော စကားမျိုးကို ပြောခဲ့ပါတယ်။ ခုလိုနေမကောင်းနေတော့ ကလေးတွေ စာသင် ရက်လည်းပျက်တာပေါ့ ရေကန်ဖက်ကို အ ကြောင်းကိစ္စမရှိပါဘဲ အလဟသမသွားသင့်ဘူးတဲ့လေ။ ဟုတ်တော့ဟုတ်ပါတယ်။ ကလေးတွေကိုစာသင်ရက်ပျက်ရလို့ ကျွန်မစိတ်မကောင်း ပါဘူး။

'မှိုင်း'

'ရှင်. . . .'

'နေကောင်းသွားမှာပါ. . . အအေးမိသွားလို့ပါ. မှိုင်း ဘာလို့တစ်ယောက်ထဲသွားရတာလဲ ကျွန်တော့်ကိုခေါ် ရောပေါ့ ဟုတ်ရင်လဲ ကိုကြီးနေမင်းခေါ် သွားလို့ရတာပဲ မှိုင်းရယ်. . .'

'သန္တာမင်း အန္တရာယ်ပေးတတ်မှန်း ကျွန်မ မသိလို့ပါ. . .'

'သန္တာဟာ အရင်ကသည်လို မဟုတ်ပါဘူး ဘယ်သူ့ကိုမှ အန္တရာယ်မပေးပါဘူး. . . မှိုင်းအပေါ် သူဘယ်လို အမြင် ကွဲသွားတယ် မသိဘူး. . .'

'ဦးနေမင်းက အခုရန်ကုန်သွားဆေးကုပေးရတယ်နော် ကောင်းပါတယ်. . .'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်စိတ်မကောင်းဘူး. . .'

'ဘာတိုလဲစိုးစံသူ. . .'

'မှိုင်း ရေထဲကျတဲ့အချိန် ဆယ်ခဲ့တဲ့လူက ကျွန်တော် မဟုတ်ဘူး. . . ဒါဆို ကျွန်တော်က မှိုင်းရဲ့ဖူးစာရှင်မဟုတ်တော့ဘူးပေါ့. . .'

စိုးစံသူစကားကြောင့် ပြုံးရပါသေးတယ်။

မိုးလုံးမှိုင်းကို ရေထဲကမဆယ်ရတာနှင့် ဖူးစာရှင်မဟုတ်တော့ဘူးတဲ့လား။ အချစ်ဆိုတာ ရင်ထဲကအလိုလို ပေါက်ဖွားလာတာပဲ ကောင်းပါတယ်။

'ဦးနေမင်း အချိန်မီရောက်လာတာတော့ ကျွန်မ ဝမ်းသာပါတယ်. . . သူမရောက်လာရင် ခုချိန်ဆို ကျွန်မ သေသွားပြီပေါ့နော်. . . ရှင်ရော လွမ်းနေမှာလား'

'လျှောက်မပြောပါနဲ့ မှိုင်းရယ်. . .'

'ကျွန်မနေကောင်းချင်ပြီ စိုးစံသူရယ် ကလေးတွေလဲ စာကျက်ပျက်နေပြီ'

'မပျက်ပါဘူး. . .'

'ဟင် ဘာလို့လဲ'

'မှိုင်းနေမကောင်းနေတုန်းမှာ ခဏစာပြရအောင် မမတင်က အစ်ကိုကြီး သူငယ်ချင်းကိုသက်အောင်ကို ခေါ်ပေးထားတယ်. . .'





'သြော်. . .'

ဒေါ်တင်မကြီးက မိုးလုံးမှိုင်းကို သုခမင်္ဂလာရဲ့ သခင်မဖြစ်မှာကြောက်တယ်မဟုတ်လား။ မိုးလုံးမှိုင်းကို အလုပ်မလုပ်စေချင်တော့ဘူးဆိုတာအသိသာချည်းပဲ။ ဒါကြောင့်လဲ နေမကောင်းနေတုန်းခေါ်တာပါ အကြောင်းပြပါလိမ့်မည်။ ကောင်းပါတယ် မိုးလုံးမှိုင်းကလဲ ပြန်ချင်ပါတယ်။တာရာတို့လဲ လက်ထပ်တာနီးနေပြီပဲ။

'ကျွန်မနေကောင်းရင် ပြန်ချင်တယ်. . . သည်ဆရာနဲ့ အဆင်ပြေရင်ပေါ့လေ. . .'

'မှိုင်းမပြန်ပါနဲ့. . . ကျွန်တော်မခွဲနိုင်ဘူး. . .'

'မဖြစ်နိုင်ပါဘူး စိုးစံသူရယ်. . .'

သည်တစ်ခါနေမကောင်းပြီးကတည်းက မိုးလုံးမှိုင်း စိတ်တွေကျဆင်းသွားတယ် ပြောရမလား။

သေဆုံးခြင်းဟာ လျှပ်တပြက်အတွင်း ရောက်လာနိုင်သည်ပဲ။

'မှိုင်း. . . ကျွန်တော် မှိုင်းကိုပြောစရာရှိတယ်. . . အဲဒါ ကတော့ ကိုကြီးနေမင်းကို အထင်မလွဲပါနဲ့. . .'

'ရှင်'

'မှိုင်းနေကောင်းတာနဲ့ပဲ သိချင်တာတွေအကုန် ကျွန်တော် ပြောပြနိုင်ပါတယ်. . . မှိုင်းရင်ထဲမှာ ဘာတွေခံစားနေရတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကျွန်တော်သိပါတယ်. . .'

'ဘယ်လို ကျွန်မရင်ထဲ ဘာတွေခံစားနေရတယ်ဆိုတာ ရှင်သိတယ်. . .'

'ခရမ်းပြာရောင်သစ်ခွဆိုတဲ့ ကုမ္ပဏီကြီးတစ်ခုရှိတယ် နိုင်ငံခြားထိ ဆက်သွယ်ကူးသန်းနိုင်တယ် စက်ာပူကို အိမ်ဦးနဲ့ ကြမ်းပြင် ကူးသန်းနေခဲ့တယ်. . အဲလို ထက်မြက်သွက်လက်တဲ့ လုပ်ငန်းရှင် ဒေါ်မိုးလုံးမှိုင်းဟာ. . . သည်မြို့ငယ်လေးက သုခမ င်္ဂလာမှာ ဘာမဟုတ်တဲ့လခလေးနဲပ စာလာပြနေတာ အကြောင်းတစ်ခုခုရှိရမယ်. . . ကျွန်တော်သိပါ တယ်. . .'

စိုးစံသူ ဒါတွေကို ဘယ်လိုရည်ရွယ်ချက်နဲ့ စုံစမ်းခဲ့တာလဲ။ ပြောပြမည်တဲ့။ ဘာတွေပြောမလဲ အမှန်တွေရော ပြောမှာလား။ ဦးနေမင်းအပေါ် သူဘယ်လိုသဘောထားသလဲ။ ခုချိန်မှာ သူတို့နှစ်ယောက်ဟာ မိုးလုံးမှိုင်းအချစ်ကို လိုချင်လို့ တောင်းခံနေသူနှစ်ယောက်ပါ။

တစ်ယောက်စိတ်ကို တစ်ယောက်သိနေကြတဲ့လူတွေ။

'ကုမ္ပဏီကဖိုးပြည့် ဦးဆောင်တာပါ စိုးစံသူ. . . ကျွန်မက အစ်မကြီးတစ်ယောက်အနေနဲ့. . . သူတို့ရှေ့ မားမားမတ်မတ် ရပ်ပေးယုံလေးပါ. . .'

'မှိုင်းကိုချစ်တယ် မှိုင်းကို ပေးလိုက်ရမယ်ဆိုရင် ကျွန်တော့်နှလုံးသားတွေ ကြေကွဲရမှာပဲ ဒါပေမဲ့ မှိုင်းစိတ်





ချမ်းသာမယ်ဆိုရင် ကျွန်တော်ခံစားရပါစေလေ. . .'

စိုးစံသူရယ်. . .

မင်းဟာ ချစ်စရာကောင်းပြီး ချစ်သင့်တဲ့အရည်အချင်းတွေရှိတာ အမှန်ပါ။ ဒါပေမဲ့ အချစ်ရဲ့ ထူးဆန်းအံ့သြဖွယ်ရာကောင်းတဲ့ ခံစားမှုတွေကို မိုးလုံးမှိုင်းအံ့သြနေခဲ့ပြီ။

'ကိုသက်အောင်နဲ့ အဆင်ပြေပြီဆို ကျွန်မပြန်မယ်'

ဟုတ်တယ်

ပြန်မယ်

ဒါပဲကောင်းပါတယ်။

သုခမင်္ဂလာက သစ်ခွအိပ်မက်ကနေ မိုးလုံးမှိုင်း လန့်နိုးလိုက်တော့မယ်။

'သည်ကိုလာတုန်းက ရှင်လာကြိုတယ် ကျွန်မပြန်ရင်ကော ရှင်လိုက်ပို့မှာလား. . .'

'မှိုင်းကပို့စေချင်ရင် ပို့ပါမယ်. . .'

ဒေါ်တင့်မကြီးက သုခမင်္ဂလာမှာ မိုးလုံးမှိုင်းကို အလိုမရှိတော့ဘူးဆိုတာ အသိသားကြီးပေါ့။ ဒါကြောင့်လဲ ခုချက်ခြင်းဆိုသလို ဆရာတစ်ယောက်အမြန်ရှာတာပဲနေ မှာ။ ကောင်းပါတယ်။ ကလေးတွေရဲ့ ပညာရေးကိုမိုးလုံးမှိုင်း နောက်ဆံမတင်းရတော့ဘူးလေ။ တာရာကတော့ ငါမပြောဘူးလား မိုးရယ် အခိပ္ပါယ်မဲ့ အာဃာတတွေ မထားပါနဲ့တော့ ဒါတွေဟာ ပြီးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါပြီး . . . အခုဆို နင်ကကောင်းလို့ မသေခဲ့တာမဟုတ်လားလို့ ပြောမှာပါ။

'ဦးနေမင်း ရန်ကုန်ကပြန်လာရင် စကားပြောပြီးတော့ ပြန်မယ်. . .'

'ကိုကြီးက မှိုင်းကိုတကယ်ချစ်တာပါ'

'ဟုတ်လား ဦးနေမင်းကကျွန်မကို တကယ်ချစ်တာဆို ရင် ရှင်ကအလကား ချစ်တာလား'

'ဟာ မဟုတ်တာ. . . ကျွန်တော်တကယ်ချစ်တာ'

အမြန်ဆုံးနေကောင်းအောင် ကြိုးစားရမည်။

နေကောင်းတာနှင့် သုခမင်္ဂလာကနေ ပြန်တာ အကောင်းဆုံးအခြေအနေပါပဲ။

ခွင့်လွှတ်လိုက်တော့မယ် ဦးနေမင်းရယ်. . .။

ရှင့်မှာ သုခမင်္ဂလာတစ်အိမ်လုံးရဲ့ ဝန်ထုတ်ဝန်ပိုး သန္တာမင်းရဲ့ တာဝန်တွေပိနေတာနဲ့ပဲ ကျွန်မရဲ့အမုန်းတွေကို ပယ်ရှားပေးလိုက်ပါမယ်။

✳✳✳✳✳

'မိုးပြန်တော့မယ် ဟုတ်လား'

ဦးနေမင်းအမေးကို ခေါင်းညိတ်ပြလိုက်ပါတယ်။

ပိုပိုတို့အတွက် ဦးသက်အောင်ကတော်တဲ့ ဆရာ တစ်





ယောက်ပါ။ ကလေးတွေအတွက် မိုးလုံးမှိုင်း စိတ်အေးရပြီပဲ။ ဦးနေမင်း ပြန်ရောက်လာတာနှင့် သည်စကားကိုပဲ ပြောလိုက်တယ်။

'ကိုယ်တားပါရစေမိုး. . . ကိုယ်တောင်းပန်ပါတယ်'

'မတောင်းပန်ပါနဲ့ ဦးနေမင်းရယ်. . . တောင်းပန်ခြင်း တောင်းပန်ရင် ကျွန်မကတောင်းပန်ရမှာပါ. . .'

'မိုးကတောင်းပန်ရမယ်. . .'

'ဟုတ်တယ်. . . တကယ်ဆို သုခမင်္ဂလာကို ကျွန်မ ရောက်လာတာ ရှင့်ကို မုန်းလို့ပါ. . . .'

'ဗျာ. . .'

ဟုတ်တယ် ဦးနေမင်း။

ရှင့်ကို မယုံကြည်လို့ ရောက်လာတာပါ။

'ရှင့်ကားနဲ့ တိုက်မိပြီးသေဆုံးသွားတဲ့ ဗင်ဒါဆိုတာ ကျွန်မညီမလေးပါ. . .'

'ဗင်ဒါ. . . ကျွန်တော့်ကားနဲ့ တိုက်မိတယ်. . .'

ဖေဖေနဲ့မေမေကွဲကွာမသွားခင်က ကျွန်မတို့ မောင်နှမတွေပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင် နေခဲ့ကြတယ်။ ဖေဖေနဲ့ မေမေ ကွဲကွာသွားကြတော့ ဖေဖေကသူ့အချစ်ဆုံး သမီးငယ် ဗင်ဒါကိုပဲခေါ်ပြီး သည်မြို့ငယ်လေးကို ပြန်သွားခဲ့တယ်လေ။ မောင်လေးညီမလေးတွေကို သိပ်ချစ်တဲ့ မိုးလုံးမှိုင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



အကြေကွဲရဆုံးဖြစ်ရပဲပေါ့။

'ဖေဖေ့ရဲ့သစ်ခွမြိုင်ကို ဦးနေမင်းကြားဘူးမှာပါ သစ်ခွတွေ စိုက်ပြီးရောင်းချတဲ့အလုပ်ကိုပဲ ဖေဖေဇောက်ချ လုပ်ခဲ့တယ်လေ. . . တစ်နေ့ ဗင်ဒါက မြို့ထဲမင်္ဂလာဆောင်အတွက် သစ်ခွပွင့်တွေသွားအပို့ အဝေးပြေးလမ်းမကြီးပေါ်မှာ အရှိန်နဲ့မောင်းလာတဲ့ ရှင့်ကားနဲ့ တိုက်မိပြီး ဒါသေဆုံး ခဲ့ရတယ်'

ခုမှ သက်ပြင်းမရှိုက်ပါနဲ့ ဦးနေမင်းရယ်. . ။

'သည်အပြစ်အတွက် ဦးလေးဦးလှမောင်ဟာ ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို ခံပြီးပါပြီ မိုး. . .'

'ဦးလှမောင်မောင်းရင်း တိုက်မိပါတယ်ဆိုတာ ကျွန်မ မယုံဘူး. . .'

'ဘယ်လိုမိုး. . .'

'တကယ်ဆို ရှင်မောင်းလာတာဖြစ်မယ်. . . လူကို တိုက်မိပြီးသေသွားပြီဆိုမှ ဦးလှမောင်ကို ရှင်လွှဲပေးလိုက်တာရော မဖြစ်နိုင်ဘူးလား. . .'

အဲသည့်အချိန်မှာ ဘယ်သူ့မှမမြင်ခင် ဦးလှမောင် နဲ့ ရှင်လူချင်းနေရာလွှဲလိုက်တယ်လို့ပဲ ကျွန်မယုံကြည်နေတယ် ဒါကြောင့် ဦးလှမောင် ထောင်ကျနေတုန်း တစ်မိသားစုလုံးကို ရှင်ထောက်ပံ့ခဲ့တာ နေမှာပါ။ သည်စိတ်နဲ့ သုခမင်္ဂလာကို ကျွန်မလာခဲ့တာ။





'ကိုယ်သည်လောက် မယုတ်ညံ့ပါဘူး မိုးရယ်. . ဦးလေးဦးလှမောင် မောင်းတာပါ. . .'

'ကျွန်မ မယုံဘူး. . .'

'အင်းလေ. . . မိုး မယုံဘူးဆိုတော့လဲ ကိုယ်ဘယ်လို ရှင်းရှင်း ယုံမှာမှမဟုတ်တာ. . . တကယ်ပါလို့ပဲ ကိုယ်ပြောနိုင်ပါတယ်. . . ကိုယ်သစ်ခွပန်းတွေကို တွေ့တိုင်းခံစားရတယ် အဲဒါဟာ မေမေဆုံးတုန်းက တစ်ခါ နွယ်ချို ဆုံးတုန်းကတစ်ခါ. . . သစ်ခွပွင့်တွေနဲ့ သူတို့သေဆုံးနေကြ တယ်. . . အဲလိုပဲ သစ်ခွပန်းတွေပွေ့ပြီး သွေးအိုင်ထဲလဲကျ သေဆုံးနေတဲ့ ဗင်ဒါဆိုတဲ့ ကောင်မလေးအတွက်လဲ ဝမ်းနည်း ကြေကွဲရလို့ သစ်ခွပွင့်တွေကို မကြည့်ချင်ခဲ့တာပါ. . .'

တာရာတို့ကပြောပါတယ်. . .။

ဦးလှမောင်ဆိုတဲ့ကားမောင်းသမားဦးလေးကြီးက တိုက်တာပါ ဦးနေမင်းမောင်းတာမဟုတ်ဘူးတဲ့။ မယုံပါဘူး ဦးနေမင်းနဲ့ ဦးလှမောင် လူချင်းလဲခဲ့တယ်လို့ မိုးလုံးမှိုင်းစိတ်မှာစွဲနေပါတယ်။ လမ်းပေါ်မှာ သူတို့ကားတိုက်ချိန် လူရှင်းနေတယ်လို့ ဆိုခဲ့တာပဲ။

'ကျွန်မ မယုံဘူးဦးနေမင်း. . . ရှင့်ကို အာဃာတများစွာရှိခဲ့တယ်. . . ဒါပေမဲ့ အခုအချိန်ကြတော့ ရှင်ဟာ ကျွန်မရဲ့ အသက်သခင်ကျေးဇူးရှင်ဖြစ်နေတယ်လေ. . . ကျွန်မအာဃာ



www.burmeseclassic.com

www.burmeseclassic.com



တကို ချေဖျက်ပေးခဲ့ပါမယ်. . . ကျွန်မပြန်မယ် ဦးနေမင်း. . .'

ချက်ခြင်းဆိုသလို ညိုမှိုင်းသွားတဲ့သူ့မျက်နှာ။ သူ့စိတ်မှာ ဘယ်လောက်ထိခိုက်သွားတယ်ဆိုတာ သိသာလွန်းပါတယ်။

'မိုးကို ကိုယ်ချစ်တယ်. . .'

'အမုန်းတွေသာ ဖျက်ပေးလို့ရမယ် ဦးနေမင်း အချစ်တွေ ဖြည့်လို့မရပါဘူး. . .'

ဦးနေမင်းကိုလဲ ပြောပြီးပြီ။ မိုးလုံးမှိုင်းပြန်ဖို့ပြင်ရတော့မှာပါ။ ဒေါ်တင်မကြီးကတော့ ဘာစကားမှ မပြောပါဘူး။ ဒါပေမဲ့ ဦးသက်အောင်ရှိနေတာပဲ မိုးလုံးမှိုင်း စိတ်က သိပ်မြန်သည့် အတူတူတော့ အခုဆို အခုပဲပြန်ဖို့ပြင်ဆင်တော့မည်လေ။

ဒေါ်တင်မကြီးဟာ သည်အိမ်ကို မိုးလုံးမှိုင်းရောက်လာဖို့ ဖိတ်ခေါ်ခဲ့သည့် အလုပ်ရှင်ပဲ။

သူ့ကိုအရင် ပြောရမယ်။

ဒေါ်တင်မကြီးကို ဧည့်ခန်းမှာတွေ့ရတာ အတော်ပါပဲ။

'ဪ. . မိုး နေကောင်းပြီလား. .'

'ဟုတ်ကဲ့ ကောင်းပြီပဲဆိုပါတော့ မမတင်. . . မမတင်ကို ကျွန်မခွင့်တောင်းမလို့ပါ ဦးသက်အောင်နဲ့ ညီတို့ အဆင်ပြေရင် ကျွန်မအလုပ်ထွက်ချင်ပါတယ်. . .'

'အင်းလေ. . . မိုးကထွက်ချင်ပါတယ်ဆိုမှတော့ မမတင် မတားပါဘူး. . .'





မတားဘူးဆိုတာလဲ မိုးလုံးမှိုင်း သိပါတယ်။

တားခဲ့ရင်လည်း မိုးလုံးမှိုင်းမနေချင်တော့ပါဘူး။

'ကျေးဇူးတင်ပါတယ် မမတင်. . . မိုး သဘက်ခါ လောက် ပြန်မယ်. . .'

ဆုံးဖြတ်လိုက်ပြီ

မနက်ဖြန်မှာ စိုးစံသူကို ရထားလက်မှတ်ဝယ်ခိုင်းမည်။ ရထားနှင့်ပဲ ပြန်တော့မည်။

မိုးလုံးမှိုင်းအပြီး ပြန်လာတာပါဆိုလျှင် ဖိုးပြည့်နှင့် တာရာကဝမ်းသာမှာပါပဲ။ ညိုညိုနှင့် ပိုပို့အပေါ် ထားမိသည့် သံယောဇဉ်တစ်ခုအတွက်တော့ စိတ်မကောင်းပါဘူးလေ။ မိုးလုံးမှိုင်းကို အလိုမရှိလို့သာ. . . ဒေါ်တင်မကြီးက ဦးသက်အောင်ကို ခေါ်ထားခဲ့တာပဲ. . .။

ပြန်ရတော့မည်ဆိုတော့ စိတ်က ပေါ့ရွှင်သလိုခံစားမှုကိုတော့ ရပါတယ်။

ပစ္စည်းတွေကို သိမ်းဆည်းဖို့ပြင်ရတယ်။ လ အတန်ကြာမည်ဖို့ ယူလာသည့် ပစ္စည်းတွေက နည်းနည်းတော့များသွားလား။

'မိုးကို ချစ်တယ်'

ပြုံးနေသော သူ့ကို မေ့နိုင်မည်လားလို့ တာရာကဆို ဘူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ တခြားလူတွေအတွက်တော့ မသိပါ ဘူး။

မိုးလုံးမှိုင်းအတွက်ကတော့ ချစ်သူ့လက်ကို ယုံကြည်ရဲ့စွာ ချိတ်တွဲပြီး ချစ်သူ့ရင်ခွင်မှာ အေးချမ်းပျော်ရွှင်စွာ နားခိုနိုင်ဖို့ပါပဲ။

သည်သို့သော သူကိုသာ ချစ်လိုပါတယ်။

✻✻✻✻✻

ကုန်းမြင့်ပေါ်မှာ သုခမင်္ဂလာဟာ ခန့်ညားနေဆဲပါပဲ မနက်ဖြန်ဆိုသည့်ဝန်းကျင်ကို ထားရစ်ခဲ့ရတော့မည်။ သတိတရရှိနေဦးမှာကိုတော့ ဝန်ခံပါတယ်။

'မမမိုး. . . မသန္တာကလေ အခန်းတွေမှာရှိတဲ့ တစ်ခန်းနဲ့ တစ်ခန်း ဆက်သွယ်နိုင်တဲ့ အပေါက်တွေကိုသိနေတယ် သည်တော့ သည်တစ်ခန်းထဲဝင်သွားပြီးရင် နောက်အခန်းကို ကူးသွားရော. . . ပိုပိုတို့တောင် တစ်ချို့နေရာတွေ မသိဘူး. . .'

ပိုပိုရှင်းပြတော့ မိုးလုံးမှိုင်းသဘောပေါက်ရပါတယ် သန္တာမင်းဟာ သည်အိမ်ရဲ့ အိမ်ရှင်ပဲ သူငယ်ရွယ်စဉ်ကစပြီး သည်အိမ်အခန်းတိုင်းကို ဝင်ထွက်ဆော့ကစားခဲ့မှာပေါ့လေ။

'သူက စိတ်မမှန်ဘဲ လျှောက်သွားနေတာကို တစ္ဆေခြောက်တယ်ဆို ကြီးလှိုင်ကကြောက်လိုက်တာမှ အရမ်း. .





မနွယ်ချိုပါဆိုပြီး အရမ်းကြောက်တာ. . .'

'သန္တာ့ဘဝကသနားစရာပါကွယ်. . . အမြန်ဆုံးနေကောင်းပါစေ မမမိုး ဆုတောင်းပါတယ်. . .'

'ဆရာသက် သင်တာလဲသင်ပေါ့. . . မမမိုးက ဘာလို့ပြန်မှာလဲ. . .'

'ဟုတ်သားပဲ မမမိုးပြန်မှာကို လေးလေးနေမင်းက မတားဘူးလား. . .'

ညိုညိုနှင့် ပိုပိုကတော့ သူတို့ရင်ထဲရှိတာလေးတွေ ပြောကြမှာပေါ့လေ။ သုခမင်္ဂလာရဲ့ ဧည့်သည်က အချိန်တန် အိမ်ပြန်ရမှာပါ။

'လေးလေးနေမင်းက စိတ်သဘောကောင်းပါတယ် ဟိုးဖက်ခြံက ဒေါ်မေလွင် အူအတက်ပေါက်လို့ ဆေးရုံပို့မါဆို သူကိုယ်တိုင်ပို့တယ် တစ်ခါတုန်းကဆို လေးလေးကိုယ်တိုင် ဆေးရုံပို့ရတဲ့အခါကြတော့ ဦးလှမောင်က ကားတိုက်လိုက်ရော. . . .'

'ဦးလှမောင်က ကားတိုက်တယ်. . .'

'ဟုတ်တယ် မမမိုးရဲ့. . . ဦးလှမောင် ကားတိုက် လိုက်တာ. . . လူသေသွားပြီး ထောင်ကျသွားသေးတယ်. . သူတို့မိသားစု စားဝတ်နေရေး အခက်အခဲရှိသမျှ လေးလေးနေမင်းက ထောက်ပံ့ထားခဲ့ရတယ်. . .'

သည်အကြောင်းပြန်ကြားရင် စိတ်ထဲကနာကျင်ဟာ တာ



www.burmeseclassic.com

www.burmeseclassic.com



ချက်ခြင်းလိုပါပဲ။ ငိုချင်လာသလိုလဲ ခံစားရတယ်။

'ဦးလှမောင်တိုက်တာရော ဟုတ်ရဲ့လားပိုပို ရယ် သူတိုက်ပြီး ဦးလှမောင်ကို လွှဲချခဲ့တာရော. . .'

'မဟုတ်တာ မမမိုးရယ်. . . ဦးလှမောင် တိုက်တာပါ အဲသည့်အချိန်မှာ လေးလေးနေမင်းက ကားမောင်းဖို့နေ နေသာသာ ကားပေါ်မှာ သတိလစ်နေလို့ ကိုစိုးကပွေ့ထားရတာ. . .'

'ဘယ်လို. . .'

မိုးလုံးမှိုင်းအံ့ဩရပါပြီ

ဘယ်လိုမှ မထင်မှတ်ခဲ့ပါဘူး။ ကျွန်မထင်တာက ဦးနေမင်းက ကားမောင်းတယ်။ ဦးလှမောင်က ကားပေါ်မှာ ပါလာမယ်။ဗင်ဒါ့ကို တိုက်မိပြီး လူသေပြီဆိုမှ ဦးနေမင်းဟာ ဦးလှမောင်ကို လွှဲချခဲ့တယ်လို့ပဲ ယူဆခဲ့တယ်။

တာရာတို့ကပြောပါတယ် ကားတိုက်မိပြီးတဲ့နောက် ဦးလှမောင်ဟာ သူ့အပြစ်အတွက် ဥပဒေကပေးတဲ့ ပြစ်ဒဏ်ကို ခံယူပါတယ်တဲ့။ မယုံခဲ့ဘူး။ ကားပေါ်မှာပါတဲ့ သူဌေး ဦးနေမင်းအတွက် ဦးလှမောင်ဟာ ဓါးစာခံဖြစ်ခဲ့တယ်လို့ပဲ ထင်ခဲ့ပါတယ်။

အခုမှ ကျွန်မမထင်မှတ်သော အကြောင်းတစ်ခုကို သိခဲ့ရတာပါ။

'လေးလေးနေမင်းကို မသန္တာက လှေကားပေါ်ကနေ





တွန်းချလိုက်တာ. . . လေးလေးခေါင်းပေါက်ပြီး သတိလစ်သွားလို့ ကိုစိုးကိုယ်တိုင်ပွေ့ပြီး ဆေးရုံတင်ရတယ်. . . လေးလေးကို စိတ်ပူပြီး ဦးလှမောင်ကြီးကား အမြန်မောင်းလိုက်တာမှာ ဒုက္ခဖြစ်သွားတာပါ. . .'

အံ့ဩစရာပါပဲ။

ဘယ်လိုမှ မထင်မှတ်သော အဖြစ်တစ်ခုက ကျွန်မရဲ့ သံသယကို လှောင်ရယ်ရယ်နေပါရောလား။

ခေါင်းကွဲပြီး သတိလစ်နေတဲ့လူက" ကားမောင်းလို့ ဘယ်ရပါတော့မလဲ။

သံသယရှင်းသွားရပါပြီ။

သုခမင်္ဂလာကို မိုးလုံးမှိုင်း လာခဲ့တာ မှန်ပါတယ်။

မိုးလုံးမှိုင်း သိချင်ရာကိုတိတိကျကျသိရပါပေါ့။ သည့်အတွက် ပိုပို့ကိုလည်း ကျေးဇူးတင်ပါတယ်။

ကျေနပ်တယ်။

ခုလိုမျိုးသိရတဲ့အဖြေအတွက် ကျေနပ်ပါတယ်။

ဦးနေမင်းရယ် အထင်လွဲမိသမျှ တောင်းပန်တယ်။

သံသယရှင်းစွာနှင့် သစ်ခွရိပ်ငြိမ်ကနေ ပြန်တော့မယ်။

'မမမိုးကို ပြစရာရှိတယ် လိုက်ကြည့်ပါဦး. . .'

ပိုပိုခေါ်လို့ ဘာများလဲလို့ လိုက်ကြည့်ရပါသေးတယ်

ကွင်းပြင်ကျယ်ကြီးနှင့်အပြည့် စံပယ်ပင်တန်းတွေ စိုက်ထားတာပါလား။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့အပင်ပုကလေးတွေမှာ အဖူးတွေပင် ဖူးနေကြပါပေါ့။

'အဲဒါ လေးလေးနေမင်း စိုက်ခိုင်းထားတာတဲ့. . . မမမိုးက စပယ်ပန်းတွေခူးချင်ရင် ရေကန်နားသွားသွားခူးရလို့ ရေကန်ထဲကျရတာလို့ဆိုပြီး စိုက်ခိုင်းတာတဲ့. . . .'

ဦးနေမင်းက မိုးလုံးမှိုင်းအတွက် သည်စံပယ်ခင်းကို ပျိုးတယ်ဆိုတာ သိပြီးသားပါ။ မိုးလုံးမှိုင်းကို သူသိပ်ချစ်တာပဲ ဆိုတဲ့. . . ခံစားမှုအပေါ် ကြည်နူးမှုတော့ရှိပါတယ်။

'မမမိုးကပြန်တော့မှာပါ ပိုပိုရယ်. . . နောက်လဲ သုခမင်္ဂလာကို လာစရာဘာအကြောင်းမှ မရှိတာဘဲ. . . စပယ်ပင်တွေ စိုက်လည်းတခြားလူတွေအတွက်ရတာပဲ ကောင်း တာပေါ့. . .'

'မမမိုး တကယ်ပြန်တော့မှာကိုး. . .'

'ဩော် တကယ်ပါဆို ကလေးရယ်. . မနက်ဖြန်ပဲ ပြန်တော့မှာ. . .'

'လေးလေးကို တကယ်မချစ်တာလား. . .'

'တကယ်ပါဆို. . .'

'ဒါဆိုရင် မမမိုးက ကိုစိုးကို ချစ်တာလား'

'ဟယ် မဟုတ်တာ ပိုပိုရယ်. . . မမမိုး ဘယ်သူ့ကိုမှ မချစ်ပါဘူး. . . ပြန်တော့မှာပါ. . .'

သုခမင်္ဂလာကို အနေကြာလာတာရယ်

မိုးလုံးမှိုင်း နှစ်သက်သော ပန်းကလေးတွေ အများကြီးရှိ





တာရယ်ကြောင့် နှစ်သက်ပါတယ်။

အထူးသဖြင့် ကုန်းမြင့်ပေါ် မှာ ခန့်ညားစွာရှိနေသည့် သုခမင်္ဂလာကို မော့ကြည့်ရတာ သဘောကျစရာလိုပါပဲ။ နောက်ဆို ဘယ်လိုမှ ပြန်မရောက်နိုင် တော့သည့် နေရာတစ်ခုပါပဲလေ။

'သမီးသွားတော့မယ်. . . ဟိုမှာ လေးလေးလာနေပြီ. . .'

ဦးနေမင်း လျှောက်လာတာကြည့်ပြီး တာရာပြောသည့်စကားအမှတ်ရပါတယ်။

'မိုး. . . မနက်ဖြန်ပြန်မှာ ကိုယ်ပို့ပါမယ်'

'ကျွန်မရထားလက်မှတ်ဝယ်ထားပြီးပြီ. . . နေပါစေ ဦးနေမင်း'

'ကိုယ်ပို့မှာပေါ့ မိုးရယ်. . . မဟုတ်တာ အဲလောက် မစိမ်းကားပါနဲ့. . .'

'ကျွန်မ တစ်ခုမေးပါရစေ ဦးနေမင်း'

'ကိုယ်မောင်းတာမဟုတ်ပါဘူး မိုး. . . ဦးလှမောင် မောင်းတာပါ. . . ညာပြောစရာအကြောင်း မရှိပါဘူး မိုးရယ်. . .'

'ဒါဖြင့် ရှင်က ဘယ်နားမှာထိုင်လဲ. . .'

'ကိုယ်အမှတ်မရပါဘူး. . . မိုးကို မညာပါဘူး ကိုယ် မမောင်းဘူးကွာ. . . ယုံပါ. . .'

'ရှင် အဲသည့်အချိန် သတိလစ်နေတယ်ဆိုတာ ကျွန်မသိ



www.burmeseclassic.com

www.burmeseclassic.com



ပြီ’

‘ဟင် မိုးသိပြီ’

‘ဟုတ်တယ်. . .’

‘ဘယ်လိုသိလဲ ဘယ်သူပြောလဲ’

‘သိတာကလိုရင်းပါ ကျွန်မတောင်းပန်ပါတယ် ကျွန်မတောင်းပန်ပါတယ်. . .’

‘မတောင်းပန်ရပါဘူးမိုး. . . မိုးနားလည်ပြီ မိုးစိတ်အေးပြီဆို ကိုယ်ဝမ်းသာပါတယ်. . . ဒါပေမဲ့ မိုးပြန်တော့ မယ်ဆိုတာတော့ ကိုယ်ဝမ်းနည်းပါတယ်’

မိုးလုံးမှိုင်းလည်း စိတ်မကောင်းပါဘူး ဦးနေမင်းရယ် ဒါပေမဲ့ ရင်ထဲမှာရှိနေတဲ့ ခံစားချက်တွေက ကိုယ်တိုင်ပင် ဘယ်လိုနားလည်ရမည် မသိပါ။

✳✳✳✳✳

ဆလပ်ပန်းခြံရှေ့က ခုံတန်းလေးမှာထိုင်မိကြတယ်။

မီးရထားကဝင်လာဖို့ အချိန်စောနေသေးတာကိုး။

ပြောတော့တမျိုးပါလား ဦးနေမင်းရယ်. . . ရှင် ပြောတော့ဖြင့် မိုးလုံးမှိုင်းကို မီးရထားနှင့်မပြန်ပါနဲ့. . . သူ လိုက်ပို့ပါမည်တဲ့။ မနက်စောစောထဲက မတွေ့တော့တာ ကျွန်မကို နှုတ်ဆက်ဖော်ပင်မရ။ ဟိုးအဝေးက ရောက်ရှိလာမည့် မီးရထားကို လှမ်းမျှော်ကြည့်မိတယ်။





‘အချိန်ရောက်ရင် လာမှာပါမှိုင်းရယ်. . . စိတ်စောပြီး မမောပါနဲ့. . . မှိုင်းကသာ သိပ်ပျော်နေတာ ခွဲခွာရမဲ့ ကျွန်တော်က ရင်မောနေပြီ. . .’

ကျွန်မ သိပ်ပျော်နေသတဲ့

ဟုတ်ရဲ့လား။

ရင်ထဲမှာ ဘာဆိုဘာမှမရှိတော့လောက်အောင် ဟင်းလင်းပြင်ခံစားမှုတစ်ခုလိုပါပဲ။ ဘာမှမရှိတဲ့ ရင်ထဲခံစား ချက်လိုပါပဲလေ။

‘ဒါ တကယ်ပဲပျော်နေသော် စိုးစံသူ’

‘တကယ်ပါ မှိုင်း. . . အဲသည့်အချိန်မှာ ကိုကြီးနေမင်းဟာ ကားမောင်းနိုင်ဖို့ နေနေသာသာ ကျွန်တော့်ရင်ခွင်ထဲမှာ သတိလစ်နေပါတယ်. . .’

ဟုတ်ပါပြီလေ။

ခုလောက်ဆိုမှတော့ ပိုပြီးယုံကြည်ခဲ့ရပါပြီ။

ဦးနေမင်းအပေါ် အထင်လွဲခဲ့ပါတယ်။

အခုသိခဲ့ပြီ

ခွင့်လွှတ်ခဲ့ပြီ တောင်းပန်ခဲ့ပြီ

အရာရာပြီးဆုံးခဲ့ပါပြီ။

သုခမင်္ဂလာဟာလည်း မိုးလုံးမှိုင်းနှင့် သက်ဆိုင်ခြင်း မရှိစွာဖြင့် နောက်ကျန်နေရစ်တော့မှာပါ။

‘သုခမင်္ဂလာမှာနေရခိုက်အချိန်ကလေးအတွင်း ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကို အများကြီးကူညီခဲ့တဲ့ စိုးစံကို. . . ကျွန်မကျေးဇူးတင်ပါတယ်

'ကျွန်တော်လိုချင်တာ ကျေးဇူးမဟုတ်ဘူး မှိုင်း. . အချစ်. . .'

အချစ်

ရင်ထဲမှာ ဘာမှမရှိသလိုပါကွယ် အေးစက်ငြိမ်သက်နေလိုက်တာ။ ဘယ်မလဲ အချစ်။ အချစ်မှာမရှိတာလို့ ဘာလို့ မိုးလုံးမှိုင်းသိနေပါသလဲ။

'ခွင့်လွှတ်ပါ စိုးစံသူ. . .'

'ကျွန်တော် နားလည်ပါတယ် မှိုင်း. . .'

ဆလပ်ပန်းဖြူဖြူလေးပေါ်မှာ လိပ်ပြာကလေးတစ်ကောင်ရောက်လာပါလား။ လှလိုက်တာ။ သုခမင်္ဂလာရဲ့ လှပသော စပယ်ပင်တန်းတွေဆီ စိတ်ရောက်သွားရပါတယ်။

ဦးနေမင်း စိုက်ပျိုးထားသော စပယ်ပင်တန်းတွေဟာ တစ်နေ့မှာ. . တစ်ယောက်ယောက်က ပိုင်ဆိုင်ရရှိသွားမှာပါလေ။ မိုးလုံးမှိုင်းနှင့် သုခမင်္ဂလာက ဘာဆိုင်တာလိုက်လို့။

'ကျွန်မက သံသယများစွာနဲ့ သည်ကိုရောက်လာတာပါ စိုးစံသူရယ်. . . ဧည့်သည်ပါ သံသယဧည့်သည်ပါ အချိန်တန်လို့ အိမ်ပြန်သွားခဲ့ပြီးရင် မေ့သွားကြမှာ. . အချိန် ကြာလာတာနှင့် အမျှ သုခမင်္ဂလာမိသားစုဟာ မိုးလုံးမှိုင်းဆိုတဲ့ နာမည်ကို မေ့ပျောက်သွားပါလိမ့်မယ်. . .'

'ကျွန်တော်က သုခမင်္ဂလာ မိသားစုမဟုတ်ဘူး မှိုင်း





ကျွန်တော်လဲ သုခမင်္ဂလာရဲ့ ဧည့်သည်ပါ. . .'

'ဒါဆိုလဲ ကိုယ့်အိမ်ကိုယ်အချိန်တန် ပြန်ကြယုံပါပဲ စိုးစံသူ. . .'

မောင်ညီမလေးတွေနှင့် ပြည့်စုံနေသော မိုးလုံးမှိုင်းရဲ့ ဘဝအိမ်ကလေးကတော့ ပျော်ရွှင်သာယာစွာဖြင့် ကြိုဆိုနေမှာပါလေ။ကျွန်မပြန်ရတော့မည်။ ဘူတာရုံကလေးဆီမှ မကြာခင် အချိန်အတွင်း ရထားဝင်လာတော့မည်ဆိုတာ ကြေငြာနေပြီ။ အိမ်ကိုလွယ်ပြီး ထိုင်ရာမှ မတ်တပ်ရပ်လိုက်ပါ တယ်။

'မှိုင်း. . .'

'ရှင်. .'

'မှိုင်းရွေးခြင်းရွေးရင် ကျွန်တော့်ကို ရွေးပါ. . . ကျွန်တော်က လူပျိုစစ်စစ်လေ. . . ဘယ်မိန်းမကိုမှ မချစ်ခဲ့ ပါဘူး လက်ထပ်ခဲ့ဘူး. . . ကိုကြီးနေမင်းကတော့ မနွယ်ချိုနဲ့ လက်ထပ်ခဲ့တယ် မနွယ်ချိုကို ချစ်ခဲ့တယ်''

'ဘာ. . .'

ငြိမ်သက်အေးဆေး တိတ်ဆိတ်နေသောရင်သည် ချက်ခြင်းလိုပင် လှိုင်းတံပိုး ပြင်းထန်လာခဲ့ပါတယ်။ ပူလောင်လာသော ခံစားမှုတစ်ခုလုံးက ကျွန်မကို လွှမ်းခြုံလာသလိုပဲ ဦးနေမင်းက နွယ်နွယ်ချိုကို လက်ထပ်ခဲ့တယ်။ဦးနေမင်းက နွယ်နွယ်ချိုကို မချစ်ပါဘူး. . . မချစ်ဘူး။ ဦးနေမင်းက ကျွန်မ မဟုတ်တဲ့ ဘယ်မိန်းမကိုမှ ချစ်မှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



'အဓိပ္ပါယ်မရှိမပြောပါနဲ့ စိုးစံသူ. . . ဦးနေမင်းက နွယ်နွယ်ချိုကို မချစ်ပါဘူး. . . .'

'မချစ်ဘူး. . . မှိုင်းသိသလား ယုံသလား. . . ကိုကြီး ညာပြောနေတာရော ယုံသလား ထားပါ မချစ်ဘူးပဲ ထား လက်ထပ်ခဲ့တာကတော့ အမှန်ပဲလေ သူတို့ဟာ ပရိသတ်တွေ အလယ် တစ်ယောက်လက်တစ်ယောက်ချိတ်ပြီး ပြုံးပြုံးပြည့်ခဲ့ပြီး ကျွန်တော် ကျွန်မတို့ ဘဝခရီးတစ်လျှောက်လုံး လက်တွဲကြမှာ ပါဆို ကိုကြီးနေမင်းက မနွယ်ချိုကို လက်တွဲပြီး. . . .'

'တော် တော်ပါတော့ တော်ပြီ ကျွန်မမသိချင်ဘူး မကြားချင်ဘူး. . .'

မိုးလုံးမှိုင်းခြေလှမ်းတွေပင် ယိုင်နဲ့လာသလိုပဲ။ နှုတ်ခမ်းတွေပင် ဆတ်ဆတ်တုန်ရင်ကာ မျက်ရည်ကြည်တွေမင် ဝေ့ဝဲလာသလိုပါပဲ။ ဟိုးအဝေးကလာနေသည့် မီးရထား ခေါင်းတွဲကြီးကိုမြင်နေရပြီ. . . မှုန်ရီဝေဝါးနေသောအမြင် အာရုံတွေ။ နားစည်ကနေ ပူလောင်သောသံစဉ်တွေက နှလုံးသားဆီထိ စီးဆင်းခုန်ချနေသလိုပါလား။

'မှိုင်း. , . . မှိုင်းနှလုံးသားကို မှိုင်းမညာနေပါနဲ့တော့ အချစ်ဆိုတာ ဝန်တိုခြင်းပါပါမှ ပြည့်စုံတာ. . . ကျွန်တော်နဲ့ ပါတ်သက်ပြီး အေးချမ်းနေတဲ့မှိုင်းဟာ. . . ကိုကြီးနဲ့ပတ်သက် ရင်တော့ မနာလိုဝန်တိုခြင်းတွေနဲ့ ထိခိုက်ခံစားရတယ် တစ်ခါ တစ်ခါ အချစ်ဟာ. . . ကိုယ့်ဆီကို အချိန်မီကလေး ရောက်လာဖို့





ဖန်တီးပေးတာပါလို့ ခွင့်လွှတ်ပြီး ကိုကြီး လက်ထပ်ခဲ့တာခွင့် လွှတ်လိုက်ပါ မှိုင်း. . ပျော်ရွှင်သာယာတဲ့ အနာဂါတ်ကိုရပါလိမ့် မည်. . .'

အနားရောက်လာပြီဖြစ်တဲ့ ရထားကြီးပေါ်ကို တက်ဖို့ ခြေလှမ်းပြင်လိုက်ပြီ။ မိုးလုံးမှိုင်းဘာကိုမှ မကြားချင် တော့ပါ ဘူးလေ။ နေရစ်ခဲ့ပါတော့. . .

✳✳✳✳✳

အိမ်ကလေးကငြိမ်သက်တိတ်ဆိတ်လို့။

မိုးလုံးမှိုင်းပိုင်ဆိုင်ပြီး မောင်ညီမလေးတွေနှင့် ပျော်ရွှင်စွာနေသည့် အိမ်ကလေးကရှေ့မှာကြိုဆိုနေပြီ။ ဘာလို့ ပျော်ရွှင်မှုတွေ ဆိပ်သုဉ်းနေသလိုခံစားရတာလဲ။ ရင်မှာကြေ ကွဲခြင်းတွေပြည့်သိပ်နေရတာလဲ။ မိုးလုံးမှိုင်းပြန်လာမှာကို မသိတော့လဲ ကြိုဆိုမည့်သူမရှိဘူးပေါ့လေ။

ခြံတံခါးကိုဖွင့်လိုက်ပါတယ်။

ပြီးတော့ အိမ်ဆီလာသည့် လမ်းကွေ့လေးအတိုင်း လျှောက်လာခဲ့တယ်. . .။ အိမ်ရှေ့မှာ စိုက်ထားသော သဇင် တိုင်တွေမှာ သခင်ခက်တွေပွင့်လိုပါလား။ စပယ်ပွင့်တွေဆီ စိတ် ရောက်ပါတယ်။

လူခေါ်ဘဲလ်ကို နှိပ်လိုက်တယ်။

အိမ်ထဲမှာလဲ လျှပ်ရှားခြင်းကင်းနေသလိုပဲ

www.burmeseclassic.com



တိတ်ဆိတ်လို့ပါလား။

ဖိုးပြည့်မှ ရှိရဲ့လားမသိ။

ခဏကြာတော့မှ လျှောက်လာသောခြေသံကို ကြားရပါတယ်။

တော်ပါသေးရဲ့ ဖိုးပြည့်ရှိပါလိမ့်မယ်။

တံခါးဖွင့်လိုက်သံကြောင့် ချထားသောလက်ဆွဲအိတ်ကို ကောက်ဆွဲကာ အိမ်ထဲဝင်ဖို့ တံခါးတွန်းဖွင့်လိုက်ပါ တယ်။

နှလုံးသားသည် ရင်ထဲမှနေ အပြင်ကိုပွင့်ထွက်လာ သလားမှတ်ရ၏။

'မိုး'

'ဟင် ဦးနေမင်း ဘယ်လိုကဘယ်လို ရောက်နေတာလဲ. . .'

'ပြောခဲ့ပြီပဲ မခွဲနိုင်ပါဘူးလို့'

ရင်ထဲနာကျင်လာသလိုပါပဲ။

မခွဲနိုင်ပါဘူးတဲ့လား။ မိုးလုံးမှိုင်းကိုချစ်တယ်ဆိုတဲ့လူက. . . ကျွန်တော်ကျွန်မတို့ ဘဝခရီးတစ်လျှောက်လုံး လက်တွဲကြမှာပါဆိုပြီး ဟုတ်တယ်။ ဒါဟာ ကျွန်မကိုချစ်တာလား ခွင့်မလွှတ်ဘူးကွာ။ မျက်ရည်ကဝဲချင်လာပြီ။ ဦးနေမင်းက ပြုံးကြည့်နေပါတယ်။ အဲသည့်အပြုံးဟာ မိုးလုံးမှိုင်းရင်ကိုစွဲငြိနေစေပါရောလား။ ဒါပေမဲ့ မုန်းပါတယ် သူကတခြားမိန်းမတစ်ယောက်နဲ့ လက်တွဲဖို့ ဆုံးဖြတ်ခဲ့တာ။





'ရှင့်ကို ကျွန်မ မချစ်နိုင်ပါဘူးလို့ ပြောပြီးပြီပဲ ရှင်လက်ထပ်ခဲ့တယ်. . .'

ရင်ထဲမှာ အဲသည့်အကြောင်းက ပူလောင်နေဆဲလိုပါ ပဲ။

ခုသတိရရင် အခုမီးတောက်လာသလို။

'မိုးကို သည်ကိစ္စအတွက် ကိုယ်တောင်းပန်ပါတယ် အခါခါလဲ တောင်းပန်ခဲ့တာပဲ. . . ကိုယ်ဘယ်လိုမှ ပြန်ပြင်လို့မရတဲ့အတွက် အခါခါ တောင်းပန်ပါတယ်. . .'

'ကျွန်မစိတ်ဆိုးတယ် ကျွန်မခွင့်မလွှတ်နိုင်ဘူး. . .'

'မိုး ခွင့်မလွှတ်နိုင်ဘူးဆိုမှတော့ ကိုယ်ဘာမှမတတ်နိုင်ပါဘူးလေ. . . ကိုယ်ပြန်တော့မယ် ကိုယ့်ကိုခွင့်လွှတ်နိုင် တဲ့တစ်နေ့ ရှိပါစေလို့ပဲ ဆုတောင်းရတော့မှာပါပဲ

ဟင်

သူပြန်တော့မယ်. . .။

တံခါးဖွင့်သံဟာ နှလုံးသည်းပွတ်ကို ထိခိုက်ကြေကွဲနေစေပြီလေ။ ဖျတ်ခနဲလှည့်ကြည့်မိတယ်။ ကျောခိုင်းခွဲခွာစေသော ခြေလှမ်းများ။ ရှင်ကအပြစ်ရှိသူလေ ဦးနေမင်းရဲ့။ အခါခါတောင်းပန်ပါတယ်ဆိုပေမဲ့လည်း. . . အခါခါထက်ပိုအောင် ကျွန်မစိတ်ကျေနပ်အောင် တောင်းပန်သင့်ပါတယ်။

ခြေသံတွေပျောက်ကွယ်သွားပြီ။

သူသွားပြီပဲ။

အပြီးတိုင်ဝေးရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲနင့်နေတယ်။

တံခါးဖွင့်ပြီး လှေကားထစ်လေးထိ ဆင်းကြည့်မိပေါ့

'ဟင်'

သူကခြံထဲမှာပါလား။

ဘာတွေသွားခူးနေတာလဲ။

ခက်လိုက်တာ။ ဟော လှည့်ကြည့်လာပြီ။ ကျွန်မကို ပြုံးပြတယ်။ အဲသည့်အပြုံးဟာ နှလုံးသည်းပွတ်ထိ ဖောက်ဝင်လှုပ်ရှားနိုင်စွမ်းကြီးမားပါဘိ။

'ပန်းပေးတယ်ဆိုတာ အရှုံးပေးတာတဲ့ ကိုယ် အထပ်ထပ် တောင်းပန်ပါတယ် သည်မှာလေမိုး. . . ဒါက သစ်ခွပန်း ကိုယ်မနှစ်သက်ဘူးနော်. . . ဒါက သဇင်ပန်း ကိုယ်နှစ်သက်တယ်. . ကြိုက်တဲ့ပန်းကိုရွေးပါ. . .'

'ကျွန်မနာမည် မိုးလုံးမှိုင်း. . . သစ်ခွပန်းပဲကြိုက်တယ်. . .'

သစ်ခွပန်းကိုသာလှမ်းယူဖို့ လက်ကမ်းတော့ ဖျတ်ခနဲဆို သစ်ခွပန်းကို နောက်မှာဖွက်လိုက်ပြီး သဇင်ခက်ကိုသာ ကမ်းပါတယ်။ လူလည်။ သူများအိမ်က ပန်းတွေလဲခူးသေးတယ်။

တစ်ခါတစ်ခါအချစ်ဟာ ကိုယ့်ဆီကို အချိန်မီကလေးရောက်လာဖို့ ဖန်တီးပေးတာပါလို့ ခွင့်လွှတ်ပြီး ကိုကြီး လက်ထပ်ခဲ့တာ ခွင့်လွှတ်လိုက်ပါ ပျော်ရွှင်သာယာတဲ့ အနာ





ဂါတ်ကို ရပါလိမ့်မယ်။

'မိုးကို ချစ်တယ်'

'သွား. . . မချစ်ပါဘူး. . . .'

'ဪ. . . ချစ်တယ်ဟုတ်လား. . . ဝမ်းသာ လိုက်တာ သိပ်ဝမ်းသာတာပဲ မိုးရယ်. . .'

'မချစ်ပါဘူးဆိုမှ'

'ချစ်တယ် ဝမ်းသာလိုက်တာ အားလုံးဟာမိုးလုံးမှိုင်းကလေး. . . စိတ်တိုင်းကျဖြစ်ရပါစေမယ်. . . သုခမင်္ဂလာကို မိုးစိတ်တိုင်းကျဖြစ်အောင် ကိုယ်ကြိုးစားမယ်နော်. . .'

အခုတော့လည်း သံသယဧည့်သည်က အိမ်ရှင်ဖြစ်ဖို့ အချစ်ကဖန်ဆင်းပေးလိုက်ပြီလား။ ဦးနေမင်းကို မခွဲခွာချင်တဲ့စိတ်က အချစ်ကိုသိစေလိုက်တာလားကွယ်။ မိုးလုံးမှိုင်းအတွက် သံသယတစ္ဆေခြောက်သမျှလည်း နားလည်ရှင်းလင်းခဲ့ပါပြီ။

'မိုး ကိုယ်တို့အမြန်ဆုံး လက်ထပ်ကြမယ်နော်. . .'

'နောက်မှလက်ထပ်ကြပါ အခုထမင်းစားဖို့ ထမင်းပွဲပြင်ပြီးပါပြီ'

တာရာ

ခုမှဘယ်ကရောက်လာတယ် မသိပါဘူး။

ရှက်စနိုးနှင့် သူဆုပ်ကိုင်ထားသော လက်ကိုအသာ ရုန်းဖယ်ပေမဲ့လည်းမရ။



www.burmeseclassic.com

www.burmeseclassic.com



'ကြေကွဲခြင်းအားလုံးကို ကိုယ်တို့စွန့်လွှတ်လိုက်ကြရအောင်ပါ မိုးရယ်. . . ပျော်ရွှင်သာယာကြည်နူးဖွယ် အချိန်တိုင်းဟာ မိုးအတွက်ဖြစ်ရပါစေမယ်. . .'

ကြည်နူးရပါပြီ။

အနားမှာ ချစ်သူထာဝရရှိနေမည် ဆိုပါလျှင်. . .

မိုးလုံးမိုင်းအတွက်တော့ အချိန်တိုင်းဟာ သာယာပျော်ရွှင်ကြည်နူးဖွယ်ဖြစ်ရမှာမလွဲပါဘူးလေ. . .

ရွှင်လန်းချမ်းမြေ့ပါစေ၊
ခိုင်ဇင်သက်

BURMESE CLASSIC



www.burmeseclassic.com